www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ငါ . . . အရမ်းမုန်းတယ်

ရှင်မြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်ထွေးထွေးသိမ်း(မြ-၀၀၈၂၇)<br>ငွေပုံကြီးစာပေ၊ အမှတ်-(၅၄၅)၊ ကျောင်းလမ်း<br>၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (မြ-၁၀၀၉၈)<br>(ရွှေခြသေ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း။ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၇ ခုနှစ်၊ ဇွန်လ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း။<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၁၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

ငါ…အရမ်းမုန်းတယ်/ရှင်မြတ်နိုး၊ ရန်ကုန်။

ငွေပုံကြီးစာပေ၊ ၂၀၁၆။

(၂၂၄)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ငါ…အရမ်းမုန်းတယ်


www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁ )

အသက်ဆယ့်ရှစ်နှစ်အရွယ် ကောင်မလေးတစ်ယောက် သူမနာမည် ချစ်ပန်းရိပ်ပါ။ အသက်က ဆယ့်ရှစ်နှစ်ဆိုပေမယ့် အပျို ကြီးတစ်ယောက်လို ဖွံ့ဖွံ့ထွားထွားနှင့် ဘောင်းဘီအတို အဖြူဆွတ် ဆွတ်လေးနှင့် စပို့ရှပ်အနက်ရောင် ကိုယ်ကြပ်အင်္ကျီလေးကို ဝတ် ထားသည်။ သူမက မြို့ကြီးထဲမှာ နံနက်စောစောလေးထပြီး ကြိုး ခိုနေသည်။ သူမသည် လောကကြီးအား ဂရုစိုက်တတ်သူတော့ မဟုတ်။ လွတ်လပ်ပေါ့ပါးစွာ နေတတ်သူ။ မိခင်မရှိတော့။ ဖခင် ဦးမောင်မောင်ချစ်ကလည်း သူမကို အလိုလိုက်ပြီး ချစ်မြတ်နိုးလွန်း ၏။ သူမကို အုပ်ထိန်းသူက အဒေါ်အပျိုကြီး ခင်မမ။ မိသားစုတစ်စု သုံး ခေတ်နှင့်အမီ နေထိုင်ကြပြီး ကိုယ့်လွတ်လပ်ခွင့်နှင့် ကိုယ်နေ ကြသည်။ မြို့ထဲမှာ ပါတီပွဲတွေ မကြာခဏ ကျင်းပပြီး အပျိုကြီး ခင်မမကလည်း အရွယ်နှင့်မလိုက်အောင် နုပျိုလန်းဆန်းနေကာ အလှအပတွေ ခြယ်သပြင်ဆင်နေသူဖြစ်သည်။ ဖခင် ဦးမောင်မောင် ချစ်ကလည်း အပျော်အပါး အသောက်အစားနှင့် ပျော်ပျော်နေ၏။

www.burmeseclassic.com



ချစ်ပန်းရိပ်ကိုလည်း ပျော်သလိုနေပဲ။

"ဖေဖေက ဆုံးမသွန်သင်တဲ့အလုပ်ကို မလုပ်ချင်ဘူး။ သဘောလည်းမကျဘူး။ လူဆိုတာ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ့်ဘဝလမ်းကြောင့် တည့်မတ်အောင် နေထိုင်တတ်ဖို့ အဓိကပဲ သမီး။ လူ့ဘဝ သက်တမ်းက တိုတိုလေးရယ် ပျော်သလိုနေစမ်းပါ"

ဖေဖေက ပျော်သလို လွတ်လွတ်လပ်လပ်နေတတ်ပေမယ့် မိသားစု ဘဝအရေးအတွက် လိုလေသေးမရှိ ဖြည့်စွမ်းပေးနိုင်ရန် စီးပွားရေးကိုတော့ စနစ်တကျ အားကြိုးမာန်တက် လုပ်ဆောင်တတ်သည်။

"ကိုယ့်လမ်းကိုယ်ရွေးပဲ၊ ကိုယ်ဖြစ်ကိုယ်ခံ"

ဘဝမှာ ပြင်ဆင်လို့မရနိုင်အောင် မှားယွင်းတဲ့အမှားကိုတော့ မလုပ်မိစေရန် တိုက်တွန်းပြောတတ်သည်။ လွတ်လပ်မှုကို လေးစားရမယ်။ တန်ဘိုးထားရမယ်တဲ့။ အိမ်မှာရှိတဲ့ အလုပ်သမားတွေကအစ ခေတ်မီမီနေထိုင်ပြီး ပျော်ရွှင်စေ၏။ အလုပ်ကိုတော့ တာဝန်ကျေအောင်လုပ်၊ ကိုယ့်တာဝန်ကိုယ်ကျေဖို့ ဖေဖေ့ဝါဒက ရှင်းရှင်းလေး။ အချုပ်အချယ်မရှိ။ ကိုယ်ဝါသနာပါတာ ကိုယ်လုပ်။ မမှားနဲ့။ စိတ်ဆင်းရဲစရာရှောင်ပြီး ပျော်ပျော်နေတတ်ကြသူတွေ ဖြစ်သည်။

ချစ်ပန်းရိပ်ကတော့ ရေကူး၊ ကြက်တောင်ရိုက်၊ တင်းနစ် အားလုံး ဝါသနာပါသည်။ ဒါကြောင့်လည်း အရွယ်နှင့်မလိုက်အောင် ဖွံ့ထွားကျန်းမာ သွက်လက်နေသည်။ ချစ်ပန်းရိပ်ကတော့ စိတ်မ လျှင် ကလေးတစ်ယောက်ကဲ့သို့ မပြင်ဆင်နေတတ်ပေမယ့် စိတ်လို လျှင်တော့ အလှအပပြင်ဆင်ပြီး အပျိုမတစ်ယောက်လို ရှိုးပြတတ်



www.burmeseclassic.com

www.burmeseclassic.com



ားမိသားစုရဲ့ အချစ်တော် မိသားစုကို ပျော်ရွှင်မှုပေးနိုင်တဲ့ ကောင်မလေး တစ်ယောက်။ ချစ်ပန်းရိပ်က ကြိုးခုန်နေရာကနေ ရပ်လိုက်ပြီး မြက်ခင်းစိမ်းစိမ်းလေးတွေပေါ် ပက်လက်လှန် လဲချလိုက်ကာ အမောဖြေသည်။

"ဘုရားရေ"

တစ်ဖက်ခြံကြီးထဲကို ပြောင်းလာတာ တစ်ပတ်ပဲရှိသေးတဲ့ ဒေါ်မိုးတိမ်ပြာတစ်ယောက် တစ်ဖက်ခြံကြီးထဲမှ ကောင်မလေး တစ်ယောက် မလုံ့တလုံ အဝတ်အစားတွေနဲ့ ပက်လက်လှန်အိပ်နေတဲ့ မြင်ကွင်းကို မိမိတိုက်ရဲ့ ပေါ်တီကိုမှ လှမ်းမြင်လိုက်ရသဖြင့် မိမိ ရင်ဘတ်ကိုဖိထားရင်း ဘုရားတမိသည်။ အိမ်ပြောင်းလာကာစ က အလုပ်တွေရှုပ်နေ၍ တစ်ဖက်ခြံကြီးကို သတိမထားမိ။ ကြည့်ပါဦး ဗိုးလို့ပက်လက်။ ဘယ်လိုမိန်းကလေးလဲ။ လက်တွေက အပေါ်သို့ ဆန့်တန်းထားဖြင့် ဝတ်ထားတဲ့အင်္ကျီက အပေါ်တွန့်တက်နေ တာ ဗိုက်သားက တဝင်းဝင်း၊ ပေါင်တံဖြူဖြူဖွေးဖွေး စင်းစင်းတွေ က မြင်မကောင်းပေ။ မိန်းကလေးဖြစ်ပြီး ဘယ်လိုနေထိုင်တာလဲ။ တတ်ဝန်းကျင်ကိုလည်း ဂရုစိုက်ပုံမရ။ အရှက်မဲ့လွန်းနေသည်။

"အမလေး ... ဘယ်လိုနေရာမျိုးကို ပြောင်းလာမိလဲ မသိ ပါဘူး၊ ရှက်စရာ ကောင်းလိုက်တာ"

ဒေါ်မိုးတိမ်ပြာအသံကြောင့် ခင်ပွန်းဖြစ်သူ ဦးစိုးအောင်နှင့် သား သွန်းဆစ်မိုးတို့ ရောက်လာကြသည်။

"ဘာဖြစ်တာလဲကွ၊ အလန့်တကြားနဲ့ ဘာတွေ့လို့လဲ"

"ဘာလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးတိမ်ပြာ ကြည့်နေတဲ့ တစ်ဖက်ခြံကြီးထဲသို့ လိုက်ကြည့်ရင်း မေးသည်။

"ရှင်တို့ကို ဘယ်သူခေါ်လို့လဲ၊ ဘာလာလုပ်ကြတာလဲ ဝင်စမ်း"

ဒေါ်မိုးတိမ်ပြာ ဒေါ်သတကြီး ဟိန်းဟောက်ရင်း အိမ်ထဲအတင်းဝင်မိုင်းသည်။ ဦးစိုးအောင်နှင့် သွန်းဆစ်တို့ကလည်း တစ်ဖက်ခြံကြီးထဲမှာ ကောင်မလေး ချောချော ဖြောင့်ဖြောင့်စင်းစင်းလေး မြက်ခင်းစိမ်းစိမ်းတွေပေါ် ပက်လက်လေး အိပ်နေတာကိုတွေ့လိုက်ကြရသည်။ သားအဖ နှစ်ယောက်လုံး ဒေါ်မိုးတိမ်ပြာ အလန့်တကြား ရေရွတ်နေ၍ လာပြီးကြည့်မိကြတာပါ။ ဦးစိုးအောင်က အကြည့်ကို အရင်ခွာဖြစ်၏။ သားသွန်းဆစ်က ဆက်ကြည့်နေသဖြင့် မိခင်ဒေါ်မိုးတိမ်ပြာ ဆူပူအော်ဟစ်ရသည်။

"ဒီမှာ ဘာကြည့်နေတာလဲ"

"မသိဘူးလေကွာ၊ မင်းက အလန့်တကြားပြောနေလို့ လာကြည့်ကြတာပါ"

"ဟွန်း"

သွန်းဆစ်ကတော့ မေမေ့ကိုကြည့်ပြီး ရယ်ချင်လာ၍ ပြုံးစစနှင့် ကြည့်မိသည်။ မေမေက မြန်မာဆန်ဆန်လေး နေထိုင်ပြုမူတာ သဘောကျနှစ်သက်ပြီး အရှက်ကြီးသူဖြစ်၏။ သွန်းဆစ် ရယ်ချင်သည်။

"မင်းက ဘာဖြစ်လို့ စပ်ဖြဲဖြဲလုပ်နေရတာလဲ သွန်းဆစ်၊ ငါ့သားကို ဟောက်ပစ်သည်။ မျက်စိရှက်လိုက်တာ။ ဒီကောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပိုးလို့ပက်လက် နေရလားလို့။ အမြင်ကတ်စရာ။ ဘယ်လို လူတွေလဲ။ သားနှင့်စင်ပွန်းကို အတင်းတွန်းထိုးပြီး အထဲဝင်စေသည်။

"မိုးတို့တော့ ဒီနေရာကို ဝယ်မိတာ မှားပြီထင်တယ် ကိုအောင်"

"ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်ရမှာလဲရှင့် ဟိုဘက်ခြံက ကောင်မလေး နေထိုင်ပုံကြည့်ပါလား၊ အရှက်မဲ့လိုက်တာ၊ မိန်းကလေးတဲ့ ပက်ပက်စက်စက် နေထိုင်ပုံများ"

"မိုးကလည်းကွာ သူတို့ဟာသူတို့နေတာပဲ၊ ကိုယ်မပတ်သက်ဘဲ နေပေါ့ကွ၊ ပတ်ဝန်းကျင်ကို မဝေဖန်ပါနဲ့ မိုးရာ"

"မိုးတို့မှာ သားလူပျိုနဲ့ရှင့်၊ ဒီလိုဆပ်စလူးမလေး ရှိနေတဲ့ ခြံနဲ့ကပ်ပြီး ဝယ်မိတာ မှားတာပဲ၊ ဒါကြောင့် ကိုအောင့်ကိုပြောတာပေါ့၊ ပတ်ဝန်းကျင်ကို လေ့လာပါလို့"

"မိုးရာ ဒီမှာက ကိုယ့်ခြံနဲ့ကိုယ် သူ့ဌေးတွေပဲ နေတာကွ၊ တစ်ခြံနဲ့တစ်ခြံ ပတ်ပတ်သက်သက်မှ မနေကြတာ"

"ကျွန်မသားက လူပျိုလေ"

"အမိပွါယ် မရှိတာကွာ၊ မင်းသားက အသိဉာဏ်ရှိတဲ့ကောင်ပါ။ အရာရာပိုင်းခြားဝေဖန်တတ်တယ်၊ စိတ်ပူစရာမလိုဘူး"

"မိုးကတော့ ပူရတယ်ရှင့်၊ နန့်တန့်တန့် ပျံတန်တန် ချေးမမျိုးနဲ့ မိုးသားကို အနိုးစပ်မခံနိုင်လို့ရှင့်"

"လူတစ်ယောက်မှာ မွေးထဲက ဖူးစာဆိုတာပါလာပြီးသားပါ မိုးရာ၊ မင်းဖန်တီးချင်သလို ဖြစ်မလာနိုင်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ကိုအောင် ဟိုဘက်ခြံကိုထိတာနဲ့ နာနေလိုက်တာ"

"မိုးရာ ပတ်ဝန်းကျင်နဲ့ ပြဿနာမတက်စေချင်ဘူးလေ၊ မင်းသားက မင်းဆန္ဒမပါဘဲ ဘာကိုမှ မရွေးချယ်ဘူး၊ သားက လိမ္မာပြီးသားပါ"

ဦးစိုးအောင် ပြန်ပြီး လေသံကအစ လျှော့ပေးရသည်။ သားတွေ မွေးထားပြီး ချွေးမရွေးနေတာက စိတ်ပျက်စရာပင်။ သားတွေ ချစ်သူထားရင် ဇနီးမိုးတိမ်ပြာနှင့် အရင်ဆုံးတွေ့ပေးရသည်။ သူ့သားတွေမှ သူ့သားတွေ။ ယယ်စဉ်လေးထဲက ထိန်းချုပ်ထားသူဖြစ်သည်။

"မိုးကတော့ ပူရတယ်ကိုအောင်ရေ့ မိုးသားတွေက တန်ဘိုးရှိတယ်ရှင့်၊ ပညာတတ်၊ ရုပ်ချော၊ စီးပွားရေးလုပ်ငန်းတွေမှာလည်း ဉာဏ်ရည်ထက်မြက်ပြီး တော်ကြတယ်လေ၊ ယောကျ်ားတစ်ယောက်မှာ ရှိသင့်တဲ့ အစွမ်းအစ အရည်အချင်းတွေနဲ့ ပြည့်စုံနေကြတာရှင့်"

ဒေါ်မိုးတိမ်ပြာမှာ သားနှစ်ယောက်ရှိသည်။ တစ်ယောက်က သားကြီး ကောင်းကင်မိုး၊ သားငယ်က သွန်းဆစ်မိုး။ ယောကျ်ားပီသပြီး ဖြူနုချောမောနေကြ၏။ ပညာတွေကလည်း ဘွဲ့တွေအများကြီးရထားကြတာ။ စီးပွားရေးမှာလည်း အောင်မြင်ကြသည်။ မိန်းကလေးတွေက ဖမ်းချင်ကြ၏။ ဝိုင်းဝိုင်းလည်နေကြတာ။ ချွေးမ။ ဟုတ်တယ်။ မိခင်တစ်ယောက်အတွက် ချွေးမအရတော်မှ သားတွေ ဘဝတစ်သက်တာ အေးချမ်းသာယာဖို့ မိမိက မိခင်ကောင်းပီသစွာ ဇနီးကောင်းတွေ ကျိုးနွံတဲ့ မိန်းမရဖို့ ကြီးကြပ်ချုပ်ကိုင်ထားရသည်။



www.burmeseclassic.com

ww.burmeseclassic.com



"ကိုအောင် ရှင်ဘာသိလို့လဲ၊ နေရာတကာ သဘောကောင်းပြီး အားနာမနေစမ်းပါနဲ့၊ ရှင့်သားကြီးကိုပဲကြည့် မိုးစီမံပေးတဲ့ မိန်းကလေးကိုရတော့ ဘယ်လောက်အေးချမ်းလဲ၊ မိန်းမက ရိုးရိုးအေးအေး အိမ်ရှင်မပီသပြီး ရှင့်ကိုရော ကျွန်မကိုရော ရိုသေတယ်လေ"

သားကြီးမိန်းမက ကြိုးကိုင်လို့ရတဲ့ မိန်းမ။ ရိုးရိုးအေးအေး ဒေါ်မိုးတိမ်ပြာ ဩဇာအာဏာကိုလည်း နာခံသည်။ သားကြီးကလည်း မိခင်မှ မိခင်။ ဒေါ်မိုးတိမ်ပြာရဲ့ စီမံခန့်ခွဲမှုအောက်မှာပဲ မိန်းမကို နေစေခဲ့၏။ သားငယ်သွန်းဆစ်လည်း သားကြီးကဲ့သို့ပင် ဖြစ်နေစေချင်သည်။ ထို့ကြောင့်ဖင် သားငယ်သွန်းဆစ်အား နည်းနည်းလေးမှ အလွတ်မပေးခဲ့။ ဒီအသက်အရွယ်အထိ နောက်မှလိုက်ပြီး ကြီးကြပ်စောင့်ရှောက်နေရ၏။ သားငယ်က သားကြီးဘဝမျိုးကို မနှစ်သက်ဘူး။ အေးစက်စက်နဲ့ ဘယ်လိုကြီးမှန်း မသိဘူးဟုပြောနေတတ်၍ သူ့အိမ်ထောင်ရေးကို သူချစ်မြတ်နိုးတဲ့ မိန်းမနဲ့ပဲ တည်ဆောက်လိုသည်ဟု ပြောပြောနေခြင်းဖြစ်သည်။

"ဘယ်လို ဟာမလေးပါလိမ့်၊ နေပုံထိုင်ပုံက အရှက်မရှိဘူး၊ ပက်ပက်စက်စက် လူမရှိသူမရှိ ကွင်းပြင်ကြီးထဲ နေတယ်လို့များ ထင်နေလားပဲ၊ မိမဆုံးမ ဖမဆုံးမတွေ"

ဦးစိုးအောင်ကတော့ မိုးတိမ်ပြာစိတ်တွေ မနှစ်သက်မိ၏ သားတွေရှိနေတာထက် မိန်းကလေးတွေကို နှိမ်နှိမ်ချချ ကဲ့ရဲ့ရှုံ့ချ ပြောဆိုနေတာမျိုး မကြိုက်။ ပြောလည်း မရပေ။ ဘာဆိုင်လဲ။ ကိုယ် မနှစ်သက်ရင်လည်း နေပေါ့။ သားကြီး မိန်းမအား အနိုင်ကျင့် ဗိုလ်ကျ စိုးမိုးနေတာလည်း မကြိုက်မိ။ သားတွေရဲ့ ဘဝတစ်သက်



www.burmeseclassic.com

www.burmeseclassic.com



တာအတွက် သားတွေကိုယ်တိုင် ချစ်ခင်နှစ်သက်သူတွေနဲ့ လက်ထပ် စေချင်သည်။ သားကြီးမိန်းမ မရီတာဝေကို သားကြီးက မချစ်ပေ။ မိခင်ရွေးချယ်ပေး၍ လက်ထပ်ခဲ့ရ၏။ သားကြီးကလည်း မိခင်မှ မိခင်။ အမေ့ကိုချစ်တဲ့သားပဲ။ ဦးစိုးအောင်ကတော့ မိုးတိမ်နှင့် ပဋိပက္ခမဖြစ်စေချင်၍ ငြိမ်နေလိုက်ရသည်။

"ဒါကြောင့်မို့ ရှင့်ကိုပြောတာ၊ ပတ်ဝန်းကျင်ကို သေသေချာချာ လေ့လာပါလို့"

"မိုးရာ မင်းပဲကြိုက်တယ်ဆိုကွ"

"ဒီလို ရုပ်ပလာမလေးတွေ ရှိနေတယ်လို့ မထင်လို့ပေါ့ ရှင့်၊ မဖြစ်ဘူး၊ ပြန်ပြောင်းသင့်ရင်လည်း ပြောင်းရမယ်"

ဦးစိုးအောင် ဘာမှမပြောချင်တော့သဖြင့် ထလာခဲ့သည်။ မိုးက သူလုပ်ချင်တာလုပ်တာ။ တဇွတ်ထိုးပဲ။ မိခင်ကြောင့် သားငယ် စိတ်ရှုပ်ထွေးရတာလည်း မိမိသိထား၏။ အောက်ကိုပဲ ပြန်ဆင်းလာသည်။

သွန်းဆစ်ကတော့ သူ့ဘက်လှည့်လာမှာစိုး၍ လစ်ထွက်သွားဖို့ပဲ ပြင်သည်။ မေမေ့အနားကနေခွာမှ သွန်းဆစ်ဘက် လှည့်လာတော့မှာ သေချာနေ၏။ သွန်းဆစ်ထွက်သွားဖို့ ပြင်တော့ မေမေက ထိုင်ဦးတဲ့။ သွန်းဆစ် ပြန်ထိုင်ရသည်။

"သွန်းဆစ်"

"ဗျာ မေမေ"

"ဟိုဘက်ခြံထဲကဟာတွေကို ယောင်လို့တောင် မပေါင်း သက်မိစေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေမေကလည်း သားက ဘယ်မိန်းမကိုမှ စိတ်မဝင်စားပါဘူး၊ မေမေရွေးချယ်ပေးတဲ့ မိန်းမကိုပဲ ယူရမှာလေ"

"မင်း တကယ်ပြောတာလား သား၊ မင်းက မင်းချစ်တဲ့ မိန်းမကိုပဲ ယူမယ်ဆိုလို့ မေမေ စိတ်အရမ်းမောနေတာ၊ ရင်ထဲမှာ ပူနေတာ သားငယ်ရယ်"

"စိတ်မပူပါနဲ့ မေမေရာ၊ သား ဒီနေ့အထိ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘဲ နေတာပဲ"

"ဟိုဘက်ခြံမှာ ဆပ်စလူးမလေးတစ်ယောက်ကို တွေ့ရတော့ မေမေ ခေါင်းမီးတောက်သွားတာပဲ၊ လုံးဝနော် လုံးဝပဲ"

သားကြီးရော သားငယ်ပါ မိခင်မှ မိခင်ပဲ။ မိမိစကားကို မြေဝယ်မကျနားထောင်တတ်သူတွေ ဖြစ်သည်။ ဒါပေမယ့်လည်း တားဆီး ပိတ်ပင်ရမှာပဲ။ သားငယ်အတွက်ပဲ မိမိရှိတော့၏။ သားကြီးစိတ်နှင့် မတူသဖြင့် စိတ်မအေးနိုင်ဘဲ ဖြစ်ရသည်။

"မေမေကတော့ သားတွေကို ပြုစုယုယပေးမယ့် မိန်းကလေး မေမေစီမံခန့်ခွဲတာ နာခံတဲ့ မိန်းမပဲ ရစေချင်တာ၊ သားတို့အတွက်ပါပဲကွယ်နော်"

"သားကတော့ တစ်သက်လုံး မိန်းမကို မယူတာအကောင်းဆုံးပဲထင်တယ်"

"ဘယ်ဖြစ်မလဲ၊ မင်းတို့တွေ တစ်နေ့ မိန်းမယူကြမှာပဲ၊ ဘယ်နေနိုင်ကြမလဲ၊ ချွေးမရှာရမယ်"

သွန်းဆစ်ကတော့ မိန်းမယူချင်စိတ်တွေ ကုန်နေသည်။ သူက ကိုကိုကောင်းကင်လို စက်ရုပ်အိမ်ထောင်ရေးမျိုးကို မနှစ်သက်ပါ။ မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်နှင့်လည်း အတူ



www.burmeseclassic.com

ww.burmeseclassic.com



မနေချင်။ ဘဝတစ်သက်တာလုံး လက်တွဲနေထိုင်ရမည့် မိန်းမက သူချစ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ပဲဖြစ်စေချင်သည်။ မေမေ့ သွန်သင်ဆုံးမ စကားတွေက မဆုံးတော့။ မေမေပြောတော့မှ တစ်ဖက်ခြံက ကောင်မလေးကို သွန်းဆစ် စိတ်ဝင်စားသွား၏။ ချောတာတော့ တော်တော်လေးချောတာပဲ။ မျက်စိတွေထဲမှာ ပြန်၍မြင်ယောင်နေသည်။ မေမေသာသိရင် ရင်ကျိုးမယ်။ မေမေ့ ဆုံးမစကားတွေကို နာခံပါ့မည်ဟု ကတိအထပ်ထပ်ပေးပြီးမှ သွန်းဆစ် အောက်သို့ ဆင်းခွင့်ရသည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၂ )

"အန်တီမ"

"ဘာလဲ ကလေး"

"လုပ်ပါဦး ရိပ် ဗိုက်ဆာလို့ စားစရာဘာရှိလဲ"

ဗိုက်ဆာလာသဖြင့် စားသောက်စရာတွေ စီမံနေတဲ့ အဒေါ်ဖြစ်သူထံ ပြေးသွားပြီး အန်တီလေးခါးကိုဖက်ပြီး ကန့်ကလျလေး ပြောလိုက်သည်။

"ချက်တုန်းပဲရှိသေးတယ် ပန်းရိပ်လေးရဲ့၊ ကော်ဖီပဲ သောက်ထားဦး"

"မသောက်ဘူး၊ ရိပ် အစားကြီးတာ အန်တီမသိသားနဲ့၊ ထမင်းပဲစားချင်တယ်"

"ဒုက္ခပါပဲကွယ်၊ ထမင်းကလည်း ချက်တုန်းပဲ၊ ထမင်းကြမ်းပဲကျန်တာလေ"

"အကျန်တွေ မစားဘူး၊ အမြန်ကျက်အောင်ချက်ပေး၊ ထမင်းစားမယ်၊ ဟင်းတွေရော အိမ်ကလူတွေ ညှိဖျင်းလိုက်တာနော်၊



www.burmeseclassic.com

www.burmeseclassic.com



နေ့ကျွေးတယ်၊ ဆိုင်ကသွားဝယ်ပေး၊ အန်တီမ အမြန် စီစဉ်ပေးပါ"

တူမချောအကြောင်း ဒေါ်ခင်မမ အသိဆုံးပင်။ ကလေးဆန်လွန်းပြီး ကန့်လန့်လည်း လုပ်တတ်သူ။ မရှိတာသိသိကြီးနှင့်လည်း ဂျစ်တိုက်ကျီကျပြီး လူကြီးတွေ အစက်ဖြစ်အောင် လုပ်တတ်သည်။

"ဆာတယ်၊ အား ဗိုက်အောင့်လိုက်တာ၊ အဆာလွန်သွားပြီ ထင်တယ်၊ အား"

"ဟဲ့ ... မောင်တိုး ဒရိုင်ဘာကို အမြန်သွားခေါ်စမ်း၊ မညို ပြေးစမ်း၊ ဆိုင်ကနေ ထမင်းဟင်းတွေ ဝယ်ခဲ့လို့ မြန်မြန်"

အိမ်ဖော်ကောင်မလေး မညို ခြံထဲပြေးဆင်းသွားပြီးမှ ပြန်လာပြီး မမလေးက ဘာဟင်းစားမှာလဲဟု မေးသည်။

"ဝက်သား၊ ကြက်သား၊ ငါးသလောက်ပေါင်း၊ ချဉ်ပေါင်ကြော်၊ ဆေးဘဲဥသုပ်"

"အမလေး ရိပ်ရယ်၊ ဒါတွေ အကုန်စားမလို့လား၊ ဒုက္ခပါပဲ"

"အဲဒါတွေ အကုန်ဝယ်မလာနဲ့၊ ကြက်သားဟင်းပဲ ဝယ်လာလို့ ပြောမလို့ပါ"

"ရိပ်လေးရယ်"

"အား ... ဆာတယ်၊ အရမ်းဆာနေပြီ"

"ဟဲ့ ... မောင်တိုးကို မြန်မြန်ပြောနော်၊ ဟဲ့ နေဦး ပိုက်ဆံယူသွား၊ တော်ကြာ ပိုက်ဆံကျန်ခဲ့လို့ ဖြစ်ဦးမယ်"

မီးဖိုခန်းတစ်ခုလုံး ဆူညံပွက်လောရိုက်သွားသည်။ ချစ်ပန်းရိပ်လုပ်လိုက်ရင် အဲဒီလိုကြီးပဲ။ စိတ်ကလည်း ကောက်တတ်သေးတယ်။ ကိုကိုချစ်ကလည်း တစ်ဦးတည်းသော သမီးလေးကို



www.burmeseclassic.com

ww.burmeseclassic.com



အလိုလိုက်ထားသလို ဒေါ်ခင်မမကလည်း တူမချောလေး ချစ်ပန်းရိပ် မျက်နှာလေး တစ်ချက်ညှိုးရော်သွားမှာပင် မလိုလားမိ။ ဘယ်အရာမဆို တူမချောလေး စိတ်တိုင်းကျ ဖြစ်စေခဲ့သည်။ အခုလည်း အချိန်မဟုတ် ဗိုက်ဆာတယ် အတင်းအော်နေ၍ ထမင်းဆိုင်မှ ထမင်းဟင်းတွေကို ဒရိုင်ဘာအား အဝယ်ခိုင်းလိုက်ရ၏။ မြန်မြန်ဆို မြန်မြန်ပဲ။ အရေးထဲ ဒရိုင်ဘာမောင်တိုးက တော်တော်နှင့်ရောက်လော၍ တူမချော ရိပ် ပွတ်လောရိုက်အောင် သောင်းကျန်းနေပြန်သည်။

"ဗိုက်ဆာလို့ သေတော့မယ်၊ တော်ပြီ မစားတော့ဘူး"

"ပန်းရိပ်လေးရယ်"

အန်တီမ ပြာယာခတ်နေအောင် ဖြစ်နေတာကိုကြည့်ပြီး ရိပ် ရယ်ချင်နေသည်။ တမင်စတာ။ ဗိုက်က ဒီလောက်ဆာတာမဟုတ်။ မှင်းသွားလို့ နှုတ်ခမ်းလေးစူထော်ပြီး အပေါ်ထပ်တက်ခဲ့၏။ အခန်းပြန်ရောက်တော့ တခွိခွိရယ်ပစ်သည်။ ပြီးတော့ ပန်းသီးတွေ တစ်လုံးပြီးတစ်လုံး စားပစ်၏။ အိပ်ရာပေါ် ပြစ်လှဲချလိုက်စဉ်မှာပင် ချစ်ပန်းရိပ် အိပ်ပျော်သွားသည်။

ဒေါ်ခင်မမကတော့ ဒရိုင်ဘာပြန်ရောက်လာသည်နှင့် ထမင်းဟင်းတွေကို ကတိုက်ကရိုက်ပြင်ရ၏။ မောင်တိုးကိုလည်း ကြာလို့ ဆူတော့ ကားတွေပိတ်နေလို့တဲ့။ ထမင်းဆိုင်ကလည်း အစောကြီးဆိုတော့ မကျက်သေးတာတဲ့။ စိတ်ကောက်နေတဲ့ တူမ အိပ်ခန်းထဲဝင် ထမင်းပွဲပြင်ပြီး ရောက်လာသည်။

"ဟင်"

တူမ ပန်းရိပ်ကတော့ နှစ်ခြိုက်စွာအိပ်မောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းသီးတွေ စားထားတာလည်း တွေ့ရ၏။ ခက်လိုက်တဲ့ ကောင်မလေး။ စောစောကတော့ ထမင်းကလွဲပြီး ဘာမှမစားတတ်တော့တဲ့ အတိုင်းပဲ။ ဒေါ်ခင်မမကလည်း တူမချောက မိမိချက်ပြုတ်ပေးမှ ကြိုက်တယ်ပြော၍ ဝင်ချက်ပေးနေရသည်။ ချစ်ပန်းရိပ် အလိုဆန္ဒတွေမှန်သမျှ ဒေါ်ခင်မမ နည်းနည်းလေးမှ မချွတ်ချော် မတိမ်းစောင်းစေရန် ဖြည့်စွက်ပေးနေရ၏။ ပန်းရိပ်က စိတ်ကောက်ရင်လည်း ခဏပါပဲ။ တူမချော စားသောက်ဖို့ကို ပြင်ဆင်ပြီးသည်နှင့် အိမ်ဖော်ကောင်မလေး မညိုအား သေသေချာချာ ပြင်ဆင်ကျွေးဖို့ပြောပြီး ဒေါ်ခင်မမ ချိန်းထားတဲ့ ကိစ္စလေးရှိနေ၍ ကားနှင့်ပြန်ထွက်လာခဲ့သည်။ ခြံထဲမှ ထွက်လိုက်သည်နှင့် တစ်ဖက်ခြံမှထွက်လာတဲ့ လင်မယားနှင့်ဆုံ၍ ဒေါ်ခင်မမက လူမှုရေးအရ မိတ်ဖွဲ့သည့် အနေနှင့် ပြုံးပြလိုက်သည်။ ခြံချင်းကပ်တွေ မဟုတ်လား။ ခင်မမကတော့ အကူအညီ လိုအပ်တာရှိလျှင် ကူညီရအောင်ပါ။ ဒါပေမယ့် တစ်ဖက်ခြံက လင်မယားတွေ ယောကျ်ားဖြစ်သူက ပြုံးပြပေမယ့် ဇနီးဖြစ်သူက တစ်ဖက်သို့ ဆတ်ခနဲလှည့်သွားသည်။

"ဘယ်လိုဟာတွေလဲ မသိပါဘူး၊ လူကိုများ ဘာထင်နေလဲ စေတနာနဲ့ မိတ်ဆက်တဲ့ဟာ၊ အဖက်မတန်သလိုနဲ့"

ဒေါ်ခင်မမ ဒေါသတွေ အကြီးအကျယ်ထွက်သွားရသည်။ မိမိတို့ မိသားစုက ပျော်ပျော်ရွှင်ရွှင်နဲ့ အဆင့်အတန်းရှိရှိ နေထိုင်ကြတာပါ။ သူတို့က ဘာတွေမို့လို့လဲ။ ကူညီစရာရှိရင် ကူညီဖို့ မိတ်ဆက်တဲ့အနေနဲ့ ဖော်ဖော်ရွေရွေ ဆက်ဆံပြတာပါ။ မှားပါသည်။ ကြီးကျယ်လိုက်တဲ့ဟာတွေ နေပေါ့။ ခင်မမတို့ကလည်း ကြွယ်ဝချမ်းသာကြတဲ့သူတွေပဲ။ အဖက်မတန်သလို နေပြမယ်။ တော်ပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘယ်တော့မှ မပတ်သက်တော့ဘူး။ ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲရသည်။

ဦးစိုးအောင်ကတော့ တစ်ဖက်ခြံမှ အမျိုးသမီးကို အားနာ၍ ပြုံးပြမိသည်။ ဇနီးဖြစ်သူကတော့ မျက်နှာကြီးစူတင်းပြီး မဲ့ရွဲ့ကာ တစ်ဖက်ခြံမှ အမျိုးသမီးအား ကဲ့ရဲ့ရှုံ့ချနေ၏။ ဟိုဘက်က ပြုံးပြ နှုတ်ဆက်တာကို မျက်နှာကြီး တစ်ဖက်လှည့်သွား၍ ရိုင်းရာကျနေ သည်။

"ဟင်း ... ဟိုဘက်ခြံက လူတွေကို ကြည့်ပါလား၊ မသိဘဲနဲ့ နှုတ်ဆက်ပြုံးပြတာ"

ဒေါ်မိုးတိမ်ပြာကတော့ တစ်ဖက်ခြံမှ လူတွေနှင့် လုံးဝ ဆက်ဆံလိုပေ။ ကြည့်လို့လည်း မရ။ ကြည့်လေ အသက်ကကြီးနေ ပြီ ခေတ်ဆန်လိုက်တာ။ ဆံပင်က တိုတိုကောက်ကောက် ကွေး ကွေး။ နှုတ်ခမ်းနီက ရဲရဲတွတ်တွတ်။ မနှုတ်ဆက်ချင်ပါဘူး၊ မုန်းပါ ။ အခုထဲက ခပ်ပြတ်ပြတ် ဆက်ဆံထားမှ ဒေါ်မိုးတိမ်ပြာ အား နာဘဲ ခပ်ရိုင်းရိုင်းပင် ဆက်ဆံပစ်လိုက်သည်။

"မိုးရယ် မင်းကလည်းကွာ အိမ်နီချင်းတွေပဲ ရန်သူတွေမှ ဟုတ်တာ"

"ရှင့်မှာ သားတစ်ယောက်ရှိနေသေးတယ်ဆိုတာ ရှင်သိရဲ့ လား"

"မို့"

"ဘာဆိုင်လဲကွာ"

"ဆိုင်တယ်၊ ဟိုဘက်ခြံက မိန်းမတွေက ပေါ့ပျက်ပျက် ရှပ်



www.burmeseclassic.com

ww.burmeseclassic.com



ပလာမတွေ၊ စောစောစီးစီး ကင်းရှင်းအောင်နေရမယ်"

မိမိကလည်း ဇနီးကို မနိုင်ပေ၊၊ အားနာနေသည်။ မျက်နှာလည်း ပူနေ၏။ ဦးစိုးအောင်က ပြောလျှင်လည်း မိုးတိမ်ပြာက တစ်မျိုးတမည် ထင်နေဦးမည်။ ခက်တာပဲ။ မိမိကတော့ အိမ်နီးချင်းတွေနှင့် အခင်မင်မပျက် နေထိုင်လိုက်သည်။ အရောဝင်တာ မဝင်တာက တစ်ပိုင်းပါ။ သားအတွက်နှင့် မိန်းကလေး အတော်များများကို ကြည့်မရနေတာ မိုးတိမ်ပြာအကျင့်ပဲ။ မိမိကတော့ စိတ်ပျက်သည်။

"ကိုအောင်"

"ဘာလဲကွ"

"ကျွန်မက သားအတွက် ပူပင်နေတာ၊ ရှင်ကရော ဘာဖြစ်လို့ မကျေမနပ်ဖြစ်နေရတာလဲ"

"မဖြစ်ပါဘူး မိုးရာ၊ ကိုယ်က ပတ်ဝန်းကျင်နဲ့ ပြဿနာ မဖြစ်စေချင်တာပါ။ မဆက်ဆံချင်လည်း နေလို့ရတာပဲ"

ဇနီးက မဆီမဆိုင် တစ်ဖက်ကလူတွေအပေါ် ရန်လိုမုန်းတီးနေတာ သဘာဝမကျဟု ထင်သည်။

"ပြောရမှာပဲ၊ ရှင်က နာနေတာလား၊ စောစောစီးစီးထဲက ပြတ်ပြတ်သားသား နေရမယ်လေ၊ သားငယ်အတွက် ဘဝတစ်သက်တာအရေး"

"မိုးရာ တစ်ယောက်နဲ့တစ်ယောက် ချစ်သူတွေဖြစ်နေကြတာမှ မဟုတ်တာပဲ၊ ဟိုကလေးမကလည်း ချစ်သူတွေဘာတွေ ရှိချင်ရှိနေမှာပဲ၊ မင်းသား သွန်းဆစ်ကိုယ်တိုင်က ဒါမျိုးတွေ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားမှာမဟုတ်ပါဘူး၊ သူ့အမေအကြောင်း အသိသားနဲ့”

ဒေါ်မိုးတိမ်ပြာအတွက်ကတော့ မိမိသားငယ်ယူမယ့် ချွေးမက ပို၍ အရေးကြီးသည်ဟုထင်သည်။ ထို့ကြောင့် မျက်ချည်မပြတ် ဂရုစိုက်နေရ၏။ သားငယ်က မိမိတို့နှင့် အတူနေရမည့်သူ။ သားကြီးက စိတ်အေးရပြီ။ သားငယ်အတွက် စိတ်မအေးခဲ့။ အတူနေရမည့် ချွေးမက မိမိဩဇာအောက်မှာ နာခံမည့်သူမှ ဖြစ်မည်။ သားငယ်က ရှေ့နေပေါက်စ အမှုသည်တွေရော၊ ရှေ့နေမပေါက်စတွေရော ရှုပ်ယှက်ခတ်နေ၍ ဒေါ်မိုးတိမ်ပြာ သတိနှင့် သားငယ်အား မျက်ချည်မပြတ် စောင့်ရှောက်နေရသည်။

“မိုး သားငယ်က ရုပ်ရည်လည်းချောတယ်၊ ပညာလည်း တတ်တယ်၊ မိဘကလည်း ချမ်းသာ၊ မိန်းတွေက ဖမ်းချင်နေတာ လေ”

“မိုးရာ”

စိတ်ပျက်တယ်။ မိန်းကလေးအတွက်လည်း အားနာကိုယ် ချင်းစာမိနေသည်။ ဦးစိုးအောင်စိတ်က ဇနီးမိုးနှင့် ဆန့်ကျင်ဘက်။ သားတွေရဲ့ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်ရှိနေချင်၏။ သားကြီး မိန်းမက အိမ်ရှင်မပီသပြီး ပြားပြားဝပ် ရှိသေလေးစားနေပေမယ့် သားနှင့်မလိုက်ဖက်ပေ။ အိမ်မှုကိစ္စတွေကလွဲပြီး ဘာမှ မသိ။ မိုးတိမ် ပြာ စိတ်တိုင်းကျ ချွေးမက ရိုးအလွန်းနေသည်။ ဟိုဘက်ခြံကလူ တွေကိုတော့ အားနာမိနေ၏။ ဖော်ဖော်ရွေရွေနဲ့ ခင်ခင်မင်မင် နေထိုင်တတ်တဲ့ လူတွေပဲ။ မိုးတိမ်ပြာက ငွေကြေးချမ်းသာတဲ့ ချွေးမထက် သူစီမံရာ နာခံမည့် ရိုးစင်းတဲ့ချွေးမပဲ လိုအပ်နေတာပဲ။ ပြောမရဆိုမရ တဖွတ်ထိုးမိန်းမ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နန့်တန့်တန့် ပျံတန်တန်ကောင်မလေးရဲ့ အမေပဲထင်တယ်၊ အရုက်နည်းလိုက်တာ၊ ရှင်ဘာသိလို့လဲ သမက်ဖမ်းချင်နေတာ"

"မိုးရာ သူတို့ကလည်း ချမ်းသာတဲ့လူတွေပါ၊ တို့ကတောင် ဒီတိုက်နဲ့ခြံရဖို့ နှစ်ပေါင်းများစွာ ကုတ်ကပ်စုထားရတာကွ၊ ဘာမှ မပတ်သက်သေးခဲ့နဲ့ ထင်ရာမြင်ရာတွေ မပြောပါနဲ့"

"ရှင်က ဘာနားနေတာလဲ၊ ကိုယ့်သားအတွက် ထည့်မစဉ်းစားဘဲ ရှေ့နေလိုက်နေတယ်၊ ကျွန်မ လုပ်နေတဲ့ ကိစ္စတွေမှာ ဝင်မပါတာ ကောင်းမယ်နော် ကိုအောင်၊ ဟိုဘက်ခြံက ဟာမတွေနဲ့ ရှင်နဲ့ ဘယ်လိုပတ်သက်နေလဲ၊ ဒီလောက်အားနာပြီး ကာကွယ်နေတာ"

ဒေါ်မိုးတိမ်ပြာအား ဦးစိုးအောင် ဆက်မပြောလိုတော့။ လုပ်ချင်တာလုပ်တတ်တဲ့ အကျင့်စရိုက်နှင့် စိတ်မထင်လျှင် မထင်သလို မိမိရုံးခန်းအထိ လာရောက်ပြီး အော်ကြီးဟစ်ကျယ် အရှက်ခွဲတတ်တဲ့ မိန်းမ။ အားနာတာတွေ ဘာတွေ မရှိခဲ့။ လင်ကိုရော သားတွေကိုရော သူ့ဩဇာအောက်မှာ ပြားပြားဝပ်နေထိုင်မှ နှစ်သက်သူပဲ။ မိမိဆက်ပြောနေလည်း အရှုံးနဲ့ပဲ ရင်ဆိုင်ရမည်ဖြစ်သည်။

"ငါ့သားကို လာပြီး ပတ်သက်ဆက်ဆံဖို့ ကြိုးစားလို့ကတော့ မိုးတိမ်ပြာအကြောင်း ကောင်းကောင်း သိစေရမယ်"

ကိုစိုးအောင်က ဝင်သွားသည်။ ဒေါ်မိုးတိမ်ပြာကတော့ မရဘူး။ သားတွေက ဘဝတစ်သက်တာအတွက် စီစဉ်နေရတာ။ ချမ်းသာတာလည်း မလိုအပ်ဘူး။ ရုပ်ပလာ ငါးရံ့ပြာလူးမတွေနဲ့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ဘယ်လိုလုပ်မလဲ။ မိမိပဲ ရင်ကျိုးရမှာပါ။ မဖြစ်ဘူး။ သားငယ်ကို တင်းတင်းကြပ်ကြပ် တားမြစ်ထားရမယ်။ အမလေး ကြည့်ပါလား မအဖြစ်သူကတောင် ဂရုမစိုက်ဘူး ကိုယ့်မာန နဲ့ကိုယ် မနေတတ်တဲ့ဟာတွေ သားငယ်ကိုတွေ့သွားလို့လားပဲ။ အင်းတို့က ချောင်းကြည့်နေမှာပါ။ တွေးရင်းပင် စိတ်ပူမိသည်။

"ဘယ်လိုဟာတွေနဲ့ လာတွေ့နေတာပါလိမ့်နော်၊ စိတ်ညစ် လိုက်တာ၊ ကိုစိုးအောင်ပဲ ပတ်ဝန်းကျင်အနေအထားလည်း စောင့် ကြည့်ပါဆိုမှ"

ဒေါ်မိုးတိမ်ပြာ စိတ်သောကတွေ ရောက်နေရသည်။ နှုတ်ခ ခမ်းကနေ ပွစိပွစိနှင့် ရင်တွေမီးတောက်နေပြီလားပဲ။ သားက လည်း တစ်နေ့နေ့တော့ တစ်ဖက်ခြံက ကောင်မလေးနဲ့ ဆုံမိမှာပဲ။ ဘယ်လိုတားဆီးရမလဲ စိတ်ညစ်နေသည်။ တစ်ဖက်ခြံက ကောင် မလေးလေးက ချောတယ်။ မိမိစိတ်ပူပင်ရလောက်အောင် ချော အောတောင့်ဖြောင့် အိစက်နေလို့ ဒေါ်မိုးတိမ်ပြာ စိတ်ပူပင်နေရတာ လည်း ပါနေသည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၃ )

"ဟိုဘက်ခြံက လူသစ်တွေက အနံကြီးကွင်းကျယ်တွေ ထင်တယ်နော် အစ်ကိုကြီး၊ ခင်မက ပြုံးပြီး လူမှုရေးအရ နှုတ်ဆက်တာကို ဟိုမိန်းမက ချာခနဲ မျက်နှာလွှဲပစ်တယ်၊ ရှိင်းလိုက်တာ၊ လူတွေကို ဘာထင်နေလဲ မသိပါဘူး၊ အဖက်မတန်သလိုနဲ့လေ"

ဒေါ်ခင်မမတစ်ယောက် ဒေါသတွေက မသေသေးဘဲ မကျေနိုင် မချမ်းနိုင် ပြောလို့မဆုံးပေ။ တွေးမိတိုင်း ဒေါသတွေ ပေါက်ကွဲချင်နေသည်။

"အစ်ကိုကြီး စဉ်းစားကြည့်ပါဦး၊ ခင်မ ဘယ်လိုဖြစ်သွားမလဲ ဆို၊ ရိုင်းလွန်းတယ်၊ လူမှုရေးခေါင်းပါးတာပဲလေ၊ သင်းတို့က ဘယ်လောက်များ ချမ်းသာနေလို့လဲ၊ တိုက်ချင်းပဲ ယှဉ်ကြည့်၊ သူတို့ခြံထဲမှာ ကားလေးတစ်စီးပဲရှိတယ်၊ ခင်မတို့က တစ်ယောက် တစ်စီး စီလေ၊ ယှဉ်ဦးမလား"

ဦးမောင်မောင်ချစ်ကတော့ အရက်သောက်မပျက်ပေ။ ညနေတိုင်း အရက်ကို ဇိမ်ခံသောက်နေကျ။ နိုင်ငံခြားအရက်မျိုးစုံ



www.burmeseclassic.com

www.burmeseclassic.com



က တန်းစီနေသည်။ ညီမဖြစ်သူ ခင်မမက လာပြီး အတင်းတွေပြော နေ၍ နည်းနည်းတော့ အာရုံတွေ နှောက်လာ၏။ ဒီညီမလေး တစ်ယောက်ပဲရှိနေတော့လည်း ခွင့်လွှတ်ထားသည်။

"အစ်ကိုကြီး"

"ဟင်"

"ခင်မပြောတာကို ကြားရဲ့လား"

"ခင်မရယ် ဘာတွေဖြစ်နေတာလဲ၊ သူတို့က မဆက်ဆံချင်ရင်လည်း မဆက်ဆံပဲနေလေ၊ ဘာဖြစ်လဲ"

"ရှိုင်းလို့ပါ"

တူမချောပန်းရိပ် ရောက်လာပြီး ဖခင်စားပွဲပေါ်က အမြည်းတွေကို ကောက်ယူစားနေသည်။

"ဘယ်သူကရှိုင်းတာလဲ အန်တီမ"

"ဟိုဘက်ခြံကဟာတွေလေ၊ အန်တီမက မျက်နှာချင်းဆိုင်တွေလို့ နှုတ်ဆက်ပြီး ပြုံးပြတာ အဖက်မတန်သလိုနဲ့ မျက်နှာကိုချာခနဲ လှည့်ပစ်တယ်"

"ဘာပြောတယ်"

"သမီးရယ် ဖြည်းဖြည်းပြောပါလားကွယ်၊ ဒက်ဒီတောင် လန့်သွားတယ်"

"ဒက်ဒီကလည်း ဒီလိုဆက်ဆံသင့်လားလို့၊ အိမ်နီးချင်းတွေပဲဟာ၊ အန်တီက ဘာဖြစ်လို့ သွားပြီးပြုံးပြရတာလဲ၊ ရိပ်နဲ့တွေ့ချင်တယ်၊ သူတို့က ဘာတွေကြီးကျယ်ခမ်းနားနေလို့လဲ"

ပန်းရိပ် မကျေမနပ်နှင့် ဒေါသတွေထွက်နေသည်။ နဂိုက ဆတ်ဆတ်ထိမခံ စွာတေးလန်မလေး။ မာနတွေခေါင်းခိုက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူတို့က ဘာတွေမို့လို့လဲ။ အဖက်မတန်သလို လုပ်ရအောင် ပန်းရိပ်တို့က ဘိုးစဉ်ဘောင်ဆက် ကျိုကျိုတက် ချမ်းသာလာကြတဲ့ သူတွေ။ အလုပ်မလုပ်ဘဲ ထိုင်စားနေရင်တောင် ဆယ်သက်ထိုင်စား နိုင်၏။ အန်တီမမို့ ပြုံးပြတယ်။ ပန်းရိပ် ဒေါကန်နေသည်။ အခုမှ လည်း ပြောင်းလာသေးတယ် လာပြီးကျောလို့ရမလား။ တွေ့လိုက် ချင်တယ်။ ပန်းရိပ် ပြောမဆုံးအောင်ဖြစ်နေသည်။

"ပတ်ဝန်းကျင်နဲ့ ပြဿနာမဖြစ်စေနဲ့ ခင်မ၊ သမီးက ငယ် သေးတယ်၊ နင်ဘာတွေ ပြောနေတာလဲ၊ ကလေးက ဒေါသဖြစ်နေ ပြီ"

ဦးမောင်မောင်ချစ် ဝင်ပြီးတော့ တားဆီးဖျောင်းဖျရသည်။ ခင်မမကလည်း ဆတ်ဆတ်ကြဲပဲ။ မိမိကတော့ ပတ်ဝန်းကျင်နှင့် ပြဿနာမတက်လိုပေ။ ပိုက်ဆံချမ်းသာလို့ မာန်မာနတက်တာမျိုး မိမိမနှစ်သက်ပါ။ ကူညီစရာရှိရင် ကူညီ၊ သည်းခံစရာရှိလျှင်လည်း သည်းခံကြရမည်ဖြစ်သည်။

"လာ ... အန်တီ ပန်းရိပ်တို့ သွားစိန်ခေါ်မယ်၊ လိုက်ခဲ့"

"ဟဲ့ ... နေပါဦး သင်းတို့ရိုင်းတိုင်း အန်တီမကတော့ မရိုင်း နိုင်ပါဘူး၊ ထားလိုက်ပါ"

"သည်းခံနေရင် ပိုပြီးလုပ်လာမှာပေါ့ အန်တီမရ"

"သမီး ထားလိုက်တော့၊ ကိုယ့်ဘက်ကနေ ရိုင်းမပြနဲ့၊ လူတွေက အမျိုးမျိုး အထွေထွေရှိကြတာပဲ၊ သည်းခံလိုက်ပါ ခင်မ၊ နင်လည်းတော်တော့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ဒေါ်ခင်မမက တူမချောလေးလက်ကိုဆွဲကာ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိမိအိပ်ခန်းထဲအထိ ခေါ်လာခဲ့၏။ အစ်ကိုကြီးက ဒီလို ပတ်ဝန်းကျင်ဆို အရမ်းကောင်းချင်တာ။ ခင်မမတို့လည်း ကောင်းချင်ပါတယ်။ လူတစ်ဖက်သားကို အဆင့်အတန်း မခွဲခြားဘဲ ကူညီနေကြသူတွေဖြစ်သည်။

"ဟဲ့ ... ပန်းရိပ်"

"ဟင်"

"ပန်းရိပ်လေးကိုလည်း အန်တီမ သတိပေးထားရမယ်နော်၊ ဟိုဘက်ခြံကလူတွေကို လုံးဝအရေးမစိုက်ပဲ နေပစ်နော်"

"ဝေးသေးတယ်၊ ပန်းရိပ်လား ဘာမဟုတ်တဲ့လူတွေ အောက်ခြေလွတ်နေတာ၊ သူတို့ထက်တောင် ပိုပြီးဘဝင်မြင့် ပြချင်တယ်"

"အန်တီမကတော့ တစ်ခါတည်း ရွံသွားတာပဲ၊ မှားပြီး ပြုံးပြမိတာ အောက်ခြေလွတ်နေတဲ့ဟာတွေ"

ဟိုမိန်းမကြီးက ပိုဆိုးတယ်။ တစ်ဖက်တောင် ချာခနဲလှည့်သွားတာပါ။ ဒေါ်သဖြစ်လို့ မဆုံးပေ။ ခံပြင်းနေသည်။ တစ်ဖက်ခြံကြီးထဲက မိန်းမကြီးကို တူအရီးနှစ်ယောက် အတင်းတွေ ပြောနေကြ၏။ ခင်မမကတော့ ရိုးအအနဲ့ ပုံတုံးမိန်းမကြီးရဲ့ အပြုအမူအတွက် ရိုင်းလွန်းနေသည်ဟု ထင်သည်။

"အန်တီမ"

"ပြော"

"ဟိုဘက်ခြံကအကြောင်းတွေ ပြောရတာ အာရုံနောက်တယ်၊ ခြံထဲဆင်းပြီး ကြက်တောင်ရိုက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်ချင်စိတ်တောင် မရှိပါဘူးအေ"

"လာပါ၊ ဟိုဘက်ခြံကဟာတွေအကြောင်း ပြောရတာ အာရုံနှောက်ပါတယ်၊ အဝတ်အစားလဲ"

ဒေါ်ခင်မမလည်း တစ်ဖက်ခြံကလူတွေရဲ့ အပြုအမူကြောင့် စိတ်တွေညစ်နွမ်း နှောက်ကျိနေ၍ ခန္ဓာကိုယ်ပင် လေးလံနေသည်။ မိမိတို့ကိုများ အဖက်မတန်သလိုနဲ့ မခံချင်စိတ်တွေ ဖြစ်နေသည်။

"ဟွန်း ... ခင်မမကိုများ ရုပ်ကလည်းချော၊ ပညာကလည်း တတ်၊ တူမကြောင့် အပျိုကြီးလုပ်နေတာ"

မိမိအသက်က သုံးဆယ့်ရှစ်နှစ်ပဲရှိသေးတာ။ ကိုယ့်ဟာကိုယ် အိမ်ထောင်မပြုသေးလို့ အပျိုကြီးဖြစ်နေတာ။ ချစ်ကြိုက်မယ့် သူတွေ ဝိုင်းဝိုင်းလည်နေတာပဲ။ လွှတ်လွှတ်လပ်လပ် နေချင်သည်။

"ကဲပါ အန်တီမရာ ကျက်သရေမရှိတဲ့လူတွေအကြောင်း စဉ်းစားမနေပါနဲ့၊ အဝတ်အစားလဲစမ်းပါ၊ ထ"

"အေးပါဟယ်"

တူမလေးကပြောရင်တော့ ဒေါ်ခင်မမ ငြင်းဆန်နိုင်ခြင်း မရှိခဲ့။ ထပြီး အဝတ်အစားလဲရသည်။ ဟုတ်ပါတယ်လေ မပြောတာပဲ ကောင်းပါတယ်။ မပတ်သက်ချင်လည်း နေပေါ့။ ကြက်တောင်ရိုက်ရင်း စိတ်ပြေနိုင်သည်။

"အန်တီမရေ လောကကြီးထဲကလူတွေကိုလေ ပန်းရိုပ်တော့ မှန်လိုပဲကျင့်သုံးမယ်"

"မှန်"

"အင်းလေ ... သူတို့ပြုံးပြရင် ပြုံးမယ်၊ မဲ့ပြရင် မဲ့မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲလေ"

"ဟုတ်တယ် ငါ့တူမလေးပြောတာ မှန်တယ်၊ လူမှုရေးတွေ၊ အားနာတာတွေ လုပ်မနေနဲ့၊ သိပ်သဘောကောင်းပြနေလို့ မဖြစ်ဘူး။ ဇွေးမိတိုင်း ခံပြင်းနေတယ်၊ ဒေါသဖြစ်လိုက်တာနော်"

အဝတ်အစားတွေလဲကြသည်။ စောစောက စိတ်ညစ်စရာတွေ စိတ်ရှုပ်ထွေးစရာတွေ ပျောက်သွားကာ တူအရီးနှစ်ယောက် တဟားဟား အော်ရယ်ပစ်ကြသည်။ ကြက်တောင်ရိုက်ဖို့ အဝတ်အစား ဒီဇိုင်းကတစ်မျိုး။ စပို့ရှပ်အပျော့စားလေးကိုဝတ်ပြီး စကဒ်တိုတိုလေးနှင့် ပေါ့ပါးလွတ်လပ်စွာ ဝတ်ထားကြ၏။ အန်တီမကလည်း တူမနှင့်တန်းတူပဲ ဝတ်ဆင်ထားသည်။

"အန်တီမတူမလေးကလည်း ဘာလေးပဲဝတ်ထားဝတ်ထား လှလိုက်တာ၊ ပေါင်တံစင်းစင်းလေးတွေက အလှဆုံးပဲ"

"အန်တီမရောပဲလေ၊ အသက်ကြီးပေမယ့် မပျက်စီးသေးဘူး"

"ဟား ... ဟား ... ဟား"

"ဟင်း ... ဟင်း ... ဟင်း"

"အဟီ"

"သွားမယ်"

"Ok"

နှစ်ယောက်သား ရွှင်မြူးတက်ကြွစွာဖြင့် ခြံထဲဆင်းလာကြသည်။

"စမယ်"

"Ok"



www.burmeseclassic.com

ww.burmeseclassic.com



"ရှမ်း"

"ရှမ်း"

"ရှမ်း"

"ရှမ်း"

အန်တီမကလည်း ငယ်စဉ်က ကြက်တောင်ရိုက် ချန်ပီယံပဲ။ ပန်းရိုပ် အတော်လေး ကြိုးစားရိုက်နေရသည်။ ပန်းရိုပ်တို့ မိသားစုဝင်တွေက အားကစားတွေ ဂရုတစိုက်လုပ်တတ်ကြ၏။ ဝါသနာပါကြသည်။

"ရှမ်း ... ရှမ်း"

"ရှမ်း"

"ရှမ်း"

"ရှမ်း"

"ဟာင်"

တစ်ဖက်ခြံထဲက အသံတွေကြောင့် ဒေါ်မိုးတိမ်ပြာ မရိုးမရွနှင့် လသာဆောင်ဘက် ထွက်လာကြည့်မိသည်။

"အမလေး ... ဝတ်စားထားကြတာ ကြည့်ပါဦး၊ တစ်နေ့ တစ်မျိုး မရိုးအောင်ပဲ ဟိုမကြီးမငယ်မကလည်း အရှက်မရှိနော်"

ကြက်တောင်ရိုက်နေကြတဲ့ နှစ်ယောက်ကို တွေ့လိုက်ရသဖြင့် ဒေါသတွေ အလိပ်လိုက်တက်လာရသည်။ ဝတ်ထားတဲ့ ဝတ်စုံတွေကိုလည်း ကြည့်ဦး မမြင်ဝံ့စရာ။ အရှက်မရှိကြဘူးလား။ နှံ့တန့်တန့် ဟာမတွေမှန်း သိသာနေ၏။ မအေနှင့် သမီးလား။ ရှူဝရီးလားပဲ။ စကာဒ်က တိုနန့်နန့်၊ ပေါင်တံဖွေးဖွေးတွေက မမြင်ချင်မှ အဆုံးပဲ။ စိတ်ညစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နှယ်နော် ... ဒီဟာတွေနဲ့မှ လာကြုံနေရတယ်၊ ဒုက္ခပါပဲ ဘယ်လိုလုပ်ရမလဲ"

သားငယ်ကို သူ့အစ်ကိုအိမ်မှာပဲ သွားထားရင် ကောင်းမလား၊ အကုသိုလ်များတယ်။ မြင်မကောင်း ရှုမကောင်း ဒေါ်မိုးတိမ်ပြာအကြည့်တွေကို ချာခနဲလွှဲပစ်ပြီး ထွက်လာခဲ့သည်။

"ဟုတ်ပါရဲ့ မမမိုးရယ်၊ ဘယ်လိုဟာတွေလဲ မသိပါဘူး အရမ်းတော့ ချမ်းသာပုံပဲနော်"

ထမင်းဟင်းချက်တဲ့ ဒေါ်ကြွယ်နှင့် ဒေါ်မိုးတိမ်ပြာက လေပေးဖြောင့်ကြသည်။ ဒေါ်မိုးတိမ်ပြာ အကြိုက် လိုက်ကြ၏။

"မမမိုးပြောရင် အပိုဖြစ်မယ် မကြွယ်ရယ်၊ ကြည့်ပါလားအေ့ ခနက်ကလည်း လာရယ်ပြနေသေးတယ်၊ တစ်ခါမှ မမြင်မတွေ့ဘူး ပဲနဲ့များ"

"အဲဒါပြောတာပေါ့ မကြွယ်၊ လာပြီး အရောဝင်ချင်လို့ နေမှာ ပေါ့ဟယ်"

"မမမိုးမှာက သားချောချော ဖြောင့်ဖြောင့်ရှိတယ်၊ သတိထားရမယ်နော်"

"ငါ့ရင်တွေ ဘယ်လောက်ပူနေလဲ မကြွယ်၊ ဒီလိုဟာမလေး မျိုးနဲ့ ငါ့သားသွန်းဆစ်သာ ငြိစွန်းသွားရင် အမလေး တွေးတောင် မတွေးရဲတော့ဘူး၊ ကျက်သရေမရှိလိုက်တာ"

ဒေါ်မိုးတိမ်ပြာ နှုတ်ခမ်းကို မဲ့ရွဲ့ပြီး မျက်စောင်းလှမ်းထိုးပစ်သည်။

"ချွေးမတော့ အမြန်ရှာမှဖြစ်မယ် မကြွယ်၊ ရင်တွေ



www.burmeseclassic.com

www.burmeseclassic.com



လေးလိုက်တာအေ"

"မမမိုး"

"ဘာလဲဟဲ့"

"ကျွန်မတို့ ဒီဘက်ဘေးခြံမှာလေ၊ ဟိုခြံပဲ သီရိရတနာလို့ နာမည်ပေးထားတဲ့ခြံထဲမှာ ကောင်မလေးတစ်ယောက်ရှိတယ်"

"သီရိရတနာခြံ"

"အင်းလေ ... မမမိုးက ဒီဘက်ခြံကိုပဲ မဲနေတာကိုး၊ ချွေးမ အထူးအထွေ ရှာနေစရာမလိုဘူး၊ အဲဒီခြံကြီးထဲက ကောင်မလေးကို ပဲကြည့်လိုက်"

"ဟင်"

ဒေါ်မိုးတိမ်ပြာ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားသည်။ သူ့ဒွေးသူ့ကြွယ် ရပ်ကွက်ဆိုတော့ ခြံကြီးတွေ အပြိုင်အဆိုင်၊ အုတ်တံတိုင်းအမြင့်ကြီးတွေ ကာရံထား၍ တစ်ခြံနှင့်တစ်ခြံ အပေါ်စီးကပဲ မြင်ရသည်။

"အဲဒီကောင်မလေးက ရိုးရိုးအေးအေးပဲ"

"ဟင်"

"အဝတ်အစား ဝတ်တာကအစ ရိုးစင်းတယ်၊ ခေတ်မဆန် ဘူး မမမိုး၊ တကယ့်ကိုရိုးတာ"

"ဟုတ်ရဲ့လားအေ၊ မမမိုးတောင် မမြင်သေးဘူး"

"အပြင်မှမထွက်တာ၊ ဟိုခြံကဟာမတွေလို ပုံစံအမျိုးမျိုးနဲ့ ဝတ်စားပြင်ဆင်ပြီး မလုံ့တလုံနေထိုင်ပြနေတာမှ မဟုတ်တာ၊ ရုပ်ရည်ကတော့ ဟိုဘက်ခြံက ကောင်မလေးလောက် မချောဘူး



www.burmeseclassic.com

www.burmeseclassic.com



မမိုးရယ်"

"ဘယ်ခြံကလဲ"

"*ဟိုဟာမလေးလေ*"

"ထို ... ဘယ်ကချောရမှာလဲ၊ ညည်းကလည်း ဘာချောလို့ ချောမှန်းမသိဘူး"

မကြွယ် စိတ်ထဲမှာတော့ ဟိုဘက်ခြံက ကောင်မလေး ချောလိုက်တာ၊ ချစ်စရာကောင်းလိုက်တာဟု ထင်သည်။ မမမိုးက သည်း ချွေးမအကောင်းစားလေးရှာပေးလျှင် ဆုလာဘ်ရမှာမို့ အစ်ဖက်ခြံက ကောင်မလေးနှင့် အောင်သွယ်ပေးဖို့ စဉ်းစားမိ သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"မကြွယ် ... ဘယ်မှာလဲ ပြလေ"

မကြွယ်က ရိုးရိုးအေးအေး ယဉ်ယဉ်ကျေးကျေး ကောင်မ လေးတစ်ယောက် ရှိနေသည်ဆို၍ ဒေါ်မိုးတိမ်ပြာ စိတ်ဝင်စားသွား ကာ အကြည့်တွေကို တစ်ဖက်ခြံကြီးဆီ ပြောင်းသွားရသည်။

"မမမိုးက ဆတ်စလူးမလေးနေတဲ့ ခြံကြီးကို အာရုံစိုက်နေ တာကိုး၊ မကြွယ်လေ အိမ်သန့်ရှင်းရေးလုပ်ရင်း ဟိုဘက်ခြံက ကောင်မလေးကိုတွေ့တာ"

"ပြစမ်းပါဦး၊ မြင်တောင် မမြင်ဘူးပါလား"

"မမြင်တာက အပြင်မထွက်တာလေ၊ မမမိုးရဲ့ ဗိုင်းကောင်း ကျောက်ဖိလေး"

"ဟုတ်လား"

"ဟုတ်ပါတယ်ဆို၊ မမမိုး စောင့်ကြည့်ပါ"

"အေး ... အေး"

ဗိုင်းကောင်းကျောက်ဖိလေးဆိုတော့လည်း ဒေါ်မိုးတိမ်ပြာ တော်တော်လေး စိတ်ဝင်စားသွားရသည်။ သားအတွက်က ချွေးမ



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီး ရှာဖွေရတော့မည်။ အမလေး ဟိုဘက်ခြံက ဆတ်စ ထူးမလေးအကြောင်း တွေးမိတိုင်း သားနှင့်နီးစပ်သွားမှာ စိုးရိမ်မိသည်။

•

"မမမိုး"

"ဟင်"

"ဟိုဘက်ခြံကဟာမကြီးက ပြုံးပြတာ သွန်းဆစ်ကို သမက် ခမ်းချင်တာလား မသိတာပဲ"

"တော်စမ်းပါအေ၊ ကျုပ်အမြင်ကတ်လွန်းလို့ တမင်မျက်နှာ ကို လွှဲပစ်လိုက်တာ၊ မဆက်ဆံချင်တဲ့ သဘောပဲ"

"ကောင်းတယ်"

မကြွယ်ကလည်း မမမိုးအကြိုက်ပဲ ပြောနေရသည်။ ဒါမှ မိမိက အိမ်ဖော်တွေအားလုံးထဲမှာ အခွင့်အရေးအရဆုံးဖြစ်နေ သည်။ မမမိုးက သားတွေကို သူ့ညြဇာမနာခံမယ့် ချွေးမတွေနှင့် တွေ့သွားမှာ အကြောက်ဆုံးပင်။ ချွေးမအကောင်းစားလေး ရွေး ပေးနိုင်ရင် ဘော်ဒါကြေး အများကြီးရမှာပါ။ အကြာကြီး စောင့်ကြည့် မှ ကောင်မလေးထွက်လာပြီး ခြံထဲကဒန်းပေါ်မှာ ထိုင်သည်။

"မမမိုး ... ဟိုမှာတွေ့လား"

"အေး"

မကြွယ်ကပြသဖြင့် တစ်ဖက်ခြံက ကောင်မလေးကို အပြုံး အပြုံကြည့်သည်။ ဟုတ်ပါရဲ့ ချောလည်းချော၊ လက္ခဏာသိက္ခာလည်းရှိ တဲ့ ကောင်မလေးပဲ။ ဒန်းပေါ်မှာထိုင်ပြီး အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်ထူထူကြီးကို ဖတ်နေထဲက ပညာတတ် မိန်းကလေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



သားနှင့် မတိမ်းမယိမ်း ကိုယ်ဟန်ကျော့ကျော့ရှင်းရှင်းလေး။ မဆိုးဘူးဟု မိမိစိတ်ထဲကနေ မှတ်ချက်ပေးနေမိသည်။

"မမမိုး ... မဆိုးပါဘူးနော်"

"အင်း"

"မကြွယ်သွားပြီး မိတ်ဖွဲ့ရမလား"

"ကောင်းသားပဲ"

"မမတို့ အိမ်တက်ဆွမ်းကျွေးရင် ဖိတ်လိုက်လေ"

"ဖိတ်ရမယ်လေ ... ဟိုဘက်ခြံကိုတော့ လုံးဝမဖိတ်ဘူး မကြွယ်"

"မဖိတ်နဲ့၊ ရှုပ်ရှုပ်ယှက်ယှက် မလုပ်တာ အကောင်းဆုံးပဲ မမမိုး"

"အေး ... မဖြစ်ဘူး မကြွယ်၊ သားကို ချွေးမမြန်မြန်ရှာရမယ်၊ တော်ကြာ ဟိုဆပ်စလူးမနဲ့ နီးစပ်သွားလိမ့်မယ်အေ့"

ဒေါ်မိုးတိမ်ပြာရဲ့ အကြည့်တွေက ဒန်းပေါ်မှာထိုင်နေတဲ့ ပါတိတ်ဝမ်းဆက်လေးကို ရိုးရိုးရှင်းရှင်းလေးဝတ်ထားတဲ့ ကောင်မလေးဆီ ရောက်နေသည်။ အကဲခတ်ရမယ်။ သားငယ်အတွက် အရေးကြီးတယ်လေ။ ဟိုဘက်ခြံက ဟာမတွေကြောင့် ဒေါ်မိုးတိမ်ပြာ အလုပ်ရှုပ်နေကာ စိတ်တွေပူပင်ရသည်။

"မေမေ"

"ဟင်"

"ဘာတွေကြည့်နေတာလဲ"

ဦးစိုးအောင်ကတော့ အမှုပတ်မှာစိုး၍ မကြည့်ပေ။ ဒေါ်မိုး



www.burmeseclassic.com

www.burmeseclassic.com



တိမ်ပြာက လှည့်လာပြီး အတင်းလက်ဆွဲခေါ်သည်။

"ကိုအောင်ရဲ့ လာကြည့်စမ်းပါ၊ ဟိုဘက်ခြံက ကောင်လေး အို သားရောပဲ"

"တော်ပါပြီကွာ၊ မကြည့်ပါရစေနဲ့တော့"

"ကိုအောင် ရှင် ဒါမျိုးဆို မကြည့်ချင်တော့ဘူး မဟုတ်လား"

"ဘာတွေလဲကွာ၊ ကိုယ်စာဖတ်ချင်လို့ပါ"

"မရဘူး လာကြည့်သား လာလေ"

"ဘာများလဲ မေမေ"

သွန်းဆစ်လည်း မေမေပြသနာရှာမှာစိုး၍ မလွှဲသာ ရှောင်သာ တစ်ဖက်ခြံကြီးထဲသို့ လှမ်းကြည့်သည်။

"တွေ့လား ... ဟိုကောင်မလေး ဘယ်လောက်ကျက်သရေရှိလဲ၊ ဒါမျိုးလေးမှ မေမေက ချွေးမတော်ချင်တာလေ"

သွန်းဆစ်ကတော့ မိန်းကလေးဆိုရင် ဘယ်မိန်းကလေးမှ စိတ်မဝင်စား။ မိန်းမယူရမှာ ကြောက်လွန်းလို့ ကိုကို့အိမ်ထောင်ရေးပင် မေမေ့ကြောင့် စိတ်ပျက်မိသည်။ ချွေးမကို ပုံစံပေးတဲ့နေရာမှာ မေမေ အတော်ဆုံးဖြစ်မှာပါ။ ဒါပေမယ့် သားတွေအတွက် ဆိုတာတော့ သွန်းဆစ်သိ၏။ မိန်းကလေးကို စိတ်မဝင်စားတာ အကောင်းဆုံးပဲဟု ထင်သည်။

"မေမေက လေ့လာရဦးမှာပဲသား၊ ကိုအောင် ဘယ်လိုလဲ ကျက်သရေမရှိဘူးလားဟင်"

"ကောင်းပါတယ်ကွ၊ မဆိုးဘူး"

ဦးစိုးအောင်ကလည်း ဇနီးဖြစ်သူ စိတ်တိုင်းကျ လှမ်းကြည့်ပြီး ကောင်းပါတယ်ဟု ထောက်ခံပြောဆိုရသည်။ မိုးအဖြိုက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သားငယ်အဓိကပါ။ မိမိကတော့ သားငယ်ချစ်ခင်နှစ်သက်တဲ့ သူကိုပဲ လက်ထပ်စေချင်၏။ သားငယ်နဲ့ တစ်သက်လုံးပေါင်းရမှာလေ။ ဦးစိုးအောင် မင်းသဘောကျရင် ပြီးတာပါပဲဟု ပြောပြီး စာဖတ်ခန်းထဲ ဝင်လာခဲ့သည်။

"သားငယ်"

"ဗျာ"

"မင်းရောဘယ်လိုလဲ"

သူကြည့်တာတော့ ကောင်မလေးက မဆိုးပါဘူး။ မေမေ့ အကြိုက်ပဲ။ ဒါပေမယ့် တစ်ဖက်မိန်းကလေးက ဘာမှန်းမသိသေးဘဲ သူက မရွေးချယ်လိုပေ။ သွန်းဆစ်ကတော့ ခံစား၍ မရ။ စိတ်ထဲမှာ နောက်ကျရှုပ်ထွေးလာသည်။ မေမေ ရွေးမရှာနေတာ စိတ်ပျက်စရာပဲ။ သွန်းဆစ်အာရုံတွေ နောက်လာ၏။ ဟိုဘက်ခြံ ဒီဘက်ခြံမှာ ကောင်မလေးတွေ တစ်ယောက်စီ သားအတွက် စိုးရိမ်ပူပင်မှုတွေနဲ့ ဓိဓာကြောင်လွန်းတဲ့ မေမေ သေချင်တယ်။

"သားငယ် ... မင်းဘာတွေ တွေဝေနေတာလဲ၊ ဒီလို ကောင်မလေးမျိုးမှ သားအတွက် ဇနီးကောင်းဖြစ်နိုင်တယ်လေ၊ မဟုတ်ဘူးလား"

"သားနဲ့လည်း မသိဘဲနဲ့ မေမေရာ နေပါဦး၊ ဒီမိန်းကလေး ဆန္ဒကရှိနေသေးတယ်လေ"

"မင်း သဘောကျရင် မေမေနဲ့ မကြွေ လူပ်ရှားလိုက်မယ်လေ၊ ရှုပ်ပါတယ် ဟိုကောင်မလေးကိုပဲ ခင်မင်အောင် မိတ်ဆွေဖွဲ့မယ်၊ မေမေတော့ ကောင်မလေးကိုရွေးပြီ"

သွန်းဆစ် ဘာပြောလို့ရမှာလဲ။ မေမေ့ သဘောပဲလေ။



www.burmeseclassic.com

ww.burmeseclassic.com



ဘိုဘက်ခြံက ကောင်မလေးကို စိတ်ဝင်စားသွားမှာ စိုးရိမ်၍ ဒီဘက်ခြံက ကောင်မလေးနှင့် အတင်းအကြပ် စိစဉ်တော့မည်။ မေမေ့အနားကနေ သွန်းဆစ်ထွက်လာခဲ့မိသည်။ သူ့အိပ်ခန်းထဲပဲ ဝင်လာ၏။ စာကြည့်စားပွဲမှာထိုင်ပြီး စာဖတ်ရန် ပြင်ပေမယ့် သူ့စိတ်တွေက ဘစ်ဖက်ခြံက ဆတ်စလူးမလေးဆီပဲ ရောက်ရောက်နေသည်။ ကြာပြီ။ စတွေ့တွေ့ချင်းပဲဆိုပါတော့ လူ့စိတ်ဆိုတာ တစ်မျိုးပဲ ဆင်တယ်။ မပတ်သက်ရဘူးဟု မေမေ အပြင်းအထန် ကန့်ကွက်ထားဆီးနေသည့်ကြားမှ သွန်းဆစ် စိတ်က။ အို ဒီကောင်မလေးအကြောင်းပဲ တွေးမိသည်။

"မဖြစ်သေးပါဘူး ကောင်မလေးရယ်၊ ကိုယ့်စိတ်တွေ အရမ်းရှုပ်ရှားနေတယ်၊ မင်းအကြောင်းတွေပဲ ဘာဖြစ်လို့များ စဉ်းစားနေတာလဲ"

သွန်းဆစ် မိန်းကလေးတွေကို ဘယ်တော့မှ စိတ်ဝင်စားဖို့ မကြိုးစားခဲ့။ ချစ်သူထားလည်း မေမေကဝင်ပြီး စွက်ဖက်မှာ သချာနေ၍ သွန်းဆစ် မိန်းမတွေကို စိတ်မဝင်စားဖို့ပဲ ဆုံးဖြတ်ထားသည်။

"မေမေက ကျက်သရေရှိတဲ့ မိန်းကလေးကိုပဲ ချွေးမတော်ချင်တာကွယ်၊ သားတွေအတွက်ပါ၊ ဘဝတစ်သက်တာလုံး အတွက် ရွေးချယ်ပေးတာလေ၊ မေမေ့သားတွေ မိန်းမကောင်းလေးတွေနဲ့ တွေ့စေချင်လို့ပါ"

မေမေက ချွေးမတွေကို အိမ်ရှင်မပီသဖို့နဲ့ သားတွေကို တရိုတသေ ပြုစုပေးဖို့ပဲ အဓိကပုံစံသွင်းပြီး ငြိမ်ဝပ်ပိပြားနေစေသည်။



www.burmeseclassic.com

ww.burmeseclassic.com



မေမေရွေးချယ်တဲ့ ရွှေးမလောင်းက ဣန္ဒြေသိက္ခာရှိပေမယ့် စက်နေတာက သွန်းဆစ်စိတ်ပဲ။ သူစိတ်ဝင်စားပြီး ရင်တုန်လှုပ်မော နေတာက မေမေအမြင်ကပ်လွန်းတဲ့ ဆတ်စလူးမလေး။ မေမေ့ သဘောထားကြီးကို သွန်းဆစ် သဘောမကျမိ။ လွန်ဆန်နိုင်ခြင်း လည်း မရှိပေ။ ကိုကိုကလည်း အမေမှ အမေ။ ကိုကို့ဇနီး မမစက် တစ်ယောက် ယောကျ်ားရှာဖွေတဲ့ငွေလည်း ကိုင်တွယ်ခွင့်မရှိ၊ အဝတ်အစား အသုံးအဆောင်ကအစ မေမေဝယ်ပေးတာပဲ ဝတ်ရ သည်။ တစ်ဖက်မိန်းကလေးကိုလည်း ညှာတာထောက်ထား ကိုယ် ချင်းစာ စေချင်၏။ သွန်းဆစ်ကြမှ မေမေဒုက္ခရောက်နေသည်။ သူ့အခန်းထဲမှာနေရတာ မွန်းကြပ်လာသဖြင့် စာအုပ်ကိုကိုင်ပြီး ခြံထဲ ဆင်းလာခဲ့၏။ ခုံတစ်လုံးနှင့် ခြံထဲမှာထိုင်ပြီး စာဖတ်သည်။

"ရှို"

"ဘုတ်"

"ဟင်"

အသံတွေကြောင့် သူကြည့်လိုက်တော့ ကြက်တောင်လေး တစ်ခု သူ့ရှေ့မှာကျလာသည်။ သူကောက်ကြည့်တော့ တစ်ဖက်ခြံ က ကြက်တောင်လေးပဲ။ အုတ်တံတိုင်းတွေ အမြင့်ကြီး ကာရံထား သဖြင့် တစ်ဖက်ခြံကြီးကို မမြင်ရပေမယ့် ကြက်တောင်ရိုက်သံ တော့ကြားရသည်။

"ဒီမှာရှင့်"

"ဟင်"

ကောင်မလေးတစ်ယောက်ရဲ့ အသံကြောင့် သူမော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ တစ်ဖက်ခြံက ကောင်မလေး ခြံစည်းရိုးအုတ်ဘောင်ပေါ်တက်ကာ သူ့ကိုလှမ်းခေါ်နေသည်။

"ကြက်တောင်ကျသွားလို့ ကောက်ပေးစမ်းပါ"

"ဘာကွ"

ကောင်မလေး ဒူးပေါ်ပေါင်ပေါ်နှင့် မိန်းကလေးတစ်ယောက် ဖုံးကွယ်ထားသင့်တဲ့ ရှိက်ဖိုကြီးငယ်အသွယ်သွယ်က မမြင်ချင်မှအဆုံးပဲ။ ဒါကြောင့် မေမေက ကြည့်မရတာ။ အခုလည်း အုတ်ဘောင်ပေါ်မှာ ခွတက်ထိုင်နေသည်။ မေမေတွေ့သွားရင် ပြဿနာက အကြီးအကျယ် တက်မှာပါ။

"ဒီမှာ"

"ဟင်"

"ရှင့်ကို ပြောနေတာ နားမကြားဘူးလား"

"ဟေ့ ... မင်းဘယ်လိုကောင်မလေးလဲ၊ အုတ်တံတိုင်းပေါ်ခွတက်ထိုင်ရလားကွ၊ သွားလေ"

မေမေတွေ့သွားမှာစိုးရိမ်၍ သွန်းဆစ် စပ်မြန်မြန်လေး မောင်းထုတ်ပစ်သည်။ မေမေက နဂိုထဲက ကြည့်မရ။ ကောင်မလေးမျက်နှာလေးက ရှုတည်တည်တင်းတင်းနှင့် ပြန်ပြောသည်။

"ဒါက ရိပ်တို့အုတ်တံတိုင်းပဲ၊ တက်တာဘာဖြစ်လဲ၊ ကြက်တောင်က တစ်ခုထဲရှိတော့လို့ပါ၊ ကောက်ပေးပါ"

"မရှိဘူး"

သူမြန်မြန် ကိစ္စပြတ်အောင် မရှိဘူးဟု ပြောပစ်သည်။ မေမေ ထွက်လာရင် ပြဿနာက ပိုပြီးကြီးထွားလာမှာပါ။ ကောင်မလေးက စူးစူးစိုက်ကြည့်၏။ အထင်သေးတဲ့ အကြည့်တွေ ဖြစ်သည်။



www.burmeseclassic.com

ww.burmeseclassic.com



"ဘာဖြစ်လို့မရှိရမှာလဲ၊ ဒီခြံထဲပဲ လွင့်ကျသွားတာ ကြက်တောင်လေးတစ်ခုအတွက် တန်ဖိုးမဖြတ်ပါနဲ့"

"ဘာကွ"

"ပေးပါ"

သွန်းဆစ် ခုံအောက်ကကျနေတဲ့ ကြက်တောင်ကို မြန်မြန်ယူပြီး ပြစ်ပေးလိုက်သည်။

"ဟွန်း ... ကြက်တောင်လေးတစ်ခုနဲ့ တန်ဖိုးဖြတ်တယ်၊ ဖွက်ထားပြီး မရှိဘူးတဲ့၊ သူများပစ္စည်း အချောင်လိုချင်တယ်၊ ဒီလောက်ချမ်းသာပြီး ကြက်တောင်လေးတောင် ခိုးထားချင်တယ်၊ စောရနက္ခတ်နဲ့ယှဉ်ပြီး မွေးလာလို့ပဲဖြစ်မယ်"

ကောင်မလေးက ပြောဆိုပြီး ဆတ်ခနဲ ပြန်ခုန်ဆင်းသွားသည်။ သွန်းဆစ်ဒေါသတွေနှင့် ငေါင်ပြီးကျန်ရစ်ခဲ့၏။ ကောင်မလေးက မညှာမတာ သူ့ဂုဏ်သိက္ခာကို စော်ကားသွားတာပဲ။ ရိုင်းတဲ့။ သူခိုးတဲ့။ မေမေအမြင်ကတ်လည်း ကတ်ချင်စရာ။ ထောင့်မကျိုးဘူး။ သွန်းဆစ် မအီမလယ်နှင့် ဒေါသတွေဖြစ်ရသည်။

"သား သွန်းဆစ်၊ မင်းက ခြံထဲရောက်နေတာကိုး၊ မေမေက အခန်းထဲမှာပဲရှိမယ်ထင်တာ၊ သားပျောက်သွားလို့ ရှာနေတာလေ"

ဒေါ်မိုးတိမ်ပြာ ထွက်လာပြီး သားငယ်အနား ဝင်ထိုင်ရင်း ယူလာတဲ့ ကော်ဖီကိုချပေးသည်။ သားငယ် အရိပ်ပဲ ကြည့်နေတာဆိုတော့ ပျောက်တာနှင့်ရှာပြီး ခြံထဲမှာရှိတော့ စိတ်အေးရသည်။

"ကော်ဖီသောက်ဦး"

"ဟုတ်ကဲ့"

"သား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟိုဘက်ခြံက ကောင်မလေးနာမည်က ရတနာတဲ့၊ မေမေ အမြန်စုံစမ်းလိုက်တာလေ"

သွန်းဆစ် စိတ်ဝင်စားနေတာက ရိပ်ပဲ။ မေမေက မြန်လိုက်တာ။ ဘယ်လိုများ စုံစမ်းလိုက်တာလဲ။ မကြာခင် ရတနာလေးရဲ့ အကြောင်း စုံစုံလင်လင် သိရတော့မယ်တဲ့။ သွန်းဆစ် ထပြေးချင်နေသည်။ မေမေ့ကို ကြောက်ကြောက်နှင့် နားထောင်နေရ၏။ မေမေ တိုက်ထဲပြန်ဝင်သွားမှ သွန်းဆစ် ဟိုဘက်ခြံက ရိပ်အကြောင်း စဉ်းစားပြီး ကြက်တောင်ရိုက်သံလေးကိုပဲ နားစွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"ရိပ် တမင်ပြောလိုက်တာ သိလား အန်တီမ၊ ဟိုဖက် ခြံက လူတွေ ဖြုံသွားအောင်လေ၊ စပ်စွာစွာတွေဆိုတာသိမှ နောက်လာ မကျောရဲမှာနော်"

"ကောင်းတယ်၊ သင်းတို့က ကြီးကျယ်နေတာ၊ ငါ့တူမ စွာ တေးလန်နဲ့တွေ့မှ ကျွတ်သွားမယ်၊ ဝပ်ဆင်းသွားအောင် လုပ်ပစ် ရမယ် ရိပ်"

"ဟုတ်တယ်၊ ဟား ... ဟား ... ဟား"

"ဟင်း ... ဟင်း ... ဟင်း"

ရိပ်တို့တူဝရီးနှစ်ယောက် သဘောကျစွာဖြင့် တဟားဟား အော်ရယ်ကြသည်။ ဘယ်ရမလဲ။ ချစ်ပန်းရိပ်ပဲဟာ။ ဒီအုတ်တံတိုင်း ပေါ် ရိပ်တက်နေကျပဲ။ ဒီဘက်မှာ လှေကားရှိတယ်။ ဟိုလူက သိမှာ မဟုတ်ဘူး။ တစ်ခါတစ်ရံ ကြက်တောင်ကျသွားလျှင် လှေ ကားထောင်ပြီး အုတ်တံတိုင်းခွကျော်ကာ တစ်ဖက်ခြံထဲ ဆင်း ကောက်သည်။ အရင်ကလူတွေနဲ့ မိသားစုလို ခင်ကြ၏။ ဒီလူတွေ ကြမှ အဖက်မတန်သလိုလိုနဲ့ ရိပ် ရန်စွာပစ်ရတာ သဘောကျနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အန်တီမ ... ဒါပေမယ့်သိလား ဟိုလူလေ အဲဒီခြံထဲက လူက အရမ်းချောတယ်"

"ဟုတ်လား"

"ပါးပြင်လေးက ဖြူနုချောမွတ်ပြီး ယောကျ်ားပီသတယ်၊ အသက်ကတော့ ရိပ်ထက်နည်းနည်းကြီးတယ်၊ စမတ်ကျလိုက်တာ၊ နှုတ်ခမ်းတွေက နီရဲစွေနေတာပဲ၊ တကယ့်ကိုချောတာ"

ရိပ် ရန်သာတွေ့လိုက်ရတာ နောင်တရချင်နေသည်။ ချော လိုက်တာ ယောကျ်ားပီသပြီး နုဖတ်ချောမောတာ။ ရိပ်မျက်စိထဲက တောင် မထွက်တော့ဘူး။ ရိပ်တွေ့မြင်ဘူးသမျှ ယောကျ်ားတွေထဲ မှာ အချောဆုံးပဲ။ စိတ်ကူးယဉ်ဖို့တောင် ကောင်းလိုက်တာ။ ရိပ် နှုတ်ခမ်းလေး ပြုံးယောင်သန်းလာသည်။

"ရိပ်လေး"

"ဟင်"

"အန်တီမေ စဉ်းစားမိတာတော့လေ ဟိုမိန်းမကြီးမျက်နှာ တင်းနေတာ သားဂုဏ်မောက်နေတာပဲ ဖြစ်နိုင်တယ်"

"အမလေး ကြီးကျယ်လိုက်တာ၊ ရုပ်ချောပေမယ့် ကြည့်ရ တာ၊ စာကြီးပေကြီးသမားပဲ၊ ပုံတုံးကြီးပါ၊ ရိပ်တို့က ယောကျ်ားတွေ ကို သိပ်အထင်ကြီးတာ မဟုတ်ပါဘူးနော်"

ရိပ် မဲ့ရွဲ့ကာ နှုတ်ခမ်းလေးစူထော်ပြီး တစ်ဖက်ခြံကြီးဘက် လှည့်ပြီး မျက်စောင်းလေးထိုးပစ်သည်။ ရှင်ဘာကြီးပဲဖြစ်နေပါစေ ချစ်ပန်းရိပ်က စိတ်ဝင်စားမယ်မထင်နဲ့။ ဝေးသေးတယ်။ သူ့ကြောင့် လွတ်လွတ်လပ်လပ် နေထိုင်တတ်တာကလွဲပြီး ချစ်သူ့ရေးတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ယောက်ျားလေးတွေနဲ့ တွဲတာတွေ မလုပ်ခဲ့။ ကိုယ့်တန်ဖိုးကို ကိုယ်တင်ထားတာပါ။ ရိပ် မကျေမနပ်ဖြစ်ရသည်။

"သား ဂုဏ်မောက်နေတဲ့ မိန်းမကြီးက အန်တီမတို့ကို အထင်သေးတာပဲ တွေ့မယ်လေ"

တကယ့်ကို မခံချိမခံသာဖြစ်ရတာပါ။ တွေးမိတိုင်း ဒေါသ ဖြစ်ရသည်။ လူတွေကို ဘာထင်နေတာလဲ မသိဘူး။ အဖက်မတန် သလိုလို မဆက်ဆံချင်သလိုလို ခင်မမစိတ်ဆိုးလို့ မဆုံးနိုင်။ တစ် ဖက်ခြမ်းမှ လူတွေကို အမုန်းကြီးမုန်းတီးနေမိသည်။

"မညိုရေ အအေးလုပ်ပေးဟေ့"

"ဟုတ်ကဲ့ အန်တီမ"

အိမ်ဖော်ကောင်မလေး မညိုကို အအေးလုပ်ခိုင်းပြီး တူအရီး နှစ်ယောက် မြက်ခင်းပြင်ပေါ်မှာ ပက်လက်လှန်လှဲချအိပ်ကာ အနားယူနေကြသည်။ မညိုက အအေးဗန်းလေးကိုင်ပြီး ထွက်လာ ကာ ပြုံးစိစိဖြစ်နေကြတဲ့ တူအရီးနှစ်ယောက်နား ရောက်လာပြီး တအံ့တဩ စူးစူးစိုက်စိုက်ကြည့်၏။ မညိုက မိမိတို့နှင့် ဆွေမျိုးတော် စပ်တဲ့ ကောင်မလေးပါ။

"ဘာတွေများ သဘောကျနေရတာလဲ အန်တီမရဲ့"

"ဘာသဘောကျရမှာလဲတဲ့၊ ဟိုဘက်ခြံထဲ ကြက်တောင်ကျ သွားတာ ဝှက်ထားလို့ မနည်းတောင်းရတယ်"

"ခိုးထားတာလား"

"အေးပေါ့ဟဲ့၊ ခိုးတာ"

"ဘယ်သူခိုးတာလဲ မမလေး၊ အလုပ်သမားတွေလား"

"ဘယ်ကအလုပ်သမားရမှာလဲ၊ သူဌေးသားပေါ့၊ ရုပ်ရည်လေး



www.burmeseclassic.com

ww.burmeseclassic.com



သနားကမားနဲ့ ဘယ်ရမလဲ ရိပ်က အပြတ်ပြောပစ်လိုက်တာ”

“ဘယ်လိုပြောခဲ့လဲဟင် မမလေး”

“လိုချင်မခိုးပါနဲ့ တောင်းပါ၊ ဒါခွင်လိုက်ပို့ပေးလိုက်မယ်လို့လေ၊ ဟား ... ဟား ... ဟား”

“ဟင်း ... ဟင်း ... ဟင်း”

“ဟိ ... ဟိ”

မညိုက ဖိုပြီးအသံကျယ်ကျယ်လောင်လောင်ဖြင့် အော်ရယ်သည်။

“သူဌေးသားကိုလူချော မျက်နှာကြီးနီပြီး ဒေါကန်ကျန်ရစ်တယ်ဟ”

ရိပ်သဘောကျလို့ မဆုံးပေ။ သူမအန်တီကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ထားလို့ လက်တုံ့ပြန်ပစ်တာ။ အခု ရှင်ကြီး စိတ်ဒုက္ခရောက်နေရပြီ မဟုတ်လား။ ဟိုမိန်းမကြီးကို လုပ်ပစ်ရမှာ ရိုးနှင့် မဆုံးသေးလို့ ကံကောင်းတယ်မှတ်ပါ။

“ဒီလောက်တောင် ကြီးကျယ်နေတဲ့ဟာတွေ ထပ်ပြီး ပညာပေးရဦးမယ်သိလား”

ရိပ်ကတော့ ကြုံးဝါးလို့မဆုံးတော့။ အန်တီမနှင့် အပြိုင်ပဲ။ ခကျေနပ်တာတော့ လုံးဝမကျေနပ်တာပဲ။ လူမှုရေးနားမလည်တဲ့ ဟာတွေ။ ဒီလောက်လေးနဲ့ မကြေအေးနိုင်။ အစိက ဟိုမိန်းမကြီးပဲ။ အန်တီမကို မတူမတန်သလို လုပ်သွားတာ ထိထိခိုက်ခိုက်ကို လုပ်ပစ်မည်။

“မမလေး”

“ဘာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူကချောလား"

"ချောတာတော့ ချောပါတယ်ဟယ်၊ ဒါပေမယ့် တောပုံကြီးပါ၊ တုံးတယ်"

"အသက်ကရော"

"နေပါဦး မညို၊ ဒီလောက်စေ့စေ့စပ်စပ် မေးနေတာ နင်က လူဝင်မှုကြီးကြပ်ရေးကလားဟဲ့"

"အန်တီမကလည်း မညိုတို့နဲ့ ပြဿနာဖြစ်ထားတော့ ရှောင်သင့်ရင်ရှောင်၊ ပြဿနာရှာသင့်ရင်လည်း ရှာရအောင်ပါ"

"ဒီလောက်သိချင်နေရင် အုတ်တံတိုင်းပေါ်တက်ကြည့်လေ မညို"

"အင်း"

မညိုကလည်း စပ်စုတတ်သူပီပီ အုတ်တံတိုင်းပေါ်တက်သည်။ ကြက်တောင်ကွင်းနှင့် ကပ်နေ၍ မကြာခဏ ကြက်တောင်ပြုတ်ကျတတ်၍ ကောက်နေကြပါ။ အုတ်တံတိုင်းပေါ်ကနေ တစ်ဖက်ခြံကြီးထဲ လှမ်းကြည့်လိုက်တော့ တော်တော်လေး ယောကျ်ားပီသစွာ ချောမောတဲ့ လူငယ်တစ်ယောက် ထိုင်ပြီးစာဖတ်နေသည်။ ပုံစံရိုးရိုးဖြစ်နေပေမယ့် တကယ့်ကို ဈွဲမက်ဖွယ်ကောင်းတဲ့ ယောကျ်ားပါပဲ။ မညိုကြည့်နေတုန်း တိုက်ထဲမှ မိန်းမကြီးတစ်ယောက်ထွက်လာသဖြင့် ကြောက်ကြောက် လန့်လန့်နှင့် ပြန်စုန်ဆင်းလိုက်သည်။

"ဘုတ်"

"အား ... ကျွတ် ... ကျွတ်"

မညို ခွေးကျပြုတ်ကျသွားသဖြင့် တင်းပါးမှာ နာကျင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သေတော့မှာပဲ၊ နာလိုက်တာ။ ခြေထောက်တွေလည်း ခေါက်သွား၏။ တကျွတ်ကျွတ်နှင့် တော်တော်နှင့်ပြန်မထနိုင်။ မမလေးက ရယ်နေသည်။

"ကောင်းတယ် စပ်စုချင်ဦး၊ ဘာ့ဖြစ်လို့ အသည်းအသန် ခုန်ဆင်းလိုက်ရတာလဲ မညို့ရဲ့"

ဒေါ်ခင်မမ ထူမပေးရင်း ဆူပစ်သည်။ မိညို အရာရာသိချင်တယ်။ လှေကားမှ မဆင်းဘဲ ခုန်ချပစ်၏။ ဖြစ်တာတောင် နည်းသေးတယ်။ မညို့မျက်နှာလေးက ရှုံ့တွနေသည်။

"အဘွားကြီးထွက်လာလို့ ခုန်ချပစ်မိတာပါ အန်တီမရဲ့၊ အား ကျွတ် ကျွတ်"

ရိပ်ကတော့ မညို့အဖြစ်ကိုကြည့်ပြီး ရယ်သည်။ ငမ်းချင်ဦး။ နေရာတကာ ယောကျ်ားချောချောဆိုတာနဲ့ ကြည့်ချင်နေပြီ။

မညို့ ပြန်ထသည်။

"ဟဲ့ ... မညို့ ဘယ်လိုနေလဲ"

"နာတာပေါ့၊ ခွေးကျပြုတ်ကျတာပဲဟာ၊ မမလေးပဲ ဘယ်လိုနေလဲ မေးရက်တယ်"

"နာတာကိုမေးတာ မဟုတ်ဘူးဟဲ့၊ ဟိုလူ ဘယ်လိုနေလဲ၊ ချောလားလို့မေးတာ"

"ချောတယ်၊ ယောကျ်ားပီသတယ်၊ ခန့်ညားတယ်"

"တော်ပါတော့ဟယ်"

မညို့ရဲ့ ချီးမွမ်းခန်းကတော့ ရိပ်ပင် နားကြားပြင်းကတ်လာသည်။

"မမလေးထက် နည်းနည်းပဲ အသက်ကြီးမယ်၊ ချောခိုက်



www.burmeseclassic.com

www.burmeseclassic.com



တာအဟိ"

"နင်ဟာလေ ပြုတ်ကျတာ နည်းတောင်နည်းသေးတယ်၊ အသက်ပါ ထွက်ရမှာဟဲ့"

"အန်တီမကလဲ"

"သွားတော့"

"အား ... ကျွတ် ... ကျွတ်"

မညို တအားအားအော်ဟစ်ရင်း ထော့နဲ့ထော့နဲ့နှင့် တိုက်ထဲ ပြန်ဝင်သွားသည်။

"ဟင်း ... တောပုံကြီးများ ခန့်ချောကြီးတဲ့"

ရိပ်ကတော့ မညိုကိုပဲ ဒေါသဖြစ်ရမလား။ မနာလိုဝန်တို စိတ်တွေက ရိပ်စိတ်ထဲမှာ စူးနင့်နင့်ဖြစ်နေသည်။

"ဟဲ့ ... အန်တီမတောင် တွေ့ချင်လာပြီ၊ ကောင်လေးက တော်တော်ချောလားဟဲ့"

"အန်တီမကလည်း မကြီးမငယ်နဲ့"

"မဟုတ်ပါဘူး၊ ကိုယ့်တူမလေးအတွက် အကဲခတ်ကြည့်ရ ပေးမှာပါ"

"တော်ပါပြီ၊ ဟိုမိန်းမကြီးအချို့နဲ့တော့ သူ့သားကို ရွှေလို ဉထားပြီး မိန်းကလေးတွေကို အထင်သေးနေတာပဲ"

"အဲဒါတော့ ဟုတ်တယ်တဲ့၊ အနံကြီးကွင်းကျယ်တွေ အရှုး တွေ၊ အမြင်ကတ်တယ်၊ ရိပ်လေး လုံးဝ စိတ်မဝင်စားနဲ့နော် မာန ပြထား"

"စိတ်ချ၊ ရိပ်ပဲဟာ ဘာမှအထင်ကြီးစရာမရှိပါဘူး၊ ဒွန်း"

ပြောမယ့်သာပြောရတာ ရိပ်က သူ့ကိုမမုန်းဘူးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သားအတွက် မာန်တက်နေတဲ့ မိန်းမကြီးအား ရိပ်အမြင်ကတ်နေ၏။ ဆွေမျိုး မတော်ချင်ပါဘူး။ ဝေးဝေးပဲရှောင်မယ်။ ဒါပေမယ့် ရင်ထဲမှာ စူးစူးရှရှလေး။ ရိပ် ဘယ်တုန်းကများ ယောကျ်ားလေးတွေနဲ့ ပတ်သက်ပြီး ရင်ခုန်ဘူးလို့လဲ။ မညှိုလိုပဲ နောက်ထပ်တစ်ခါ ခုတ်တံတိုင်းပေါ် တက်ပြီး ပြန်ကြည့်ချင်လာသည်။

"ရိပ်လေး"

"ဝင်ရို့"

"အင်း"

"တို့တွေ စဉ်းစားထားရမှာပဲ၊ ဟိုဖက်ခြံကလူတွေကို ကောင်းကောင်း ပညာပေးပြီး ဆုံးမဖို့ပဲ"

"ဟုတ်တယ်"

"စိတ်တွေ တစ်ချက်လေးမှ ယိမ်းယိုင်မသွားစေနဲ့နော်"

"အန်တီမနော် အပျိုကြီးသာ စိတ်ပူရတာပါ၊ ဟိုလူက အရမ်းချောတာသိလား"

"လာပြန်ပြီ၊ ငါတောင် တက်ပြီးကြည့်ချင်လာပြီနော် ရိပ်"

"ဟား ... ဟား ... ဟား"

ရိပ်တို့ရယ်နေတာကို ဟိုဘက်ခြံက မိန်းမကြီး ကြားမလား။ ကြားအောင် ဟိုဘက်ခြံကလူတွေ စိတ်အနှောင့်အယှက် ဖြစ်ရလေ ကောင်းလေပဲ။ တမင်အသံကို ကျယ်ကျယ်လောင်လောင် ရယ်ပစ်ကြသည်။

"ဟိုအဘွားကြီးတော့ တို့အသံတွေကြားပြီး စိတ်ရှုပ်နေလောက်ပြီ"

"ဟား ... ဟား ... ဟင်း ... ဟင်း"

"ဟား ... ဟား"



www.burmeseclassic.com

www.burmeseclassic.com



တူအရီးနှစ်ယောက် တပြားပြား အော်ရယ်နေကြရာ ဦးမောင်မောင်ချစ် ရောက်လာတာပင် မသိတော့။

"ဟော့ ... ဘာတွေ ဒီလောက်အံထိ ပျော်စရာတွေ့လို့ ရယ်နေကြတာလဲ"

"ဟိုဘက်ခြံကဟာတွေလေ ရယ်စရာကောင်းလွန်းလို့ပါ ကိုကိုရာ၊ ရိပ်နဲ့လည်း တွေ့ရော အပြတ်ကျွတ်သွားတာပဲ"

"သမီးရိပ် ပတ်ဝန်းကျင်နဲ့ သင့်မြတ်အောင်နေကြပါကွယ်၊ လူကြီးလူကောင်းတွေ ဖြစ်နေရင် အားနာစရာကောင်းတယ်လေ"

"ဒက်ဒီကလည်း ဘာလူကြီးလူကောင်းလဲ၊ သူတို့ဘက်က စတာလေ၊ အောက်တန်းစားတွေပဲဖြစ်မှာပါ၊ အထင်မကြီးဘူး"

"လာ ... အထဲဝင်ကြ၊ ဒီညပါတီရှိတယ်"

"ဘယ်မှာလဲဟင်"

"ဆန်နီတို့ခြံမှာ ဒက်ဒီတို့ တစ်မိသားစုလုံး လာကြပါတဲ့၊ မွေးနေ့တဲ့"

"ဟယ် ... ဟုတ်သားပဲ၊ ဆန်နီ့မွေးနေ့ပဲ၊ Ok သွားမယ် အပြတ်ကဲမယ်"

"ပြင်ဆင်ကြတော့"

"အား ... ပျော်လိုက်တာ၊ ပျော်လိုက်တာ"

ဒေါ်ခင်မမလည်း မကြီးမငယ်နှင့် ပျော်ပြီး တူမလေးနှင့် အပြိုင် တိုက်ထဲခုန်ပေါက်ပြေးဝင်ခဲ့သည်။ တစ်နေ့တစ်နေ့ ပျင်းစရာကြီး။ ပါတီပွဲရှိမှ ပျော်ရတာပါ။ တူအရီးနှစ်ယောက် တက်တက်ကြွကြွ ပြင်နေကြသည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၆ )

"သားငယ်"

"ဗျာ ... မေမေ"

"သားကြီး အိမ်သွားမယ်"

"ဟုတ်ကဲ့"

မေမေက သွားမယ်ဆိုတာနှင့် သွန်းဆစ်ပါရမြဲ။ သူက အလုပ်လုပ်ဖို့ ဖေဖေ့ကုမ္ပဏီမှာ အလုပ်သင်ဖြစ်၍ အားလပ်နေသည်။ မေမေ့အနားမှာပဲ နေပေးရ၏။ ကိုကို့အိမ်သွားလျှင် ကိုကို့နီးမမစက်ကို သနားမိသည်။ မေမေ့ကို ကြောက်ရွံ့နေရပြီး အပြစ်မရှိ အပြစ်ရှာပြောဆိုနေတတ်၍ သွန်းဆစ် စိတ်ညစ်၏။ ဒါပေမယ့် အမေက သွားမယ်ဆိုတော့လည်း မတားရဲ၊ လိုက်ပို့ရသည်။

"မင်းသားကြီးကို နမူနာယူ၊ မေမေ့အမိန့်ပဲ၊ အမေက သေဆိုသေ၊ ရှင်ဆိုရှင်လေ၊ အမေဆိုတာ အစားထိုးလို့မရဘူး သားငယ်"

သူ့ ဘာမှမပြောမိ။ ကိုကိုက တစ်ကိုယ်ကောင်းဆန်လွန်းသည်ဟုပဲ သွန်းဆစ်ထင်သည်။ မမစက်ကို သနားတယ်။ ကလေးငယ် ငယ်လေးကတစ်ဖက်၊ ယောကျ်ားအတွက်လည်း ဂရုတစိုက်ပြုစုရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေမေ ထဆိုထ ထိုင်ဆိုထိုင်။ ယောကျ်ားပိုက်ဆံလည်း မကိုင်ရ။ မေမေက တစ်ဆင့်ပေးသည်။ မလွယ်ပါဘူး။ သူတို့ကား ထိုးရပ်ပြီး ဟွန်းသံပေးလိုက်သည်နှင့် ဂတ်တိယာထပ်မှာနေတဲ့ ကိုကို့ ဇနီး မမစက် ပြေးဆင်းလာရသည်။ မေမေ့မှာ ပါလာတဲ့ ပစ္စည်းတွေ သယ်ဖို့ပါ။ သူကတော့ အားနာ၍ မမစက်မသယ်ပါနဲ့ပြောတော့ မေမေက အားမနာပါးမနာ ထားခဲ့လိုက်သားငယ် တက်နှင့်မယ်တဲ့။ မမစက်ပဲ ပစ္စည်းတွေ သယ်သည်။

"မင်းကသူဌေးသား၊ အထုပ်တွေဘာတွေ သယ်စရာမလိုဘူး သားငယ်"

"သွန်းဆစ်က ယောကျ်ားပဲ မေမေရာ"

"သူတို့အတွက် ယူလာတာတွေပဲ သယ်ပါစေ၊ ချွေးမကို မျက်နှာသာပေးလို့ မရဘူးလေ"

"မေမေ"

"ထားလိုက်"

သွန်းဆစ် စိတ်ညစ်သည်။ ဒါကြောင့် မလာချင်တာ။ ကိုကို့ ကိုလည်း ချွေးမကိုမယုံသေးလို့ ခြံနှင့်တိုက် ဝယ်မပေးသေးဘဲ တိုက်ခန်းလေးမှာပဲ ထား၏။ သားကို အနစ်နာခံပြီး ချစ်မချစ်စမ်း သပ်ရဦးမယ်တဲ့။ မေမေ့စိတ်က တစ်မျိုးကြီး။ ဖေဖေလည်း လက် မြှောက်ထားသည်။

"သားကြီးရော စက်"

"အခန်းထဲမှာပါ"

"နေမကောင်းဘူးလားဟဲ့"

"ကောင်းပါတယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့က ယောက်ျားကို နိုင်စားဖို့ပဲသိတယ်၊ ဂရုရော စိုက်ရဲ့လား မိစက်"

"ဂရုစိုက်ပါတယ် မေမေ၊ ကိုကောင်း ညကပြန်လာတာ ညှို့နက်သွားလို့ပါ"

"ဟင်"

ဒေါ်မိုးတိမ်ပြာ သားအခန်းထဲပြေးဝင်သွားပြီ တယုတယနှင့် နေကောင်းမကောင်း စမ်းသည်။

"သားကြီး ဘာဖြစ်လို့ ဒီအချိန်ကြီး အိပ်နေရတာလဲ"

"ညက ညှိခံပွဲရှိလို့ပါ မေမေ၊ ညှို့နက်သွားတယ်၊ အအိပ် ပျက်သွားလို့ပါ"

"ထ ... မင်းမိန်းမက ပျားရည်နဲ့ သံပုရာရည်ရောပြီး မတိုက် ဘူးလား၊ မေမေ သေသေချာချာ မှာထားတာပဲ"

"သားမသောက်ချင်လို့ပါ မေမေ"

"မရဘူး၊ သောက်ရမယ် မေမေစီစဉ်ပေးမယ်နော် သား"

"ဟုတ်ကဲ့"

ဒေါ်မိုးတိမ်ပြာ အောက်ထပ်သို့ ပြန်ဆင်းလာသည်။ သား အတွက် ပျားရည်နှင့် သံပုရာရည်ဖျော်စပ်ပြီး ချွေးမကိုလည်း အသုံး မကျတဲ့အကြောင်း ဆူပွတ်ပြောဆိုကာ သားကြီးဆီပြန်လာခဲ့သည်။

စက်ကတော့ ယောက္ခမကြီး ရောက်လာတိုင်း စိတ်ညစ်မိ သည်။ ချွေးမကို ကျွန်တစ်ယောက်လို သဘောထားနေ၏။ ကို ကောင်းကလည်း အမေမှ အမေ။ စက်က ကိုကောင်းအဖေ ဦးစိုး အောင်ရဲ့ ဝန်ထမ်းပဲ။ ယောက္ခမကြီးက သဘောကျပြီး လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တာပါ။ စက် ဘာပြောရမလဲ။ စက် ဒီအတိုင်းပဲ နေရတော့မည် ဖြစ်သည်။ ယောက္ခမကြီး ရောက်လာ၍ သူမပို၍ ပြာယာခတ်ကာ အလုပ်တွေ လုပ်နေရတုန်း ဖုန်းလာသည်။

"ဟဲလို"

"မမစက်လား"

"ဟင် ... ဟုတ်တယ်မောင်လေး ဘာလဲ"

"အဖေနေမကောင်းဘူး၊ ဆေးကုဖို့ ပိုက်ဆံလိုနေတယ် မမစက်"

"မောင်မောင် မမကိုလာပြီး ဒုက္ခမပေးပါနဲ့ဟယ်၊ ဖေဖေ နေမကောင်းလည်း နင်တို့သားသမီးတွေ ရှိနေတာပဲ၊ တာဝန်ယူကြ ပါ"

"မမက သူဌေးမိန်းမပဲ"

"ငါမှ ပိုက်ဆံမကိုင်ရတာ၊ ပေးစရာမရှိဘူး မောင်မောင် ယောက္ခမကြီးလည်းရောက်နေတယ်၊ ဒါပဲ"

"မမ"

"မပေးနိုင်ဘူးဟဲ့၊ ငါ ပိုက်ဆံမကိုင်ရပါဘူးလို့ ပြောနေတာ မရှိဘူး"

"အဖေ့အတွက်ပါ၊ တကယ်ပါ၊ မောင်လေး အရင်ကလို မဆိုးတော့ပါဘူး မမရာ၊ အလုပ်လုပ်နေပါပြီ၊ အဖေ့ဆေးဖိုးပါ၊ မမ ယောက်ျားကို ပြောပြကြည့်ပါဦး"

"ခက်တာပဲ၊ ငါတကယ်ပဲ မပေးနိုင်ဘူး ကိုကောင်းရော မေမေရော စိတ်ရှုပ်သွားအောင် မပြောချင်ပါဘူး၊ နင်တို့ပဲ တာဝန်



www.burmeseclassic.com

ww.burmeseclassic.com



ယူလေ၊ ဒါပဲ နောက်ထပ် မဆက်နဲ့နော်"

အဖေ့ကို ဆေးဖိုးမပေးနိုင်၍ စက် ကြေကွဲဝမ်းနည်းပြီး မျက်ရည်တွေ စို့တက်လာရသည်။ သူမက သူဌေးချွေးမဖြစ်နေပေမယ့် ဒေါ်မိုးတိမ်ပြာ ဗွားထားတဲ့ ကျွန်ပါပဲ။ ယောက်ျားကို ဝေယျာဝစ္စ သိမ်းကြုံးလုပ်ပေးရတဲ့ မိန်းမပဲ။ ပင်ပန်းလွန်းသည်။ အခုတလော ကိုကောင်းလည်း အိမ်ပြန်တာ မမှန်ပေ။ အရက်တွေသောက်လာတတ်သလို ညဉ့်နက်နေတတ်၏။ စက် ဘာပြောရမလဲ။ အဖေ့ကို ဆေးဖိုးပေးချင်လိုက်တာ။ သူဌေးချွေးမမှာ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မရှိတာ။ ဘယ်သူက ယုံမှာလဲ။ စက် စိတ်မကောင်းလွန်းသဖြင့် ကြိတ်ပြီးငိုရသည်။

"မမစက်"

"ဟင်"

"အဖေ နေမကောင်းဘူးလား"

"အင်း ... ကိစ္စမရှိပါဘူး မောင်လေးရယ်၊ အဖေ့မှာ တခြားသားသမီးတွေ ရှိနေပါတယ်"

"ဆေးဖိုးပိုက်ဆံ ကျွန်တော် ကုသိုလ်ယူပါရစေ မမစက်"

"နေ ... နေပါစေ မောင်လေးရယ် မပေးပါနဲ့"

"ကိုကို့ကိုပြောလေ မမ၊ လင်မယားပဲဗျာ၊ ပြောသင့်တာတော ပြောရမှာပဲ၊ ငွေကြေးကိစ္စလည်း ပြောပါ"

"နေပါစေကွယ်၊ မမမှ ငွေမလိုတာပဲ"

"အဖေ နေမကောင်းဘူးဆိုတော့ မမစက် မသွားဘူးလား သွန်းဆစ် လိုက်ပို့ပေးရမလား"

"မမ အလုပ်တွေရှိပါသေးတယ်၊ အဖေလည်း နည်းနည်းပါး



www.burmeseclassic.com

www.burmeseclassic.com



ပါး နေမကောင်းဖြစ်သွားတာပဲနေမှာပါ၊ မောင်မောင်ကလည်း ဆိုးတယ်လေ"

မမစက် ပိန်သွားသည်။ မေမေက ဖေဖေ့တပည့်ရဲ့ သမီးကို အတင်းအကြပ် တောင်းယူကာ သားကြီးနှင့် လက်ထပ်ပေးခြင်းပင်။ မေမေ့ဩဇာနာခံမယ့် ချွေးမရှာသည်။ ကိုကိုကလည်း မချစ်ပေ။

"မေမေ့သားတွေ ချစ်ဖို့မလိုဘူး၊ မေမေ့သားတွေကို အိမ်ရှင်မ ပီပီပသသ သေဝပ်ပြုစုဖို့ပဲလိုတယ်"

သွန်းဆစ်ကတော့ လက်မခံနိုင်ပါဘူး။ တစ်ဖက်မိန်းကလေး အား သနားသည်။ သူများသားသမီးကို မတရားမလုပ်ချင်ပေ။ ကိုကိုက လုပ်ချင်တာလုပ်သည်။ မမစက်ကို သနားတယ်။ ဒါပေမဲ့ သွန်းဆစ်လည်း ဘာမှမတတ်နိုင်။ မေမေက ကိုကို့အခန်းထဲက ပြန် ထွက်လာသည်။

"ဟဲ့ ... စက် ညည်းကို ငါခိုင်းထားတဲ့ ရွှေတောင်ခေါက်ဆွဲ လုပ်ပြီးပြီလား"

"ဟုတ်ကဲ့ မေမေ၊ စက်ပြင်ပေးပါ့မယ်"

"စက် ညည်းကိုကြည့်ရတာ ညောင်နာနာနဲ့ ဘာဖြစ်နေတာ လဲ"

"ကလေးနဲ့ဆွဲလို့လားမသိဘူး မေမေ၊ စက်လေ အားနည်း နေတယ်"

"ဘာ ... ယောက်ျားကိုတော့ မာယာမများနဲ့နော်၊ မိန်းမ မာယာတော့မသုံးနဲ့ ဒါတွေ ငါကဖြစ်သွားတာ"

"မဟုတ်ပါဘူး မေမေရယ် စက် နေမကောင်းချင်သလို ဖြစ်နေပေမယ့် ကိုယ့်အတွက် တာဝန်မလစ်စဟင်းရှေ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စက် ကလေးကတစ်ဖက်၊ ယောက်ျားက ပိုက်ဆံချမ်းသာပေမယ့် ယောက္ခမကြီးအမိန့်နှင့် အိမ်ဖော်မငှားပေးဘူး။ ကိုယ်တိုင်လုပ်တဲ့။ စက် မနားမနေ လုပ်ရသည်။

"ညည်း နေမကောင်းရင်လည်း ဆေးခန်းပြရမယ်၊ လာ ငါပြပေးမယ်စက်"

"ရပါတယ် မေမေ"

"ဘာရတာလဲ၊ ညည်း မူယာမာယာ မလုပ်နဲ့နော်၊ လာလေ"

စက် နေမကောင်းတာက စိတ်မအီမသာကြီးဖြစ်နေတာပါ။ အဖေ့ကြောင့် နေမကောင်းဘူးတဲ့။ ဆေးခန်းပြစရာတောင် မရှိဘူးတဲ့။ ဖေဖေက ကိုကောင်းကင်ဖြိုးရဲ့ ဖေဖေတပည့်။ အခုတော့ ကျန်းမာရေးကြောင့် အနားယူလိုက်ရသည်။ ကိုကောင်း ဖေဖေက ထောက်ပံ့ပေးပေမယ့် ယောက္ခမကြီး ဒေါ်မိုးတိမ်ပြာကတော့ ညည်းကမ်းနဲ့ပဲတဲ့။ စက်က ငွေမကိုင်ရ။ လိုအပ်တာတွေ ယောက္ခမကြီးပဲ ဝယ်ပြီးပေးသည်။

"သားကြီးတို့မိသားစု ရှေ့ရေးအတွက် မေမေစုဆောင်းပေးတာလေ၊ မြေးလေးက ရှိသေးတယ်၊ နောင်ရေးအတွက်ပါအေ"

စက်ကရော ဘာပြောလို့ရမှာလဲ။ ကိုကောင်းက အမေချစ်သား။ မင်းကို နိမ့်ကျတဲ့ဘဝကနေ ဒီလိုသူဌေးချွေးမအဖြစ် ဂုဏ်ဒြပ်နှင့်နေနိုင်အောင် လုပ်နေတာ ကျေးဇူးကြီးသည်တဲ့။ မေမေ မနှစ်သက်တာ ဘာမှမလုပ်နိုင်ဘူးတဲ့။ မေမေ့ဆန္ဒပဲတဲ့။ စက်ကတော့ အဖေ့အတွက်ပဲ စိတ်ပူတာပါ။ နေမကောင်းဘူးဆိုတော့လည်း ဆေးဖိုးလေးတော့ ပေးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမစက်သာ သွန်းဆစ်လိုက်ပြပေးမယ်၊ မေမေနေခဲ့ပါ။ မြေးလေးနဲ့ အချိန်ကြာကြာ နေရတာပျော့ါလေ"

"ကောင်းတယ် သားငယ်၊ ဟဲ့စက် မူယာများပြမနေနဲ့၊ သားငယ်နဲ့လိုက်သွား၊ နေမကောင်းတာ ဆေးမကျဘဲ ပေတေနေလို့ မဖြစ်ဘူး၊ အချောင်မနိုချင်စမ်းပါနဲ့အေ"

စိတ်မသက်မသာဖြစ်နေတဲ့ မမစက်ကို သူအပြင်ခေါ်လာသည်။ ဆေးခန်းပြပေး၏။ မေမေက ချွေးမဆိုလျှင် နည်းမျိုးစုံနှင့် နှိပ်ကွပ်ဖို့ပဲ စဉ်းစား၏။ သွန်းဆစ် မနှစ်သက်ပါ။ မမစက်ကို ဆေးခန်းပြပေးပြီး အဖေ့ဆီပို့ပေးသည်။

"မောင်လေး ပြဿနာတက်လိမ့်မယ်၊ မေမေက မမဓိသားစုနဲ့ ပတ်သက်တာ ကြိုက်မှာ မဟုတ်ဘူးလေ"

"ဘာဖြစ်လို့ မကြိုက်ရတာလဲ မမစက်၊ ကိုယ့်အဖေ နေမကောင်းတဲ့အခါ သမီးက စောင့်ရှောက်ထောက်ပံ့ပေးရမယ်လေ"

"မမမှာ ဝင်ငွေမှမရှိတာ၊ ကိုကောင်းရှာထားတဲ့ငွေတွေ မဖြုန်းချင်ပါဘူး"

"သွန်းဆစ် ထောက်ပံ့မှာပါဗျ။ ဦးလေးခင်က ငယ်ငယ်က သွန်းဆစ်တို့ကို ထိန်းကျောင်းရတာလေ၊ ဖေဖေသိရင်လည်း သွန်းဆစ်ကို ထောက်ပံ့ခိုင်းမှာပါပဲ"

"ဘယ်သူ့ကိုမှ မပြောပါနဲ့ မောင်လေးရယ်၊ မေမေနဲ့ ကိုကောင်းသိသွားရင် မမပဲ မကောင်းဖြစ်ရမှာပါ"

"မပြောပါဘူး၊ မမစက် စိတ်ချပါ။ အဖေ့ကို တွေ့ချင်နေတာ မဟုတ်လား၊ ဆေးဖိုးလည်း ပေးသင့်ပါတယ်၊ တော်ကြာ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရင် မမစက် တစ်သက်လုံး ဖြေလို့မရဘဲ စိတ်ထိခိုက်ကြေကွဲနေရမှာ"

သွန်းဆစ်ရယ် ကိုကောင်းမှာ မင်းလို ကိုယ်ချင်းစာတတ်တဲ့ စိတ်နှလုံးရှိနေရင် ဘယ်လောက်ကောင်းလိုက်မလဲကွယ်။ မမလည်း ယောက္ခမကို မိဘလိုပဲ သဘောထားပါတယ်။ မမမှာ အမေမရှိလို့ပါ။ စက် ဘွဲ့ရတော့ ကုမ္ပဏီတစ်ခုမှာ လက်ထောက် မန်နေဂျာရာထူးနဲ့ အလုပ်ဝင်ဖို့ဟာ အန်တီမိုးတိမ်ပြာက အတင်းတောင်းပြီး သားကြီးနှင့်လက်ထပ်ပေးခဲ့သည်။ စက်က စီးပွားရေးတက္ကသိုလ်က ဘွဲ့ရခဲ့တာ။ အရမ်းလည်း ထူးချွန်၏။ သမီးအတွက် ဘဝတစ်လျှောက်လုံး ရှန်းကန်ရှာဖွေခဲ့ရတဲ့ ဖေဖေ့ကို လုပ်ကျွေးဖို့ ဒေါ်မိုးတိမ်ပြာကြောင့် ပျက်ပြယ်သွားခဲ့ရသည်။

"မမစက်"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲဗျ၊ ရောက်ပြီလေ"

"ဟင်"

တောင်ဥက္ကလာမှာရှိနေတဲ့ အဖေ့အိမ်ကိုရောက်နေတာပင် မသိပါ။ စက်အတွေးတွေ လွန်နေသည်။ မောင်လေးသွန်းဆစ် သတိပေးမှ အတွေးပြတ်ပြီး ကားပေါ်မှဆင်း၏။ ထိုအိမ်လေးက သူ့မငယ်စဉ်လေးထဲက နေထိုင်ခဲ့တဲ့အိမလေးပါ။ ရင်ထဲမှာဆို့တက်လာသည်။

"အဖေ"

အိပ်ရာပေါ်မှာလဲနေတဲ့ အဖေသည် စက်နှင့်ခွဲခွာပြီးနောက်ပိုင်း ကျန်းမာရေးအတော်လေးချို့တဲ့လာသည်။ ပိန်လိုက်



www.burmeseclassic.com

ww.burmeseclassic.com



တာ အဖေရယ်။ သူမရောက်လာတော့ အဖေက ဘာလာလုပ်တာလဲ၊ အဖေ ဘာမှမဖြစ်ပါဘူး။ သမီး မိသားစုနဲ့ပဲ အဆင်ပြေပြေနေပါတဲ့။ မောင်လေးသွန်းဆစ်က ဆေးဖိုးကန်တော့တာပါဆိုတော့ အဖေ မျက်ရည်ဝဲကာ ဝမ်းသာပျော်ရွှင်သွား၏။ အဖေ ငွေလိုနေတာပဲ။ သမီးအတွက်ပဲ စဉ်းစားပြီး ပညာသင်ပေးခဲ့တဲ့အဖေပါ။ မောင်မောင်ကလည်း မမစိတ်ချပါ၊ မောင်မောင်မဆိုးတော့ပါဘူး။ အဖေ့ကို ပြုစုပါတဲ့။ အဖေ့ကို ဆေးဖိုးပေးလိုက်ရလို့ စက်စိတ်ပေါ့ပါးပျော်ရွှင်သွားကာ မောင်လေးသွန်းဆစ်ကိုလည်း ကျေးဇူးတွေတင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

•

အခန်း ( ၇ )

"ဘယ်လောက်အထိ စိတ်ဓာတ်အောက်တန်းကျတဲ့ လူတွေလဲ ကိုကိုချစ်၊ ကြည့်စမ်း အလျှုဖိတ်တာ ကျွန်မတို့အိမ်ကို ချန်ထားခဲ့တယ်လေ"

တစ်ဖက်ခြံက အလုပ်သမားမိန်းမနှစ်ယောက် အလှူဖိတ်စာထင်သည် လိုက်ဖိတ်နေတာ ခင်မမတို့ခြံမပါပေ။ ကျော်သွား၏။ ဘယ်လောက်ခံပြင်းဖို့ ကောင်းလဲ။ ဘာဖြစ်လို့လဲ။ ခင်မမတို့နဲ့ ခုမှတွေ့ဘူးကြတာ။ ရှင်တို့က အခြောက်တိုက် မုန်းတီးနေသည်။

"တစ်ရပ်ကွက်လုံး ဖိတ်ပြီး မတို့ခြံပဲ ကွက်ထားခဲ့တာကောင်းလား၊ တော်တော်လေးလွန်နေပြီ"

"ဟုတ်ပါရဲ့ကွာ၊ ဘယ်လိုလူတွေလဲ မသိဘူး၊ ကိုကိုတို့ကိုဘာဖြစ်လို့ မလိုမုန်းထားနေတာလဲ မ"

ဦးမောင်မောင်ချစ်ပင် ဒေါသတွေ ထွက်သွားသည်။ ဘယ်လို ဟာတွေလဲ။ မိမိတို့နှင့် မဆက်ဆံချင်သလိုလို ဘာကြောင့်သနည်း။ အရင်လူတွေနှင့်ဆို မိသားစုတွေလို နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဆွမ်းကျွေးမဖိတ်လည်း ဘာဖြစ်လဲကွာ၊ ကိုကို့ အလှူ့ည့်ကျွလည်း ဖြောင်မဖိတ်ဘဲနေကြမယ်၊ ဘာဖြစ်လဲ ကင်းကင်း ရှင်းရှင်းပဲ နေကြမယ်"

"လူးပါးဝလိုက်ကြတာ၊ ညနေကျရင်ပဲ ပါတီပွဲပေးလိုက်ကြ ရအောင်၊ ပျော်ပျော်နေမယ်၊ အပြတ်သောင်းကျန်းပစ်မယ်၊ တွေ့ မယ်လေ"

ဒေါ်ခင်မမ ဒေါသတွေထွက်နေတုန်း ချစ်ပန်းရိပ် ရောက် လာသည်။

"အန်တီမ ဘာဖြစ်နေတာလဲ၊ မျက်နှာကြီး စူပုတ်သိုးပြီး ဒက်ဒီရော ဒေါသတွေထွက်နေပါလား"

"ဟိုဘက်ခြံကဟာတွေလေ သူတို့အိမ်တက်ဆွမ်းကျွေးတာ တို့ခြံကိုချန်ပြီး ကွက်ဖိတ်သွားတယ်"

"ဘာ"

"အန်တီမတို့ခြံကို မဆက်ဆံချင်တဲ့ သဘောပဲပေါ့"

"ကြီးကျယ်လိုက်တာ၊ လူတွေကိုများ ဘာထင်လို့လဲ"

"ဒီကိစ္စကတော့ အရမ်းရိုင်းတယ်ထင်တယ် သမီး၊ နေပါစေ လေ ဟိုဘက်ခြံက လူတွေကို လုံးဝဂရုမစိုက်နဲ့၊ အဖက်မတန်သလို ပဲနေ"

"ဟုတ်တယ် ကိုကိုချစ် ခင်မမမွေးနေ့ကြမှ အစွမ်းကုန် ကျဲ ပစ်မယ်၊ သင်းတို့ထက် ပိုချမ်းသာကြောင်း ပြရမယ်လေ"

ရိပ်လည်း တစ်ဘက်ခြံကလူတွေရဲ့ အပြုအမူကြောင့် နွံ့ဖြင်း သွားသည်။ ဘယ်လိုလူတွေလဲ။ တခြားခြံတွေတော့ ဖိတ်ပြီး ရိပ်တို့



www.burmeseclassic.com

ww.burmeseclassic.com



ခြံကို မဖိတ်တာ ဘယ်လောက်ရှက်စရာကောင်းလဲ။ အရိုင်းအစိုင်းတွေ ကြည့်ပါလား ပုံတုံးကြီး။ ရိပ်တို့ ပတ်ဝန်းကျင်နှင့် တစ်ကြိမ်တစ်ခါမှ ပြဿနာမဖြစ်ဘူးပေ။ ရိပ်တို့က နှမြောတွန့်တိုခြင်း မရှိ၊ အကူအညီပေးတာရော အကျွေးအမွေးရှုတ်ရောတာရောပါ။

"အန်တီမ"

"ပြော"

"ရိပ် တစ်ခုမသိလို့မေးမယ်နော်"

"မေး"

"ကေန္တတော့ ဟိုဘက်ခြံက အဘွားကြီးနဲ့ အန်တီမလင်လုဘက်တွေများ ဖြစ်ခဲ့လားလို့ပါ"

"ဟဲ့ ကောင်မလေး၊ ပေါက်ကရတွေ ဒီလိုမိန်းမနဲ့များ ဘယ်ယောကျ်ားမဆို အန်တီမဘက်မှာပဲရှိမှာ၊ သူ့နောက်ပါပါ့မလား၊ အန်တီမက တူမလေးကြောင့် ချစ်သူတောင် မထားခဲ့ဘူးသိလား"

"ဟား ... ဟား ... ဟား"

ရိပ်က အော်ရယ်ပစ်သည်။ စိတ်ညစ်မနေတတ်။ ဟိုဘက်ခြံကလူတွေကိုတော့ ပညာပေးမှဖြစ်မည်။ ကြည့်ပါဦး အခုမှ ပြောင်းလာပြီးတော့များ အဖြစ်သည်းလွန်းနေတဲ့ဟာတွေ။ ချစ်ပန်းရိပ်အကြောင်း ကောင်းကောင်းသိစေရမယ်။ ဘာလဲ သူ့သားကြောင့်လား။ ပန်းရိပ်တို့ကို အထင်သေးနေတာပဲဖြစ်မယ်။ အမြင်ကတ်ချိုက်တာ။ ရိပ် ဒေါသတွေဖြစ်နေပါတယ်ဆိုမှ မညိုက အပြင်မှပြန်လာပြီး အတင်းတုတ်သည်။

"ဟိုလေ ... မရတနာရှိတဲ့ ခြံကြီးထဲကိုတော့ အဘွားကြီးသိုယ်တိုင် ဝင်ဖိတ်တာသိလား မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"အဘွားကြီးက ဒီတစ်ခြံပဲကိုယ်တိုင်ဖိတ်တာ၊ ညီုထင်တာ တော့လေ မရတနာကို ချွေးမဖမ်းချင်လို့ထင်တာပဲ"

"ဘာပြောတယ်"

ရိပ်တို့တစ်ခြံကျော်က မရတနာဆိုတာကို တစ်ရပ်ကွက်လုံး က စိတ်ဝင်စားနေကြသည်။ ပြောင်းလာတာ မကြာသေးပေ မရတနာက ဝတ်စားပြင်ဆင်ကာ ဣန္ဒြေရရ ရိုးရိုးယဉ်ယဉ်လေးဆို တော့ တစ်ရပ်ကွက်လုံးက အထင်ကြီးနေ၏။ အဘွားကြီးတော် တော်မျက်နှာလိုက်တယ်။ မညီုထင်သလိုပဲ ရိပ်ကို ဆတ်စလူး မဆိုလို့ မပတ်သက်ချင်တာပဲဖြစ်နိုင်တယ်။ မရတနာကျတော့ ကိုယ်တိုင်တောင် ဖိတ်သည်တဲ့။ ရိပ် တင်းသွားသည်။

"မရတနာက ရိုးရိုးယဉ်ယဉ် မိုင်းကောက်ကျောက်ဖိပုံစံမျိုး ဆိုတော့လေ တို့မမလေးက ပိုချောတာ၊ အရမ်းလည်း ချစ်စရာ ကောင်းတယ်"

"နေပါစေလေ၊ ပုံတုံးချင်းပဲ လိုက်ဖက်ပါတယ်၊ ရိပ်တို့က လုံးဝပဲ"

ရိပ် စိတ်ထဲမှာတော့ မနာလိုဝန်တိုစွာ နှလုံးသားတွေထဲသို့ အပ်တစ်ချောင်း ထိုးဖောက်စိုက်ဝင်သွားသလို စူးသွားသည်။ ဟုတ်တယ်။ ဟိုအဘွားကြီး ရိပ်ကို ကြည့်လို့မရတာပဲဖြစ်မယ်။ အန်တီမကလည်း ပျံလန်နေတာ မဟုတ်လား။ စကဒ်နှင့် ဘောင်းဘီ တိုတို ပေါင်းအရင်းအထိ ဝတ်တတ်သည်။ တူမနှင့် အပြိုင်ပဲ။ ဘာ ဖြစ်လဲ၊ ရိပ်တို့က လွတ်လွတ်လပ်လပ် ခေတ်နဲ့အမီ နေထိုင်တာ။ မညီုကအစ ဒီလိုပဲ အလန်းနေကြတာပါ။ ရိပ် နည်းနည်းလေးတော့



www.burmeseclassic.com

www.burmeseclassic.com



ခံစားသွားရသည်။ ငိုပစ်ချင်လာ၏။ တစ်ကြိမ်တစ်ခါမှ ဝမ်းနည်းကြေကွဲခြင်းဆိုတာ မရှိခဲ့ဘူးသော ရိပ် ဘာဖြစ်လို့များ မျက်ရည်ကငိုင်းချင်သွားရတာလဲ။ မရတနာကို အဘွားကြီးကိုယ်တိုင်က အရေးတယူ ဆက်ဆံနေသည်။

"ထားလိုက်ပါ မညိုရာ၊ ဘာအရေးစိုက်စရာရှိလဲ၊ အန်တီမမွေးနေ့ကျမှ အပြတ်ကဲပစ်လိုက်မယ်၊ သင်းတို့ထက် ချမ်းသာကြောင်း ပြလိုက်မယ်"

"ကောင်းတယ် အန်တီမ၊ ညိုတို့လည်း မပျော်ရတာကြာပြီ၊ မမလေးမွေးနေ့လည်း ရောက်တော့မယ်လေ"

ရိပ်ကတော့ အန်တီမတို့ ပြောနေတဲ့ စကားတွေထက် ဟိုဘက်ခြံက လူတွေကို ဘယ်လိုပညာပေးရမလဲဆိုတာပဲ တွေးနေသည်။

"ဟိုဘက်ခြံက အဘွားကြီးနာမည်က ဒေါ်မိုးတိမ်ပြာတဲ့၊ အဘိုးကြီးက ဦးစိုးအောင်၊ သူ့သားငယ်နာမည်က သွန်းဆစ်မိုးတဲ့"

"သွန်းဆစ်မိုး"

"အင်း"

နာမည်ကတော့ အပျံစားပဲ လန်းနေသည်။ သွန်းဆစ်မိုးတဲ့။ အဘွားကြီး ဒေါ်မိုးတိမ်ပြာ။ နာမည်က နုသလောက် အထက်ကပဲ။ ဒေါ်မိုးတိမ်ပြာကို စိတ်အနှောက်အယှက် ပေးရမည်။ ရိပ်တို့အား အပြစ်မရှိ အပြစ်ရှာပြီး မုန်းတီးနေတာက သူ့သားငယ် သွန်းဆစ်မိုးကြောင့် ဖြစ်နိုင်သည်။

"သားကြီးတစ်ယောက် ရှိသေးတယ်တဲ့၊ ကောင်းကင်စိုးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရှင်ပဲ၊ ဒေါ်မိုးတိမ်ပြာက ချွေးမကို အရမ်းနိုင်တာတဲ့၊ သားတွေက အမေချစ်တွေတဲ့၊ အမေ့စကားဆိုရင် တသွေမတိမ်း နာခံတတ်တယ်တဲ့"

"မညို ... ညည်း ဘယ်ကနေကြားလာတာတွေလဲဟဲ့၊ ဟုတ်ကောဟုတ်ရဲ့လား၊ စပ်စပ်စုစုအေ"

"မမလေးအတွက် စပ်စုပေးတာပါ"

"ဘာအေ့"

"မမလေးကလည်း အလန့်တကြားနဲ့၊ ညိုက မရတနာတို့အိမ်က အိမ်ဖော်မိန်းမကြီးနဲ့ဆုံတုန်း မေးမြန်းစပ်စုရတာလေ၊ မရတနာတို့ အလုပ်သမားကလည်း ဒေါ်မိုးတိမ်ပြာတို့အိမ် အလုပ်သမားဒေါ်ကြွေဆီက သိရတာတဲ့"

ဟွန်း ကောင်မစုတ်လေးမညို မမလေးအတွက်တဲ့။ ဘာဆိုင်လို့လဲ အနေသာကြီးပါ။ စိတ်မဝင်စားပါဘူးနော်။ ယောက္ခမဆိုးဆိုးကိုလည်း မုန်းတယ်။ ချစ်ပန်းရိပ်ကို ဒါမျိုးလာကျောလို့ကတော့ ပြဿနာက မိုးမီးလောင်ပြီသာမှတ်။ ချစ်ပန်းရိပ်က ပြဿနာရှာတဲ့နေရာမှာ Star ပဲ။ ဆွမ်းကျွေးက မနက်ဖြန်။ ရိပ်စိတ်ထဲမှာ အသည်းယားပြီး ကျလိကျလိ ဖြစ်နေသည်။

"မရတနာက ပဲများပြီး မမလေးရိပ်လောက်တောင် မချောဘူး၊ စွဲမက်စရာလည်း မရှိပါဘူး၊ အဟဲ ညိုတို့မမလေးကမှ အရမ်းစွဲဆောင်မှုရှိတာပါနော်"

"တော်စမ်းပါ၊ ငါက ဘယ်လိုလူနဲ့မှ မနှိုင်းယှဉ်ဘူး၊ ဘယ်သူ့လည်း မယှဉ်ဘူး၊ ကိုယ့် Style နဲ့ ကိုယ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟုတ်တယ် မမလေး စကားပြောတာက အစ စတိုင်လ်ရှိတယ်"

"မြှောက်နေပြန်ပြီ"

အန်တီမကလည်း ရိပ်က စွဲဆောင်မှုအရှိဆုံးပဲဟု ပြောသည်။ ဒါပေမယ့် ဟိုအဘွားကြီး ဒေါ်မိုးတိမ်ပြာက မရတနာကို ချေးမ တော်ချင်ပုံပင်။ အိမ်တက်ဆွမ်းကျွေးတော့င် ကိုယ်တိုင်သွားဖိတ် တာတဲ့။ မကျေနပ်လိုက်တာ။ ရိပ် အပေါ်ထပ်လသာဆောင်သို့ တက်လာခဲ့သည်။ တစ်ဘက်ခြံကြီးထဲကို အပေါ်စီးမှ မြင်နေရ၏။ ရိပ်တို့လောက်တော့ မချမ်းသာပါဘူး။ အရင်လူတွေထဲက ရိပ် ဝင် ထွက်သွားလာခဲ့ဖူးသည်။ ရှင့်အမေက ဘာကြီးကျယ်နေတာလဲ။ သူ့သားက ဘာမို့လို့လဲ။ မတွေးချင်ပါဘူးဆိုမှ သွန်းသစ်မိုးဆိုတဲ့ လူကြီးတစ်ယောက်အကြောင်းပဲ တွေးမိနေ၏။ ရိပ် လသာဆောင် ကနေ တစ်ဘက်ခြံကြီးထဲ ကြည့်လိုက်တော့ မနက်ဖြန် ဆွမ်းကျွေး အတွက် ပြင်ဆင်နေကြသည်။ ဒေါ်မိုးတိမ်ပြာကိုပဲ မကြာခဏ ခင်ထွက်နေတာ တွေ့ရသည်။ ကျွန်မတို့ကို မဆီမဆိုင် ဘာဖြစ်လို့ မုန်းတီးနေရတာလဲ။ ရှင်ကြီးကိုလည်း လုံး၀ ယောက္ခမတော်မယ် ဆင်နေလို့လား။ ရိပ် နည်းနည်းလေးမှ မကျေနပ်မိ။ ကြည့်ပါဦး မုန်းပတ်ဝန်းကျင်ကို ဖိတ်ပြီး ရိပ်တို့ခြံကိုပဲ ကွက်ချန်ခဲ့သည်။ ရိပ် တွေးမိတိုင်း ဒေါသတွေပေါက်ကွဲကာ ဒေါ်မိုးတိမ်ပြာအား လက်တို့ ပြန်ချင်နေ၏။ ဒီအဘွားကြီးကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ။ ရပ်တို့ကို မဖိတ်ချင်တဲ့ အဘွားကြီး သွားပြမယ်၊ ရိပ်တို့မိသားစုတွေ မသွားရင် ပတ်ဝန်းကျင်က ဘာပြောကြမလဲ။ မဖိတ်လို့လား၊ ဘာလားနှင့် စပ်စုပြီး အတင်းပြောကြဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



သွားကိုသွားရမယ်။ မရတနာကျတော့ ဖိတ်ပြီး ရိပ်ကိုမဖိတ်ဘူးဆို တာသိသွားရင် ပတ်ဝန်းကျင်မှာ အရှမ်းရှက်စရာကောင်းမည်။ ကိုသွန်းဆစ်မိုးက မရတနာ တစ်ယောက်ဘည်းကိုပဲ တွေ့ပြီး စိတ်ဝင်စားသွားလို့ မဖြစ်ဘူး။ ရိပ်က မရတနာထက် ပိုလှပြီး ဗွဲ့ဆောင်မှု ရှိကြောင်းလည်း ပြရမည် ဖြစ်သည်။

"ရိပ်လေး"

"အမလေး ... လန့်လိုက်တာ ဒက်ဒီရာ"

"ဟိုဘက်ခြံကြီးထဲကြည့်ပြီး သမီးရိပ် တော်တော်လေး မကျေမနပ်ဖြစ်နေတယ်ထင်တယ်၊ ထားလိုက်ပါ တစ်ကွေ့ကွေ့တော့ ဒက်ဒီတို့အကြောင်း ကောင်းကောင်းသိစေရမယ်"

ဦးမောင်မောင်ချစ်လည်း သူတို့လုပ်ရပ်အတွက် စိတ်ထဲမှာ ကသိကအောက်နှင့် ဒေါသဖြစ်ချင်သည်။ ခင်မမနှင့် သမီးရိပ်တို့ ပိုပြီး ခံစားရမည်စိုး၍ ဒေါသကို မျိုသိပ်ထားရသည်။ သမီးလေး ချစ်ပန်း ရိပ်ကလည်း မြင်သူငေးလောက်အောင် ချောမောသူလေးပင်။ မိမိကလည်း သမီးရိပ်အတွက် အကောင်းဆုံးတွေပဲ ရွေးချယ်ဖြည့်ဆည်း ပေးထား၏။ မိမိနှင့် ညီမအပျိုကြီး ခင်မမတို့ နှစ်ယောက် ရထားတဲ့ အမွေတွေအားလုံး သမီးလေးပဲရမှာပါ။ ဆယ်တန်းအောင်တော့ လည်း သမီးက ဂုဏ်ထူးတွေနဲ့ အောင်ခဲ့တာပါ။ သမီးလေးရိပ် မျက် နှာငယ်မှာတော့ ဦးမောင်မောင်ချစ် အကြောက်ဆုံးပင်။ ဟိုဘက်ခြံ က လူတွေ အပြုအမူကြောင့် သမီးလေး ဒေါသထွက်နေသည်။

"အဲဒီခြံကို လုံးဝ စိတ်ဝင်စားမနေနဲ့၊ သမီးလေး အလားတူ လူတွေ၊ အဆင့်မရှိပါဘူးကွယ်"

ဒက်ဒီက ရိပ်ကို နှစ်သိမ့်ချော့မော့နေပေမယ့် ရိပ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



င်ဝမှာ မီးစနှင့်ထိုးစိုက်ထားခြင်းခံရသလို ပူလောင်နာကျင်နေသည်။ ရိပ် တစ်ကြိမ်တစ်ခါမှပင် မခံစားဘူးတဲ့ နှလုံးသား အလယ်ဆို့ တည့်တည့်မှာ စူးနင့်မှုဝေဒနာ။ ရိပ် ငွေပျော့ညံ့သွားပြီလား။ မရဘကိုမှ လိုချင်တာလား။ မနေ့ကတွေ့တော့ သူ့ကို ဘုတောမိဘာ နောင်တရသည်။ ပြေပြေလည်လည် ဆက်ဆံလိုက်ရမှာ။ သူ့အမေ ဒေါ်မိုးတိမ်ပြာ မခံချိမခံသာဖြစ်ဖို့က သူ့သား သွန်းဆစ်မိုးအား အမိအရ ဆုပ်ကိုင်ထားနိုင်ရမည်ဖြစ်၏။ ရိပ်က ဘုတောပစ်တဲ့အပြင် သူ့ခိုးဟုပါ စွပ်စွဲပြောဆိုပစ်မိသည်။ နောင်တတွေ နောင်တတွေ ရင်နှင့်မဆန့်တော့ဘူး။ မွန်းကြပ်ပြည့်သိပ်နေတာပဲ။ ငိုပစ်ချင်သည်။

"သမီး အထဲဝင်တော့၊ သင်းတို့ကို လုံးဝအဖက်မတန်သလိုနေ၊ အလကားလူတွေ၊ အရိုင်းအစိုင်းတွေ၊ လူမှုရေးနားမလည်ဘူးအဆင့်မရှိကြဘူးထင်တယ်"

ဒက်ဒီက ပျစ်ပျစ်နှစ်နှစ် ပြောဆိုဝေဖန်နေတာ ကြားနေတော့လည်း ရိပ်ရင်ထဲမှာ မကျေနပ်သလိုလို။ ကိုသွန်းဆစ်မိုး တစ်ဆက်ကိုတော့ ချွင်းချက်ထားပြီး အမှတ်ပေးပေးပါ ဒက်ဒီရယ်ဟုပြောချင်သည်။ ဒက်ဒီက ရိပ်ပခုံးလေးကိုဖက်ပြီး တိုက်ထဲပြန်ခေါ်ဘ၍ ဝင်လိုက်ခဲ့ရ၏။ ရိပ်တော့ တစ်လောကလုံးကို မကျေမနပ်ဖြစ်ပြီး ရန်ထောင်ထိုးနက် ဖျက်ဆီးပစ်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

ဒေါ်မိုးတိမ်ပြာကတော့ မျက်နှာပြောင်ပြောင်ပဲ တစ်ဘက်ခြကြီးကို မဖိတ်ပေ။ မပတ်သက်ချင်ပါဘူး။ မိမိမျက်စိထဲမှာ တစ်ဘက်ခြံက မိသားစုဝင်တွေကို အမြင်ကတ်မိသည်။ ပေါ်တင်ကြီးပဲ မဖိတ်ဘဲနေခဲ့၏။ ဦးစိုးအောင်ကတော့ တစ်ဘက်ခြံကလူတွေကို အားနာနေပြီး သွားဖိတ်လိုက်ပါဟု ပြောသည်။

"ဒီလိုမလုပ်ပါနဲ့ မိုးရယ်၊ ဖိတ်လိုက်ပါ၊ သူတို့က တို့တွေ ဘာဖြစ်နေလဲဆိုတာတောင် မသိပါဘူး"

"မဖိတ်ဘူး၊ ဘာဖြစ်လို့ဖိတ်ရမှာလဲရှင့်၊ ရှုပ်ရှုပ်ယှက်ယှက် မပတ်သက်ချင်လို့ မဖိတ်တာ"

သွန်းဆစ်လည်း မေမေ့လုပ်ရပ်အတွက် စိတ်ညစ်နေသည်။ အားနာနေ၏။ တစ်ဘက်ခြံကလူတွေ ဘယ်လိုပဲနေနေ လူမှုရေးအရ မကောင်းဘူးဟု ထင်မိ၏။ မေမေက ပြောမရ။ ဟိုဘက်ခြံက ဆတ်ဆတ်ကြဲ ကောင်မချောလေးတော့ ဘယ်လောက်အထိ ဒေါသတွေဖြစ်နေမလဲ။ မေမေ အမြင်ကတ်မယ်ဆိုရင်လည်း အမြင်



www.burmeseclassic.com

ww.burmeseclassic.com



ကတ်ချင်စရာပဲဖြစ်သည်။

"သားရေ"

"ဗျာ"

"လာ ... ဟိုဘက်ခြံက ရတနာတို့အိမ်ကို မေမေနဲ့သွား ဖိတ်ရအောင်"

"ဟာ ... မေမေကလည်း ကျွန်တော် သွားမဖိတ်ချင်ပါဘူး။ မေမေပဲသွားပါ။ ဒါမှမဟုတ်လည်း ဒေါ်ကြွယ်ကို ဖိတ်ခိုင်းထားလေ"

"ဒီတစ်အိမ်တော့ မေမေနဲ့သားကိုယ်တိုင် သွားဖိတ်ရမယ်၊ လာစမ်းပါသားရယ် မေမေက ရတနာလေးကို သဘောကျလို့ပါ"

"အမေကလည်း အခြေအနေကို စောင့်ကြည့်ပါဦး"

"ဘာဖြစ်လို့ စောင့်ကြည့်ရမှာလဲ သားရဲ့၊ မေမေ အရမ်း သဘောကျနေပြီ"

"သူတို့က ချမ်းသာကြတယ်နော် မေမေ၊ မမစက်လို မေမေ့ အမိန့်သြဇာကို နာခံကြမှာ မဟုတ်ဘူးထင်တယ်"

"ရတနာလေးက ငြိမ်ငြိမ်ဝပ်ဝပ် ပိပိပြားပြားလေး၊ ပညာ လည်း တတ်တယ်၊ သားအတွက် စိတ်အေးရရင်ပဲ တော်ပါပြီ"

သွန်းဆစ်ကတော့ တစ်ဘက်ခြံက ရတနာကို မနှစ်သက်မိ ပေ။ စိတ်လည်း မဝင်စားခဲ့။ သွန်းဆစ် စိတ်ဝင်စားနေတာက တစ် ဘက်ခြံက ရိပ်ပဲ။ ဘုဆတ်ဆတ် ဂျစ်ကန်ကန်နှင့် ကောင်မလေးကို ပဲ သူစိတ်ဝင်စားသည်။ မေမေသာသိသွားရင်တော့ ပြဿနာပဲ။ မေမေ့ကိုလည်း သွန်းဆစ် မလွန်ဆန်ရဲ။ အတင်းခေါ်သွားတော့ လည်း လိုက်ရသည်။

"မင်း ရတနာလေးနဲ့တွေ့ရင် ကောင်းကောင်းနှုတ်ဆက် ဖော်



www.burmeseclassic.com

ww.burmeseclassic.com



ဖော်ရွှေရွှေ ဆက်ဆံနော်သား"

သွန်းဆစ် စိတ်ညစ်သည်။ မျက်နှာလည်း ပူရ၏။ ခက်တာပဲ။ တစ်ဘက်ခြံကြီးထဲရောက်တော့ ရတနာတို့သားအမိက ဆီးကြိုနေသည်။

"ကြွပါရှင်၊ တစ်ဖက်ခြံက ဒေါ်မိုးတိမ်ပြာ ထင်ပါတယ်"

"ဟုတ်ကဲ့၊ မိုးတိမ်ပြာပါ၊ ဒါက ကျွန်မသားငယ် သွန်းဆစ်မိုးပါ၊ အိမ်မှာ အိမ်သစ်တက်ဆွမ်းကျွေးမင်္ဂလာ လုပ်မှာမို့ ကိုယ်တိုင်လာဖိတ်ကြတာပါ"

"ထိုင်ပါရှင် သမီးရေ ဧည့်သည်တွေလာတယ်ဟေ့ ... ထွက်ခဲ့ပါဦးကွယ်"

ဒေါ်စောသီရိကတော့ တစ်ဖက်ခြံကအကြောင်းတွေ အိမ်ဖော်မလေး သင်းသင်းပြောပြ၍ သိထားသည်။ သမီးရတနာကို ချွေးမတော်ချင်နေတာတဲ့။ ဒေါ်စောသီရိ ဆင်ထားတဲ့ အကွက်ထဲ ဝင်လာတာပဲဖြစ်၏။ သမီးစောရတနာက E မေဂျာနဲ့ ဘွဲ့ရခဲ့ပေမယ့် မိမိတို့က စီးပွားရေးပျက်နေသည်။ မိမိအမှားပါပဲ။ လောင်းကစားလုပ်ရင်း ကုန်သွားတာပါ။ အချဉ်တွေ့ပြီထင်တယ်။ သူတို့က ချမ်းသာ၏။ သားကလည်း လူချောလူခန့် ပညာတတ်။ ဒေါ်စောသီရိ သဘောကျပျော်ရွှင်နေသည်။

"ဒါက ကျွန်မသမီးလေး စောရတနာပါ၊ E မေဂျာနဲ့ပြီးတာပါ၊ မဟာဆက်တက်ဖို့ ကြိုးစားနေပါတယ်"

"အို ... ကောင်းလိုက်တာကွယ်၊ အန်တီကလေ အဲဒီလို မွှာယဉ်ကျေးပြီး ဣန္ဒြေရှိတဲ့ မိန်းကလေးမျိုးကိုမှ ချစ်တာကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



ရတနာလေးကိုတော့ ဒေါ်မိုးတိမ်ပြာ နှစ်သက်သဘောကျ မိသည်။ ရုပ်ရည်လေးလည်း မဆိုးပါဘူး။ ချစ်စရာလေးပဲ။ မျက်လွှာ လေးချပြီး ထိုင်နေတာပင် ဒေါ်မိုးတိမ်ပြာအတွက် ဝိတိတွေဖြာစေ နေရ၏။ မိမိရွေးချယ်မည့် ချွေးမတစ်ယောက်ပါပဲ။ ဟိုဘက်ခြံက ဘာမလေးနဲ့တော့ တခြားစီ။ ဒေါ်မိုးတိမ်ပြာလေသံတွေ တက်ကြွ ဖော်ရွေနေသည်။

"သမီးလေး မနက်ဖြန်ဆွမ်းကျွေး လာဖိတ်တာကွယ့်၊ သမီး လေးကိုယ်တိုင် ဆက်ဆက်လာနော်"

"ဟုတ်ကဲ့ပါ"

"မိုးတို့က အခုပြောင်းလာတော့ အေးအေးချမ်းချမ်း ယဉ် ယဉ်ကျေးကျေး မိသားစုတွေနဲ့ မိတ်ဆွေဖြစ်ချင်ပါတယ်လေ၊ မသီရိ လည်း ဖိတ်ပါတယ်၊ မိုးမိတ်ဆွေအဖြစ် ခင်မင်ချင်ပါတယ်"

"မိုးရယ် ဒီလိုအိမ်နီးချင်းတွေ ရောက်လာတာ သီရိ အရမ်း စိတ်ချမ်းသာပါတယ်၊ လိုအပ်တဲ့ အကူအညီပြောပါနော်"

"အားကိုးပါရစေ သီရိရယ်၊ လိုအပ်တဲ့ အကူအညီလည်းပြော ပါ့ မနက်ဖြန်လည်း ဆက်ဆက်ကြွပါနော်"

"စိတ်ချပါ၊ အလှူမှာရော ဘာကူညီရဦးမလဲ"

'အားလုံး ဆိုင်ကနေမှာထားတာမို့ အကူအညီတော့ မလိုပါ ဘူး။ ကျေးဇူးပါပဲနော်"

သွန်းဆစ်ကတော့ ဘာပြောရမှန်းမသိ။ မေမေက မိတ်ဆက် ပေးတော့ ပြုံးပြမိသည်။ လူ့စိတ်ဆိုတာလည်း ခက်ခက်ပဲ။ အမေ့ အမြင်ကတ်နေတဲ့ ဟိုဘက်ခြံက ချစ်ပန်းရိပ်ဆိုတဲ့ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သွန်းဆစ်ရင်ကို လှုပ်ခတ်စေနေ၏။ ရတနာ့ကို သူ စိတ်မဝင်စားပေ။ ပြန်ချင်နေသည်။

"သား သွန်းဆစ်လည်း သမီးလေးရတနာနဲ့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေပါကွယ်၊ ပတ်ဝန်းကျင်မှာ တစ်မိသားစုနဲ့ တစ်မိသားစု ခင်မင်စရာ ဒါပဲရှိကြတာလေ"

ရတနာက သွန်းဆစ်ကို မော့ကြည့်တော့ သွန်းဆစ်ပြုံးပြတာ အသက်မပါသလို သူ့စိတ်ကသိနေသည်။

"သမီးလေးက သားသွန်းဆစ်နဲ့ ရွယ်တူထင်တယ်၊ သမီးလေးလည်း ခင်ခင်မင်မင် ဆက်ဆံကြနော်"

"ဟုတ်ကဲ့"

"မနက်ဖြန်တော့ ဆက်ဆက်လာခဲ့ပါ မရတနာ"

"ရတနာပဲခေါ်ပါ"

"မေမေ အလှူကိစ္စက ရှိသေးတော့ ပြန်ကြရအောင်"

"ဟုတ်ပါရဲ့ စကားကောင်းနေလိုက်တာ၊ အလှူအတွက် လုပ်စရာကိစ္စလေးတွေရှိနေလို့ ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီရှင်"

"ရတနာခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ဒေါ်မိုးတိမ်ပြာတို့ သားအမိပြန်ထွက်သွားမှ ဒေါ်စောသီရိတို့သားအမိ စိတ်သက်သာရာ ရသွားသည်။

"အမလေး မာမီရယ် အသက်ရှူကြပ်လိုက်တာ၊ ရတနာ ရယ်ချင်နေတာသိလား၊ ဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောသီရိတို့သားအမိက ပတ်ဝန်းကျင်က အထင်အမြင်သေးစေရန် စတိုင်လ်အပြည့်ဖမ်းထားရသည်။

“သွန်းဆစ်ဆိုတာ အရမ်းချောတယ်နော် မာမိ၊ ယောကျ်ားပီသလိုက်တာ၊ ရတနာလေ စိတ်ထဲကနေ ကြိတ်ပြီးသဘောကျနေတာ သိလား”

“အဲဒါ မာမီတို့အတွက် ခွင်ပဲသမီး၊ အမိအရ ဖမ်းဆုပ်ထားရမယ်”

“သင်းသင်းကပြောတော့ ချွေးမရှာနေတာတဲ့၊ အရမ်းဩဇာပေးတယ်တဲ့၊ ချွေးမအကြီးကို အရမ်းနိုင်တာတဲ့ မာမီ၊ ဘယ်လို လုပ်ရမလဲ၊ ရတနာကတော့ ကိုယ့်အိမ်ထောင်ရေးမှာ ယောကျ္ာမဝင်ပါတာမျိုး လုံးဝမကြိုက်ဘူး၊ လက်ခံမှာလည်း မဟုတ်ဘူးနော်”

“မာမီ့တာဝန်ထားစမ်းပါ၊ မပိုင်ခင်တော့ ဒီလိုပဲအပျော့ဆွဲပေါ့သမီးရယ်၊ သည်းခံလိုက်စမ်းပါ”

“သွန်းဆစ်ကိုတော့ ခိုက်သွားပြီ မာမီရေ”

“ကြိုးစားတား၊ အဘွားကြီး ဒေါ်မိုးတိမ်ပြာက အမိကပဲ၊ သားတွေအပေါ် ဩဇာညောင်းပုံပဲ၊ လက်ထပ်ပြီးလို့ကတော့ အသေပဲ”

သားအမိနှစ်ယောက် ပီတိတွေဖြစ်နေသည်။ နှုတ်ခမ်းတွေပေါ် အပြုံးတွေ ဝင်းလက်တောက်ပနေ၏။ အကြွေးပတ်ချာလည်ပိုင်းနေတဲ့ မိမိတို့သားအမိအတွက် ထွက်ပေါက်တစ်ခု ရှာတွေ့ပြီပဲ။ ဒေါ်စောသီရိ အကြံအစည်တွေက အပိုင်ကွက်မဟုတ်လား။ ဒေါ်မိုးတိမ်ပြာ ကြည့်ရတာ သမီးကို အရမ်းသဘောကျ နှစ်ခြိုက်နေပြီးချွေးမတော်ချင်နေတာ သိသာသည်။



www.burmeseclassic.com

ww.burmeseclassic.com



"မာမီရော သမီးရော ဒီတစ်ခွင်မှာတော့ အပိုင်ကိုင်ထားကြရအောင်ဟေ့"

"OK"

ဒေါ်စောသီရိနှင့် စောရတနာတို့ ဝမ်းသာအားရ ပျော်ရွှင်စွာ လက်ဝါးချင်းရိုက် ပစ်လိုက်ကြလေသည်။

သွန်းဆစ်ကတော့ မေမေလုပ်နေတာတွေကို စိတ်ညစ်သည်။ သူ့စိတ်က မပါပေ။ တစ်ဖက်ခြံကြီးထဲက လူတွေကိုပဲ အားနာပြီး မျက်နှာပူနေ၏။ တစ်ရပ်ကွက်လုံး ဖိတ်ပြီး ချစ်ပန်းရိပ်တို့ခြံကြီးကိုပဲ ချန်ခဲ့တာပါ။ ပတ်ဝန်းကျင်က ဘာထင်မလဲ။ သူတို့လည်း ဘယ်လောက်ခံပြင်းနေကြမလဲ။ မေမေလွန်တာဟုထင်သည်။

"သား"

"ဗျာ"

"မင်းကို မေမေပြောထားမယ်နော်၊ ရတနာလေးကို မေမေ ချွေးမအဖြစ် သတ်မှတ်ထားလိုက်ပြီ"

"မေမေ တစ်ဖက်မိန်းကလေးက ဘာမှန်းမသိသေးဘဲ အရမ်းကြီး ချွေးမအဖြစ် သတ်မှတ်မနေပါနဲ့ဦး"

"သတ်မှတ်တယ်၊ မေမေကတော့ မရရအောင် ချွေးမတော်ရမယ်၊ စည်းစိမ်တွေ ဘယ်လောက်ပဲ ပုံပေးပါရစေ မေမေအရယူပြမယ်"

ဒေါ်မိုးတိမ်ပြာကတော့ ရတနာလေးကိုပဲ ရွေးချယ်သည်။ ဣန္ဒြေသိက္ခာကြီးတာရော ပညာရော၊ မိဘငွေကြေး နေ့ထွက်ရော ပြည့်စုံနေ၏။ မိမိစိတ်ချနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီးကိုလည်း ပြရမယ်၊ သားငယ်အတွက် မေမေ ရွေးပေးတဲ့ ရွေးမက သားကြီးထက်သာတယ်နော် ကြည့်စမ်း ဘာလိုလဲ"

"မမစက်လည်း ပညာတတ်ပါမေမေ၊ ရုပ်ရည်လည်း ချောပါတယ်၊ ငွေကြေးဥစ္စာပဲ ချို့တဲ့တာပါ၊ ကိုကိုတန်ဖိုးထားသင့်တဲ့ မိန်းကလေးတစ်ယောက်ပါဗျာ"

"တော်စမ်း၊ မိန်းမဆိုတာ မြောက်စားတိုင်း ကောင်းတာ မဟုတ်ဘူး သားငယ်၊ မိန်းမက သုံးဖြုန်းပြီး စည်းကမ်းမဲ့နေရင် ယောကျ်ားက ဘယ်လောက်ရှာရှာ စည်းစိမ်ပြုတ်မှာပဲ၊ သားတို့ဘဝတစ်သက်တာအတွက် မေမေက စီမံပေးတာပါ"

ဖေဖေကလည်း မေမေ့ကို ဘာမှဆက်မပြောဖို့ မျက်ရိပ်ပြသည်။ မေမေကျတော့ ဖေဖေ့ကို နိုင်၏။ မေမေ့သဘောအတိုင်းပဲ ဖြစ်စေသည်။ သွန်းဆစ်ကတော့ ချစ်ပန်းရိပ် ခြံကြီးကိုပဲ အားနာပြီး မျက်နှာပူသည်။ ဘယ်လိုလုပ်ရမလဲ။ ချစ်ပန်းရိပ်လည်း အခုလောက်ဆိုရင် ဒေါသတွေနဲ့ ပေါက်ကွဲနေပြီဖြစ်သည်။

"ရတနာလေးက သေသေချာချာကြည့်မှ အရမ်းကို ဣန္ဒြေရှိတာပဲ ကိုအောင်ရယ်၊ မိုးတော့လေ အရမ်းသဘောကျတယ်၊ ကံကောင်းတယ် ရတနာလေးနဲ့ ခြံချင်းကပ်ကျတာလေ၊ ဟိုဖက်ခြံက ဆပ်စလူးမလေးနဲ့ ဆုံရတုန်းက မိုးရင်တွေ ပူလွန်းလို့ မီးတောက်နေတယ်"

မေမေ အဲဒီလိုပြောလေ သွန်းဆစ်က စိတ်ရှုပ်လေပဲ။ ချစ်ပန်းရိပ်နဲ့ သူ တွေ့ဆုံပြီးပြီဆိုတာ မေမေ မသိသေးပေ။ သူ့ကို ဆောင် သူခိုးစွပ်စွဲသွားတာသာ မေမေသိရင် တစ်ဖက်ခြံကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်တိုက်သွင်းပစ်မလားပဲ။ ရင်မောတယ် ကောင်မလေး ရယ်။ မင်းမျက်နှာလေး စူပုတ်သိုးနေတာ ကိုယ်မလိုလားဘူးဖြစ် နေတယ်။ မင်းသိရဲ့လား။ ကိုယ်တွေ့ချင်နေတာက မင်းပဲ။ မေမေ က ရတနာကိုပဲ ချီးမွမ်းခန်းဖွင့်လို့ မဆုံးပေ။ သွန်းဆစ် စိတ်ထဲ တိုးဝင်မလာခဲ့။ သူတွေးနေမိတာက ချစ်ပန်းရိပ်အကြောင်းတွေပါ ပဲ။ ကောင်မလေးရဲ့ ဟန်ပန်အမူအရာလေးတွေက သူ့ရင်ကို စွဲငြိ နေသည်။ မေမေကတော့ လုံးဝလက်ခံမှာ မဟုတ်။ ငြင်းဆန်မှာပဲ။ ချစ်ပန်းရိပ်နဲ့ မေမေလည်း ဘယ်နည်းနဲ့မှ သင့်မြတ်မှာ မဟုတ်။ သူ တမ်းတမ်းတတ် ဖြစ်နေတာက ချစ်ပန်းရိပ်ဖြစ်နေသည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၁၉ )

"တွေ့လားရိပ် ... ဟိုကောင်လေးကိုယ်တိုင် ရွှေလမ်းငွေ
လမ်းပေါက်နေလိုက်ကြတာ"

- "ဟုတ်တယ် မမလေး၊ သူကိုယ်တိုင်သွားဖိတ်ရတာ အားမရ
သေးလို့ အဖြစ်သည်းပြီး သားကိုပါခေါ်သွားတယ်လေ"

ရိပ် နှုတ်ခမ်းသားလေး စူထော်ပြီး ရင်ထဲမှာ မကျေနပ်မှုတွေ
က အတိုင်းအဆမဲ့နေသည်။ ရှင်ကရော ဘယ်လိုလူလဲ။ ဝေးသေး
တယ်။ ရှင်တို့မိသားစုဝင်တွေကို အရမ်းမုန်းတယ်။ ကိုသွန်းဆစ်
အပေါ် ရိပ် လိုအပ်တာထက်ပိုပြီး သည်းသည်းလှုပ် သံယောဇဉ်တွေ
တွယ်ငြိနေ၏။ သူကတော့ ရိပ်ကို အထင်သေးနေမှာပါ။ ဆတ်စလူး
လေးဆိုပြီးတော့လေ။ ရိပ် ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်
နေထိုင်တတ်တဲ့ အကျင့်စရိုက်တွေပင် ပျောက်ကွယ်ဆိတ်သုဉ်းနေ
သည်။

"အန်တီမကတော့ လုံးဝမကျေနပ်ဘူးရိပ်၊ ဒီညနေပဲ ကိုကို
ချစ်က ပါတီပွဲလုပ်မယ်တဲ့လေ"

"ကောင်းပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမကောင်းရမှာလဲ၊ ရိပ်လေး အိုးရွဲ့လို့စလောင်းရွဲ့နဲ့ ဖုံးပစ်မှ တည့်မှာလေ"

ရိပ် ယောင်ပြီး ကိုသွန်းဆစ်အထင်သေးသွားမလားဆိုပြီး ကောင်းပါ့မလားဟု ပြောလိုက်ခြင်းဖြစ်သည်။

"သူတို့တွေက အရမ်းကြီးကျယ်တာဟဲ့၊ လက်တုံ့ပြန်ရမယ်"

ကိုကိုချစ်ကို သွေးထိုးပေးပြီး ခင်မတို့ အပျော်ရှာသည်။ ဟိုဖက်ခြံကလူတွေကိုလည်း စိတ်ရှုပ်အောင်လုပ်ပစ်မယ်။ စောင့်ကြည့်နေလေ ပါတီပွဲအတွက် ဒေါ်ခင်မမနှင့်မညို တက်ကြွစွာပြင်ဆင်နေသည်။

"ရိပ်လေး ... ဘယ်သူတွေကိုဖိတ်မလဲ၊ ဖုန်းနဲ့လှမ်းဖိတ်ထား ခပ်ကဲကဲတွေပဲဖိတ်နော်၊ ဒါကိုအကြောင်းပြပြီး အန်တီမတို့ အပြတ်ကဲရမယ်"

ရိပ် တွေဝေနေတာပဲ။ ရိပ်စိတ်တွေကို ရိပ်ကိုယ်တိုင် အံ့ဩမိသည်။ ကိုသွန်းဆစ် အထင်သေးမှာကိုပင် စိုးရိမ်ကြောက်ရွံ့နေ၏။ မရတာနာကိုပဲ သူအထင်ကြီးမှာပါ။ အရွယ်ရောနေထိုင်ပုံရော သူ့အကြောင်းတွေကိုပဲ ရိပ် တွေးမိနေသည်။

"မညို မီးဆင်ဖို့ ဖုန်းဆက်စမ်း ဦးညွန့်တို့အဖွဲ့ကို"

"ဟုတ်ကဲ့ အန်တီမ"

"ရိပ် ... ဟဲ့ရိပ် ဖိတ်လေ၊ ပြီးတော့ ဘာလိုသေးလဲ၊ အန်တီမ အစားအစာတွေ ဖုန်းလှမ်းဆက်မှာမလို့"

"မရှိပါဘူး"

"လေသံက ပျော့လိုက်တာ၊ ရိပ်ဘေးဘာဖြစ်နေတာလဲ၊ ဟိုဖက်ခြံက ဟာတွေကို ဒုက္ခပေးဖို့ ဝိုင်းဝန်းကူညီပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ရိပ် အန်တီမတို့ တစ်မျိုးထင်သွားမှာစိုး၍ အားကြိုးမာန်တတ် လက်သီးလက်မောင်းတန်းပြီး ပြောလိုက်ရပေမယ့် ရိပ်စိတ်ထဲက ဆန္ဒတွေက တစ်မျိုးကြီးပဲ။ အန်တီမတို့ပြောတာလည်း ဟုတ်တာပဲ။ သူတို့တွေက လွန်တာပါ။ ရိပ်တို့မိသားစု ဘယ်လောက်ထိ အရှက်တကွဲနှင့် ဂုဏ်သိက္ခာကင်းမဲ့ခဲ့ရလဲ။ ဟုတ်တယ် ရိပ်လည်း ပါဝင်ကူညီရမယ်။ ဝိုင်းဝန်းကူညီရမယ်။ သူတို့တွေနဲ့ ကင်းကင်းနေရမယ်။ ရိပ် အရှုံးလား။ သူမတို့မိသားစုအပေါ် ဒီလောက်ထိ အထင်သေးနေတဲ့လူတွေ သိမယ်။ ရိပ် စိတ်ကို တင်းပစ်ရသည်။ တကယ်ပါပဲ ရိပ်ရဲ့ မာန်မာနတွေ ဘယ်ရောက်ကုန်ပြီလဲမသိဘူးလို့ သွန်းဆက်ဆိုတဲ့လူက ဘာမို့လို့လဲ။ ရိပ်ဘဝမှာ သူ့ထက်သာတဲ့ ယောက်ျားတွေ တစ်ပုံကြီးပဲ။ ရိပ်ရယ် မာနရှိစမ်းပါ။ သူမထပြီး သူငယ်ချင်းတွေကို ဖိတ်သည်။

"ကိုယ့်ခြံဝင်းထဲမှာ ကိုယ်လုပ်တာ ဘာဖြစ်လဲ၊ ခင်မတို့က အခုမှ အဆန်းထလုပ်တာမဟုတ်ဘူး၊ တစ်သက်လုံး ပျော်ပျော်နေတာလေ ကိုကိုချစ်"

"ဟုတ်တယ် ခင်မတို့မလွန်ဘူး၊ သူတို့လွန်တာ၊ ကိုကိုချစ်သိတယ် ... ပျော်ကြ"

ဒက်ဒီကိုယ်တိုင်က သူတို့ကို ဒေါသတွေဖြစ်နေသည်။ အဲဒီလို မဖြစ်စေချင်ပါဘူး။ ကိုသွန်းဆက်ကို ရိပ် လွမ်းလွမ်းဆွတ်ဆွတ် တမ်းတမ်းတတကြီး ဖြစ်နေသည်။ အရင်ကလောက် ဘာဖြစ်လို့များ ပျော်ရွှင်မနေရတာလဲ။ ကိုသွန်းဆက်နှင့် မရတနာတို့ ရင်းနှီးသွားကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီလား သိချင်နေ၏။ ရိပ်နဲ့ ဘာဆိုင်လို့လဲ။ မဖြစ်နိုင်တာကိုမှ ရိပ်က လုပ်ချင်သည်။

"ဟဲ့ ... မာဂရက် ဒီညနေ ရိပ်တို့အိမ်မှာ ပါတီရှိတယ်၊ အပြတ်ကဲကြမယ် လာခဲ့နော် ..."

"လာမယ် ရိပ်၊ အပြတ်ကဲမှာနော် ... အပီပဲ"

"အေး"

"ဟဲ့ ဘယ်သူ့မွေးနေ့လဲ"

"တမင်ပျင်းလို့"

"အိုကေ"

အရမ်းကဲပြီး သောင်းကျန်းကြမှာ သေချာသည်။ ကိုသွန်းဆစ်အမေကြီးကတော့ ဒီဖက်ခြံကို အမုန်းကြီးမုန်းတော့မှာပဲ။ ချွေးမ ရှာနေတာတဲ့။ သူ့သားကို ရိပ်နဲ့သဘောမတူတာလည်း ဖြစ်နိုင်သည်။ ရိပ်စိတ်က နှစ်ခွဖြစ်နေ၏။ လုပ်လည်းလုပ်ပစ်ချင်တယ်။ ပြီးတော့ ကိုသွန်းဆစ် အထင်သေးသွားမှာလည်း စိုးနေသည်။

"မမလေး"

"အမလေး လန့်လိုက်တာ မညိုရာ"

"အဟဲ ... မမလေး တွေဝေငေးငိုင်နေသလိုပဲနော်၊ ကိုသွန်းဆစ်ကြောင့်လား"

"ဘာပြောတယ်"

"ယောက်ျားပီသပြီး အရမ်းချောတဲ့ ကိုသွန်းဆစ်လေ"

"စိတ်ကူးထဲတောင် မထည့်ဘူး"

"မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မနက်ဖြန်တော့ ဟိုဖက်ခြံမှာ ဆွမ်းကျွေးကို မမလေးသွား မှာလား"

"ဟင်"

"မညိုကတော့ ခပ်တည်တည်နဲ့ သွားစေချင်တယ်"

"ဘာဖြစ်လို့လဲ"

"အမြင်ကတ်လို့"

ရိပ်ကလည်း အရွဲ့တိုက်ပြီးသွားဖို့ ဆုံးဖြတ်ထားသည်။ ကို သွန်းဆစ်ကို ပြသနာရှာချင်၏။ လှလှပပကို ပြင်ဆင်သွားမယ်။ ဒေါ်မိုးတိမ်ပြာဆိုတဲ့ အဘွားကြီး သေပြီသာမှတ်။ ဘယ်လောက် စိတ်ဆင်းရဲလိုက်မလဲ။ ကောင်းတယ်။ မညိုကတော့ အကျောမခံ နဲ့ဒီနားကနေ ထွက်ပြေးသွားအောင် နှိပ်ကွပ်ပစ်ရမယ်တဲ့။ မြှောက် ပေးနေသည်။

"သွားမယ် ... မညိုနဲ့မမလေးတို့ သွားမယ်၊ ဒက်ဒီတော့ သိစေနဲ့"

"စိတ်ချ"

"တွေ့ကြသေးတာပေါ့လေ"

ဒက်ဒီကတော့ ပါတီပွဲအတွက် လုပ်နေသည်။ ရိပ်တို့မိသားစု ကတော့ အပျော်ပဲရှာနေကြတာ။ အရင်ကဆို ရိပ် အရှမ်းပျော်မှာ ပါ။ မညိုရှေ့ဖြစ်နေ၍ ဟန်ဆောင်ပျော်ပြနေရသလိုပင်။ ကိုသွန်းဆစ် ကြောင့် ရိပ်လည်း ပျော့ညံ့နေပြီ။ ဒေါ်မိုးတိမ်ပြာကို စိတ်ညစ်အောင် လုပ်ချင်သလို ကိုသွန်းဆစ်နှင့်မရတနာ အခြေအနေကိုလည်း ရိပ်သိ ချင်သည်။ ညနေစောင်းသည်နှင့် ရိပ်တို့ခြံထဲမှာ လူစည်လာ၏ ဟို



www.burmeseclassic.com

ww.burmeseclassic.com



ဖက်ခြံမှာလည်း ဆွမ်းကျွေးအတွက် ပြင်ဆင်နေကြသဖြင့် အလုပ်ရှုပ်နေကြသည်။

"ရိပ်လေးရေ ... အပီကဲပေါ့"

ဒေါ်ခင်မမက အကဲဆုံးပဲ။ အလန်းဝတ်စားထားတာ။ ရိပ်လည်း စိတ်ညစ်ညစ်နှင့် အောင်းဘီတိုနှင့် လည်ဟိုက်အင်္ကျီလေးကို ဝတ်သည်။ တစ်ဖက်ခြံကြီးရဲ့ တိုက်ပေါ်ကကြည့်လျှင် ရိပ်တို့ခြံကို မြင်ရ၏။ တမင် ဒေါ်မိုးတိမ်ပြာရဲ့စိတ်တွေ ဒေါသတွေနှင့် မခံချိမခံသာ ဖြစ်စေရန် လုပ်ပြနေသည်။

"ကြွကြွပါရှင် ... လွတ်လပ်ပေါ့ပါးစွာ နေထိုင်စားသောက်ကြပါ၊ ပျော်ရွှင်ကြပါ၊ စိတ်တိုင်းကျပါနော်"

ဦးမောင်မောင်ချစ်က ခွင့်ပြုထားတော့ ညီမဖြစ်သူ ခင်မမကလည်း အခွင့်အရေးအပြည့်ပဲ အကဲဆုံးမိတ်ဆွေတွေဖိတ်ပြီး မြူးကြွသော သီချင်းတွေနှင့် ကခုန်နေသည်။ ဦးမောင်မောင်ချစ် ကိုယ်တိုင်ကပင် မိတ်ဆွေတွေစုပြီး အရက်အကောင်းစားတွေသောက်ရယ်မောပျော်ရွှင်ရတာကိုပင် နှစ်သက်တတ်၏။ မိမိတို့က ဘယ်သူ့ကိုမှ အဖက်မတန်သလိုလို ဆက်ဆံခြင်းမရှိ။ မစော်ကားဘူး။ အနေကြည့် တစ်ဖက်ခြံက စတင်စိန်ခေါ်တာပဲ။ ခြံကြီးထဲမှာတော့ ယခင်ကထက်ပင် ပို၍ဆူညံပွက်လောရိုက်နေသည်။

တစ်ဖက်ခြံကြီးထဲမှ ဒေါ်မိုးတိမ်ပြာကတော့ ဆူညံပွက်လောရိုက်နေတဲ့ လူတွေကိုကြည့်ပြီး ဒေါသတွေပေါက်ကွဲနေသည်။

"တွေ့လား ကိုအောင် ... ဟိုဖက်ခြံကလူတွေ ဖြစ်နေပုံက ကြတာ၊ လူမှုရေးကို နားမလည်ဘူး၊ ဒီဖက်ခြံမှာ ဆွမ်းကျွေးရှိတာ သိသိကြီးနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးအောင်ကတော့ သူတို့ဟာသူတို့ လွတ်လပ်စွာနေခွင့်ရှိသည်ဟုထင်သည်။ ဇနီးဖြစ်သူက စတင်စိန်ခေါ်လိုက်တာပဲ။ မိမိအတွက် ပြဿနာတွေမဖြစ်စေချင်ပါဘူး။ ဇနီးလုပ်နေတာတွေကိုသည်း သဘောမကျမိ။ အတ္တကြီးလွန်းသည်။ တစ်ဖက်ခြံမှ ဒေါ်သီရိပါ ရောက်လာတော့ အခြေအနေက ပိုဆိုးသွား၏။ ဦးစိုးအောင်ကတော့ စာဖတ်ခန်းထဲပဲ ဝင်နေသည်။

"မမိုးရေ ... သူတို့က အရမ်းလွန်ကြတာ၊ အမြဲတမ်း ပါတီပွဲတွေနဲ့ တကြိမ်းကြိမ်းပဲ"

"အမြင်ကတ်တယ် ... အရမ်းမုန်းတာပဲ၊ သင်းတို့လိုလူမျိုးတွေနဲ့မှ ဆုံရတယ်၊ မိုးတို့မှာလည်း သားလူပျိုရှိနေတော့ စိတ်ပူရတယ် ရတနာရေ ... "

"ဟိုကောင်မလေးရိပ်က ပိုကဲတယ်၊ ဝတ်စားနေထိုင်တာကြည့်လေ နန့်လွန်းတယ်"

ဒေါ်သီရိကလည်း သမီးရတနာနှင့် ရည်ရွယ်ထား၍ ဟိုဖက်ခြံက ကောင်မလေး ချစ်ပန်းရိပ်အကြောင်း မကောင်းတာတွေပဲ ပြောပစ်သည်။

"ဟို ခင်မမက ပိုဆိုးသေးတယ်၊ မကြီးမငယ်နဲ့ ဝတ်လိုက်ချင် စကဒ်တိုတိုနဲ့ ရှော့ပင်နံနဲ့ ကားတစ်စီးနဲ့ အပြင်ပဲထွက်နေတယ်"

"ဟုတ်တယ် ... စတွေ့ထဲက မိုးတော့လေ နှုတ်မဆက်ဘူး၊ မျက်နှာကို ချာခနဲလှဲ့ပစ်တာ"

အပေါ်ထပ်လသာဆောင်မှာထိုင်ပြီး တစ်ဖက်ခြံကြီးကိုကြည့်ကာ အတင်းတွေပြောနေသည်။ ဒေါ်သီရိကတော့ အမှန်

www.burmeseclassic.com



တကာယ်ဝန်ခံရလျှင် မိမိက အားကျနေတာပါ။ သူတို့ အရမ်းချမ်းသာကြတယ်။ ပျော်နေလိုက်ကြတာ။ မိမိတို့သားအမိမှာက အကြွေးတွေနှင့် စိတ်ညစ်နေရသည်။ မဖြစ်ဘူး။ မိုးတိမ်ပြာက ချွေးအရှုံးထနေတာ။ သမီးရတနာနဲ့ လက်ထပ်ဖြစ်အောင် ကြိုးစားရဲ့ ဆုံးဖြတ်ထားသည်။

"သူတို့ကိုကြည့်နေရင် ကျက်သရေတုံးတယ်၊ အထဲဝင်ကြစို့"

"အင်း"

ဒေါ်မိုးတိမ်ပြာကလည်း တစ်ဖက်ခြံက ချစ်ပန်းရိပ်ဆိုတဲ့ ကောင်မလေးက အရမ်းလှပအိစက်နေတာ ယောကျ်ားတွေကို ဖြစ်ကျသွားအောင် စွဲဆောင်နိုင်ကြောင်းသိ၍ သားအတွက်စိတ်ပူပြီး ကုဋေသိကြွယ်ရှိတဲ့ ရတနာနှင့် နီးစပ်စေချင်နေသည်။ ထို့ကြောင့်ပင် ဒေါ်သီရိအား ခင်မင်ရင်းနှီးမှုရှိအောင် ပြာယာခတ်ညှော်ခံရ၏။ သားနှင့်ကိုအောင်ကလည်း တစ်မျိုးစိမ်းနေသည်။ နှစ်ယောက်သား အိမ်ထဲဝင်လာပြီး ထိုင်ကြ၏။ ဒေါ်မိုးတိမ်ပြာက ချွေးမကြီးစက်ကို အပြင်မထွက်ရန် ညွှန်ကြားထားသည်။

"ညည်းအပြင်ထွက်မလာနဲ့နော်၊ ငါ့ညှော်သည်တွေရှိနေတယ်၊ ညည်းပုံစံက အရောင်မထွက်တော့ ငါသိက္ခာကျတယ်"

ချွေးမကို တမင်နှိမ်ထားတာပါ။ ချွေးမတွေကို အရေးမပေးသင့်ဘူးဟု မိမိထင်မြင်သတ်မှတ်ထားသည်။ သားတွေရဲ့ကိစ္စအဝဝ မိမိအမိန့်အောက်မှာပဲ အတည်ဖြစ်စေရမည်။ မသီရိရှိနေ၍ ချွေးမအကြီးအား စားသောက်ခန်းထဲမှာပဲ နေစေသည်။

"သားရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဒီမှာ အန်တီသီရိလာတယ်၊ လာပါဦးကွယ်"

သွန်းဆစ်ကတော့ မေမေလှမ်းခေါ်လိုက်၍ စိတ်ညစ်သွားသည်။ တစ်ဖက်ခြံက လူတွေကလည်း တမင်အရွဲ့တိုက်ပြီးတော့များ ဆူညံနေပြကြတာလား။ သွန်းဆစ်လည်း မကြည့်ရဲ။ မေမေက ပြဿနာ။ ချစ်ပန်းရိပ်ကို မေမေ ဘယ်လောက်အထိများ အမြင်ကတ်နေမလဲ။ သူ စိုးရိမ်သည်။

"အန်တီသီရိက လာပြီးကူညီတာလေ"

"ဟုတ်ကဲ့"

လူမှုရေးအရ ရတနာရောမပါလာဘူးလားဟုမေးဖို့ သွန်းဆစ်စိတ်က မပါပေ။ မေးချင်စိတ် ကင်းမဲ့နေသည်။ ဣန္ဒြေသိက္ခာနှင့် မိန်းကလေးပီသတဲ့ စောရတနာအား သွန်းဆစ် စိတ်မဝင်စား။ ခံစားလို့လည်းမရ။ မေမေ အမြင်ကတ်ပါတယ်ဆိုတဲ့ ချစ်ပန်းရိပ်အကြောင်းတွေကလည်း သူ့နှလုံးသားကို လွှမ်းမိုးထားနေ၏။ သူက အေးတိအေးစက်လုပ်နေသဖြင့် မေမေ မျက်လုံးပြူးပြီး ကြည့်သည်။ ကံကောင်းသွားတာက သူ့သူငယ်ချင်းမျိုးမင်း ရောက်လာ၍ သူအပြင်ထွက်ခွင့်ရသွား၏။ မေမေတို့အနားကနေ ရှောင်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

ရိပ်မှာ အပျော်တွေကင်းမဲ့နေသည်။ ညကလည်း မပျော်ပါဘူး။ ကိုသွန်းဆစ် အထင်သေးမှာကိုပဲ သူမစိတ်က ပူနေ၏။ ခံပြင်းလိုက်တာ။ ရိပ်တို့ခြံကို အဖက်မတန်သလို လုပ်နေတာပဲ။ အလှူမဖိတ်တာ စဉ်းစားမိတိုင်း ဒေါသဖြစ်နေသည်။

"မမလေး သွားမလို့လား ... ပြင်လေ"

မညိုကတော့ မြှောက်ပေးနေသည်။ ရိပ်သွားရင်ကောင်းမလားဘဲ။ ရှုံးပြီးသွားမှာပါ။ ဒီလောက်တောင် မလာစေချင်တာရှုံးပြီးသွားမယ်။ ပြီးတော့ မရတနာတို့သားအမိက အစောကြီးထဲကရောက်နေသည်။ လွန်တယ်။ ဟိုမိန်းမကြီးကလည်း မရတနာအားချွေးမတော်ချင်နေသည်ဟု သိထား၏။ ရိပ် သွားရင်ကောင်းမလားပဲ။ သွားရမယ်။ သွားကိုသွားရမယ်။ ကိုသွန်းဆစ်ကို တွေ့ချင်နေသည်။ ခင်မင်ရင်းနှီးချင်၏။ မညိုကသွားတဲ့။ မညိုလည်း လိုက်မယ်တဲ့။ ပန်းရိပ် တွန့်နေသည်။ သူမစိတ်ထဲတွင် ကိုသွန်းဆစ်က အထင်သေးမှာ ကြောက်လန့်နေသည်။

"မသွားတော့ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မမလေး အညှဲခံတာပဲ၊ ပတ်ဝန်းကျင်က ကျွန်မတို့ကို ကဲ့ရဲ့နေကြမှာ၊ သူတို့က ပေါ်တင်မဖိတ်တာလေ"

ရိပ်ကတော့ မဖိတ်တာထက် ဒေါ်မိုးတိမ်ပြာအား စိတ်အနှောင့်အယှက်ဖြစ်အောင်ပဲ လုပ်ပစ်ချင်သည်။ ဒက်ဒီက မပတ်သက်ခဲ့တဲ့။ ဒီမြို့ကြီးက လူတွေကို ယောင်လို့တောင် ပြုံးပြနှုတ်ဆက်တာမျိုး မလုပ်ခဲ့တဲ့။ ဒက်ဒီက အလိုလိုက်ထားပေမယ့် သူပြောထားတဲ့စကားကိုတော့ နာခံမှုနှစ်သက်တတ်သည်။

"သွားမယ်ဟာ"

"ကောင်းတယ် ... သွား မမလေး။ သွားလိုက်ရင် ဟိုမိန်းမကြီး အရမ်းကျလိကျလိဖြစ်ပြီး သေမလောက်ဒေါသထွက်မှာ"

ရိပ် လုပ်ပစ်မယ်။ ရှင်ကြီးက ရိပ်ကို ချွေးမတော်ရမှာ မဆီမဆိုင် ကြောက်ရွံ့ထိတ်လန့်နေတာ မဟုတ်လား။ သေလိုက်စမ်း။ သွား မျက်နှာပြောင်တိုက်ပစ်မယ်။ ရိပ် ပြင်ဆင်သည်။

"မမလေး အရမ်းချော့တာပဲ၊ ကောင်းတယ် ... ဒေါ်မိုးတိမ်ပြာ သေပြီပဲ"

ကိုသွန်းဆစ်ရယ် ရိပ်လေ ရှင့်မျက်စိရှေ့ကို အရောက်လာချင်တာပါနော်။ မရတာနာနဲ့ရှင် တွေ့ဆုံနေမှာကို ရိပ် မဆီမဆိုင် မနာလိုဝန်တိုဖြစ်နေတယ်။ မထူးတော့ဘူး။ သူ့သားနဲ့ဘာမှမပတ်သက်ဘဲ အခြောက်တိုက် ချွေးမတော်ဖို့ ကြောက်နေတယ်။ ချွေးမရှာနေပြီတဲ့။ ဣန္ဒြေရှိတဲ့ မိန်းမတစ်ယောက်ကိုပဲ ချွေးမတော်မှာတဲ့။ မုန်းလိုက်တာ။ သူမကိုမဖိတ်တဲ့ ဆွမ်းကျွေးကိုပဲသွားဖို့ ဆုံးဖြတ်ထားသည်။ အရှဲ့တိုက်ပစ်ရမယ်။ ဟုတ်တယ်။ ရိပ်အပေါ် မတရား



www.burmeseclassic.com

www.burmeseclassic.com



အတင်းပြောချင်တဲ့မိန်းမကြီး ရိပ် တမင်မကြိုက်မှန်းသိ၍ မဖိတ်တဲ့ အလှူကို သွားဖြစ်အောင်သွားသည်။

"ဟင် ... ညည်းတို့ ... ညည်းတို့ ဘာလာလုပ်ကြတာလဲ"

တစ်ဖက်ခြံက ချစ်ပန်းရိပ်ဆိုတဲ့ ကောင်မလေးကို တွေ့လိုက်ရသဖြင့် ဒေါ်မိုးတိမ်ပြာ အထိတ်တလန့် ဖြစ်သွားပြီး ဧည့်သည်တွေရှိနေသဖြင့် အပြောရလည်းခက်နေသည်။ ကြည့်ပါဦး ကိုအောင်က လာပါ ... သုံးဆောင်ပါဆိုပြီး တရင်းတနှီး ဆီးကြိုဧည့်ခံနေ၏။ သားကတော့ ငြိမ်နေသည်။

"ကိုအောင် မကြီးမငယ်နဲ့ မဖိတ်ဘဲ အရှဲ့တိုက်ပြီးလာတာ တမင်လာတာ ... ဘာအားနာစရာရှိလဲ ... "

ဒေါ်မိုးတိမ်ပြာ စိတ်ထဲကနေပြောပြီး ဒေါသတွေပေါက်ကွဲနေသည်။ ယောက်ျားကိုလည်း တားဆီး၍မရ။ ရတနာတို့သားအမိကလည်းရှိနေ၍ ဒေါ်မိုးတိမ်ပြာ ဒေါသကို မျိုသိပ်ထားရသည်။ ချစ်ပန်းရိပ် ဝတ်ပုံစားပုံကိုလည်းကြည့် အလှူလာတာတဲ့ ဂျင်းပင်န်နဲ့ စပို့ရှပ်လည်ဟိုက်နဲ့။ အမလေး မောင်းထုတ်ပစ်ချင်တယ်။ မကောင်းလို့။ ရတနာလေးက မိမိကို မိန်းမကြမ်းကြီးဟုလည်း ထင်သွားမှာစိုးရိမ်သည်။ ကောင်မစုတ်လေး မဖိတ်ဘဲနဲ့လာတာ ကြည့်ပါဦး နည်းနည်းလေးမှ အမူအရာမပျက်ဘူး။ ဟိုလူကြီးက ဧည့်ခံနေတယ်။ သိမယ်။ အမလေး ခေါင်းတွေတောင် မူးနောက်လာပြီ။ ညည်းက ကျုပ်ကို စိတ်ဒုက္ခရောက်အောင် လာလုပ်တာ မဟုတ်လား။ မိချစ်ပန်းရိပ် ဒေါ်မိုးတိမ်ပြာ ဒေါသတွေ ပေါက်ကွဲပြီး သားကိုလည်း ကြည့်နေရသည်။ မျက်ခြေပြတ်မခံရဲ။ ညည်းက ကျုပ်သား



www.burmeseclassic.com

www.burmeseclassic.com



ကို လာပြီးဟန်ရေးပြနေတာမဟုတ်လား။ ဒေါသဖြစ်လိုက်တာ။ ဟိုဖက်ခြံကကောင်မလေးကို အမှုန့်ကြိတ်ပစ်ချင်နေ၏။ မသီရိတို့ သားအမိ ရှိနေတော့လည်း ဒေါ်မိုးတိမ်ပြာ ဣန္ဒြေဆည်နေရသည်။

"မမိုး"

"ဟင်"

"ဟိုဟာမလေးကို မဖိတ်ထားဘူးဆို"

"အင်းလေ ... မဖိတ်ထားဘဲနဲ့ မျက်နှာပြောင်တိုက်ပြီး တမင်လာတာ၊ အရှက်မရှိလေ ... "

ဒေါ်သီရိကလည်း မောင်သွန်းဆစ်က ကောင်မလေးဆီပဲ အကြည့်တွေရောက်ရောက်သွားတာ သတိထားမိနေသည်။ သမီး ရတနာနဲ့မှန်းထားတာပါ။ ဒီကောင်မလေးက ပိုလှတော့ ပါသွားမှာ ကြောက်ရ၏။ မောင်သွန်းဆစ်ရဲ့ ဆက်ဆံရေးက သမီးအပေါ် အေး စက်စက်။ အခြေအနေကို စောင့်ကြည့်နေရသည်။

"မမိုးသားအကြည့်က အဲဒီကောင်မလေးဆီပဲ ဝဲနေတာနော် သတိထား"

"ဟင်"

ဒေါ်မိုးတိမ်ပြာအား တမင်စိတ်ပူအောင်ပြောသည်။ ဒေါ်စောသီရိရဲ့ အကြံအစည်က ကွက်တိပဲ။ ဒေါ်မိုးတိမ်ပြာ သား အနားတိုးကပ်သွား၏။ မိမိကလည်း သမီးကို လက်တို့ပြီး မောင် သွန်းဆစ်အနားကပ်ဖို့ ပြောရသည်။

"သမီးရတနာ အခြေအနေအရ ဟိုကောင်မလေး ချစ်ပန်းဓိုင်း တာ လာပြီးမြှုဆွယ်နေပြီထင်တယ်၊ သမီး အပိုင်ကပ်ထားနော်"

"စိတ်ချပါ မာမီရဲ့ ... ဒါပေမယ့် သွန်းဆစ်က ရည်းနည်း



www.burmeseclassic.com

ww.burmeseclassic.com



အိုက်တင်ခံနေတယ်၊ အေးစက်စက်နဲ့ မာနကြီးနဲ့လေ"

"ဘာဖြစ်လဲ … ဒေါ်မိုးတိမ်ပြာကိုယ်တိုင်က သမီးကို ချွေးမ တော်ချင်နေတာပါ၊ ဒီတစ်ခါတော့ အပိုင်ရိုက်ရမယ်ဟေ့"

"ဟွန်း"

ရတနာလည်း နည်းနည်းလေးမှ မကျေနပ်မိ။ သွန်းဆစ် အကြည့်တွေက ဟိုကောင်မလေးဘက် မသိမသာရောက်ရောက် သွားတာ သူမ သတိထားမိနေသည်။ အလစ်တော့ ပေးလို့မရဘူး။ သွန်းဆစ် အနားကပ်ထားမှ။ ချစ်ပန်းရိပ်တို့ကို အန်တီမိုးက ဆွမ်း ကျွေးမဖိတ်ပေ။ အရှက်မရှိလာတယ်။ ဒီကောင်မလေး အချွဲတိုက် တာ ဖြစ်နိုင်သည်။

"သွန်းဆစ်"

"ဟင်"

"ထမင်းစားကြရအောင်၊ ရတနာနဲ့အတူတူ စားမယ်လေ၊ အန်တီ့ကို ဝိုင်းကူညီနေရတာနဲ့ ထမင်းတောင်မစားရသေးဘူး၊ သွန်းဆစ်လည်း မစားရသေးဘူးမဟုတ်လား"

"ကိုယ် ဒီပေါက်မကြိုက်ဘူး ရတနာ၊ မင်းပဲစားပါ"

ရတနာက သူ့အနားကပ်လာတာပင် သွန်းဆစ် စိုးရိမ်ထိတ် လန့်တုန်လှုပ်နေသည်။ ချစ်ပန်းရိပ် အထင်လွဲသွားမှာ ကြောက်နေ၏။ ဒီကောင်မလေး အလှူကိုမဖိတ်ဘဲ လာတယ်။ တမင် မေမေ့ကို လာရွဲ့ပြတာပါ။ သွန်းဆစ်လည်း အားနာမိနေသည်။ ချစ်ပန်းရိပ်တို့ ဘက်က ကြည့်တော့လည်း ဘာမှမလုပ်ရသေးဘဲနှင့် မေမေ့ဘာ အမုန်းကြီးမုန်းပြီး အဖက်မတန်သလို လုပ်ပြတော့ ဒေါသဖြစ်နေမှာ ပဲလေ။ သူရယ်ချင်သည်။ ဟော့ရှော့တွေဝတ်ပြီး ဆွမ်းကျွေးကိုလာ



www.burmeseclassic.com

www.burmeseclassic.com



ဘာ မေမေ့ကို စိတ်ကသိကအောက်ဖြစ်အောင် လာလုပ်တာပဲ။ ချစ်ပန်းရိပ် လုပ်ရပ်အတွက် သွန်းဆစ် စိတ်မဆိုးပေ။ သူ့အကြည့်တွေနှင့် ဆုံသွားတဲ့ ချစ်ပန်းရိပ်ရဲ့ မျက်ဝန်းလေးတွေက အပြစ်ကင်းမဲ့ ပြုံးလက်နေသည်။ မေမေသိရင်တော့ မလွယ်ဘူး။ ဖေဖေကလည်း အားနာ၍ ငြိမ်ခံနေ၏။ သွန်းဆစ် ခပ်ရှောင်ရှောင်နေရပေမယ့် မေမေနှင့်ချစ်ပန်းရိပ် ပြဿနာဖြစ်မှာရော။ သွန်းဆစ်နှင့်ရတနာ့ကို အစ်မျိုးထင်သွားမှာကိုရော စိတ်ပူပြီး စောင့်ကြည့်နေမိသည်။

"သွန်းဆစ် ဘာတွေစဉ်းစားနေတာလဲ၊ ဟိုဖက်ခြံက ကောင်မလေး ချစ်ပန်းရိပ်ဆီကိုပဲ ရှင့်အကြည့်တွေက ရောက်ရောက်နေတယ်နော်"

"မဟုတ်ပါဘူး ရတနာ၊ ကိုယ်က ပြဿနာတက်မှာစိုးလို့ စိတ်ပူတာပါ၊ ရှက်စရာကောင်းတယ် ရတနာ၊ မင်းလည်း မေမေ့ကို ထိန်းပေးပါ"

"ရတနာ့မာမီ ထိန်းနေရတာလေ ... ဒီကောင်မလေးကိုက အရှက်မရှိလာရဲတာလေ၊ အန်တီ စိတ်အနှောင့်အယှက်ဖြစ်အောင် လာရွဲ့ပြတာ"

"ကိုယ်ကတော့ ပတ်ဝန်းကျင်နဲ့ ပြဿနာမဖြစ်စေချင်တာပါ ထိန်းထားပေးပါ"

"အကူအညီတောင်းတာလား သွန်းဆစ်"

"ကိုယ်က ပြဿနာတွေ မဖြစ်စေချင်တာပါ"

"ထားပေးမယ်လေ၊ ရတနာနဲ့အတူတူ လာစားပါ၊ ရတနာ့မာမီကို ထိန်းပေးထားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပန်းရိပ်ရာ မင်းဘာဖြစ်လို့လာရတာလဲကွာ။ ပြောစမ်းပါ။ ကိုယ့်ရင်ထဲမှာ စိုးရိမ်ပူပင်မှုတွေနဲ့ နာကျင်နေရတာကွ။ သူ ရတနာ့အနားမှာထိုင်ပြီး ထမင်းလက်ဆုံစားရသည်။ လုံးဝမကြိုက်တဲ့ အစားအစာတစ်ခုအား ချစ်ပန်းရိပ်အား ကာကွယ်စောင့်ရှောက်ဖို့အတွက် စားရသည်။ အဲဒါတွေကိုလည်း မင်းလေးသိရဲ့လား ချစ်ပန်းရိပ်။ မေမေ့ကိုတော့ ဒေါ်စောသီရိက ဘုရားခန်းဆီ ခေါ်သွားသည်။ မေမေမရှိတုန်း ချစ်ပန်းရိပ်အနား ကပ်သွားချင်ပေမယ့် ရတနာက ရှိနေသေး၏။ ကံကောင်းချင်တော့ သူ့ဆီဖုန်းဆက်သဖြင့် ခြံထဲအထိ ထွက်ဖုန်းပြောသည်။ ခဏကြာတော့ ချစ်ပန်းရိပ်တို့ ထွက်လာကြ၏။ သွန်းဆစ်ဖုန်းကို ပိတ်ပစ်လိုက်သည်။

"ချစ်ပန်းရိပ်"

"ဘာလဲ"

"မင်းကို တောင်းပန်ချင်လို့ပါ"

"မလိုပါဘူး"

"ကိုယ့်မေမေ အပြုအမူအတွက် ကိုယ့်ဖေဖေလည်း အရမ်းအားနာနေပါတယ်၊ မေမေက ဒီလိုပဲ ချစ်ပန်းရိပ် ... ကောင်မလေးချောချောလေးတွေဆိုရင် ရန်သူလို့ထင်ထားတာလေ"

"ဒါဆို မရတနာကျတော့ရော"

"ရတနာက ချောမှမချောတာပဲ"

"ဘာပြောတယ်"

"ကိုယ်ကတော့ မင်းလောက်မချောဘူးထင်တယ်"

သူမစိတ်ကောက်ပြီး ထွက်လာတာပါ။ ကိုသွန်းဆစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောနှောတို့ ထမင်းလက်ဆုံစားနေတာ ရိပ် တော်တော်လေးအမြင် ကတ်နေသည်။ ဘာဖြစ်မှန်းမသိ ရိပ် စိတ်ကောက်ချင်လာ၏။ အမြဲမိုးတိမ်ပြာ ဘယ်လောက် ကြိတ်မနိုင်ခဲမရနှင့် ဒေါသတွေထွက် နေလဲဆိုတာ ရိပ်တို့သိသည်။

"တောင်းပန်ပါတယ်နော် ချစ်ပန်းရိပ် ... ကိုယ်နဲ့ဖေဖေက တော်ဝန်းကျင်နဲ့ ပဋိပက္ခတွေ မဖြစ်ချင်ပါဘူး၊ မိတ်ဆွေတွေပဲဖြစ်ချင် ကြတာပါ"

"ဒီမှာ"

"ပြောပါ"

"ရှင့်အမေက အမိပွားယ်မရှိ ရိပ်တို့ခြံကို အမြင်ကတ်နေတယ် သေး၊ ရိပ်တို့က ဘာလုပ်လို့လဲ ... ပြောစမ်းပါဦး ..."

"ဟုတ်ပါတယ်၊ ကိုယ်လည်း ချစ်ပန်းရိပ်တို့ခြံကလူတွေ အဖြစ်မရှိလို့ တောင်းပန်ချင်တာပါ"

မေမေ ထွက်လာမှာလည်း လန့်နေရသေးသည်။ တိုက်ထဲ ကိုကြည့်ရင်း ပြောစရာရှိတာတွေ ခပ်မြန်မြန်လေးပြောရ၏။ ချစ် ပန်းရိပ် နှုတ်ခမ်းလေးက စူတင်းတင်းလေး မျက်ဝန်းလေးက ရှန်း သက်တောက်ပနေသည်။ မင်းက စွဲဆောင်မှုရှိတယ် ချစ်ပန်းရိပ်။ ကိုယ့်ရင်ကို လှုပ်ခတ်စေသူပါ။ သွန်းဆစ်က ချစ်ပန်းရိပ်ကို အလှဆုံး ပဲဟု ပြောလိုက်တော့ ကောင်မလေးမျက်နှာလေး ဝင်းတောက် သွားသည်။ ချစ်ပန်းရိပ် ကျေနပ်သွားတော့လည်း သွန်းဆစ် စိတ် ပျော်သည်။

"သွန်းဆစ်ရေ ဖုန်းပြောတာကြာလိုက်တာ၊ ဒီမှာ အန်တီမိုး စေးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရတနာထွက်ခေါ်၍ သွန်းဆစ် ဝင်မည်လုပ်တော့ ချစ်ပန်းရိပ်က ရှေ့မှကာထားသည်။

"နေပါဦး"

"သွားတော့မယ်နော်"

"နေဦး"

"ဘာပြောစရာရှိသေးလို့လဲ ချစ်ပန်းရိပ်"

"မရှိဘူး"

"ဒါဆို"

"မရတနာက အကျော်ကြီးနဲ့လာခေါ်တာလေ၊ ဗိုင်သလို နိုင်သလိုနဲ့ ရိပ်နဲ့ ဆယ်မိနစ်လောက် စကားပြောပြီးမှ သွားရမယ်"

"ဒုက္ခပါပဲကွာ"

"ဘာလဲ မပြောရဲဘူးလား၊ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ ... ရှင်နဲ့ပြဿနာဖြစ်ထားဖူးလို့လား၊ ကျွန်မက မိကောင်းဖခင်သားသမီးပါ၊ ရှင်တို့ဆက်ဆံပုံက ကျွန်မကို စော်ကားနေလို့ တင်မရှဲ့ပြတာ၊ ထပ်ပြီး မတူမတန်သလို ဆက်ဆံရင် ပြဿနာတွေက ကြီးကျယ်လောင်မြိုက်သွားနိုင်တယ်နော်"

သွန်းဆစ် မသွားရဲတော့။ ချစ်ပန်းရိပ် စိတ်ကောက်မှာကို သွန်းဆစ် ကြောက်နေသည်။ ရတနာခေါ်နေတာကို ဥပေက္ခာပြုထားပြီး ချစ်ပန်းရိပ်နှင့် စကားပြောရ၏။ သွားမယ်ဆိုပြီး ဆတ်ခနဲ လှည့်ထွက်ပျောက်ကွယ်သွားမှ သွန်းဆစ်အသက်ရှူမှန်ပြီး တိုက်ထဲ ပြန်ဝင်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

"တော်တော်မျက်နှာပြောင်လိုက်တဲ့ဟာတွေ၊ ကြည့်စမ်း အရှက်မရှိလာရဲတယ် ... သင်းအဖေကလည်း လူရှုပ်လူပွေပဲ ... အခေါ်ကတော့ ပြောမနေနဲ့တော့၊ နန့်လိုက်တာ အရှယ်နဲ့မလိုက်"

ဦးစိုးအောင်ကတော့ မဆီမဆိုင် ပတ်ဝန်းကျင်ကလူတွေကို ပတ်ခတ်ပြောဆိုနေတာ မကြိုက်ပေ။ တစ်ဖက်ခြံကလူတွေရဲ့ ခံစား ချက်ကိုလည်း ကိုယ်ချင်းစာနာသင့်သည်။ စတွေ့ထဲက ရန်သူလို ဆက်ဆံလိုက်တာက မိမိဇနီး မိုးတိမ်ပြာပဲ။ မိမိ အားနာနေသည်။ လူမှုရေးနားမလည်ရာလည်း ရောက်၏။ ရှက်စရာပါ။ ဒေါ်မိုးတိမ် ပြာ ပြောနေတာတွေကို နားမခံသာအောင် ဖြစ်နေသည်။

"ဒီမှာကိုအောင် ရှင်ကရော ဘာဖြစ်လို့ ဒီဟာမတွေကို ငေးကြည့်နေတာလဲ၊ မသိချင်ယောင်ဆောင်နေလိုက်ရင် ဒီဟာမတွေကျွတ် သွားမှာ"

"တော်ပါတော့ မိုးရာ၊ လူမှုရေးရှိသေးတယ်ကွ၊ ပတ်ဝန်း ကျင်ဆိုတာ သင့်မြတ်အောင်နေရတယ် ... သူတို့က ဘာလုပ်လေး



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ"

"ရှင် ဘာစကားပြောလိုက်တာလဲ၊ ကျွန်မတို့သားအတွက် ဒီဟာမတွေနဲ့ ကင်းကင်းပြတ်ပြတ် နေကြရမှာလေ"

"တော်စမ်းပါကွာ"

"ကိုအောင်နော်"

ကိုအောင်က မိမိအနားကနေ ရှောင်ထွက်သွားသဖြင့် ဒေါ်သပိုဖြစ်ကာ အော်ဟစ်ပစ်သည်။ စာဖတ်ခန်းထဲအထိ လိုက်သွားတော့ ဦးစိုးအောင်က တံခါးပိတ်ပစ်၏။ ဒေါ်မိုးတိမ်ပြာ ဝုန်းဒိုင်းကြဲ အော်ဟစ်နေသည်။

"တော်ပါတော့ မေမေ ... ပတ်ဝန်းကျင်က ကြားသွားရင် မကောင်းပါဘူး"

"ဘာ ... မင်း ... မင်းကရော ခြံထဲအထိသွားပြီး အဲဒီဆက် စလူးမလေးကို စကားသွားပြောရတာလဲ"

"မဟုတ်ပါဘူး မေမေ ... သွန်းဆစ်နဲ့ဆုံမိသွားလို့ပါ၊ ခြံထဲမှာ ဖုန်းထွက်ပြောရင်းပါ"

"တော်စမ်း မင်းကို သတိပေးထားမယ်နော် ... အဲဒီကောင်မလေးနဲ့ ပတ်သက်တာနဲ့ မင်း ပြဿနာတက်ပြီသာမှတ်တော့၊ မေမေနဲ့ လာယှဉ်ပြိုင်ရင် ဘယ်လိုဟာမျိုးနဲ့ အနိုင်ရမယ်မထင်နဲ့ နော် အရှက်ကွဲသွားမယ်"

သားရော ခင်ပွန်းရော ဟိုဖက်ခြံကဟာတွေထိလျှင် နားနေ၍ ဒေါ်မိုးတိမ်ပြာ ဒေါသပိုဖြစ်ရသည်။ ကိုအောင်က မိမိဆန္ဒကို ပယ်ရှားဝံ့တာမဟုတ်။ မပြောချင်လျှင် တစ်ပတ်ရှောက်အထဲ



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးပိတ်ပြီး နေထိုင်တတ်၏။ အငြိမ်းစားယူပြီးထဲက မိမိကို ရှောင်နေတတ်သည်။

"ဒီမှာ သားငယ်"

"ပြောပါ မေမေ"

"မင်းအဖေကတော့ သားတွေဘာပဲဖြစ်ဖြစ် တာဝန်ယူတတ်တာမဟုတ်ဘူး၊ မေမေပဲ အားလုံးစီမံခန့်ခွဲနေရတာလေ၊ မေမေက သားတို့ရှေ့ရေးအတွက် တာဝန်ယူစီမံနေရတာ"

"သားကတော့ ကိုယ်လက်ထပ်မယ့် မိန်းကလေးက ကိုယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးမဟုတ်ရင်တော့ လက်မထပ်ချင်ဘူး မေမေ၊ ဘယ်မိန်းကလေးကိုမှလည်း မေမေသဘောမတူရင် လက်မထပ်ပါဘူး"

"မင်း ... ရတနာ့ကို လက်ထပ်ရမယ်၊ မေမေရှာနေတဲ့ချွေးမချောပဲလေ၊ သားကြီးမိန်းမထက်သာတယ် သားငယ်၊ မေမေ မကြာခင် လူကြီးချင်းတွေ စကားပြောဆိုပြီး စေ့စပ်မယ်"

"သွန်းဆစ် လက်မခံနိုင်သေးဘူး မေမေ ... ရတနာ့ကို ချစ်လို့မရသေးဘူး"

"ဘာပြောတယ် သွန်းဆစ်"

"သားမိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့ ခံစားလို့မရသေးဘူး မေမေ၊ မစေ့စပ်ပါနဲ့ဦး ... အရေးတကြီး လက်ထပ်စရာမှ မလိုတာဘဲ၊ ရတနာ့ကို သားမချစ်ဘူး"

"မင်း ... မင်း အမလေး ရတနာ့လို အစစအရာရာပြည့်စုံပြီး ကျက်သရေရှိတဲ့သူလေးကိုမှ မချစ်ရင် မင်းက ဘယ်လိုမိန်းမမျိုး



www.burmeseclassic.com

ww.burmeseclassic.com



ကိုမှ ချစ်မှာလဲ"

"သားကို ဇွေစပ်တာတွေဘာတွေ မလုပ်ပါနဲ့၊ သားခေါင်းထဲမှာ မရှိဘူး၊ စီးပွားရေးကိစ္စတွေပဲရှိပါတယ် ... ဖေဖေက အနားယူသင့်ပါပြီ"

"သွန်းဆစ် မင်းဆင်ခြေပေးလို့မရဘူးနော်၊ မေမေ ကြိုက်တာပဲလုပ်မှာ၊ အိမ်ထောင်ရေးတော့ မေမေကြိုက်တာပဲလုပ်မယ် မရဘူး ... မင်းသဘောကို မေမေက လက်ခံမယ်မထင်နဲ့၊ မင်း ဆန့်ကျင်ဖို့လည်း မကြိုးစားနဲ့နော်"

ဒေါ်မိုးတိမ်ပြာ ပြတ်ပြတ်သားသားပြောပြီး သားငယ်သွန်းဆစ်အနားကနေ ထွက်လာသည်။ ဒေါသဖြစ်လိုက်တာ။ သားငယ်က အိမ်ထောင်ရေးမှာတော့ မိမိသဘောထားကို လက်မခံလိုဘဲ ဆန့်ကျင်နေတတ်၏။ ပိုပြီးစိတ်ပူရတာပါ။ သားကြီးလို မဟုတ်ဘူး မဖြစ်ဘူး။ ရတနာနဲ့ အမြန်နီးစပ်အောင် စီစဉ်ရမယ်။ မိမိအိပ်ခန်းထဲ ရောက်တော့ ဒေါ်စောသီရိဆီ ဖုန်းဆက်သည်။

"သီရိ လာခဲ့ပါဦး၊ ဒီမှာ မမိုးစိတ်ပူပြီး အသည်းနှလုံးတွေ မီးလောင်ပြာကျတော့မယ်လေ"

"ဟင် ... ဘာဖြစ်လို့လဲ မမိုး၊ အလှူပြီးသွားတော့ မမိုးကို အနားယူပါစေလို့ သီရိမလာဘဲနေတာပါ"

"လာခဲ့ပါဦး တိုင်ပင်စရာရှိလို့လေ"

"ဟုတ်ကဲ့ ... လာခဲ့ပါ့မယ်၊ ဒီမှာလည်း စိန်နားကပ်တစ်စုံ ဖြစ်ဖို့လေ၊ သိန်းငါးဆယ်လောက်တန်တယ်၊ ဝယ်လက်ကိုသွားပြရအောင် မမိုးရော ကြည့်မလား"

"ဟင့်အင်း ... သွားပြစရာရှိရင်လည်း သွားပြလေ၊ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးပါတယ်၊ မမိုးက သားရေးသမီးရေးပါ"

"ဟုတ်ကဲ့ ... ညနေကျရင် လာခဲ့မယ်နော်၊ သီရိလည်း ကိုယ်ချင်းစာပါတယ်၊ သမီးလေးမွေးထားတော့ ရင်အုပ်မကွာ စောင့်ရှောက်နေရလို့ပါ"

"သီရိရယ် ဆက်ဆက်လာနော်၊ ပြောစရာတွေအများကြီးရှိလို့ပါ"

"ဟုတ်ကဲ့"

ဒေါ်စောသီရိ ဖုန်းပိတ်ပြီး ဒေါ်မိုးတိမ်ပြာကတော့ သမီးကို ချွေးမတော်ချင်နေပြီဟုပြောတော့ ရတနာ နှုတ်ခမ်းတွေက တွန့်မဲ့မဲ့ ဖြစ်သွားသည်။

"မာမီ့လူက မစွံဘူးထင်တယ်နော်၊ သိပ်လည်းချမ်းသာပုံ မရပါဘူး"

"ရတနာရယ် လောလောဆယ် တွေ့တာပဲချိတ်ထားရမယ် လေ၊ သူတို့က အနေသိုသိပ်လို့ပါ၊ ဒေါ်မိုးတိမ်ပြာက နေတတ်တာပဲ ထင်တယ်"

"ဆွမ်းကျွေးမှာ အနံ့တီမိုးဝတ်ထားတဲ့ လက်ဝတ်ရတနာ တွေက မက်မောလောက်စရာတော့ မရှိဘူးနော်၊ ပုံတုံးတုံးတွေပဲ၊ စိန်နားကပ်က အနည်းဆုံးပဲ"

ရတနာ ရှုံ့မဲ့ရွဲ့ပြီး ဝေဖန်ကဲ့ရဲ့နေသည်။ မမိုက်ပါဘူး။ အဘွားကြီးမှာ ဘာရှိလို့လဲ။ စိန်တွေက အဖိုးမတန်ပေ။ ရတနာက သွန်းဆစ်ကိုတော့ ကြိုက်တယ်။ ယောက်ျားပီသပြီး ချောတယ်။ နည်းနည်းလေးပုံတုံးနေတာ။ ဒေါ်မိုးတိမ်ပြာကြောင့်ပဲ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မိုးတိမ်ပြာကို ယောက္ခမတော်ရမှာပဲ ခပ်ကြောက်ကြောက်ပဲမာမီ၊ အရမ်းစီးပိုးမယ့်ပုံ"

"ချွေးမစီးစီးပိုးပိုး မိန်းမလည်သိန်းကြွယ်နဲ့ မတွေ့သေးလို့ပါ ရတနာလေးရာ၊ မာမီတို့လို ခမည်းတော် ရတနာလေးတို့လို ချွေးမ ထက်ထက်မြက်မြက်တွေနဲ့ တွေ့ကြည့်ပါလား"

"ဟုတ်တယ်နော်၊ ဟား ... ဟား ... ဟား"

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း"

မာမီရော ရတနာရော သဘောကျစွာ ရယ်မောသည်။ ဒေါ်မိုးတိမ်ပြာက ချွေးမကို ချုပ်ကိုင်တတ်တဲ့ယောက္ခမတဲ့။ အိမ်ဖော်အချင်းချင်း ပြောပြလို့သိရတာပါ။ ချွေးမကြီးကို အရမ်းအနိုင်ကျင့်ပြီး နှိမ်ထားတာတဲ့။ ရတနာ့ကို အဲဒီလိုလာလုပ်လို့ကတော့ သေပြီသာမှတ်။ ဒါပေမယ့် ဆွမ်းကျွေးမှာ အဘွားကြီးဝတ်ထားတဲ့ လက်ဝတ်ရတနာက မက်လောက်စရာပင် မရှိ။ ဘာလုပ်ရမှာလဲ။ သားကြီးကောင်းကင်မိုးတော့ ရောက်မလာဘူးတဲ့။ ကုမ္ပဏီကိစ္စတွေကြောင့်တဲ့။ ရတနာ နည်းနည်းလေး စိတ်ဓာတ်ကျနေသည်။

"မာမီသွားမယ်နော်၊ ဒီနေ့ ပိုင်းကောင်းမှာ ... ဒေါ်မိုးတိမ်ပြာကလည်း မာမီတို့ကို အထင်ကြီးနေတာ၊ စိန်ကုန်သည်ထင်နေတယ်လေ"

"တကယ်တော့ မာမီ ဟိုဖက်ခြံက ဦးမောင်မောင်ချစ်တို့ကမှ ချမ်းသာတာ၊ သမီးသတင်းကြားရသလောက် ဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝကြတာတဲ့၊ သွန်းဆစ်ကို အမိဖမ်းမယ့်အစား ဦးမောင်မောင်ချစ်ကို ကပ်တာကမှ တော်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မာမီလည်းစိတ်ဝင်စားတယ်"

ဦးမောင်မောင်ချစ်သတင်းကတော့ မွှေးပျံ့နေသည်။ ချမ်းသာကြွယ်ဝလွန်းလို့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာပါ။ သမီးအတွက် နောက်ထပ် မိန်းမတစ်ယောက်ကို လက်ထပ်ယူဖို့ စိတ်ကူးထဲမှာတောင်မရှိတဲ့ အဘိုးကြီးပဲ။ ရတနာတို့မှာလည်း ဒီကို ပြောင်းလာတာ မကြာသေးပေ။ ဒေါ်မိုးတိမ်ပြာတို့နဲ့ သုံးလလောက် ပဲကျွမည်။ အကြွေးတွေ ပတ်ချာဝိုင်းနေသဖြင့် လူအထင်မသေးစေရန် အိုက်တင်အပြည့်နဲ့နေတာပါ။ မာမီ ထွက်သွားသည်။ ရတနာ ဖျင်းလာ၍ သွန်းဆစ်ဆီ ဖုန်းဆက်လိုက်၏။ ယောကျာ်းပီသပြီး အရပ်မြင့်မြင့်မားမား တောင့်ဖြောင့်တဲ့ သွန်းဆစ်ကိုတော့ နှလုံးသားမှာ နေရာပေးချင်သည်။

"သွန်းဆစ်"

"မရတနာလား"

"ဟာကွာ ... ရတနာလို့ပဲ ခေါ်စမ်းပါ၊ မရတနာဆိုတာ အရမ်းကြီး ရှိသေလွန်းနေပြီထင်တယ်နော်"

ရတနာအသံ ခပ်ညုညုကို သွန်းဆစ် ကြားလိုက်ရသဖြင့် စိတ်ပျက်သည်။ မေမေ ရွေးချယ်ထားတဲ့ ချွေးမကို သွန်းဆစ် ဘာဖြစ်လို့များ မနှစ်သက်ရတာလဲ။ ပတ်သက်ဆက်ဆံရမှာပင် စိတ်ကလေးလံနေ၏။ မေမေ့ကြောင့်တော့ မလွှဲမရှောင်သာ ပြောဆိုရမည် ဖြစ်သည်။

"အင်း ... ရတနာ ပြောပါ"

"အခု သွန်းဆစ် ဘာလုပ်နေလဲ"

"ကိုယ်စာဖတ်နေတယ်၊ အလုပ်ကိစ္စအတွက်ပါ၊ အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



လို့"

"ဒီနေ့ ပိတ်ရက်မဟုတ်လား သွန်းဆစ်ရယ်၊ အခု ရတနာပျင်းလို့ လာခဲ့ပါလား"

"ကိုယ် မအားသေးဘူး ရတနာ၊ အလုပ်ကိစ္စအရေးတကြီး ရှိနေလို့ပါ"

"မရဘူးကွာ၊ လာခဲ့ ... အန်တီမိုးဆီ ဖုန်းဆက်ပြီးခေါ်ရမလား"

"ရတနာ"

"လာခဲ့ပါ၊ ရတနာလည်း အလုပ်ကိစ္စတွေရှိနေတာပါပဲနော်၊ အခု သွန်းဆစ်ကို သတိရနေလို့ပါ"

ရတနာ့ဆီမသွားရင်လည်း မေမေနှင့်ပြဿနာတက်နိုင်သည်။ စောစောကတောင် သူက အိမ်ထောင်ပြုဖို့ကိစ္စ ငြင်းပယ်လိုက်လို့ ဒေါသထွက်ပြီး ဖေဖေ့ကို မဲနေ၏။ စိတ်ပျက်စရာပဲ။ ပြီးတော့ မမစက်ကို မဲတော့မည်။ သွန်းဆစ် လာခဲ့မည်ဟုပဲ ပြောလိုက်သည်။

"လာမယ်ကွာ၊ ဒါပေမယ့် မင်းတို့အိမ်မှာက လူကြီးတွေ မရှိဘူးထင်တယ်၊ လာလို့သင့်တော်ပါ့မလား"

"အလုပ်သမားကောင်မလေးတွေ ရှိပါတယ် ... ရှင်က ယောက်ျားလေးပဲ သွန်းဆစ်၊ ကြီးကြီးကျယ်ကျယ်နဲ့"

"မဟုတ်ပါဘူး၊ ပတ်ဝန်းကျင်အမြင်မှာ တစ်မျိုးထင်နေမယ်လေ"

"ချစ်ပန်းရိပ်ကြောင့်လား"

"မင်းက ဣန္ဒြေသိက္ခာကြီးမားတဲ့ မိန်းကလေးလေ ရတနာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက်ပါ”

“သွန်းဆစ်ကြောင့် ရတနာ အရှက်သိက္ခာတွေတောင် မေ့ချင်သွားပြီထင်တာပဲ သွန်းဆစ်ရယ်”

သွန်းဆစ်အသံက အေးစက်စက်။ ရတနာ နည်းနည်းလေး အိုက်တင်ပြန်ခံထားမှဖြစ်မည်။ ရတနာက အပျင်းပြေလောက်ပဲ သွန်းဆစ်နဲ့စကားပြောချင်တာပါ။ ငွေကြေးအရတော့ ရတနာမက် လောက်တဲ့အထိ ရှိမနေဘူးဟုထင်သည်။ စကားနိုက်ကြည့်ရဦးမည်။ ပတ်ဝန်းကျင်မှာ ယောကျ်ားလေးက ရတနာ့ဆီပဲ လာရောက်ပိုး ပန်းရသည်ဟု သတင်းပို့စေချင်လို့ သွန်းဆစ်အား ခေါ်လိုက်ခြင်း ပင်။ ပြီးတော့လည်း ဆွမ်းကျွေးမှာ ဟိုကောင်မလေး ချစ်ပန်းရိုဝ် ကြောသွားတာ ရတတနာသိထား၏။

သွန်းဆစ်က သူမထံ အစစားဝင်ရကြောင်း ချစ်ပန်းရိုဝ် သိရှိ နားလည်ထားစေရန် ခေါ်လိုက်ခြင်းလည်းဖြစ်သည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၁၂ )

"မမလေး တွေ့လား၊ ဒီမှာလာကြည့်ပါဦး ကိုသွန်းဆစ်ဆိုတဲ့ လူ မရတနာတို့ခြံထဲ ဝင်သွားတယ်လေ"

"ဟင် ... ဟုတ်လား"

"လာကြည့်"

မညိုက ဈေးကပြန်လာပြီး ခြံဝကနေ ရိပ်အား အပြူးအပြဲ လှမ်းခေါ်နေသည်။ ခြံထဲမှာ လေ့ကျင့်ခန်းလုပ်နေတဲ့ ရိပ် ပြေးထွက် လာပြီးကြည့်တော့ ကိုသွန်းဆစ်ဝင်သွားတာ တွေ့လိုက်၏။ မကျေ မနပ်ဖြစ်သွားရပြီး ခံပြင်းဒေါသတွေ ဝုန်းခနဲ ရောက်ရှိလာသည်။

"ပြောတော့ မရတနာက ချစ်ပန်းရိပ်လောက်တောင် မလှ ဘူးပြောပြီး ကြည့်စမ်း၊ သူက သွားငမ်းနေတယ်၊ အလကား လူကြီး"

ဆွမ်းကျွေးက ပြန်လာတုန်းကတော့ ခြံထဲမှာ ရတနာက မင်းလောက်မလှပါဘူး ချစ်ပန်းရိပ်တဲ့။ ဒီက အဟုတ်မှတ်နေတာ။ ပီတိတွေဖြစ်လို့တောင် မဆုံးသေးပေ။ အခုတော့ မရတနာတို့ခြံထဲ ဝင်သွားသည်။ ဒေါ်စောသီရိ ထွက်သွားတာ ရိပ် မြင်လိုက်တာပဲ။ အိမ်ကြီးထဲမှာ မရတနာပဲရှိတာပါ။ ရှင် အဲဒါကိုသိလို့ သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ အခွင့်အရေးသမားပဲ။ မရတနာက မာနကြီး၍ ဘယ်တော့မှ ယောက်ျားလေးတစ်ယောက်အိမ်ကို အလွယ်တကူသွားမှာမဟုတ်။ အပြောကြီးတဲ့လူကြီး။ ရိပ် ခြံထဲ ပြန်ဝင်လာသည်။

"မမလေး"

"ဘာလဲဟ"

"ကိုသွန်းဆစ်ကို မမလေး ချစ်နေပြီလား"

"ဘာ"

"လန့်လိုက်တာ မမလေးရယ်၊ သူတို့ဟာသူတို့ ရွှေလမ်းငွေလမ်းဖောက်နေတာ မမလေးက မဆီမဆိုင် ဒေါသတွေဖြစ်နေလို့ပါ"

"ဘာကြိုက်ရမှာလဲ ဝေးသေးတယ်၊ သူ့ထက်သာတာတွေ ငါ့ဆီမှာ တစ်ပုံတစ်ပင်ကြီး၊ ဒါပေမယ့် သူ့အမေက ဟိုမိန်းမကိုမှ ချွေးမတော်ချင်နေတာလေ၊ ဘယ်လောက်ခံပြင်းရလဲ"

အမှန်အတိုင်း ဝန်ခံရရင်တော့ ကိုသွန်းဆစ်ကို ချစ်နေသည်။ ရိပ် နှလုံးသားတွေထဲမှာ သူ့ကို ဘယ်လောက်အထိတောင် ချစ်မြတ်နိုးပြီး သံယောဇဉ်တွယ်နေရလဲဆိုတာ ရိပ်အသိဆုံးပါပဲ။ ဒါပေမယ့်လည်း ဒေါ်မိုးတိမ်ပြာဆိုတဲ့ ကိုသွန်းဆစ်အမေက ချွေးမဇီဇာကြောင်လွန်းသူတဲ့။ ရိပ်ကိုဆိုရင် လုံးဝငြင်းပယ်ပစ်နေသည်။ ဘယ်လိုလုပ်မလဲ။ ဒက်ဒီကိုယ်တိုင်ကတောင် ဟိုဖက်ခြံကလူတွေအပေါ် ဒေါသတကြီး မုန်းတီးနေ၏။ အန်ကယ်ဦးစိုးအောင်တစ်ယောက်ပဲ သဘောထားပြည့်ဝပြီး လူမှုရေးနားလည်သည်။

"သူတို့က ဟိုဖက်ခြံတော့ အဆက်အဆံလုပ်ပြီး ငါ့ကိုတော့ လုံးဝအဖက်မတန်သလို ကင်းကင်းနေတာ ငါဘယ်လောက်သိက္ခာကျလဲ မညိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"မမလေး"

"ပြော"

"ဒီတစ်ပတ် တနင်္ဂနွေနေ့မှာ အန်တီမရဲ့မွေးနေ့ပါတီ ရှိတယ်လေ"

"အင်း"

"ဖိတ်စာဖိတ်ရင် သူတို့ခြံကို လက်စားပြန်ချေရမယ်"

ရိပ်ကတော့ ဒေါ်မိုးတိမ်ပြာအား လက်စားချေဖို့ထက် ကိုသွန်းဆစ်အား မရတနာအနားကနေ ပြန်၍ဆွဲခေါ်ပစ်ချင်နေသည်။ သူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီလားဟင်။ ဘာတွေလုပ်နေကြလဲသိချင်လိုက်တာနော်။ ရိပ် ခြေကုန်လက်ပန်းပင်ကျနေသည်။

"အလကားဟာတွေပါ မမလေးရာ၊ ဘာအထင်ကြီးစရာရှိလို့လဲ၊ ဟိုအဘွားကြီး အနံကြီးကွင်းကျယ်လုပ်နေတာ၊ ဝတ်ထားတာတွေက အစုတ်အနုတ်တွေလေ၊ မညီုတောင်သိတယ်၊ မမလေး ဝတ်ထားတဲ့ စိန်တွေနဲ့ တန်ဖိုးချင်းအရမ်းကွာတယ်"

ဟုတ်တော့ဟုတ်သည်။ ဒေါ်မိုးတိမ်ပြာတို့က ခြစ်ခြစ်ကုတ်ကုတ်နှင့် ချွေတာစုဆောင်းထားကြရပုံပင်။ ရိပ်တို့နှင့်စာလျှင် အလယ်အလတ်တန်းစားလောက်ပဲရှိသည်။ ကိုသွန်းဆစ်ကတော့ အရမ်းချောတယ်။ ရိပ်အား အရေးတယူ တောင်းပန်စကားပြောနေ၍ စိတ်ပြေသွားရတာ။ သူက ဟန်ဆောင်ပြောခဲ့တာပဲ။ သူကြိုက်နေတာ မရတနာပဲ။ ရိပ် နှမြောတွန့်တိုနေကာ ဒေါသတွေလည်းဖြစ်နေသည်။

"အထဲဝင်ကြရအောင် မမလေး၊ ပုံတုံး ပုံတုံးလေးပဲ ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြပါစေလေ၊ မညိုတို့ မမလေးနဲ့တောင် မတန်ဘူး၊ သွားမယ်"

နင်ကတော့ မမလေးခံစားချက်တွေကို ဘယ်သိမလဲဟယ်။ နင်က ဘာဖြစ်လို့ တကူးတကလာခေါ်ပြရတာလဲဟဲ့။ သေချင်ဘယ်။ အခု ငါအရမ်းကြေကွဲနာကျင်နေရတယ်။ ရူးချင်လာပြီဟာ။ ကိုသွန်းဆစ်က ငါ့နှလုံးသားတွေကို ပိုင်စိုးနေပြီဟ။ ရိပ် မြက်ခင်းပြင်ပေါ် ပက်လက်လှဲချမိသည်။

"ဟင်"

တစ်ဖက်တိုက်ကြီးရဲ့ လသာဆောင်မှာက ဒေါ်မိုးတိမ်ပြာတို့ လင်မယားက ရပ်နေကြသည်။ ကိုသွန်းဆစ်ကို ဒီမိန်းမကြီးသွားခိုင်းတာပဲဖြစ်မယ်။ ရိပ်နှင့်မျက်လုံးချင်း ဆုံမိသွားတော့ အဘွားကြီးအကြည့်တွေက အထင်သေးရွံရှာနေတဲ့ အကြည့်တွေပဲ။ ဘာဆိုင်လဲ ရိပ်တို့ လွတ်လွတ်လပ်လပ်နေတတ်ကြတာပဲလေ။ အဘိုးကြီးက ပြန်ဝင်သွားသည်။

"မမလေး"

"ပြော"

"ဟိုမှာ"

"သိတယ်"

"အဘွားကြီးအကြည့်က ကြောက်စရာကြီး၊ မာထန်နေတာပဲ မမလေးရယ်၊ ကျက်သရေတုံးလိုက်တာနော်"

"နင်ဝင်နှင့်"

"ဟုတ်ကဲ့ ... ဒီလောက်တောင် အဖြစ်သည်းနေတဲ့ အဘွားကြီး သိမယ်"

မညိုက ကြိမ်းဝါးပြီး တိုက်ကြီးထဲ ပြန်ဝင်သည်။ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးပေါ်မှာ အဘွားကြီးကတော့ မဝင်သေးဘဲ ရိပ်အား စူးစူးဝါးဝါး မာမာထန်ထန် ကြည့်နေသည်။ ရိပ်ကလည်း ပို၍ပင် လုပ်ပြနေ၏။ ရှင်ကြီးသဘောကျနှစ်သက်အောင် ဘာဖြစ်လို့ နေပြရမှာလဲ။ ရိပ်က ရှင်ကြီးကို ယောက္ခမ ဘယ်တော့မှ မတော်ပါဘူးနော်။ ကြာတော့ ရိပ် အရွဲ့တိုက်နေမှန်းသိ၍ တိုက်ထဲပြန်ဝင်သွားသည်။

"ကိုသွန်းဆစ် ရှင်ချစ်နေတာ မရတနာလား၊ ဘာတွေလုပ်နေကြတာလဲ၊ ရှင့်အမေကြောင့်လားဟင်"

ရိပ်ကို အရမ်းချောတယ်ပြောပြီး အခု မရတနာနှင့် အကြည်စိုက်နေသည်။ ရိပ် နေလို့မရ။ ကိုသွန်းဆစ်အပြန် ခြံဝမှာပဲ သွားရပ်နေရရင် ကောင်းမလားဘဲ။ သူမ ဆတ်ခနဲ ထထိုင်လိုက်၏။ ခြံအပြင်ကို ထွက်လာသည်၊ ဟိုလူမပြန်သေးပေ။ ရိပ် ခြံဝမှာပဲ မယောင်မလည်နှင့် ရပ်စောင့်နေသည်။ အရေးထဲ အန်တီမက ပြန်လာ၏။ ရိပ်လေး ခြံဝမှာ ဘာရပ်လုပ်နေတာလဲမေးတော့ မဖြေနိုင်။ အန်တီမကို ထွက်စောင့်နေတာပါဟု ပါးစပ်ထဲတွေ့ရာ ပြောပစ်လိုက်သည်။

"ဘာလဲ အန်တီမရဲ့မွေးနေ့ဖိတ်စာကို စောင့်နေတာလား ရိပ်၊ အရမ်းမြင့်တယ်၊ အင်္ကီလန်က လှမ်းမှာထားတာလေ၊ လာ အထဲဝင်မယ်"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ဟို ဘာမှမဟုတ်ပါဘူး၊ ရပ်ကွက်ထဲမှာ ပတ်ပြေးမလို့"

"တော်ပါပြီကွယ်၊ အန်တီမဖိတ်စာလာကြည့်၊ ရိပ်လေး အရမ်းကြွေသွားမယ်၊ ဟိုဖက်ခြံကဟာတွေကို မနာချင်လို့ပါ —



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကျယ်ကျယ်တွေ"

ရိပ် ခြံထဲမဝင်ချင်သေးဘူး။ မရတနာတို့ ခြံကြီးထဲကနေ ကိုသွန်းဆစ် ထွက်လာတာစောင့်ပြီး ပြဿနာရှာချင်နေသည်။

"ရိပ် နေခဲ့ဦးမယ်၊ ဖိတ်စာက ဘယ်အချိန်ကြည့်ကြည့်ရတယ်လေ၊ ရိပ် ပြေးချင်သေးလို့ပါ"

"အေး ... အေး ... ပြီးရော"

ရိပ်တို့မိသားစုဝင်တွေက တစ်ယောက်လွတ်လပ်ခွင့်ကို တစ်ယောက်က နားလည်ကြသည်။ စွက်ဖက်ဝင်ရောက်ပြောဆို ဟန့်တားတာမျိုး မရှိကြ။ ရိပ် ခြံဝမှာရပ်နေ၏။ အချိန်ကြာမှ ကိုသွန်းဆစ် ပြန်လာသည်။

"ဒီမှာ"

"ဟင်"

ချစ်ပန်းရိပ်ကို အားကစားဝတ်စုံနှင့် တွေ့လိုက်ရတော့ သွန်းဆစ်မျက်နှာ ထူပူသွားသည်။ ကလေးဆန်လွန်းနေတဲ့ ကောင်မလေးပဲ။ မေမေ မနှစ်သက်ချင်စရာ ဘောင်းဘီတိုတိုလေးနှင့် ခေါင်းတံဖြူဖြူဝင်းဝင်း ရှည်ရှည်ဖြောင့်ဖြောင့်လေးတွေက သွန်းဆစ်မျက်နှာကို အပူငွေ့တွေ လာဟပ်သလိုပင်။ ဒီကောင်မလေး ဘာရပ်သုပ်နေတာလဲ။ မေမေ မြင်သွားမှာ စိတ်ပူသည်။

"ခဏ"

"မင်း ... မင်း"

"မရတနာနဲ့ ချစ်သူတွေဖြစ်နေကြပြီလား"

"ဟာ"

"ရိပ်က စပ်စုတာပါ၊ ကိုသွန်းဆစ်နဲ့ အရမ်းလိုက်ဖက်တို့လေ၊



www.burmeseclassic.com

www.burmeseclassic.com



ဟို ကိုသွန်းဆစ်ကိုတော့ ရိပ် ခင်ပါတယ်"

သူကပြုံးသည်။ အရမ်းချောတာပဲ။ ဆတ်ခနဲ ကြည့်လိုက်တော့ ရိပ် ရင်တုန်ပန်းတုန်ဖြစ်ပြီး ထွက်ပြေးချင်သည်။ ဘာဖြေမှာလဲ။ ရှင်ကြီး အရမ်းပီတိတွေဖြစ်လာသလိုပဲနော်။ ရိပ် မကြားချင်ဆုံးစကားတွေဖြစ်နေရင် ဗိုင်းခနဲလဲကျသေဆုံးသွားမလားပဲ။ သူက စူးစူးစိုက်စိုက်ကြည့်သည်။

"မင်းနဲ့ဘာဆိုင်လို့လဲ"

"စပ်စုတာပါ၊ သိချင်လို့၊ ဟိုလေ မရတနာကို တော်ရုံယောကျ်ားတွေ မကပ်ရဲလို့ပါ၊ ချစ်သူတွေဖြစ်သွားကြပြီလားဟင်"

"အင်း"

"ဘာ"

"ဟော့ကောင်မလေး ဘာဖြစ်လို့ အကျယ်ကြီးအော်ရတာလဲ"

"ဟို ... ဟို အရမ်းအံ့ဩသွားလို့ပါ၊ မရတနာချစ်တဲ့ယောကျ်ားကို ရိပ်တို့တစ်ရပ်ကွက်လုံးက စိတ်ဝင်စားတာလေ၊ ရိပ်လည်း ကိုသွန်းဆစ် ဝင်သွားတာတွေ့လို့ စိတ်ဝင်စားပြီး သိချင်နေတာပါ"

"လူကြီးချင်း သဘောတူတာပါ၊ ကိုယ်ကလည်းချစ်တယ်"

သူ ခြံထဲပြန်ဝင်သွားသည်။ သေစမ်း ... သွားပါပြီ။ ရှင်ကြီးက ဘာများအထင်ကြီးစရာရှိလို့လဲ။ ရိပ် မကြားချင်ဆုံးစကားတွေပါပဲ။ ချစ်သူတွေတဲ့။ ရိပ် ဟန်ဆောင်လိုက်ရပေမယ့် လူက ပြိုလဲချင်၏။ လောကကြီးထဲကနေ ရိပ်ရဲ့မျှော်လင့်ချက်ရောင်ခြည်တွေ ပြိုပျက်ပျောက်ကွယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး"

"ဟင်"

"ဘာရုပ်လုပ်နေတာလဲ လာလေ၊ အန့်တီမ မွေးနေ့ဖိတ်စာ အရမ်းကောင်းတာပဲသိလား ... သွားကြည့်ရအောင်ပါ"

"အင်း"

ရိပ် ခြံထဲဝင်လာတာပင် ခန္ဓာကိုယ်လေးက ယိုင်ခွေကျချင်နေသည်။ ကိုသွန်းဆစ် အရမ်းဆိုးတယ်။ ရိပ်ကို ချောတယ်ဆို။ ရှင်ရွေးချယ်ထားတာ မရတနာပဲ။ ယောကျ်ားတွေက ချောမောလှပအထက် ဣန္ဒြေရှင်မိန်းကလေးကိုပဲ ရွေးချယ်တာလား။ ရိပ် ဘယ်လောက်ချောလဲ။ တိုက်ကြီးထဲရောက်တော့ အန်တီမက ဖိတ်စာပြနေသည်။ အရမ်းလှတယ်။ အဖိုးလည်း တန်လွန်း၏။ အန်တီမက ဆွဲရှင်နေသလောက် ရိပ်ကတော့ ငိုချင်သည်။

"ဆီဒိုးနားပိုတယ်မှာဆိုတော့ ဘယ်လောက်ခမ်းနားမလဲ၊ သင်းတို့အိမ်ကို ပေါ်တင်ချန်ထားခဲ့မယ်"

"အင်းနော် ... မညိုကတော့ ပေါ်တင်လုပ်ပစ်မှာ"

ရိပ်ကတော့ ကိုသွန်းဆစ်ကို ဖိတ်ချင်နေသည်။ ဟိုဖက်ခြံကြီးထဲက လူတွေနှင့် သင့်မြတ်ဖို့ဆိုတာ မဖြစ်နိုင်တော့။ ဒေါ်မိုးတိမ်ကိုယ်တိုင်က ရိပ်တို့ကို အဆင့်မရှိတဲ့ ပေါ့ပျက်ပျက်တွေဟု သတ်တ်ကာ အထင်သေးနေ၏။ ဟိုလူ ကိုသွန်းဆစ်ကိုယ်တိုင်က တနာကိုပဲ ရွေးချယ်သည်။

"ဝက်ဝက်ကွဲကို ဖိတ်ပစ်မယ်၊ သင်းတို့က ကြီးကြီးကျယ်ကျယ် အန့်တီမတို့ခြံကိုများ အဖက်မတန်သလိုနဲ့ တွေ့မယ်"

အန်တီမကတော့ ကိုသွန်းဆစ်တို့ခြံကို လက်စားချေဖို့



www.burmeseclassic.com

ww.burmeseclassic.com



အားရပါးရပြောပြီး ကြိတ်စည်နေသည်။ ရိပ် ဘာဖြစ်နေရတာလဲလို့ မပျော်တဲ့အပြင် ငိုချင်နေ၏။ အန်တီမပြောတာလည်း အမှန်တွေပဲ။ သူတို့က စခဲ့တာ။ ရိပ်တို့မိသားစုတွေက မာနရှိကြတာမဟုတ်။ အားလုံးကို ကူညီနေတာ။ ပြီးတော့ ကိုသွန်းဆစ်ကိုယ်တိုင်က မရတာနာရဲ့ ချစ်သူတွေ ဖြစ်နေကြပြီဟု ဝန်ခံသည်။

"ဟဲ့ ... ရိပ်"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ၊ ဖိတ်စာတွေဖိတ်ဖို့ နာမည်တွေရေးလေ၊ ရိပ်လေးက လက်ရေးလှတယ်"

"အင်းပါ"

"တွေ့မယ် ... တွေ့မယ်၊ ခင်မမအကြောင်း ကောင်းကောင်းသိစေရမယ်၊ အရှုံးမကြီး၊ ငါတူမ ဖူးဖူးစင်စင် နုနုထွတ်ထွတ်လေးကိုများ ချွေးမတော်ရမှာ ကြောက်နေတယ်တဲ့၊ ဘယ်သူက သူ့သားကို စိတ်ဝင်စားမှာလဲ မဆီမဆိုင်"

ရိပ်ကတော့ ဖိတ်ရမည့်သူတွေရဲ့နာမည်ကို လက်ရေးဝိုင်းဝိုင်းလေးများဖြင့် ရေးနေသည်။ ဒေါ်မိုးတိမ်ပြာကို နှိပ်ကွပ်မည့် အကြံအစည်တွင် စိတ်လက်တက်ကြွစွာ ပါဝင်လှုပ်ရှားဖို့ အန်တီမက ရိပ်နှင့်ညီ့ကို ပြောနေ၏။ ရိပ်ကိုယ်တိုင်လည်း မုန်းတီးနေတာ တော်ပါပြီ။ မပတ်သက်တာ အကောင်းဆုံးပဲဟု တွေးမိလိုက်သည်။

www.burmeseclassic.com

ww.burmeseclassic.com

•

အခန်း ( ၁၃ )

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

"ကလင် ... လင် ... အိမ်ရှင်တို့"

သွန်းဆစ် ခြံထဲဆင်းလာတုန်း ခြံဝဆီမှ အိမ်ရှင်တို့ဆိုတဲ့အသံ ေးရှးလေးနှင့်အတူ ခြံဝမှာတပ်ထားတဲ့ လူခေါ်ဘဲလ်ကိုလည်း ဆက်ကာ ဆက်ကာ နှိပ်နေ၍ သူခြံတံခါးနား ရောက်သွားသည်။ ဘစ်ဖက်ခြံက ချစ်ပန်းရိပ်နှင့် အိမ်ဖော်ကောင်မလေး မညိုပဲ။ မေမေ မြင်တွေ့သွားမှာစိုးရိမ်ပြီး ထိတ်ထိတ်ပြာပြာ ဖြစ်သွားရ၏။ ချစ်ပန်း ရိပ်လက်ထဲမှာတော့ ဖိတ်စာတွေ ကိုင်ထားသည်။

"ချစ်ပန်းရိပ် ဘာကိစ္စရှိလို့လဲ"

"ဪ ... မေ့သွားလို့၊ ကျွန်မ အန်တီလေးမွေးနေ့ကို Sedona Hotel မှာလုပ်မလို့ပါနော်၊ ရှင်တို့အိမ်ကို မဖိတ်ရဘူးလို့ ...လိုက်တာ Sorry ပဲ"

"ဟော့"

ချစ်ပန်းရိပ်တို့က ဖိတ်စာမပေးဘဲ လှည့်ထွက်သွားသည်။ သွန်းဆစ် တိုက်ထဲဝင်လာတော့ မေမေက မျက်ထောက်နီကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒေါသတကြီး ကြည့်နေ၏။ အခြေအနေတွေကို မေမေသိသွား
ပဲ။ ချစ်ပန်းရိပ်တို့ သက်သက်ပြဿနာလာရှာတာပဲ။ မေမေ့ကို သွန်း
ဆစ် ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။ ရှောင်ထွက်သွားဖို့လု
တော့ မေမေက တားဆီးလိုက်သည်။

"သား ဟိုဟာမတွေ သက်သက်မဲ့ ပြဿနာလာရှာကြတာ
မဟုတ်လား၊ မင်း ဘာဖြစ်လို့ သွားတွေ့ရတာလဲ၊ အဆင့်မရှိတဲ့ဟာ
တွေ"

သွန်းဆစ် စိတ်ပျက်သည်။ မေမေလွှန်တာဟုပဲ ထင်
တစ်ဖက်ခြံကြီးကို စိန်ခေါ်ခဲ့တာက မေမေပဲ။ ချစ်ပန်းရိပ် မျက်ဝန်း
လေးတင်းနေတာ တွေ့လိုက်ရ၍ သွန်းဆစ် ဘယ်လိုတောင်းပန်
မှန်းပင် မသိ။ ဖေဖေလည်း အပြင်ထွက်လာသည်။

"ဒီမှာရှင့် ဟိုဖက်ခြံက ဟာမတွေလေ မိုးတို့ခြံကို မဖိတ်ဘူး
ဆိုတာ သိအောင် တမင်သက်သက် လာလုပ်ပြသွားတယ်"

"မိုး ထားလိုက်ပါတော့ကွာ၊ မင်းလည်း မဖိတ်ဘူးမဟုတ်
လား"

"ရှင် ဒီဟာမတွေဘက်ကနေ ဘာဖြစ်လို့ နာနေရတာလဲ
ကိုအောင်စိုး ... သူ့အဒေါ် ပြာကလပ်စိန်ကို မှန်းနေတာလား"

"မင်း ... မင်း ဘာပြောလိုက်တာလဲ မိုးတိမ်ပြာ၊ ငါ့ကိုယ်
ကျင့်တရားကို စော်ကားလိုက်တာလား"

"ရှင်က နာနေလို့လေ၊ ဘာဖြစ်လဲပြောတာ၊ ရှင်ဘာမှ ဝင်
နေစရာ မလိုဘူး"

"တော်ပြီကွာ"

"ရှင်ထွက်သွား ... ဒီတစ်ခါ ထွက်သွားရင် မေ့လနေ့စ်လမေး



www.burmeseclassic.com

ww.burmeseclassic.com



နဲ့ တစ်သက်လုံးထွက်သွား ... ”

“မေမေ”

“မင်းလည်း ငါ့ကို ကလန်ကဆန်လုပ်ဖို့ မစဉ်းစားနဲ့နော် သွန်းဆစ် ... ဒီခြံကိုရောင်းမယ်၊ ပြောင်းရမယ် ... မင်း ရတနာကို လက်ထပ်ရမယ်၊ ငါက သောင်းကျန်းပစ်မှာနော်”

ဖေဖေ ထွက်သွားသည်။ မေမေ့ကို တုံ့ပြန်ပြောဆိုရှင်းပြဖို့ ဆိုတာ မလွယ်၍ ဖေဖေက ရှောင်ထွက်သွားတတ်၏။ တစ်လ နှစ်လနေမှ ပြန်လာသည်။ မေမေက ယောက်ျားကို မချော့တတ်။ မိမိဆန္ဒတွေအတိုင်းပဲ လုပ်ဆောင်တတ်သူဖြစ်နေ၏။ သွန်းဆစ်က ဖေဖေ့စိတ်။ ကိုကို့လောက် မေမေနှင့်အဆင်မပြေခဲ့။ သူ အိပ်ခန်းထဲ ဝင်မည်ဟု အပေါ်ထပ်တက်ဖို့ ခြေလှမ်းပြင်လိုက်တော့ မမစက် ရောက်လာသည်။

“ဟဲ့စက်စက် ဘာလာလုပ်တာလဲ၊ နင့်ယောက်ျားရော ဒီအချိန် သားကြီးရုံးသွားချိန် မဟုတ်လားဟဲ့”

“ကိုကို အိမ်ပြန်မလာတာ တစ်ပတ်လောက်ရှိနေပါပြီ မေမေ ဘုရားဖူးလည်း စက် မသွားရဲလို့ပါ ... အဆက်အသွယ်လည်း ပြတ်နေပါတယ်၊ အဲဒါ မေမေသိအောင် စက် လာပြောပြတာပါ”

“ဟင် ... ညည်းနဲ့ ဘာပြဿနာဖြစ်လို့လဲ စက်”

“မဖြစ်ပါဘူး၊ အခုတလော စက် နည်းနည်းကျန်းမာရေး မကောင်းလို့ပါ၊ ကိုကို့ဝတ္တရားမပျက်ပါဘူး”

“ညည်းကြောင့်ဖြစ်တာပဲနေမယ် စက် ... ယောက်ျားဆိုတာ မိန်းမရဲ့ အပြုအစုအယုအယကို ကြိုက်ကြတယ်အေ့ ... ညည်းက



www.burmeseclassic.com

www.burmeseclassic.com



အသုံးမကျလို့ပဲနေမှာ၊ ပြန်တော့ ငါမေးမယ် ... ငါ့သားကြီးက အခြ တမ်း လိမ္မာတဲ့သူ၊ ငါ့စကားကိုလည်း နမြဲဝယ်မကျ နားထောင်တာ လေ"

"စက် ပြန်ပါတော့မယ် မေမေ ... ကိုကို့နဲ့စက် တကယ့်ကို ဘာမှမဖြစ်ကြပါဘူး၊ ကိုကိုထားရာနေ စေရာသွားရတဲ့သူပါ ... ဘာ တစ်ခုမှ မသိရပါဘူးနော်"

"တိတ်စမ်း ... ဒီမှာ ငါစိတ်ရှုပ်နေတယ်အေ့၊ ညည်းအသုံး မကျလို့ပဲ ငါ့သားကြီးကတော့ တာဝန်ကျေတယ်၊ ညည်း ဘယ်လို မိန်းမမျိုးလဲ၊ ဆင်းရဲတွင်းကနေ ငါကယ်ထုတ်လာတာ ကျေးဇူးမမေ့ နဲ့နော် မိစက်"

"ဟုတ်ကဲ့ပါ မေမေ"

"သွားတော့"

ဒေါ်မိုးတိမ်ပြာ ဒေါသတကြီးနှင့် ချွေးမကြီးအား အော်ထုတ် ပစ်သည်။ သင်းတို့ကတစ်မျိုး။ သားကြီးမလာတာ တစ်ပတ် လောက်ရှိပြီဆိုတော့ ဘာများဖြစ်နေမလဲလို့ သားကြီးထံ ဖုန်းဆက် သည်။

"ဒါရိုက်တာ ဦးကောင်းကင်မိုး ခရီးထွက်သွားပါတယ်"

"ဟင်"

သားကြီး ဘယ်ကိုသွားနေတာလဲ။ မိမိကိုပင် အသိပေးခြင်း မရှိ။ ဒုက္ခပါပဲ။ သားကြီး ဘာတွေဖြစ်နေပြီလဲ။ သားငယ်ကိစ္စ၊ သားကြီးမိသားစုကိုပင် မေ့ထားမိသည်။ ဒေါ်မိုးတိမ်ပြာ သားကြီး ကုမ္ပဏီကို လိုက်သွား၏။ ဟိုရောက်တော့ ဘာမှမေးမရ၊ သားကြီး



www.burmeseclassic.com

ww.burmeseclassic.com



ထံ ဖုန်းခေါ်မရ။ နိုင်ငံခြားခရီးစဉ်တဲ့။ ကောင်းကင်မိုး မင်းဘယ်တုန်းက မေမေမသိဘဲ သွားခဲ့ဖူးလို့လဲ။ ရင်ပူလိုက်တာ။ ကိုစိုးအောင်ကလည်း ရှောင်ထွက်သွားသည်။ ဘယ်လိုလုပ်ရမလဲ။ ကုမ္ပဏီမှာလည်း မေးလို့မရ၍ ချွေးမကြီးဆီ ရောက်လာခဲ့၏။ မြေးလေးကလည်း တငိုငိုတရီရီနှင့် နေမကောင်းပေ။ ချွေးမကိုပဲ ပြောဆိုဆူပွက်သည်။

"ညည်းအသုံးမကျတာဘဲစက်၊ ကလေးကို ဘယ်လိုပြုစုနေတာလဲ၊ ညည်းက အိမ်ဖော်ငှားချင်သေးလို့လား ... ဒီအလုပ်လောက်လေးကိုများ"

"မေမေ"

"ဘာလဲ ပြော ... "

"ကိုကောင်းမှာလေ နောက်ထပ်မိန်းကလေးတစ်ယောက်တရားဝင်ရှိနေပြီတဲ့"

"ဘာ ... "

"စက် သတင်းကြားတာပါမေမေ၊ ကိုကောင်းက စက်ကိုစိတ်ကုန်သွားပြီထင်တယ်"

"ဘာ"

သားကြီး နောက်ထပ်တစ်ယောက် အတည်ယူမှာ ဒေါ်မိုးတိမ်ပြာ ထိတ်လန့်ကြောက်ရွံ့သွားရသည်။ ဘယ်လိုချွေးမမျိုးလဲ။ စက်ပြောတာ ဟုတ်ရဲ့လား။ ရှုးချင်သွား၏။ မြေးလေးကလည်း နေမကောင်းဘူး။ ချွေးမစက်ကလည်း အင်အားတွေချိနဲ့နေသည်။

"ညည်း ဘယ်ကနေကြားတာလဲစက် ... ပြောစမ်း"

"အဲဒီအမျိုးသမီးက စက်ဆီဖုန်းဆက်အကြောင်းကြားတာပါ



www.burmeseclassic.com

ww.burmeseclassic.com



မေမေ"

"ဟင်"

ဘယ်လိုဖြစ်ရတာလဲ။ သားကြီး မင်း ဘယ်လိုမိန်းမတစ်ယောက်ကို လက်ထပ်လိုက်ရတာလဲ။ အမလေး မိမိအပေါ် သားကြီး ဘယ်တုန်းကများ သူ့ဆန္ဒတွေအတိုင်း လုပ်ခဲ့ဖူးလို့လဲ။ ရင်ဘတ်ကို ဖိထားသည်။

"သူ့နာမည်က မာရီတဲ့မေမေ ... အခု ကိုကောင်းနဲ့စက်ဘူကို ရောက်နေတာတဲ့၊ ဟန်းနီးမွန်းထွက်နေတာတဲ့ ... "

"ဟုတ်ရဲ့လားစက်၊ တကယ်ဟုတ်ရဲ့လားအေ ... ညည်းအပိုတွေပြောနေတာလား ... ပြောပါဦး"

"စက်ဆီ ဖုန်းဆက်တာပါ၊ တကယ်ပါ မေမေ ... ကိုကောင်းပြန်မလာတာ နှစ်ပတ်လောက်ရှိနေပါပြီ၊ စက် ကျိန်ပြောရဲပါတယ်။ ယောကျ်ားအပေါ် မိန်းမဝတ္တရား နည်းနည်းလေးတောင် မလစ်ဟင်းစေခဲ့ရပါဘူး"

"ဟင်း"

ချွေးမစက်ကို သားကြီးက မိမိအတင်းအကြပ် လက်ထပ်စေခဲ့လို့သာ လက်ထပ်လိုက်ရသည်။ စက်က ပညာတတ်မိန်းမချောလေးပဲ။ မိမိက ဖိနှိပ်ထားသဖြင့် အိမ်စေတစ်ပိုင်းဖြစ်နေခဲ့၏။ အိမ်မှုကိစ္စတွေနှင့် လုံးချာလိုက်ပြီး သားကြီးရဲ့ပွဲတက်မယားမဖြစ်ခဲ့။ သားကြီး ဒီတစ်ခါတော့ မိခင်ကိုပင် အသိမပေးပေ။ ရင်ကျိုးပါပြီ။ ဖခင်ရဲ့ကုမ္ပဏီက သားကြီးလက်ထဲမှာ။ သားငယ်က ဝင်ငွေရာက်တာဝန်ထမ်းဆောင်တာ တစ်နှစ်လောက်ပဲရှိသည်။

"စက်တို့ဘာလုပ်ကြမလဲဟင်၊ စက် ဘာဆက်လုပ်ရမလဲ



www.burmeseclassic.com

www.burmeseclassic.com



မေမေ"

"ဘာလုပ်ရမလဲ သားကြီးကို သေချာအောင်မေးရမယ်၊ မဖြစ်ဘူး ... ငါတောင် ရင်တုန်နေပြီ၊ ညည်းလည်း ညှို့ဖျင်းတာပဲစက်၊ ယောက်ျားတစ်ယောက်ကို ဒီလောက်အထိ မစွဲဆောင်ထားနိုင်ဘူးလားဟဲ့"

ယောက္ခမကြီး ဒေါ်မိုးတိမ်ပြာက သူမကိုပဲ အပြစ်တင်နေသည်။ သူမအပြစ်လား။ လက်အောက်ငယ်သားတစ်ယောက်ရဲ့ သမီးကို နိုင်ထက်စီးနင်း တောင်းယူလက်ထပ်စေပြီး နှိမ်ထားၵ၏။ သူမက ကျွန်ပဲ။ အစေအပါးပဲ။ ယောက်ျားကလည်း သူ့အမေမှ သူ့အမေ။ စက်မှာ ကလေးတစ်ကောင်နှင့် ပင်ပန်းရှမ်းနယ်လို့ သေတော့မယ်။ ဘာသူဌေးကတော်လဲ။ မိဘဆွေမျိုးတွေနှင့်လည်း အဆက်အသွယ်ဖြတ်ထားသည်။

"ဘာဆက်လုပ်မလဲ၊ သားကြီးဆက်သွယ်လာမယ့်အချိန်ပဲ စောင့်မယ်၊ ညည်းလည်း ညည်းမိဘအိမ် ခဏပြန်နေ ... ဒီကလေးကိုတော့ ငါခေါ်သွားမယ်"

"အဲဒီလိုမလုပ်ပါနဲ့မေမေ ... စက် ဘာပစ္စည်းမှမရရင်နေပါစေ သားကိုတော့ မထားခဲ့နိုင်ပါဘူး"

"ဘာအေ့ ... ကျုပ်တို့သွေးသား မြေးလေးကို ဆင်းရဲတွင်းထဲမှာထားရမလား၊ ညည်းကို ခဏပြန်ခိုင်းတာပါ ... ဒီတိုက်ခန်းကို ညည်းက အပိုင်စီးချင်တာလား"

"ဟို ... ဟို မေမေ ... "

"ကျုပ်သားကြီးက ညည်းကိုကွာရှင်းမယ်ဆိုရင်တော့င်



www.burmeseclassic.com

www.burmeseclassic.com



ညည်းအတွက် နစ်နာကြေး နည်းနည်းပါးပါး ရချင်ရမယ်၊ ကျုပ်မြေးကိုတော့ ညည်းဆီ မထည့်ဘူးနော်"

ဒေါ်မိုးတိမ်ပြာက မိမိကို ဘာဖြစ်လို့များ နှိမ်ချဆက်ဆံချင်ရတာလဲ။ သူမဘဝက တိုးတက်နိုင်တဲ့လမ်းစ ပျောက်ခဲ့ရပြီပဲ။ ချွေးမကို အစေအပါးကို ဆက်ဆံခဲ့သည်။ ဒါပေမယ့် ဒေါ်မိုးတိမ်ပြာဆိုးသလောက် ဖေဖေက သဘောထားပြည့်ဝသည်။ မိဘတွေကို စက် ဘယ်တော့မှ မစော်ကားပါဘူး။ ပြောသမျှ နာခံခဲ့သည်။

"ကျွန်မသားလေးကိုတော့ မထားခဲ့ပါရစေနဲ့မေမေ၊ စက်ကို ညှာတာထောက်ထားပါဦးနော်"

"နင်က ငါ့ကို အာခံချင်တာလား စက်"

"မဟုတ်ပါဘူး မေမေ၊ စက် သားနဲ့မခွဲနိုင်လို့ပါ"

"ညည်းလာတွေ့လို့ရတာပဲ စက်၊ ညည်းတို့အသိုင်းအဝိုင်းထဲကို မထည့်ဘူးပဲပြောတာပါ၊ ညည်း စဉ်းစားလေ ... ညည်းသားအတွက်ပဲ"

စက် ဘယ်လိုလုပ်ရမလဲ။ ယောက္ခမကြီးက ကြောက်စရာကောင်းသည်။ သားကိုထားခဲ့ရမှာလား။ ကြည့်စမ်း ရက်စက်လိုက်တာ။ သူ့သားကြီး ဖောက်ပြန်သွားတာတောင် စက်ကိုပဲ အပြစ်တင်နေ၏။ မတရားလိုက်တာ။ သားကို ရင်ခွင်ထဲမှာ တင်းကြပ်စွာပွေ့ဖက်ထားမိသည်။

"ညည်းမိဘတွေဆီ ခဏပြန်နေလိုက် စက်၊ ငါ့သားကြီး ဒီတိုက်ခန်းကို ပြန်လာရဲအောင်ပါ ... ယောကျ်ားတစ်ယောက်နောက်မိန်းမထပ်ယူတာ မဆန်းပါဘူးအေ၊ သူလုံးဝမချစ်နိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်နဲ့ ငါက အတင်းအကြပ်ပေးစားခဲ့တာပဲ"

စက်လည်း ကိုကောင်းကင်မိုးနှင့် ကွာရှင်းပစ်ချင်သည်။ သူမအပေါ် ညှာတာထောက်ထားမှုမရှိတဲ့ ယောကျ်ားပဲ။ ဒေါ်မိုးတိမ်ပြာကိုလည်း နာကြည်း၏။ သားသမီးချင်း ကိုယ်ချင်းမစာမနာ သူမအား ကျွန်တစ်ယောက်ကဲ့သို့ သဘောထားသည်။

"ညည်း အထုပ်အပိုးတွေပြင်တော့ စက်၊ ငါ့သားကြီး ရှောင်ထွက်ပြေးနေတာကို ငါမလိုလားဘူး၊ ညည်းအတွက် မနစ်နာစေရဘူး၊ မြေးလေးကိုတော့ ထားခဲ့ပါ"

"ကျွန်မ လုံးဝမထားနိုင်ဘူး၊ ကျွန်မကို ဒီလောက်အထိ ရက်စက်ရရင်ပဲ ကျေနပ်ပါတော့နော်၊ ကလေးကိုတော့ မထားခဲ့နိုင်ပါဘူး၊ ကျွန်မ ဒီကနေ ထွက်သွားပါ့မယ်"

"ဟဲ့ ... နင် နင် ငါ့စကားကို ဘာဖြစ်လို့ ဆန့်ကျင်ချင်ရတာလဲ၊ နင် အာခံတာလား"

"ဖြန်း"

"မေမေ တော်လောက်ပါပြီ၊ အပြစ်ကျူးလွန်ပြီး တာဝန်မဲ့တာက မေမေ့သားပါ၊ စက်ကိုထပ်ပြီး အနိုင်ကျင့်ရင်တော့ ရဲစခန်းတို တိုင်ရလိမ့်မယ်"

"ဘာအေ့"

စက် ဘာမှတုံ့ပြန်မပြောမနေတော့ဘဲ သားကိုပွေ့ချီကာ သူမအသုံးအဆောင်ပစ္စည်းတွေယူကာ ယောက္ခမကြီး အော်ဟစ်တားဆီးနေသည့်ကြားမှ ထွက်လာခဲ့သည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၁၄ )

"ကိုအောင် ရှင်အိမ်ပြန်လာခဲ့ပါ၊ ဒီမှာ ကျွန်မသားကြီး ပြဿနာတက်နေပြီ၊ သားကြီး နောက်မိန်းမယူလိုက်ပြီ"

"မင်းကိစ္စပဲ မင်းဟာမင်းရှင်းပါ၊ မင်းပဲပြောခဲ့တာလေ တစ်သက်လုံးပြန်မလာနဲ့ဆို ... "

"ဒီမှာ ရှင် ယောကျ်ားမဟုတ်ဘူးလား၊ ဘာဖြစ်လို့ ခေါင်းရှောင်ချင်ရတာလဲ"

"မလာဘူးကွာ၊ မင်းစွပ်စွဲချင်သလို စွပ်စွဲတော့ ... သားကြီး မိန်းမအပေါ် မင်းမတရားအနိုင်ကျင့်ထားတာ မင်းဝဋ်လည်မှာပဲ"

"ရှင် ... ရှင် ဘာစကားပြောတာလဲ၊ ကောင်းပြီလေ ကျွန်မကိစ္စပဲထားလိုက် ... ဒီကိစ္စ ကျွန်မကိုယ်တိုင်ဖြေရှင်းမယ်"

"ရှင်းကွာ"

ဒေါ်မိုးတိမ်ပြာ ခေါင်းမီးတောက်နေသည်။ သားကြီး အဆက်အသွယ်မလုပ်။ နောက်မိန်းမတစ်ယောက်ကို တရားဝင်ယူသွားတာတော့ သေချာနေ၏။ သတင်းက အတိအကျပဲ။ ဘဲယဲ ကလည်း တူလေးအတွက် သနားနေကာ မိမိကိုပဲ အပြစ်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမစက် သနားပါတယ်မေမေ၊ ကိုယ့်လက်အောက်ငယ်သားရဲ့ သမီးတစ်ယောက် ဘဝပျက်ခဲ့ရပြီ၊ မမစက်က ငြင်းခဲ့သားပဲ"

"တော်စမ်း သွန်းဆစ်၊ မင်းလည်း ရှိတနာနဲ့လက်ထပ်ရမယ်၊ စက် အသုံးမကျလို့ ငါ့သားကြီး နောက်မိန်းမထပ်ယူရတာ၊ ဘယ်လိုချွေးမမျိုးလဲ သားကြီး ဘယ်လိုလုပ်လိုက်တာလဲကွယ်"

သွန်းဆစ်ကတော့ မမစက်ကိုပဲ သနားသည်။ တူလေးကို ပေမယ့် မိခင်နှင့်အတူတူနေသင့်တဲ့အရွယ်ပဲ။ မမစက် မှန်တယ်။ ကို ရက်စက်တယ်။ တာဝန်မဲ့လိုက်တာ။ မမစက်ကို သွန်းဆစ် အညီပေးဖို့ပဲ စဉ်းစားနေသည်။

"သားကြီး ... သားကြီးရယ် မင်းဘယ်တုန်းက မေမေ့ကို နဲ့ကျင်သွားရတာလဲ"

မိမိတောင် မသိလိုက်တဲ့ ချွေးမတစ်ယောက်ကို တရားဝင် ထပ်ခဲ့သည်။ အမလေး ရင်ပူလိုက်တာ။ ဒေါ်မိုးတိမ်ပြာ ကြီးအား ဆက်သွယ်ရန်ကြိုးစားသည်။ ရင်မနေရ၏။ ဘယ်လို ကလေးလဲ။ အိမ်ထောင်ရှိတဲ့ ယောက်ျားတစ်ယောက်ကို ယူ တာ မိန်းမကောင်းဖြစ်နိုင်ပါ့မလား။ ကိုအောင်ပြောသလို မိမိ သည်တော့မှာလား။ သားကြီးနှင့် အဆက်အသွယ်မရဘဲ ချွေးမ စ်က မိမိထံဖုန်းဆက်သည်။

"မေမေလား ... ကျွန်မက မာရီပါ၊ ကိုကို့ဇနီးပါ ... "

"ညည်း ... ညည်း ဘယ်သူလဲ၊ ဘယ်လိုမိန်းမမျိုးလဲ ... "

"ထက်မြက်ပြီး အစွမ်းအစရှိတဲ့ မိန်းကလေးပါ မေမေ၊ ကိုကို တ ယောက်ျားကို ဘယ်လိုမှပျော်ရွှင်မှုတွေ မပေးစွမ်းနိုင်တဲ့



www.burmeseclassic.com

ww.burmeseclassic.com



ကျွန်သာသာ မိန်းမတစ်ယောက်ရဲ့လက်ထဲကနေ ကယ်တင်ဖို့ဆွဲထုတ်လာခဲ့ရတာပါ"

"ဟင်"

အမလေး သေချင်တာပဲ။ လေသံက ခပ်မာမာ။ ဒေါ်မိုးတိမ်ပြာ ပြောနေတာ မာနတစ်ခွဲသားနှင့် ကယ်တင်ရှင်ကြီးဖြစ်နေသေးသည်။

"မာရီတို့ မကြာခင်ပြန်လာမှာပါမေမေ၊ ကိုကို့ရဲ့စီးပွားရေးကို မာရီဦးဆောင်မှာပါ၊ အိမ်မှာ ထမင်းဟင်းချက်ပြီး စုတ်ပြတ်နွမ်းဖတ်နေတဲ့ မိန်းမထက် ထူးချွန်ထက်မြက်သူပါ၊ မာရီမေလေ ... "

ရဲတင်းလိုက်တာ။ သားကြီးရော ကုမ္ပဏီက သားကြီးလက်ထဲအပ်ထားတာပါ။ မာရီမေတဲ့။ လွယ်မယ့်မိန်းကလေးမဟုတ်။ သားကြီးအပေါ် ဩဇာလွှမ်းမိုးသူ ဖြစ်နိုင်သည်။

"သားကြီးရော"

"ရှိပါတယ်မေမေ၊ အနားမှာပါ"

"ငါသားကြီးနဲ့ ဖုန်းပြောချင်တယ် ပေးစမ်း ... "

"ပြောပါ"

သားကြီးကို ဘေးမှာထားပြီး မာရီမေက မိမိအားမရှိမသေပြောနေတာပဲ။ သားကြီး ဆေးမိသွားပြီလား။ သားကြီးနှင့် ဖုန်းပြောရသည်။

"မေမေ"

"မင်း ... မင်း ဘယ်လိုလုပ်လိုက်တာလဲ သားကြီး၊ ငါ့မေရင်ကျိုးရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သား စက်ကို မပေါင်းချင်ဘူး မေမေ၊ အစွမ်းအစမရှိဘူး၊ အိမ်မှုကိစ္စတွေနဲ့ ပွဲမတိုးလို့ပါ"

"အဲဒါ မေမေ ပုံစံသွင်းထားတာလေ သားကြီးရဲ့ ... ရိုးကျိုးတဲ့မိန်းမဖြစ်ဖို့လေ၊ အခု မင်း ... မင်းမိန်းမက ... "

"မာရီက ထက်မြက်တယ်မေမေ၊ တော်လည်းတော်တယ်၊ သားချစ်တယ် ... သားရဲ့စီးပွားရေးလုပ်ငန်းတွေမှာလည်း ပူးပေါင်းဆောင်ရွက်နိုင်တယ်"

"မင်းသားအတွက်ရော မင်းသားလေးလေ ... "

"ကျွန်တော် ထောက်ပံ့မှာပါ၊ သူတာဝန်ယူပါစေ၊ သားကို မေမေခေါ်မထားပါနဲ့"

"ကောင်းကင်မိုး"

"သားတို့အတွက် မပူပါနဲ့မေမေ၊ စက်ပြန်ပါစေ၊ လောလောဆယ်တော့ သားတို့အခန်းမှာပဲ ပြန်နေရမယ်၊ မာရီ စီမံလိမ့်မယ်"

"မင်း ... မင်း"

"သားကိုခွင့်လွှတ်ပါ မေမေရယ်၊ သားတို့အောင်မြင်ကြီးပွားမှုအတွက် သားတို့ကိုယ်တိုင်ပဲ ကြိုးစားကြည့်ချင်တယ် ... မေမေ့ရဲ့ ရှေးဟောင်းအယူအဆတွေကို ပယ်လိုက်ပါတော့ မေမေ ... "

"ဘာ"

ဒေါ်မိုးတိမ်ပြာ ရင်ဘတ်ကိုဖိထားရသည်။ သားကြီးဘယ်လိုဖြစ်သွားရတာလဲ။ အမလေး ပြောင်းလဲသွားပြီပဲ။ စက်ကို ပြန်နိုင်းလိုက်ပါတဲ့။ ကလေးကိုလည်း မေမေခေါ်မထားပါနဲ့တဲ့။ သူ့မိန်းမရဲ့ ဆန္ဒပဲဖြစ်မည်။ ဘယ်လိုလုပ်ရဲတော့မလဲ။ သားငယ်ကလည်း မိခင်ထားကို နားထောင်သူမဟုတ်။ ရင်နာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို နောက်အိမ်ထောင်ပြုလိုက်ပြီလား မေမေ"

"အေး … မင်းအစ်ကို မေမေ့ဆန္ဒနဲ့ ဆုံးမစကားတွေကို ဆန့်ကျင်နေပြီ"

"တာဝန်မဲ့လိုက်တာ ကိုကိုရာ၊ မမစက် သနားပါတယ် … ထူလေးကရော ဘာပဲဖြစ်နေဖြစ်နေ ထားလိုက်ဆိုတဲ့သဘောလား"

"စက်ကပ္ပူကနေပြန်လာရင်တော့ မေမေပြောမယ်၊ ကုမ္ပဏီကိစ္စ ဘယ်လိုလုပ်မလဲ … သားငယ် မင်း မင်း အုပ်ထိန်းပါ၊ သားကြီးမိန်းမ စီမံခန့်ခွဲတာ လက်မခံနိုင်ဘူး"

ဘယ်လိုလုပ်ရမလဲ။ သားကြီးရဲ့ဇနီးက မိမိတို့စီးပွားရေးကိုပင် လက်ဝါးကြီးအုပ်ချင်နေသည်။ ရမလား … ကိုအောင်ရော မိမိတစ်ယောက်တည်း ဘာဆက်လုပ်ရမှန်းပင်မသိ။ ယောကျ်ားမရှိတော့လည်း အားငယ်နေသည်။

"သားငယ် မေမေတော့ အရမ်းစိတ်ဒုက္ခရောက်ရပြီ … မင်းအဖေကလည်း ရက်စက်တယ်။ မေမေ့ကိုပစ်ထားတယ်၊ တာဝန်မဲ့တဲ့ယောကျ်ား … "

မေမေကိုယ်တိုင်က ဖေဖေ့ကို အနိုင်ယူနေတတ်တော့လည်း ဖေဖေစိတ်ညစ်၍ ရှောင်ထွက်သွားခြင်းပင်။ ကိုကို့လုပ်ရပ်ကလည်း လွန်တာပဲ။ မေမေ့ရဲ့ အတင်းအကြပ် ပုံစံသွင်းထိန်းချုပ်မှုတွေကြောင့်လည်း အမှားအယွင်းတွေ ဖြစ်သွားနိုင်သည်။ သွန်းဆစ်ဘာပြောလို့ရမှာလဲ။ မမစက်ကိုပဲ သနားတယ်။ မေမေ ပြန်ခိုင်းလိုက်တာ မတရားဘူးဟုထင်သည်။

"ဟိုဟာမ မိစက် ညှို့ဖျင်းလို့ပဲ၊ ယောကျ်ားကို မထိန်းထားနိုင်ဘူး … မြေလေးကိုလည်း မပေးဘူးလေ ငွေညှစ်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... မမစက်အပေါ် မတရားမလုပ်ပါနဲ့ဗျာ၊ ကိုကို နောက်အိမ်ထောင်ပြုသွားရင်တောင် ဒီတိုက်ခန်းကို မမစက် အပိုင် ပေးသင့်ပါတယ်"

"ဘာပြောတယ် သွန်းဆစ် ... ဘာဖြစ်လို့ပေးရမှာလဲ၊ သူ့ အမျိုးတွေသုံးဖြုန်းလို့ ကုန်မှာပဲ ... ငါ့မြေးအတွက် ထိန်းသိမ်းထား ရမှာ"

"မမစက်ကိုတော့ ထိုက်သင့်သလောက် ... "

"မင်းနဲ့မဆိုင်ပါဘူး သွန်းဆစ်၊ မင်းလည်း မေမေ့စကားကို သေသေချာချာနားထောင်ပါ ... မေမေ့ကို သေအောင်မသတ်နဲ့၊ သားကြီးကြောင့် မေမေ့ခေါင်းတွေပူနေပြီ"

ဘယ်လိုလုပ်ရမလဲ။ ဒီချွေးမအသစ်က ထိန်းချုပ်လို့ရမှာ မဟုတ်။ သားကြီးက လိမ္မာတယ်ဆိုပြီး စီးပွားရေးလုပ်ငန်းတွေ အစ် ထားသည်။

"သားသွန်းဆစ်၊ မင်း ရတနာကို လက်ထပ်ရမယ်၊ မေမေ အားကိုးရာက ရတနာတို့သားအမိပဲ".

မသီရိဆီက ကျောက်အရောင်းအဝယ် သင်ရမယ်။ သားကြီး စီးပွားရေးကို လက်ဝါးကြီးမအုပ်နိုင်အောင် စီစဉ်ရမယ်။ ကိုအောင် ကြီးတစ်ယောက်တည်း ကောင်းစားဖို့အတွက်ပဲ မိသားစုကို ဥပေ က္ခာပြုနေတော့မှာလား။ သားငယ်ကလည်း အလုပ်ဝင်တာ မကြာ သေးပေ။ ကုမ္ပဏီကို သားကြီးနာမည်နဲ့ လွှဲထားလိုက်သည်။

"အမလေး ဆက်မစဉ်းစားရဲတော့ဘူး၊ ခေါင်းတွေချာချာ လည်နေပြီ ... သားငယ် မင်း ... မင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

မေမေ သွေးပေါင်ချိန်တွေတက်လာ၍ ဆေးခန်းပြရသည်။ သွန်းဆစ် ဖေဖေ့ကိုပြန်ခေါ်သည်။ မလိုက်ပေ။ မင်းအမေ စိမ်လိမ့် မယ်တဲ့။ သွန်းဆစ် တောင်းပန်ပြီး ဖျောင်းဖျတာပင်မရ။

"ဖေဖေတာဝန်ကျေပြီ သွန်းဆစ်၊ မင်းအမေအတွက်ကြောင့် မိသားစုတွေ စိတ်ဆင်းရဲရပြီး ဖရိုဖရဲတွေဖြစ်ကြရတာပါ"

ဖေဖေ့ကို တစ်သက်လုံး ပြန်မလာနဲ့ဟု မောင်းထုတ်လိုက် တာကို ခွင့်မလွှတ်ဘူးတဲ့။ သွန်းဆစ် ပြန်လာရသည်။

"ဘာပြောတယ် မင်းအဖေက မလာဘူးဟုတ်လား ... မလာရင်နေပါစေ ငါ့မိသားစုကို ငါပဲဦးဆောင်မယ်၊ မင်းလည်း မေမေ့စကားတွေကို သေသေချာချာနားထောင်ပါ"

"ဟုတ်ကဲ့ပါ မေမေ ..."

မေမေ ရှုသွပ်သွားမည်စိုး၍ သွန်းဆစ်လက်ခံလိုက်ဖို့ပဲ စဉ်း စားသည်။ အခု သူပဲရှိတော့တယ်။ ကိုကိုက နိုင်ငံခြားမှလုပ်ငန်းအား ဦးစီးနေ၏။ သွန်းဆစ်ပင် လက်အောက်ခံဝန်ထမ်းဖြစ်နေသည်။

"သားကို ရတနာနဲ့စေ့စပ်ရမယ်၊ မေမေ့မှာ အားကိုးအား ထားမရှိဘူး ... မင်းပဲ မေမေ့စကားကို နားထောင်ရမယ်"

ဒေါ်မိုးတိမ်ပြာ စိတ်တွေယောက်ယက်ခတ်ပြီး ရှုသွပ်တော့ မတတ် ဖြစ်နေသည်။ သားငယ်ကိုလည်း ရတနာနှင့်အတင်းအကြပ် စေ့စပ်ဖို့စီစဉ်နေ၏။ ပြီးတော့လည်း မသီရိထံမှ ကျောက်မျက်ရ နာရောင်းဝယ်ရေးခွင်ထဲ ဝင်ဖို့ကြိုးစားသည်။

"မမိုး ဘာမှမပူနဲ့နော်၊ သီရိကူညီမယ် ... မမိုးအမှာ စိန်ရွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိလား ... အရင်ဆုံး ကိုယ့်ပစ္စည်းနဲ့ဝင်လေ"

"အင်း ... သိပ်အဖိုးတန်ကြီးတွေတော့ မရှိပါဘူး"

"ရပါတယ် ... ကျွန်မပစ္စည်းတွေနဲ့လည်းရတာပဲ၊ မမိုး စိတ်ဝင်စားရင် သင်ပေးမယ်"

"ကျေးဇူးပါပဲ မသီရိရယ် ... မမိုးမှာလေ ပြဿနာတွေတက်နေတယ်၊ သားကြီးက နောက်မိန်းမယူသွားလို့"

"ဟင်"

"သားငယ်ပဲရှိတော့တယ်၊ ဒါကြောင့် မသီရိ သမီးလေးနဲ့ သက်ထပ်စေချင်တာပါ"

ဒေါ်စောသီရိကတော့ ဒေါ်မိုးတိမ်ပြာအား ဘယ်လိုအချဉ်းရမလဲဆိုတာပဲ စဉ်းစားနေသည်။ ဒေါ်မိုးတိမ်ပြာဆီကနေ ရသလောက် နှိုက်ရမယ်။ အကွက်ပဲ ... လောလောဆယ် အားကိုးရာ ဒေါ်မိုးတိမ်ပြာပဲရှိသည်။

"မမိုး ဘာမှစိတ်မပူနဲ့နော် သီရိရှိပါတယ် ... အားလုံးကူညီမယ်၊ နောက်ပြီးလေ မမိုးမှာ ပိုက်ဆံအပိုရှိရင် သီရိယုံကြည်ရတဲ့သူတွေ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေမှာ ထည့်ပေးမယ် ... စိတ်ချရတယ် အတိုးစားလေ ..."

"ကောင်းသားပဲ မသီရိ၊ အပိုဝင်ငွေရအောင် ရှာရမယ်၊ မသီရိကိုပဲ အားကိုးပါတယ်နော်"

"မောင်သွန်းဆစ်ကိုတော့ ပြောမပြပါနဲ့ဦး၊ တားနေမလားလို့"

"ကောင်းတယ် မသီရိ၊ ကူညီပါဦးနော် ... အားကိုးပါတယ်သော"

www.burmeseclassic.com



မမိုးမှာ ငွေအပိုသိန်းငါးရာရှိသည်တဲ့။ အတော်ပဲ မိမိလည်း အကြွေးတွေပိနေတာ ဒေါ်စောသီရိက သမီးရတနာနှင့်တိုင်ပင်ပြီး အယုံသွင်းသည့်အနေနှင့် သမီးကို မောင်သွန်းဆစ်နှင့်စေ့စပ်ဖို့ စီစဉ်တော့သည်။

www.burmeseclassic.com

ww.burmeseclassic.com

•

အခန်း ( ၁၅ )

မရတနာနှင့် ကိုသွန်းဆစ်တို့ စေ့စပ်မည်ဟု သတင်းတွေ ကြားထဲက ရိပ် မကျေမနပ်နှင့် ငိုပစ်ချင်သည်။ ကိုသွန်းဆစ်အား လက်လွှတ်စွန့်လွှတ်လိုက်ရမှာ နှမြောနေ၏။ ဘယ်လိုလုပ်ရမလဲ။ သူတို့က ချစ်သူတွေပဲလေ။ မဆီမဆိုင် ရိပ်က ငိုပစ်ချင်နေသည်။ ဒေါသတွေပေါက်ကွဲပြီး ထုနှက်ရိုက်ပစ်ချင်နေ၏။ ကိုသွန်းဆစ်မှ ကိုသွန်းဆစ်။ ဘာဖြစ်နေတာလဲ စိတ်တိုလိုက်တာ။ အပေါ်ထပ်က နေ တစ်ဖက်ခြံကြီးဆီသို့ ကြည့်မိနေသည်။

"မမလေး"

"ဟင်"

"ဟိုဖက်ခြံကြီးထဲမှာ ကွိုင်ပူနေပြီ"

"ဘာ"

"မရတနာရဲ့ အိမ်ဖော်ကောင်မလေးက ပြောပြတာပဲ၊ အဘိုးကြီးကလည်း အိမ်ပေါ်ကနေဆင်းသွားပြီတဲ့ ... သားကြီးက လည်း နောက်မိန်းမယူသွားလို့တဲ့"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... နောက်ထပ်သတင်းတစ်ခုက မရတနာက အိမ်မှာနေရင်တစ်မျိုး၊ လူရှေ့သူရှေ့မှာ ဣန္ဒြေသိက္ခာရှိသယောင်ဆောင်နေတာတဲ့"

"ဟုတ်လား"

"အဲဒီက အိမ်ဖော်ကောင်မလေးကို နှိပ်စက်လွန်းလို့ စိတ်နာပြီးပြောပြတာ၊ အကြွေးတွေ ပတ်ချာပိုင်းနေတာတဲ့၊ မိန်းမလည်တွေတဲ့၊ သူလည်း အလုပ်ထွက်တော့မယ်တဲ့"

"ဟုတ်ရဲ့လားဟယ်"

"ဟုတ်ပါတယ် မမလေးရဲ့ ... သူကအသိဆုံးပဲဟာ၊ အခုဈေးမှာတွေ့လို့ ပြောပြလိုက်တာပါ"

"ဒီလိုလား"

မရတနာအသံက နည်းနည်းလေးထွက်နေသည်။ မိန်းမလည်တဲ့။ အန်တီမွေးနေ့မှာလည်း ဒက်ဒီ့အနား ကပ်ချင်နေသည်။ အကျင့်စရိုက်တော့ ကောင်းမည့်ပုံမရှိပေ။ ကိုသွန်းဆစ်ကို အမိဖမ်းတာပဲနေမှာ။ ရိပ် ဘာလုပ်ရမလဲ။ ဒီအကြောင်းတွေ ကိုသွန်းဆစ်ကိုပြောပြမှဖြစ်မည်။ မိန်းမလည်မနဲ့တော့ မရစေချင်ပါဘူး။ စောစောက စိတ်ကိုဖြေလို့ရသေးတယ်။ မညို ဈေးကနေပြန်လာပြီးပြောမှသိလိုက်ရ၍ ကိုသွန်းဆစ်ကို နှမြောနေသည်။

"ကိုသွန်းဆစ်က မမလေးနဲ့မှ လိုက်ဖက်တာပါ"

"တော်စမ်းပါဟာ၊ ဒေါ်မိုးတိမ်ပြာဆိုတဲ့ မိန်းမကြီးက ကြောက်စရာကြီး ... ယောက္ခမတော်ရရင် မချောင်ဘူး"

"မမလေးကလည်း ဇတ်ဇတ်ကျဲချွေးမနဲ့ မတွေ့သေးလို့ပါ ဒီအဘွားကြီးကို ပညာပြရမယ်၊ မရတနာလက်ထဲ ကိုသွန်းဆစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်ရမှာ နှမြောလွန်းလို့ ... ”

မညိုကပြောပြီး အထဲပြန်ဝင်သွားသည်။ ရိပ်လည်း ကိုသွန်းဆစ်ကို မရတနာယူသွားမှာ စိုးရိမ်နေ၏။ အချစ်ဆိုတာတွေကိုလည်း ရိပ် စဉ်းစားနေသည်။ ကိုသွန်းဆစ်အား ရိပ် ချစ်နေမိပြီ။ သူကရော မရတနာကို ရွေးချယ်မှာလား။ ရိပ် စိတ်ပူတတ်တာ မဟုတ်ပေမယ့် မရတနာအကြောင်းတော့ ပြောပြချင်လာသည်။ ကိုသွန်းဆစ်အတွက်ပါ ပြောပြရင် ကောင်းမလားဘဲ။ ခြံကြီးထဲသို့ ကိုသွန်းဆစ်ထွက်ပြီး ပန်းပင်တွေကို ပြုပြင်နေတာတွေ့တော့ သူမခြံထဲပြန်ဆင်းလာသည်။ ဒေါ်မိုးတိမ်ပြာကို မတွေ့ပေ။ သူမကတော့ ထုံးစံအတိုင်းပဲ အုတ်တံတိုင်းပေါ်တက်ပြီး စက္ကူခေါက်လေးအား ကိုသွန်းဆစ်ထံ ပစ်ထည့်လိုက်ကာ အောက်ကိုခုန်ဆင်းပစ်လိုက်သည်။

“ဘုတ်”

“ဟင်”

စက္ကူခေါက်လေးက သွန်းဆစ်အနားကျလာ၍ သွန်းဆစ်ကောက်ယူလိုက်သည်။ တစ်ဖက်ခြံက ကောင်မလေး အုတ်တံတိုင်းပေါ်မှခုန်ဆင်းသွားတာ ရိပ်ခနဲ တွေ့လိုက်ရ၏။ တော်တော်ဆိုးတဲ့ ကောင်မလေးပဲ။ သူ စာကိုကောက်ယူပြီး ဖတ်သည်။

*ကိုသွန်းဆစ်*

*အရေးကြီးတဲ့အသိပေးစရာ စကားတွေ ပြောစရာရှိတယ်။ ကိုသွန်းဆစ် သိသင့်တဲ့အကြောင်းဖြစ်နေလို့ပါ။*

*ရိပ် စောင့်နေမယ်။ သပြေရိပ်စားသောက်ဆိုင်မှာပါ။*

*ချစ်ပန်းရိပ်*

သွန်းဆစ် ဘယ်လိုလုပ်ရမလဲ။ ချစ်ပန်းရိပ်နှင့် သွားတွေ့ချင်



www.burmeseclassic.com

ww.burmeseclassic.com



ပေမယ့် မေမေသိသွားရင်တော့ ပြဿနာပဲ။ အခုချိန်မှာ မေမေစိတ်သောကတွေရောက်နေသည်။ ကိုကို့နောက်မိန်းမက မလွယ်ဘူး။ ဖေဖေကလည်း မေမေ့အနားပြန်လာဖို့ ဘယ်လိုမှပြောမရ။ သွန်းဆစ်ပဲရှိနေသည်။ ကိုသွန်းဆစ် သိသင့်တဲ့အကြောင်းတွေတဲ့။ ရိပ်ရယ်မင်းကို ကိုယ်အရမ်းသတိရနေတာပါ။ ရတနာ့ကို ဘယ်လိုမှ ခံစားလို့မရဘူးဖြစ်နေတယ်။ မေမေ့ကိုလည်း ကိုယ်ဆန့်ကျင်လို့မဖြစ်ဘူး ချစ်ပန်းရိပ်ရဲ့ လက်ရေးလေးက ချစ်စရာကောင်းလောက်အောင် လှပဝိုင်းစက်နေသည်။

"သားငယ်"

"ဟင် ... မေမေ"

"မေမေ အပြင်သွားစရာရှိတယ်၊ တစ်နေကုန်မှာနော်၊ သားငယ် အိမ်မှာပဲနေပါ ..."

"ဟုတ်ကဲ့မေမေ ... ဒါနဲ့ ဘယ်သွားမှာလဲမေမေ မြေးဆီလား"

"မဟုတ်ပါဘူး ... မြေးကိုလည်း သံယောဇဉ်ဖြတ်ထားတာသင်းအမေက ကပ်တယ်လေ၊ မေမေ့အလုပ်ကိစ္စပါ၊ မသီရိနဲ့သွားမှာ"

မေမေနှင့်ဒေါ်စောသီရိ တရင်းတနှီးရှိနေတာကို သွန်းဆစ်မနှစ်သက်သလိုပင်။ သူ့စိတ်ကသိနေသည်။ မေမေ့ကိုလည်း တားဆီးလို့ရမှာမဟုတ်။ သွန်းဆစ်တစ်ယောက်ကတည်း အိမ်မှာကျန်တော့မှ ချစ်ပန်းရိပ်နှင့်တွေ့ဖို့ ထွက်လာခဲ့သည်။

"ချစ်ပန်းရိပ် မင်းဘာပြောစရာရှိလို့လဲ"

ချစ်ပန်းရိပ်က လူရှင်းတဲ့စားပွဲမှာ ထိုင်နေသည်။ ကလေးဆန်ပြီး ဖြူစင်တဲ့ မျက်ဝန်းတောက်တောက်လေးတွေ ပိုင်ဆိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု သွန်းဆစ်ထင်နေ၏။ ရတနာနှင့် တွေ့ဆုံနေရတဲ့ သူ့စိတ်ခံစားချက်တွေနှင့် လုံးဝဆန့်ကျင်နေ၏။ သူ့ရင်ကို လှုပ်ခတ်စေသည့် ကောင်မလေးပါ။ ရှက်ရဲရဲမျက်နှာလေးက သူ့ဆီမော့လာသည်။

"ဟို ... ဟိုလေ ပြောရမှာ အတင်းများဖြစ်နေမလားလို့ပါ၊ ရိပ်က ကိုသွန်းဆစ်သိသင့်တယ်ထင်လို့လေ ... အဲ သတင်းက မနိုင်လုံပါဘူးနော်"

"ပြောပါ ချစ်ပန်းရိပ်၊ မင်းစေတနာကို ကိုယ်နားလည်ပါတယ် ပြောပြပါ ... "

"မမရတနာအကြောင်းပါ ... သူ့အမေရောပဲလေ"

"ပြော"

"ဟို သတင်းက မတိကျဘူးလို့ပြောထားပြီးသားနော် ကိုသွန်းဆစ် ... "

"အင်းပါ ... ပြော ကိုယ်နားထောင်မယ်၊ ချစ်ပန်းရိပ်စေတနာကိုလည်း နားလည်တယ် ... ပြောမှာသာပြောပါ"

"ဟိုလေ ... မရတနာတို့သားအမိက အရမ်းလည်ပြီး လောင်းကစားသမားတွေတဲ့ ... "

"ဟင်"

"အပြင်မှာသာ ဣန္ဒြေသိက္ခာရှိရှိ ဝတ်စားနေထိုင်ပြီး လူတွေကွယ်ရာမှာတော့ အလန်းတွေနေကြတာတဲ့"

"မင်း ဘယ်ကနေသိလာတာလဲ ချစ်ပန်းရိပ်"

"သူတို့အိမ်က ကောင်မလေးက ရိပ်တို့အိမ်က မညို့ကိုပြောပြလိုက်တာပါ၊ အကြွေးတွေလည်း ဝိုင်းနေတယ်တဲ့ ... ကိုသွန်းဆစ်တို့ ဒုက္ခရောက်မှာစိုးလို့ပါ၊ ရိပ်က စေတနာနဲ့ပြောတာနော်၊ ဖျက်လို



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးလုပ်တာမဟုတ်ပါဘူး ကိုသွန်းဆစ် ... ”

“ကိုယ်လည်း စိတ်ထဲကထင်နေတယ်၊ သူတို့မျက်လုံးတွေထဲက အရောင်တွေကို ကိုယ်မကြိုက်တာ”

“ဟုတ်လား ... သတင်းကတော့ မတိကျဘူးနော်”

“ကျေးဇူးပါပဲ ရိပ်၊ မင်းသတိပေးလို့လေ ... မေမေက အရမ်းယုံကြည်အားကိုးနေတယ် သတိထားရမှာပေါ့ ... ”

ကောင်မလေးက မလိမ်ညာတတ်ဘူးဆိုတာ သွန်းဆစ် သိသည်။ မျက်ဝန်းလေးက ဖြူစင်နေတာပဲ။ နှုတ်ခမ်းအိအိလေးက တုန်တုန်ရီရီလေးဖြစ်နေ၏။ တကယ်တမ်းကျတော့ မင်းရှက်နေတာပဲ။ ဆတ်စလူးမလေးတစ်ယောက် မဟုတ်ပါဘူးကွာ။ သွန်းဆစ်ကလည်းမေ့ပြီး ချစ်ပန်းရိပ်မျက်နှာလေးကို ငေးငေးမောမော ကြည့်မိနေသည်။

“ကိုသွန်းဆစ်”

“ဟင်”

“ရိပ် ပြန်တော့မယ်”

“ခဏလေးရိပ် ... မင်းဘာမှလည်း မစားရသေးဘူးလေ၊ ကိုယ်လည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ မိတ်ဖြစ်ဆွေဖြစ် လက်ဆုံစားကြမလား”

“အင်းလေ”

ရိပ်လည်း မငြင်းမိ။ ချက်ချင်းကြီး လက်ခံမိ၍ မျက်နှာပေါ်အပြုံ့က လာဟပ်သွားသည်။ မရှတနာ မကောင်းကြောင်းတွေပြောပြီး ကိုသွန်းဆစ်နှင့် ရင်းနှီးမှု ရယူသလိုကြီးဖြစ်နေ၍ မကောင်းဘူးထင်တယ်။ သူက အထင်သေးသွားမလားဘဲ။ အဲတော့ ကိုသွန်း



www.burmeseclassic.com

www.burmeseclassic.com



ဆစ်က ရိပ်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေတာ။ သူမ တုံ့ပြန်မကြည့်ရဲ၍ အကြည့်ကိုလွှဲပစ်သည်။

"တကယ်တော့ မေမေက ရတနာတို့သားအမိအပေါ် ယုံကြည်နေတာပါရိပ် ... ကိုယ်ကတော့ လုံးဝပဲ ခံစားလို့မရဘူး"

"တကယ်လားဟင် ... အယ် ဆောရီး ... "

ရိပ်မျက်ဝန်းလေးတွေ လက်ခနဲတောက်ပပြီး ပျော်သွား၍ သွန်းဆစ် ဟက်ခနဲရယ်သည်။ မင်းက ငယ်သေးတော့ ဟန်မဆောင် တတ်ဘူးပဲ ရိပ်လေး။ ကိုယ်က ရင်ထဲကခံစားချက်တွေကို ဖွင့်ထုတ် ပြသဖို့ ခက်နေသည်။

"ရိပ် ဘာကြိုက်လဲ"

"ထမင်းသုပ် ... ကော်ဖီ"

"ကိုယ်နဲ့တူတယ်"

"ဟင်"

"နှစ်ယောက်လုံး ထမင်းသုပ်နဲ့ကော်ဖီပဲ စားကြမလား"

"အင်း"

အကြိုက်ချင်းတောင်တူတယ်။ မေမေသိသွားရင်တော့ ရူးသွပ်သွားမလားဘဲ။ သွန်းဆစ်ကတော့ ရတနာ့ကို လက်မထပ်လိုပေ။ ချစ်ပန်းရိပ်ပြောပြတာတွေ သေသေချာချာစုံစမ်းလေ့လာရမယ်။ အိမ်ဖော်ကောင်မလေးနှင့်လည်း တွေ့ဖို့စဉ်းစားထားသည်။

"အမှတ်တရနော် ရိပ်လေး"

"အိုကေ"

နှစ်ယောက်သား စားသောက်ရင်း ခင်မင်ရင်းနှီးမှုက ပိုသွားသည်။ ရိပ်က အရမ်းဖြူစင်တဲ့ကောင်မလေးပဲ။ မေမေက ဖိစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကုန်ဆိုတော့ သူ ရိပ်နှင့်စကားပြောဖို့ အချိန်တွေရနေ၏။ ရိပ်က လည်း ဟန်ဆောင်မှုတွေကင်းမဲ့နေသည်။ ကိုယ်ချစ်တယ် ရိပ်လေး။ မေမေ့ဆန္ဒတွေကို စဉ်းစားမိတော့လည်း စိတ်က လေးလံသွားသလို ပင်။ သူတို့မိသားစုမှာ ပြဿနာတွေ ရှုပ်ထွေးနေသည်။

"ရိပ်တို့မိသားစုကတော့ ပျော်သလိုပဲ လွတ်လွတ်လပ်လပ် နေကြတာပါ ကိုသွန်းဆစ် ... ကိုယ်ကျင့်တရားတော့ ကောင်းကြ ပါတယ်၊ ကိုယ့်အကြောင်း အကောင်းပဲပြောတာတော့ မဟုတ်ပါ ဘူးနော်"

"ရိပ်လေး"

"ရှင်"

"ရိပ်လေးကို စတွေ့ထဲက ကိုယ်ဖြူစင်တယ်လို့ ခံစားမိနေ တယ်၊ ကိုယ့်မေမေအတွက် တောင်းပန်ပါတယ် ... အတ္တတော့ကြီး တယ်လေ"

"ဒက်ဒီနဲ့ အန်တီမကတော့ အရမ်းပဲလေ စိတ်ဆိုးနေကြ တယ် ... ရိပ်ပဲ ဟို စိတ်မဆိုးတာ"

"ကိုယ့်ကို ရတနာ့ဆီပါသွားမှာ ရိပ်လေးက စိတ်ပူနေတာ လား"

"ဟင်"

"အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး၊ ရိပ်ပြန်တော့မယ်၊ ရှင် အထင်တော့မသေးနဲ့နော် ... ရိပ် ခင်မင်တာ ရှင်တစ်ယောက်ပဲ ရှိခဲ့တာ၊ သွားပြီနော်"

ရိပ် ရှက်ရှက်နှင့်ထူပူပြီး စိတ်ထဲရှိတာတွေ ပြောပြီးကာ သူ့ အနားကနေ ထထွက်လာမိသည်။ သူမကားဆီရောက်တော့ လက်



www.burmeseclassic.com

ww.burmeseclassic.com



လေးတွေ တဆတ်ဆတ်တုန်ပြီး ကားမောင်းလို့ပင်မရတော့။ သူ့ကို သုမ်းကြည့်လိုက်တော့ အပြုံးနှင့်နှုတ်ဆက်ကာ သူ့ကားပေါ်တက် သည်။

"ကိုသွန်းဆစ် အရမ်းခန့်ညားတာပဲ ... ချောလိုက်တာ၊ ယောကျ်ားပီသတယ် ... ရိပ်တော့လေ ရင်တွေခုန်ပြီး အသက်ရှူ ရပ်မတတ်ဘဲ"

ရိပ် ကားကိုဝေါခနဲ မောင်းထွက်လာသည်။ မိန်းကလေး ဘက်ကနေ ငမ်းငမ်းတက် လိုက်ကြိုက်နေတာမျိုးတော့ မုန်းတယ်။ ရိပ်မှာ မာနရှိပါတယ်နော်။ ကိုသွန်းဆစ်နှင့် အခုလိုတွေ့ဆုံတာ ဒက်ဒီသိသွားရင်လည်း သေမှာပဲ။ ဒက်ဒီက အလိုလိုက်ထားပေမယ့် အဆင့်အတန်းမရှိ အရှက်ကင်းမဲ့တဲ့ အပြုအမူတွေကိုတော့ လုံးဝ တားပင်တားဆီးထားသည်။

"မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးဆိုတာရှိတယ် သမီး၊ တန်ဖိုးထားရမယ်၊ စောင့်ထိန်းရမယ်၊ ဒက်ဒီပြောတာ သဘော ပေါက်တယ်နော် ... "

အန်တီမကလည်း ဒေါ်မိုးတိမ်ပြာကို အရမ်းမုန်းတီးနေတာ သိသွားရင် သေပြီ။ ရိပ် မှားသွားပြီလား။ ကိုသွန်းဆစ် အမေ အကြောင်း သိသိကြီးနှင့် သူမလက်ဖျားခြေဖျားတွေ ရေခဲရေထဲ စိမ်ထားသလို အေးစက်ထုံကျင်နေသည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၁၆ )

"ဟဲ့ ... မညို နင့်မမလေးရော ဘာမှမပြောမဆိုနဲ့ ဘယ်ထွက်သွားတာလဲ"

"ဟို ... ဟို မမလေးက ဟိုဖက်ခြံက ဟို ... အဲ သူငယ်ချင်းဆီသွားမလို့တဲ့"

"နင့်ကိုပြောပြလို့လား"

"အင်း ပြောသွားတယ်"

မမလေးက ဟိုဖက်ခြံက ကိုသွန်းဆစ်နဲ့ သွားတွေ့တာပါ မညို မပြောပြရဲ၊ အခုတလော ဘာဘကြီးရော အန်တီမပါ မမလေးအား အရင်ကကဲ့သို့ အလစ်မပေးကြ။ မျက်စိအောက်ကနေ အပျောက်မခံဘဲ စောင့်ကြည့်နေကြသည်။ မမလေးကလည်း ပြန်မလာသေးဘူး။ အန်တီမကို ဘယ်လိုပြောထားရမလဲ။ ခဏကြာတော့ မမလေး ပြန်ရောက်လာသည်။

"ရိပ်လေး ဘယ်သွားနေတာလဲ၊ အန်တီမကတော့ စိတ်ပူလို့"



www.burmeseclassic.com

ww.burmeseclassic.com



"ဘာများစိတ်ပူစရာရှိလို့လဲ ... ရိပ်က သူငယ်နှပ်စားလေးမှ မဟုတ်တာ"

"ရိပ်လေး"

"ဟင်"

"တူမလေးကိုကြည့်ရတာ တစ်မျိုးပဲ ... အရင်လောက် တက်ကြွမနေဘူး"

"ဘာမှမဖြစ်ပါဘူး၊ ဟိုလေ အန်တီမ မရတနာတို့သားအမိ အကြောင်း သိပြီးပြီလား၊ မညို ပြောပြတာလေ"

"ဘာလဲ"

အန်တီမက ရိပ်အား တခြားစကားတွေပြောနေမှာစိုး၍ အတင်းတွေဘက်သို့ လှည့်ပေးလိုက်သည်။ ရိပ်လည်း တကယ်ပဲ ပြောင်းလဲသွားတာလား။ အရင်ကလောက် စိတ်တွေတက်ကြွရွှင် လန်းမနေတော့။ ကိုသွန်းဆစ်အကြောင်းတွေပဲ စဉ်းစားမိသည်။ ရတနာအကြောင်းတွေ သွားပြောလိုက်တာရော ရိပ် စိတ်ခတ်က အထင်သေးစရာ ဖြစ်သွားပြီလားတော့မသိပါဘူး။ အန်တီမကို ရတနာတို့သားအမိအကြောင်း ပြောပြသည်။

"သင်းတို့က ဟန်ဆောင်လိမ်ညာနေကြတာပေါ့လေ ... ကောင်းတယ်၊ အဲဒီမိန်းမကြီး ထိတာပဲကောင်းတယ် ... ကုန်မယ်"

"အင်းနော်"

"သွန်းဆစ်ဆိုတဲ့ကောင်ကလည်း ရတနာဆိုတဲ့ကောင်မပဲ အထင်ကြီးနေတာ၊ ထိပါစေ ... ငါ့တူမ နုနုထွတ်ထွတ် ဖူးဖူးစင်စင် လေးကိုများ"

"ရိပ် အဝတ်အစားလဲဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com


"ရိပ်လေး"

"ဟင်"

"ဟိုဖက်ခြံကဟာတွေကို လုံးဝအထင်မကြီးနဲ့နော် ... သိပ်လည်းချမ်းသာကြတာမဟုတ်ဘူး"

"အင်းပါ"

"သူတို့က ဟိုဟာမနဲ့ပဲတန်တာ"

အန်တီမအနားကနေ ရိပ် ထွက်လာသည်။ အခန်းထဲရောက်တော့မှ သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်ပြီး အိပ်ရာပေါ် ပစ်လှဲချပစ်သည်။

"ကိုယ်တို့ခင်မင်မှု အထိမ်းအမှတ်နော်"

သူ့စကားတွေကို ပြန်ကြားယောင်ပြီး ပြုံးသွားသည်။ အမှန်တော့ ရိပ်လေ ထမင်းသုပ်ကိုရော ကော်ဖီကိုရော မကြိုက်တာ။ ဒါပေမယ့် မညိုကတစ်ဆင့် အိမ်ဖော်အချင်းချင်း ဈေးထဲမှာတွေ့ကြတုန်း သိလာရတာက ကိုသွန်းဆစ်က ထမင်းသုပ်နဲ့ကော်ဖီကြိုက်တယ်တဲ့။ ရိပ် လိုက်ကြိုက်ပစ်တာပါ။ ရိပ်တော့ ကိုသွန်းဆစ်အပေါ် တိတ်တခိုးလေး ချစ်မိနေသည်။

"ရိပ် ဘယ်လောက်အထိ အသည်းတွေကွဲအက်ပြီး နာကျင်ရလဲ သိရဲ့လား"

ရိပ်တစ်ယောက်တည်း နှုတ်ခမ်းလေး လှုပ်စိလှုပ်စိပြောပစ်သည်။ ကိုသွန်းဆစ်ရဲ့အကြည့်တွေကလည်း တစ်မျိုးလေးပဲ။ စူးစိုက်နေသည်။ တယုတယရှိနေ၏။ ရင်ခုန်လိုက်တာနော်။ လူကြီးတွေက ဘာဖြစ်လို့ မသင့်မြတ်ကြရတာလဲ။ ကိုသွန်းဆစ် အမေပဲလေ။ ရိပ်ကို ချေးမတော်ရမှာ အသေကြောက်နေသည်။ သူမအတွေးတွေနှင့်


www.burmeseclassic.com

www.burmeseclassic.com



င်ခုန်လှုပ်ခတ်နေစဉ် ကိုသွန်းဆစ်ထံမှ ဖုန်းမြည်လာ၏။ သူမ ဖုန်း ပါတ်ပေးခဲ့သည်။ ပျော်လိုက်တာ။ ချက်ချင်းကြီး ဆက်တာပဲ။ သူမ န်းလေးကိုဖွင့်ပြီး နားထောင်သည်။

"ရိပ်လေး"

"ဟင်"

"အိပ်ပြီသွားလား"

"မြန်လိုက်တာ"

"ရိပ်လေး ပြန်ရောက်သွားပြီလား"

"အင်းလေ"

"ကိုယ်စိတ်ပူလို့ အိမ်မှာတစ်ယောက်တည်းလေ ရိပ်၊ မင်း အကြောင်းတွေ စဉ်းစားနေတာ"

"တကယ်"

"အင်း"

"ဘာတွေလဲ"

"ကိုယ်လေ ရိပ်ကိုပဲ အမြဲတမ်းသတိရပြီး တွေ့ချင်နေတယ်"

"အမလေး ဟုတ်လို့လား ကိုသွန်းဆစ်ရယ် ... ရိပ်တော့ ယုံပေါင်"

"ရိပ်"

"ဟင်"

"ထပ်တွေ့ကြမလား"

"ဟိုလေ ရိပ်တို့အိမ်က အခု ရိပ်ကို မျက်စိအောက်ကနေ ကောင် အပျောက်မခံနိုင်ဘူးဖြစ်နေတယ်၊ အခုတောင် ရိပ်ကိုမေးနေ



www.burmeseclassic.com

ww.burmeseclassic.com



တာ"

"အဲဒီလို ပိတ်ပင်တားဆီးနေတာတွေက ကိုယ်တို့နှစ်ယောက်ကို နီးစပ်စေဖို့ ဖန်တီးပေးနေတာပဲ"

သွန်းဆစ် စားသောက်ဆိုင်မှာ ထိုင်နေဆဲပင်။ ရိပ် ထွက်သွားတာ သူ့ရင်တွေဟာပြီး ကျန်ရစ်နေသည်။ ဟန်ပင်မဆောင်နိုင်တော့။ ချစ်ပန်းရိပ် ချစ်သည်ဟု ပြောချင်နေ၏။ သူ့စိတ်တွေ ထိန်းချုပ်နိုင်တဲ့အင်အားတွေ ကင်းမဲ့နေသည်။

"ရိပ်ကို ကိုယ်ပြောစရာရှိတယ်"

"ရှင်"

"ချစ်တယ်"

"ဟင်"

"ကိုယ်တို့ ထပ်တွေ့ကြရအောင်နော် ရိပ်"

"မဖြစ်သေးပါဘူး၊ လူကြီးတွေလေ ကိုသွန်းဆစ်အမေက ရိပ်ကို အထင်သေးနေတာပါ"

"ကိုယ် ရိပ်ကိုချစ်တယ်၊ အချိန်တွေ နည်းနည်းလေးပဲစောင့်ပေးပါ ... ကိုယ့်စိတ်တွေ ပေါက်ကွဲလွင့်ထွက်ချင်နေပြီကွာ၊ ရိပ်ရော ကိုယ် ရတနာ့ကို လက်မထပ်ဘူး၊ အမှန်တရားဆိုတာ တစ်နေ့ အဖြေပေါ်လာမှာပါ"

"ဟိုလေ ... ရိပ် ... အဲ"

"ချစ်တယ်မဟုတ်လား ရိပ်"

"အင်း ... ဟာ"

"ကိုယ်တို့ထပ်တွေ့ကြမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အခု ကိုသွန်းဆစ် ဘယ်မှာလဲ"

"စားသောက်ဆိုင်မှာပဲရှိတယ်၊ ရိပ် ထပ်ပြီးထွက်လာပါလား"

"မရတော့ဘူး ... အန်တီမက ရှိနေတယ်၊ ဘယ်တုန်းကမှ ချုပ်ချယ်ဘူးတဲ့ ရိပ်ကို အခုချုပ်ချယ်နေပြီ"

"ကိုယ်တို့အိမ်ကြောင့်ပါ၊ မေမေ မကြာခင် အမြင်မှန်ရလာတော့မှာပါ ရိပ် ... "

"ဘာဖြစ်လို့လဲဟင်"

"ကိုယ်ပြောတာကို လက်ခံပါ၊ အချိန်လေးပဲစောင့်"

မေမေ့ကို အံ့တုဖက်ပြိုင်မည့်အကြောင်းတွေက ထွက်ပေါ်လာသည်။ ကိုကို့နောက်ထပ်ဇနီးက မေမေဖြစ်စေချင်တဲ့ ချွေးမမျိုး မဟုတ်။ အခုတောင် မေမေ့ကို ဆန့်ကျင်နေသည်။

"ဒါပဲနော် ရိပ် ... အိမ်မှာကောင်းကောင်းနေ၊ ကိုယ်တို့မနက်ဖြန် အပြင်မှာတွေ့ကြမယ်"

"ကိုသွန်းဆစ်"

"ပြော"

"မရတနာအကြောင်း မကောင်းပြောတာ ရိပ်ကိုအထင်မသေးဘူးလားဟင်"

"ဘာဖြစ်လို့ အထင်သေးရမှာလဲ ရိပ်လေး ... ရတနာတို့က ခင်းပြောသလိုလည်း ဖြစ်နိုင်တာပဲ၊ ကိုယ်က ရိပ်လေးကိုပဲ စတွေ့ထဲက စိတ်ဝင်စားတာပါ"

"တကယ်"

"တကယ်ပေါ့ ရိပ်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် ... ကိုသွန်းဆစ်ကိုလည်း ရိပ်ချစ်တယ်"

"ရိပ်ကိုလည်း ချစ်တယ်"

အန်တီမ အခန်းထဲဝင်လာ၍ ရိပ် ဖုန်းပိတ်ပစ်ရသည်။

"ရိပ်လေး"

"ရှင်"

"ဖုန်းပြောနေတာလား"

"အင်းလေ"

"ဘယ်ကလဲ"

"အန်တီမကလည်း လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်တွေကို ဘာဖြစ်လို့ လိုက်ပြီးပိတ်ပင်နေရတာလဲ"

"ရိပ်လေးကို စိတ်ပူလို့လေ ရိပ်လေး၊ မောင်သွန်းဆစ်ကို စိတ်ဝင်စားနေတာတော့ မဟုတ်ပါဘူးနော်"

"စိတ်ဝင်စားနေတယ်ဆိုရင်ရော"

"ဘာ ... မဖြစ်ဘူးနော်၊ အန်တီမရော ရိပ်ဒက်ဒီရော အဲဒါ စိတ်ပူနေတာ ... ဟိုမိန်းမကြီး ဒေါ်မိုးတိမ်ပြာကို ဘယ်လိုမှ ရိပ်ရဲ့ ချွေးမအဖြစ် မမြင်စေရဘူး"

ရိပ်ကို ဒေါ်ခင်မမ အကဲခတ်ကြည့်နေတာ ကြာပါပြီ။ တွေ့ လေး အရင်နဲ့မတူပေ။ သွက်လက်ဖျတ်လတ်မှုတွေ ပျောက်ဆုံးနေ သည်။ ဒေါ်မိုးတိမ်ပြာက ချွေးမတွေကို အရမ်းပုံစံပေးတာတဲ့။ ရက် စက်တာတဲ့။ သူ့သားတွေက အမေ့စကားပဲတဲ့။ ရိပ် ဘာလုပ်ရမ လို့လဲ။ အိမ်မှုကိစ္စတွေ ဝေးသေးတယ်။ လက်လေးတွေက သွယ် သွယ်ပြောင်းပြောင်း နုနုဖတ်ဖတ်လေး။ ရင်ပူလိုက်တာ သူမလေး နှင့် ခရီးထွက်သွားရင် ကောင်းမလား။ မောင်သွန်းဆစ်ကို စိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



စားဖို့ ဆုံးမနေရသည်။

"မောင်သွန်းဆစ်နဲ့တော့ လုံးဝမဖြစ်ဘူးနော် ရိပ်လေး၊ ဒီအဘွားကြီးက ကြောက်စရာကြီး"

ကိုသွန်းဆစ်က အချိန်လေးတစ်ခုတော့ စောင့်ပါတဲ့။ မေမေ အသိရတော့မှာတဲ့။ ရိပ်ကတော့ ကိုသွန်းဆစ်အတွက် အရာအားလုံးကို ရင်ဆိုင်နိုင်သည်ဟု ထင်နေသည်။

"တူမလေး မခံနိုင်ပါဘူး ... ချွေးမဆိုတာ ကျွန်ပဲတဲ့ ... ကြောက်စရာကောင်းလိုက်တာ ရိပ်ရယ်နော်"

ရိပ် ဘာစကားမှ မပြောတော့သဖြင့် အန်တီမ ဆုံးမစကားတွေပြောပြီး ထွက်သွားသည်။ သူမ ရယ်ပစ်လိုက်၏။ ကိုသွန်းဆစ်က ရိပ်ကိုချစ်သည်တဲ့။ ပျော်လိုက်တာ။ ဘယ်တုန်းကများ ရင်ဖွင့်ချင်နေတာလဲ မသိပါဘူး။ ရိပ်ကလည်း ချက်ချင်းပဲ အဖြေပေးလိုက်သည်။

"အဟိ ပျော်လိုက်တာ ... ရိပ်ကို ချစ်တယ်တဲ့ အဟိ"

"မမလေး"

"ဟင်"

"တစ်ယောက်တည်း ဘာတွေသဘောကျနေတာလဲ"

"မညို"

"ဟင်"

"သူကလေ မမလေးကို ချစ်တယ်တဲ့"

"ဟုတ်လို့လား ... အခုပဲ တွေ့ကြတာလေ မဖြစ်နိုင်တာဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငါ့ကို အခုပဲ ဖုန်းဆက်ပြောတာပါ၊ စတွေ့တဲ့အချိန်ထဲက ရိပ်ကိုချစ်နေမိတာပါတဲ့"

"ဟုတ်လို့လား"

"မိညိုနော်"

"အဟိ"

မညိုလည်း မမလေးနှင့် ကိုသွန်းဆစ်တို့ကို သဘောတူသည်။ အရမ်းလိုက်ဖက်တဲ့ စုံတွဲပဲ။ မရတနာနှင့် မနီးစပ်စေချင်။ သိသားပဲ မမလေးနှင့်အတူ ပျော်နေသည်။

"အခုမှ လူကြီးတွေကလည်း မသင့်မြတ်ကြဘူးဟယ်၊ ဆွေးရတယ်"

"အဆင်ပြေသွားမှာပါ"

"ပြေပါစေ"

ရိပ်တို့ လသာဆောင်ကိုထွက်လာတော့ တစ်ဖက်ခြံကြီးထဲသို့ ကိုသွန်းဆစ် ပြန်ရောက်နေသည်ကို ရိပ် အပေါ်ထပ်ကနေ လက်ပြသည်။

"မမလေး အရမ်းမလုပ်နဲ့ ... ဟိုမှာလေ"

"အေး"

ကိုသွန်းဆစ်ရဲ့အမေ ဒေါ်စောသီရိတို့ကားတစ်စီးနှင့် တွဲပြီး ပြန်ဝင်လာသည်။ ပြုံးလို့ ... ဒေါ်စောသီရိက မိန်းမလည်မကြီးတဲ့။ ယောက္ခမလောင်းကြီး ခံရတော့မည်။ ရိပ်တို့ကိုမြင်တော့ စောစောက ပြုံးရယ်နေတဲ့ မျက်နှာကြီးက ရုတ်တင်းပုတ်သိုးသွားသည်။

"မမလေး ပညာပေးရမယ့် ယောက္ခမကြီးပဲ၊ ငို့ကွပ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်းပါ"

"အေး"

ကိုသွန်းဆစ်ကိုတော့ ချစ်တယ်။ ယောက္ခမလောင်းကြီးနဲ့ အဆင်ပြေဖို့က မလွယ်ပေ။ ဒေါ်မိုးတိမ်ပြာက ကိုသွန်းဆစ်အား တိုက်ထဲဝင်ဖို့ တင်းတင်းမာမာ ပြောနေသည်။

"တစ်နေ့သိမယ်၊ ချစ်ပန်းရိပ်ကတော့ ကိုသွန်းဆစ်ကို အရယူပစ်မှာနော်"

ရိပ်ရင်ထဲမှာ အောင့်သက်နာကျင်နေသည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၁၇ )

"ရိပ်"

"ဟင်"

"ကိုကိုလို့ခေါ်လေ"

"ဟာ"

"ဘာဖြစ်လို့လဲ ရိပ်ရယ်"

"ဟင့်အင်း"

"ကိုကိုတို့က ချစ်သူတွေဖြစ်သွားပြီလေ ... ခေါ်ပါကွာ ကိုကိုလို့ ... "

"ရှက်တယ်"

"ဟာကွာ"

"အမေ့"

ရိပ်က တကယ့်ကို ရိုးသားဖြူစင်သူဖြစ်ကြောင်း သွန်းဆ သိလာရသည်။ သူ မြတ်နိုးရ၏။ ရိပ်ရဲ့ နေပုံထိုင်ပုံ ဝတ်စားပုံတွေက ခေတ်နှင့်အမီ လိုက်နေပေမယ့် ရိပ်စိတ်ဓာတ်က ချစ်စရာကောင်း သည်။ သွန်းဆစ် မြတ်နိုးရသည်။ မေမေက ရတနာနှင့်စေ့စပ်ဖို့ စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကိုကိုကောင်းကင်ကိစ္စ ရှုပ်ထွေးနေ၍ ရပ်ထားရ၏။ သွန်းဆစ်ကလည်း သူချစ်မြတ်နိုးတဲ့ မိန်းကလေးနှင့်ပဲ လက်ထပ်ဖို့ ဆုံးဖြတ်သည်။ အချစ်မပါဘဲ ဘဝကို မိဘဆန္ဒနှင့် မဆက်လိုပေ။ ရတနာရဲ့ မျက်ဝန်းအကြည့်တွေကို မနှစ်သက်ခဲ့။ မေမေ့ကိုလည်း ရတနာ့မေမေ ဒေါ်စောသီရိကို သတိထားဖို့ပြောခဲ့ပေမယ့် လက်မခံ။ ကပူးတွဲတွဲဖြစ်နေသည်။ သူ့ရင်ခွင်ထဲမှ ရိပ်ခန္ဓာကိုယ်လေးအား တင်းကြပ်စွာ ပွေ့ဖက်ထားမိသည်။ သူမက ရှန်းဖယ်ပစ်နေ၏။ သူ့ လက်မောင်းတွေက ရစ်ပတ်တုပ်နှောင်ထား၍ ရိပ်ကိုယ်လုံးလေး နစ်မြုပ်နေတော့သည်။

"ရိပ်ကို အရမ်းချစ်တယ်၊ ကိုကို့ကို ခွဲမသွားပါနဲ့နော်၊ ကိုကိုတို့ ဘာအကြောင်းတွေနဲ့မှ မခွဲကြဘူး၊ ကတိနော် ရိပ် … "

ရိပ် မျက်နှာလေးအနဲ့ နမ်းရှိုက်သည်။ ပထမတော့ ရိပ် အပြင်းအထန် ခေါင်းလေးကို ခါယမ်းကာ ငြင်းဆန်နေ၏။ တဖြည်းဖြည်း ငြိမ်သက်သွားသည်။ စားသောက်ဆိုင်ကြီးရဲ့ နှစ်ယောက်တည်း စားသောက်နိုင်တဲ့ သီးသန့်ခန်းတစ်ခုထဲမှာ ရှိနေကြ၏။ စားစရာတွေကို မေ့လျော့ပြီး ရိပ်ခန္ဓာကိုယ်လေးအား သိုင်းဖက်ထားပြီး အချစ်ကြီးချစ်ကာ မေ့လျော့နေသည်။ ရိပ်က သွန်းဆစ်ရဲ့အချစ်ဦး ပါ။ မေမေ့ကိုလည်း မေ့နေ၏။ ချစ်သူရိပ်အား ချစ်မြတ်နိုးစွာ နမ်းသည်။

"ဖယ်ပါတော့ ကိုသွန်းဆစ်ရယ် … ရိပ် အသက်ရှူလို့တောင် မရတော့ဘူး"

"ကိုသွန်းဆစ် ဟုတ်လား … ကိုကိုလို့ခေါ်ပါကွာ၊ မခေါ်ရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကို့ကို အဆိုးမဆိုနဲ့နော်"

"အမလေး"

ရိပ် အထိတ်တလန့် အော်ဟစ်ရင်း ကိုကို့ရင်ခွင်ထဲမှ ရုန်းသည်။ မရပေ။ သူမနှုတ်ခမ်းလေးတွေက ကိုကိုဟု ချစ်သူကိုခေါ်ရမှာ တွန့်ဆုတ်ရှက်ရွံ့နေ၏။ ကြာတော့လည်း သူမ အသက်ရှူကြပ်လာ၍ ကိုကိုဟု ခေါ်လိုက်သည်။

"လွှတ်ပါတော့ ကိုကိုရာ၊ ရိပ် အသက်ရှူကြပ်နေပါပြီ"

"ရိပ်"

"ကိုကို"

"ချစ်တယ်"

"ရိပ်လည်း ကိုကို့ကိုချစ်တယ်"

"မခွဲကြကြေးနော်"

"ကိုကို"

"ပြော"

"ကိုကို့မေမေကို ဘယ်လိုလုပ်မလဲဟင်၊ ရိပ်တို့အိမ်ကတော့ ရိပ်ကို အရမ်းချစ်လို့ အပြင်းအထန် ခွဲကြမှာမဟုတ်ပါဘူး"

"ကိုကိုလည်း ရိပ်ကိုမခွဲဘူး၊ ဘာအကြောင်းနဲ့မှ မခွဲဘူး။ အချိန်လေးပဲစောင့်ပေးပါ ... မေမေ့ဆီမှာ မကြာခင် အမှန်တရားတွေရှိလာနိုင်တော့မှာပါ ... အတ္တတွေကြောင့် မေမေ စိတ်သောကဝေဒနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရလိမ့်မယ်ထင်တယ်"

"ဘယ်လိုအကြောင်းနဲ့မှ မခွဲဘူးနော် ကိုကို၊ လူကြီးတွေ အတင်းခွဲရင်လည်း ကိုကိုနဲ့ရိပ် အတူတူထွက်ပြေးကြမယ်နော်



www.burmeseclassic.com

www.burmeseclassic.com



သိလား"

"ကိုကို့ကို အဲဒီလောက်တောင်ချစ်လား ရိပ်ရယ်"

"ချစ်တယ် ကိုကိုရယ်"

ကိုကို့မေမေ ဒေါ်မိုးတိမ်ပြာနှင့်တော့ ပြဿနာတွေ အကြီးအကျယ်တက်တော့မှာ ရိပ်သိနေသည်။ ကိုကို့ကို မခွဲနိုင်တော့ဘူး။ ချစ်သူရင်ခွင်ထဲသို့ တင်းကြပ်စွာ ပွေ့ဖက်ထားမိ၏။ ကိုကို့နောက်လိုက်သွားဖို့လည်း ဆုံးဖြတ်ထားသည်။

"ရိပ်က ထမင်းသုပ်နဲ့ကော်ဖီကို မကြိုက်ဘူးမဟုတ်လား၊ ကိုကို့အကြိုက်ကို ရိပ်လိုက်ကြိုက်စရာမလိုပါဘူးကွာ၊ ရိပ်ကို စိတ်ညစ်စရာတွေနဲ့ မနေစေချင်ပါဘူး၊ ပျော်ရွှင်နေစေချင်တာပါ"

"ကိုကိုရယ်"

သွန်းဆစ်က ချစ်သူကို အမြဲတမ်းပျော်ရွှင်ချမ်းမြေ့စေချင်နေသည်။ သူ့ရင်ဆိုင်ရမှာတွေက အများကြီးပဲ။ အိမ်မှာ ပြဿနာတွေရှုပ်ထွေးနေ၏။ ကိုကိုနှင့်နောက်ဇနီးက စီးပွားရေးလုပ်ငန်းတွေကိုလက်ဝါးကြီးအုပ်ဖို့ ကြိုးစားနေသည်။ မေမေကလည်း စီးပွားရေးလုပ်မယ်ဆိုပြီး ဒေါ်စောသီရိနှင့် တတွဲတွဲဖြစ်နေသည်။ ချစ်သူကိုတော့ မထိခိုက်စေချင်တာ သူ့ဆန္ဒပင်။ သွန်းဆစ် ကုမ္ပဏီလုပ်ငန်းတွေလည်း ဦးဆောင်နိုင်အောင် ကြိုးစားနေရ၏။ အရင်ကဆိုမေမေက ကိုကို့ကိုပဲ ယုံကြည်ပြီး ဦးစားပေးခဲ့သည်။

"ကိုကို"

"ဟင်"

"အိမ်မှာ ပြဿနာတွေ တက်နေတယ်ဆို"

"ဟုတ်တယ်ရိပ်၊ ကိုကို့ကြောင့်ပါ ... မမစက်ကြူလည်း



www.burmeseclassic.com

www.burmeseclassic.com



သနားတယ်၊ ကလေးနဲ့ ဒုက္ခရောက်နေမှာပဲ"

"ရိပ်တို့သွားတွေ့ရအောင်၊ ပြီးတော့ အကူအညီတွေလည်း ပေးကြမယ်နော်"

"ဟင် ရိပ်"

"မမစက်ဆိုတာကို ရိပ် မိန်းကလေးချင်း ကိုယ်ချင်းစာလို့ပါ ကိုကိုရယ်"

"နောက်မှသွားတွေ့ကြတာပေါ့ ရိပ်ရယ် ... လောလောဆယ် ကိုကို့လုပ်ငန်းတွေမှာ ဦးဆောင်နိုင်အောင် ကြိုးစားရမယ်၊ ဖေဖေကလည်း မေမေ့ကိုစိတ်ကုန်ပြီး နိုင်ငံခြားကို ထွက်သွားပြီလေ"

"ကိုကို့အခက်အခဲတွေကို ရိပ် သိထားရပါစေ၊ နှစ်ယောက်အတူတူ ဘဝကို ရုန်းကန်ကြရအောင်ပါ"

ရိပ် ကိုကို့ကို အရမ်းချစ်မြတ်နိုးမိတဲ့အတွက် ကိုကိုနှင့်အခက်အခဲဒုက္ခတွေကို မျှဝေခံစားဖို့ပဲ ဆုံးဖြတ်ထားသည်။

"ရိပ်လေးရယ် မင်းက ကိုကိုထင်ထားတာထက်တောင် စိတ်သဘောထား ဖြူစင်ပြည့်ဝနေတာပါပဲလား"

ချစ်သူကို တင်းကြပ်စွာပွေ့ဖက်ထားမိသည်။ ရိပ်ဘက်က ပြဿနာမရှိပေမယ့် သွန်းဆစ်ဘက်ကတော့ ပြဿနာအကြီးအကျယ်ရှိနေနိုင်၏။ မေမေက လုံးဝလက်ခံမှာမဟုတ်။ ချစ်သူအားနားလည်မှုတွေရှိစေချင်သည်။ ရိပ်ကိုယ်တိုင်က သွန်းဆစ်ဆန္ဒတွေအတိုင်း ထပ်တူထပ်မျှဖြစ်နေ၍ ချစ်မြတ်နိုးနေသည်။

"ကိုကို ကုမ္ပဏီကိုသွားတော့လေ၊ ရိပ်လည်း ကျောင်းကိစ္စအတွက် လုပ်ရဦးမယ်၊ နှစ်ယောက်ကြိုးစားကြတာပေါ့နော်၊ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားထား ...”

“ရိပ်လည်း ကြိုးစားထားနော်”

“အိုကေ”

ချစ်သူနှင့်ခွဲပြီး သွန်းဆစ် ကုမ္ပဏီကိုရောက်လာတော့ ကိုကို ပါရောက်နေသည်။ ကိုကို့ဇနီး မာရီမေကလည်း ခပ်ကျောကျော ကျက်နှာထားနှင့် ကြွကြွရွရွလေး ကိုကို့လက်ကိုတွဲပြီး ရှိနေ၏။ ဘာကကြီးက ဘာတွေဖြစ်သွားပြီလဲ။ ကိုကို့ပြောင်းလဲမှုက အံ့ဩကစရာကောင်းလွန်းသည်။

“သွန်းဆစ် သူက ကိုကို့ဇနီး မာရီမေပဲ၊ သူက ဒီကုမ္ပဏီကို ...းလိမ့်မယ်”

“ကိုကို”

“မင်းလည်း မာရီလက်အောက်ပဲ၊ ခဏ မင်းကိုပြောစရာရှိ ...ည် ... ကိုကို့အခန်းထဲဝင်ခဲ့”

သွန်းဆစ် ကိုကို့အခန်းထဲဝင်သွားတော့ ကိုကိုက ကုမ္ပဏီမှာ ...ကို့ဇနီးမောင်နှံပဲ ဦးစီးမှာမို့ သွန်းဆစ် ဝန်ထမ်းတစ်ယောက်အဖြစ် ...ဘာဝန်ထမ်းဆောင်ပါတဲ့။ သွန်းဆစ်အကြည့်တွေက ကိုကို့ဆီ ...ခဲ့ ရောက်သွားသည်။

“မင်း ဘာကြည့်တာလဲ သွန်းဆစ်၊ အရာရာက ပြောင်းလဲ ...ပြီ မေမေ့ဆန္ဒတွေအတိုင်းပဲ ကိုကို လိုက်မမှီတော့ဘူး”

“ကိုကို့သားအတွက်ရော”

“မတတ်နိုင်ဘူး”

“ကိုကို”



www.burmeseclassic.com

www.burmeseclassic.com



"မာရီအတွက်ပဲ ကိုကိုကြည့်ရတော့မယ်၊ လောကကြီးက ပြောင်းလဲနေတာကွ၊ မေမေပဲ ပြောင်းလဲမှုကို ငြင်းဆန်ချင်တာ လေ"

"ကိုကိုက ဒီလိုစကားတွေတောင် ပြောနေပြီလား၊ အရင်က ကိုကိုပဲ တသွေမတိမ်း နာခံခဲ့တာပဲ"

"တော်တော့ သွန်းဆစ်၊ မင်းဘာမှဆက်မပြောနဲ့တော့၊ ကိစ္စ တွေအားလုံး ပြောင်းလဲသွားပြီလို့ပဲ မှတ်ထား"

"ကိုကို စဉ်းစားပါဦး၊ မမစက်မှာ ဘာအပြစ်ရှိနေလို့လဲဗျာ"

"တီတ်စမ်း"

တိတ်စမ်းဟုပြောလိုက်သူက ကိုကို့ဆီက မဟုတ်ပေ၊ နောက်မှ ဒေါ်မာရီမေအသံဖြစ်သည်။ ကုမ္ပဏီဥက္ကဋ္ဌရဲ့အခန်းကို ခွင့် မတောင်းဘဲ ဝင်ရောက်လာတာ ရိုင်းပျလွန်းသည်။

"ဘယ်သူ့ကို မင်းကသနားနေရတာလဲ သွန်းဆစ်မိုး အတိတ်တွေကို တူးဆွမနေနဲ့၊ ဒီကုမ္ပဏီပိုင်ရှင်နာမည်ကို မင်း သေသေချာချာ လေ့လာပါဦး"

"ဘာဗျ"

"မေရီမေလေ မင်းအစ်ကိုတောင် သနားလို့ဥက္ကဋ္ဌရာထူး ပေး ထားလိုက်တာ"

"ကိုကို ဘာတွေဖြစ်ကုန်တာလဲ၊ ဒီကုမ္ပဏီက ဖေဖေ ထူ ထောင်ထားတာလေ၊ ကျွန်တော့်အမွေဆိုင်ပဲ"

"မင်းသွားတော့ သွန်းဆစ်၊ မင်းကို ငါပြောထားပြီပြီပဲ အရာရာပြောင်းလဲသွားပြီလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"သွားတော့"

"မင်း ဝန်ထမ်းအဖြစ် အေးအေးဆေးဆေး မနေရင်တော့ အလုပ်ထုတ်ပစ်ရလိမ့်မယ် သွန်းဆစ်မိုး"

သွန်းဆစ် ဘာဆက်ပြောရမှန်းမသိတော့ဘဲ ကိုကို့ကိုပဲ ငေး ကြောင်ကြည့်မိသည်။ ဘာတွေပြောင်းလဲသွားတာလဲ။ မေမေက ကိုကို့ကို ယုံကြည်ပြီး ဖေဖေ့အား အတင်းအကြပ် ကုမ္ပဏီကို လွှဲ ပြောင်းပေးစေခဲ့၏။ ထို့ကြောင့်ပင် ဖေဖေ နိုင်ငံခြားသို့ အပြီးအပိုင် ထွက်သွားတာပဲဖြစ်သည်။

"မင်းသွားတော့၊ မာရီပြောတာတွေအမှန်ပဲ၊ ကိုကိုလည်း ဘာမှမတတ်နိုင်ဘူး၊ ဒီကုမ္ပဏီကို မာရီပိုင်တယ်၊ သူ့နာမည်ဖြစ်သွား ပြီ"

သွန်းဆစ် ဘာမှမတတ်နိုင်တော့ဘူး။ ထွက်သွားဖို့ပဲ ရှိသည်။ ကိုကိုက ပြတ်ပြတ်သားသား ပြောလိုက်၏။ ကုမ္ပဏီက မမာရီမေ နာမည်ဖြစ်သွားပြီတဲ့။ ကိုကိုပြန်ရောက်လာတာပင် မေမေ မသိ။ အရာရာက ပြောင်းလဲသွားတာ အံ့သြစရာပင်။ သူပြန်ထွက်လာခဲ့ သည်။ အိမ်ရောက်တော့ မေမေ့ကို အခြေအနေအရပ်ရပ်ကို အသေး စိတ်ပြောပြလိုက်၏။ မေမေ့မျက်ဝန်းတွေက အံ့သြတုန်လှုပ်နေသ လို မဖြစ်နိုင်ဘူးဟုပဲ ပြောသည်။

"မဖြစ်နိုင်ပါဘူး၊ လုံးဝမဖြစ်နိုင်တာဘဲ၊ သားကြီးက မေမေ့ အပေါ် အဲဒီလောက်အထိ ရိုင်းပျရက်စက်ပါ့မလား"

"ကျွန်တော် ရင်ဆိုင်လာခဲ့တာပါ မေမေ၊ ကုမ္ပဏီက မမာရီ့ နာမည် ဖြစ်သွားပြီတဲ့"



www.burmeseclassic.com

ww.burmeseclassic.com



"ဟင်"

"ဘယ်လိုလုပ်ကြမလဲ မေမေ၊ သွန်းဆစ်တို့ ဘာဆက်လုပ်မလဲ"

"မေမေ လိုက်သွားမယ်၊ ဒီလိုလုပ်လို့ရမလား၊ မတရားအနိုင်ကျင့်တာပဲ၊ ဒီကောင်မကရော ဘာလူလည်ကျတာလဲ ... မရဘူး၊ မေမေ လိုက်သွားပြီး ဖြေရှင်းမယ်"

"မသွားပါနဲ့တော့ မေမေ၊ သွန်းဆစ်ပဲရှင်းမယ်"

"သွားမယ်၊ သွားကိုသွားရမယ်၊ ဒီကောင်မကို သားကြီးအနားကနေ ဖယ်ရှားပစ်ရမယ်၊ မေမေ လုံးဝသည်းမခံနိုင်ဘူး"

ဒေါ်မိုးတိမ်ပြာ ဘယ်လိုမှ လက်မခံနိုင်သော အခြေအနေဖြစ်နေသည်။ သားကြီးအား ယုံကြည်၍ ပုံအပ်ထားတာပါ။ မရဘူး။ ရှင်းရမယ်။ တရားစွဲမယ်။ ဒီလိုမတရားလာလုပ်လို့ရမလား။ ဒေါ်မိုးတိမ်ပြာရင်ထဲမှာ နာကျင်စို့နစ်လာရသည်။ သားကြီး ရက်စက်လိုက်တာ။ မိမိအယုံကြည်ဆုံးသားပဲ။ ရှိသမျှ စီးပွားရေးလုပ်ငန်းတွေရော၊ ငွေကြေးဥစ္စာတွေပါ ပုံအပ်ထားမိတာပါ။ ယခုဝယ်ထားတဲ့ အိမ်ကပင် အကြွေးတစ်ဝက်ရှိသေးသည်။ ဒေါ်မိုးတိမ်ပြာ ရူးသွပ်မတတ် အပူမီးတွေ လောင်မြိုက်နေရ၏။ သားကြီးကုမ္ပဏီသို့ လိုက်သွားသည်။

www.burmeseclassic.com

ww.burmeseclassic.com

•

အခန်း ( ၁၈ )

"ကုမ္ပဏီက ကျွန်မနှာမည်နဲ့ ဖြစ်သွားပါပြီ၊ အန်တီဝင်ပြီး ဆုတ်ဖက်လို့ မရတော့ပါဘူး"

"ဘာအေ့"

"အဲဒါကို အန်တီက မကျေနပ်လို့ ပြဿနာရှာမယ်ဆိုရင် အစ်က ဒုက္ခရောက်ရမှာက အန်တီ့သားပါပဲ"

"ဟင်"

"ထပ်ပြီး စကားတွေမပြောချင်လို့ပါ၊ အန်တီပြန်ပါ၊ သွန်းဆစ် ကိုလည်း အလုပ်ကနေ ထုတ်လိုက်ပါပြီ ... အမြစ်ပြတ်ရှင်းပစ်တာ အကောင်းဆုံးပဲထင်ပါတယ်"

"ငါ့သားကြီးရော ဘယ်မှာလဲ"

"ရုံးခန်းမှာလေ၊ ကိုကောင်းကင်မိုးနဲ့တွေ့တာ နောက်ဆုံး ဖြစ်ပါစေ"

"ဘာအေ့"

"ကျွန်မစကားကို လက်ခံပါအန်တီ၊ ကျွန်မက အန်တီပြောသလို မယ့် ခပ်တုံးတုံးချွေးမတော့ မဟုတ်ပါဘူး"



www.burmeseclassic.com

ww.burmeseclassic.com



"ညည်း … ညည်း"

ဒေါ်မိုးတိမ်ပြာ ဆက်မပြောနိုင်တော့ဘဲ မာကျောလွန်းတဲ့ ချွေးမကို ကြောက်သွားသည်။ ဘာတွေဖြစ်ကုန်ပြီလဲ။ အမလေး ရင်တုန်လိုက်တာ။ သားကြီး ဘာဖြစ်လို့များ ဒီလောက်အထိ ပြောင်းလဲသွားရတာလဲ။ ဒေါ်မိုးတိမ်ပြာ သားကြီးအခန်းရောက် သွားသည်။

"သားကြီး"

"ဟင် … မေမေ"

"ဘာတွေဖြစ်ကုန်တာလဲ၊ မေမေ့ကိုပြောစမ်းပါ၊ ဘာဖြစ်လို့ ပြောင်းလဲသွားရတာလဲ မင်းရှင်းပြပါ"

"ရှင်းပြလည်း အကြောင်းထူးမှာမဟုတ်ပါဘူး မေမေ၊ မာန် ပြောတာပဲ လက်ခံပါ"

"မင်း … မင်းကို မေမေ ဘယ်လောက်ယုံကြည်အားကိုးခဲ့ ရလဲ၊ စည်းစိမ်တွေအားလုံး မင်းလက်ထဲ အပ်ထားရတယ်လေ"

"အဲဒါတွေက မေမေ့ကြောင့်ပဲ ဖြစ်ပျက်သွားရတာပါ"

"ဘာ"

"ကျွန်တော်မချစ်တဲ့ အိမ်မှုကိစ္စတွေပဲလုပ်နေတဲ့ မိန်းမတစ် ယောက်ကို လက်ထပ်ရတာ စိတ်ပျက်နေလို့ပါ"

"မင်း … မင်း"

"ကျွန်တော်က ကျွန်လိုသေဝပ်ပိပြားနေတဲ့ မိန်းမတစ် ယောက်ကို လက်မထပ်ချင်ဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စက်မှာက အပြစ်မရှိပါဘူး၊ ဒါပေမယ့် အိမ်မှုကိစ္စတွေလုပ်ပြီး နွမ်းဖတ်ဖတ်မိန်းမက ကျွန်တော်နဲ့မလိုက်ဖက်ဘူး"

"မင်း မေမေ့ကိုတောင် ဆန့်ကျင်နေပြီလား၊ မေမေတို့ ဘာဆက်လုပ်ရမလဲ၊ သွန်းဆစ် အနာဂတ်အတွက်ကရော"

"မသိဘူး"

"ဘာကွဲ့"

"မာရီကို သားဘယ်လိုမှ လွန်ဆန်နိုင်တဲ့အင်အားတွေ မရှိတော့ဘူး၊ သား ထောင်ကျလိမ့်မယ်"

"ဘာ"

"မေမေပြန်ပါတော့၊ ကုမ္ပဏီကိစ္စ သားနဲ့မာရီ စီမံမယ်"

"မေမေတို့အခြေအနေကို မင်းသိသားပဲ၊ မေမေ့ကို ဖေဖေကခွဲသွားပြီ၊ သားကြီးလည်း ပစ်ထားခဲ့တော့မလား"

"ကျွိ"

အခန်းထဲသို့ မာရီမေ ဝင်လာသည်။ ခွာမြင့်ဖိနပ်သံက ဒေါက်ဒေါက်။ ဒေါ်မိုးတိမ်ပြာ အကြောက်ဆုံးချွေးမမျိုး။ မျက်နှာထားက တင်းလွန်းနေသည်။

"ပြန်ပါတော့"

"ဒီမှာ"

"မောင့်သဘောထားကိုလည်း သိပြီးပြီနော်"

"အေးပါ ... သွားပါ့မယ်"

ဒေါ်မိုးတိမ်ပြာ ဒေါသတွေပေါက်ကွဲပြီး ထွက်လာခဲ့သည်။ ဘယ်လိုလုပ်ရမလဲ။ စီးပွားရေးက သားကြီးလက်ထဲမှာပဲရှိတာပါ။ ဘယ်သွန်းဆစ်လည်း အလုပ်ပြုတ်ပြီ။ ရင်ပူလိုက်တာ။ မဖြစ်



www.burmeseclassic.com

ww.burmeseclassic.com



တော့ဘူး ရတနာနဲ့သားငယ်ကို အမြန်ဆုံးလက်ထပ်ပေးရမယ်။ အားကိုးစရာက မသီရိပဲရှိတော့တယ်။ သူနဲ့စီးပွားရေးလုပ်ရမယ်။ ရတနာလေးကို ချွေးမတော်ရမယ်။ အမြန်ဆုံးစီစဉ်မယ်။ ငါ့အတွက် အချိန်မရှိတော့ဘူး။ သားကြီး ဘာဖြစ်လို့ ထောင်ကျရမှာလဲ။ ဘာတွေဖြစ်လို့လဲ။ စက်ကို မိမိကပဲ အစေအပါးတစ်ယောက်လို ထားခဲ့တာပဲ။ ဒီဟာမကလည်း အမြဲတမ်း တမှိုင်မှိုင်တတွေတွေနဲ့ စိတ်ပျက်တယ်။ မိမိဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်နေသည်။ မသီရိနဲ့တိုင်ပင်ရမယ်။ စီးပွားရေးတွေ လုပ်ရမယ်။ အိမ်ကလည်း အကြွေးတစ်ဝက်ဆပ်ဖို့ရှိသေးတယ်။ မသီရိအိမ်ကို ရောက်လာသည်။

"မသီရိ မိုးကိုကူညီပါဦးနော်၊ သားကြီး သားကြီး မိုက်မဲသွားပြီ ... မမိုးတော့ လူယုံသတ်လို့သေပါပြီ"

"ဟင်"

အကျိုးအကြောင်းသိရတော့ ဒေါ်စောသီရိ စိတ်ပျက်သည်။ အဘွားကြီးမှာ အထင်ကြီးလောက်စရာ ဘာမှမရှိတာပါလား။ အိမ်နဲ့ခြံဝယ်တာ အကြွေးရှိသေးတယ်တဲ့။ ဘုရားရေး သမီးနဲ့လက်ထပ်ပေးဖို့ ဘယ်လိုလုပ်ဖြစ်တော့မှာလဲ။ မိမိတို့တောင် အကြွေးတ ပတ်ချာဝိုင်းနေတာ။ အဘွားကြီးက သားငယ်နဲ့စေ့စပ်ဖို့ပြောရင် ငြင်းရမယ်။ ဘယ်လိုငြင်းရင်ကောင်းမလဲဟုပဲ တွေးနေသည်။

"မသီရိ"

"ဟင်"

"မမိုးမှာ သိန်းနှစ်ရာရှိနေတယ်၊ အဲဒါ အတိုးပေးပေးလေ"

"ရှင်"



www.burmeseclassic.com

ww.burmeseclassic.com



အတိုးတဲ့။ သိန်းနှစ်ရာတဲ့။ ဒေါ်စောသီရိစိတ်က တက်ကြွသွားသည်။ လောလောဆယ် မိမိလည်း သိန်းနှစ်ရာလိုအပ်နေတာပါ။ ပိုက်ဆံရှိသည်ဆို၍ ဒေါ်စောသီရိမျက်နှာ အပြုံးတွေ ဝေသွားသည်။

"ကောင်းသားပဲ မမိုး၊ သီရိ ကူညီပါ့မယ် ... အတိုးအတွက် စိတ်ချပါ၊ ကျွန်မနဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်တွေကို စိတ်ချ၊ အားလုံး တာဝန်ယူတယ်"

"ဟုတ်တယ် မမိုးစီးပွားရေးလုပ်မှ ဖြစ်တော့မယ်၊ အိမ်ကိစ္စက ရှိသေးတယ်၊ သားငယ်အတွက်လည်း စိတ်ပူတယ်၊ ရတနာလေးနဲ့ အမြန်ဆုံး စေ့စပ်ကြရအောင်နော်"

"အင်း ... ခဏလောက်တော့ စောင့်ပါဦး မမိုးရယ်၊ အခု မမိုးတို့မိသားစုက အရမ်းရှုပ်ထွေးနေတယ်လေ"

"ရတနာလေးရော"

"ရှိပါတယ် ... အိပ်ပျော်နေတယ်ထင်တယ်"

"နေပါစေလေ၊ အရေးကြီးတာက သားငယ်စိတ်တွေ တည်ငြိမ်အောင် ရတနာလေး မကြာခဏလာပြီး အားပေးနှစ်သိမ့်ပေးပါလား"

"ဟုတ်ကဲ့ လာမှာပါ၊ ဟိုလေ မမိုး သိန်းနှစ်ရာယူလာလေ၊ စောစောပေးတော့ အတိုးလည်း စောစောရတာပေါ့"

"အေး ... ကောင်းတယ်၊ မမိုး အိမ်မှာလိုက်ယူပါလား"

"လိုက်ယူမယ်လေ"

"လိုက်ခဲ့လေ၊ မမိုးကတော့ မသီရိပဲ အားကိုးရတော့မယ်



www.burmeseclassic.com

www.burmeseclassic.com



လေ"

"စိတ်ချပါ မမိုး ကြိုးပွားတိုးတက်စေရပါ့မယ်၊ ပြီးတော့ စိန်တွေရောင်းချင်ရင်လည်းပြလေ"

"အင်း ရောင်းရမယ်ထင်တယ် ... ငွေကလိုမှာပါ၊ သားငယ်အတွက် လုပ်ငန်းထူထောင်ပေးမလို့"

"ကောင်းပါတယ် မမိုး"

ဒေါ်စောသီရိကတော့ မြှောက်ပင့်ပြီး ရသမျှ ချူနေသည်။ ဘာမှမျှော်လင့်စရာမှ မရှိတာဘဲ။ ရသလောက်ယူမယ်။ နင့်သားဘာလုပ်ရမှာလဲ။ ချောတာ၊ ခန့်ညားတာ ကိုက်စားလို့မှမရတာ။ စောသီရိတို့က ငွေပဲမက်တယ်။ ဒေါ်မိုးတိမ်ပြာက ပိုက်ဆံတွေထုတ်ပေးသည်။

"ကျွန်မ လက်မှတ်ထိုးပေးရမလား မမိုး"

"မထိုးပါနဲ့၊ မသီရိကို ယုံကြည်ပါတယ်"

"မမိုး စိတ်ချရအောင်ပါနော်"

"ရတယ် ... ရတယ် လက်ဝတ်ရတနာတွေလည်း အပ်ထားရဦးမှာပဲ၊ မကြာခင် ဆွေမျိုးတော်ရမယ့်သူတွေပဲ ယုံပါတယ်"

"သွားပြီနော် မမိုး၊ စိတ်ချပါ ... အတိုးလေးပဲစား အရင်းလိုချင်ရင် တစ်လပဲကြိုပြောပါ၊ ရစေရမယ်"

"မသီရိကို ယုံပါတယ်၊ မိုးမှာ အားကိုးရာက မသီရိပဲရှိတော့တာပါ"

မသီရိ ထွက်သွားမှ ဒေါ်မိုးတိမ်ပြာ စိတ်ရှုပ်ထွေးရလွန်း၍ လသာဆောင်ဘက် ထွက်လာခဲ့သည်။

"အမလေး စိတ်ရှုပ်ပါတယ်ဆိုမှ ဆတ်စလူးတွေအရိုးနဲ့လာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရတယ်၊ ဝတ်ထားလိုက်ကြတာ မြင်မကောင်းဘူး"

တစ်ဖက်ခြံကြီးထဲမှာ ဆတ်စလူးတွေအရီး ကြက်တောင်ရိုက်နေသည်။ သားကိုများ မြူဆွယ်နေတာလား။ အမြင်ကတ်လိုက်တာနော်။ ကြည့်လို့ကိုမရဘူး။ ဒီခြံကြီးကိုရောင်းရမယ်။ အဝေးကိုပြောင်းမယ်။ ရတနာလေးနဲ့ လက်ထပ်ပေးရမယ်။ သားငယ် အနာဂတ်လှပသွားစေရမယ်။ သားကြီး မင်းတော်တော်မိုက်မဲတာပဲ။ အမေ့အပေါ် ရက်စက်လိုက်တာ။ ဒေါ်မိုးတိမ်ပြာ မျက်စောင်းတစ်ချက်ထိုးပြီး တိုက်ထဲပြန်ဝင်လာသည်။

"မေမေ"

"ဟင် ... သားငယ်"

"ဒေါ်စောသီရိကို မေမေ ဘာတွေပေးလိုက်တာလဲ"

"မင်းသိစရာမလိုပါဘူး သားငယ်ရယ် ... မေမေက တခြားကိစ္စနဲ့ပါ"

မိမိတို့ ရင်ဆိုင်နေရတဲ့ အခြေအနေကို သားငယ်မသိစေချင်ပါဘူး။ မိမိအမှားပဲ။ သားငယ် အလုပ်ပြုတ်ထား၍ မိမိအရင်းအနှီးထုတ်ပေးချင်သည်။

"မေမေ သားအတွက် ဘာမှစိတ်မပူပါနဲ့၊ အခြေအနေတွေအားလုံးကို ခေါင်းအေးအေးနဲ့ စဉ်းစားဖြေရှင်းကြရအောင်နော်"

"အင်းပါ"

"ဒေါ်စောသီရိကိုလည်း သိပ်ပြီးမယုံကြည်စေချင်ဘူး"

"မင်း ... မင်း ဘယ်လိုပြောလိုက်တာလဲ သားငယ်ရယ်၊ ... သာကွမလောင်းလေ၊ သူ့သမီးလေးကို မင်း မလွဲမသွေ ... ထပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတနာ့ကို မေမေက ဘာဖြစ်လို့ သဘောကျနှစ်သက်ရတာလဲ"

"မင်းကို အထောက်အကူပြုနိုင်လို့လေ၊ ပညာတတ်တယ်၊ ဣန္ဒြေသိက္ခာရှိတယ်၊ သားကြီးမိန်းမလို မဆင်းရဲဘူး၊ သူတို့မှာ သားအမိနှစ်ယောက်ထဲရှိနေတာ"

"ဟိုဖက်ခြံက ကောင်မလေးကလည်း အရမ်းချမ်းသာတယ်၊ စီးပွားရေးယိမ်းယိုင်နေတော့ ဟိုဖက်ခြံက ကောင်မလေးကိုပဲ လက်ထပ်ရင် မကောင်းဘူးလား မေမေ"

"အမလေး ... သား ဘယ်လိုပြောလိုက်တာလဲကွယ်၊ ဆတ်စလူးမလေးကို ပိုက်ဆံဘယ်လောက်ပဲ ချမ်းသာပါစေ မေမေ သဘောမတူဘူး၊ မင်း အရမ်းစိတ်ဆင်းရဲရမှာ၊ သဘောမတူဘူး။ ယောင်လို့တောင် မစဉ်းစားနဲ့နော်"

ယောက္ခမအပေါ် ဘယ်လိုမှ ရိုသေလေးစားမှုရှိတဲ့ ဟာမလေးမှ မဟုတ်တာဘဲ။ အဒေါ်ကလည်း နန့်လွန်းသည်။ မဖြစ်ပါဘူး။ မိမိက ရတနာ့လို ဣန္ဒြေသိက္ခာရှိတဲ့ ချွေးမပဲလိုအပ်တာပါ။ ရတနာက မဆင်းရဲဘူး။ လုံးချင်းတိုက်ကြီးနဲ့။ ပြီးတော့ ဣန္ဒြေရှိလွန်းတယ်။ သားကြီးနောက်မိန်းမကို ကြည့်ပါလား။ ရိုင်းပျလွန်းတယ်။ သားငယ်ကို ရတနာလေးနှင့်ပဲ လက်ထပ်ပေးဖို့ ဆုံးဖြတ်ထားသည်။

"မင်း ... မင်းနော် မေမေ့ကို သေစေချင်လို့လား၊ မင်းအဖေနဲ့ မင်းအစ်ကိုလုပ်ပုံကြောင့် ရင်ကွဲတော့မယ်၊ မေမေ တောင်းပန်ပါတယ်သားရယ်၊ သူတို့ ဘယ်လောက်ပဲ ချမ်းသာကြပါစေ မေမေ လက်မခံနိုင်ဘူး၊ အရိုင်းအစိုင်းတွေ"

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို စိတ်ဆင်းရဲအောင် မလုပ်ရဘူးနော်၊ သားငယ် မေမေ တောင်းပန်ပါတယ်၊ သားကြီးလိုတော့ မရက်စက်လိုက်ပါနဲ့"

သွန်းဆစ် မေမေ့ကို တုံ့ပြန်ပြောမနေချင်တော့ပေ။ ကိုကို ဒီလိုပြဿနာတွေဖြစ်ရတာ မေမေ့ကြောင့်ပါပဲ။ မမစက်ကိုလည်း ကျွန်တစ်ယောက်လို နှိမ်ချထားတော့ ပွဲမတိုးတော့ဘဲ ဖြစ်ရသည်။ စီးပွားရေးကလည်း ကိုကိုပဲ လက်ဝါးကြီးအုပ်သွား၍ သွန်းဆစ် တောင် အလုပ်ကနေ ထုတ်ခံထားရသည်။ ပြဿနာတွေက ရှုပ်ထွေးနေ၏။ မေမေ အတ္တကြီးလို့ဖြစ်ရတာဆိုပေမယ့် မေမေ တစ်ခုခုဖြစ်သွားမှာကို စိတ်ပူမိသည်။ ထို့ကြောင့်ပင် မေမေစိတ်ထိခိုက်စေမည့် စကားတွေကို မပြောတော့ဟုဘဲ ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

"ဒီငွေလောက်လေးနဲ့တော့ သွန်းဆစ်ကို ရတနာ လက်မထပ်နိုင်ဘူး၊ ရတနာဘဝကို အသေမခံနိုင်လို့ပါ"

"မာမီကလည်း လက်မထပ်ခိုင်းပါဘူး၊ ခဏလေးပဲ မမိုးဆီကနေ ချူစရာရှိတာတွေ ချူရမယ်၊ ပိုက်ဆံအပို သိန်းနှစ်ရာပဲရှိတာ၊ အိမ်ဖိုးတစ်ဝက်က အကြွေးကျန်သေးတယ်၊ သူ့သားငယ်ကို အသိမပေးဘဲ ကြိတ်ပြီးငွေရှာတာ၊ မာမီတို့နဲ့ လာမှလာတွေ့ရတယ်လို့ ဟား ဟား ဟား"

"ဟင်း ဟင်း ဟင်း ... "

ရတနာ စိတ်ဝင်စားနေတာက သူဌေးဦးမောင်မောင်ချစ်ပဲ။ ကြွယ်ဝချမ်းသာပြီး ပိုင်ဆိုင်မှုတွေက များလွန်းတယ်။ ဘယ်လောက်မက်စရာရှိလဲ။ သွန်းဆစ်က ယောက်ျားတစ်ယောက်ပီသစွာ ချောမောသူဖြစ်ပေမယ့် အိမ်ထောင်ရေးမှာ ငွေကြေးပြည့်စုံမှ ပျော်စရာကောင်းမှာပါ။ ရတနာတို့မှာ အိမ်ပိုင်လည်းမရှိပေ။ အိမ်ငှားထားတာလည်း ပြည့်တော့မည်။ မာမီမှာလည်း အကြွေးတွေက



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုံတစ်ပင်ရှိနေသည်။

"ရတနာတို့အတွက်တော့ ငွေပဲ၊ ချမ်းသာတဲ့ယောကျ်ား တစ်ယောက်ကိုပဲ ရှာရမယ်"

"ဟုတ်တယ် ... ဒါပေမယ့် ဒေါ်မိုးတိမ်ပြာကို အယုံသွင်းရမယ်လေ၊ သူ့မှာ ရတနာပစ္စည်းတွေရှိသေးတယ်"

"ဘာများမက်စရာရှိလို့လဲ မာမီရာ"

"ဟုတ်တော့ဟုတ်ပါတယ်လေ၊ မာမီတို့က အချဉ်ထင်နေတာ"

"ဒေါ်မိုးတိမ်ပြာက ချွေးမဆို အနှိမ်ခံဘဝမှာပဲ နေစေချင်တာ၊ ဝဋ်လည်တာလေ မာမီ ... အခု ချွေးမ အပြတ်ကောတာတဲ့"

"အေး"

ရတနာ အိမ်ထဲမှာနေရင် ဘောင်းဘီတိုတိုနဲ့ ရှီးသားချင်ယောင်ဆောင်နေရတာ စိတ်ညစ်တယ်။ ဒေါ်မိုးတိမ်ပြာနဲ့တော့ မဖြစ်ပါဘူး။ ရတနာ့ကို ချွေးမတော်ချင်တာက အပြင်ဘန်းအပြင်အဆင်ကိုပဲကြည့်ပြီး ရွေးတာ။ ရတနာက သူဌေးရပ်ကွက်မှာ စတားဖြစ်အောင် အဝတ်အစား အပြင်အဆင်နဲ့ ဖန်တီးထားတာပါ။ ရတနာ စိတ်ညစ်လို့သေတော့မယ်။ ချစ်ပန်းရိပ်ကို အားကျနေတာ။ အမိဖမ်းမယ့်ဖမ်းရင် ဦးမောင်မောင်ချစ်ကိုပဲ ဖမ်းရမှာပေါ့။ ဘယ်လို နီးစပ်အောင်လုပ်ရမလဲ ဆိုတာပဲ စဉ်းစားနေသည်။

"ဦးမောင်မောင်ချစ်တို့ ကုမ္ပဏီမှာ ရတနာအလုပ်သွားလျှောက်မယ် မာမီ ... ဘယ်လိုလဲ"

"ကောင်းတယ် ... ဦးမောင်မောင်ချစ်နဲ့ နီးစပ်အောင်လုပ်ရမယ်၊ ဒေါ်မိုးတိမ်ပြာ အဘွားကြီး ဘာမှလည်း အထင်ကြီးစရာမရှိ



www.burmeseclassic.com

ww.burmeseclassic.com



ပါဘူး"

"အချစ်ဆိုတာ တကယ်တော့ မလိုအပ်ပါဘူး မာမီရာ၊ ငွေပဲ ကိုယ်ပိုင်ရတနာနာမည်နဲ့ ခြံရောတိုက်ရော ရအောင်ဖန်တီးရမယ်"

"ဟုတ်တယ် ရတနာ ... မာမီလည်း စိတ်အေးရမှာပါ၊ အဲဒါ လုပ်ရမယ်"

"မာမီလည်း အလောင်းအစားတွေ လျှော့ပါတော့ ရတနာ စိတ်ညစ်နေပြီ ... စိတ်အိုက်လို့ပါ"

"အေးပါကွယ်၊ မာမီတို့အခြေအနေအရ ဒီရပ်ကွက်မှာ နေရ တာပဲလေ၊ စိတ်ခါတ်မကျပါနဲ့ မာမီလည်း လျှော့ပါ့မယ်"

မာမီကြောင့်ပဲ ရတနာရဲ့ ပျော်ရွှင်လွတ်လပ်မှုတွေ ပျောက် ကွယ်ဆိတ်သုဉ်းသွားတာပါ။ အကြွေးတွေတင်သွားတော့ ရတနာ နိုက်ကလပ်လည်း မသွားရတော့ဘူး။ မာမီ့အစီအစဉ်နဲ့ပဲ ဒီလိုဝတ် စားပြုပြင်ဆင်နေပြရတာ။ စိတ်ညစ်တယ်။ ရတနာ နှုတ်ခမ်းလေး စူထော်ထားရင်း တစ်ဖက်ခြံကြီးက သူဌေးကြီး ဦးမောင်မောင်ချစ် ထံ ဘယ်လိုချဉ်းကပ်ရမလဲ စဉ်းစားသည်။

"အား ... အကြံရပြီ၊ ကောင်းလိုက်တဲ့အကြံ"

"ဟဲ့ ... ဘာဖြစ်ရတာလဲ၊ လန့်လိုက်တာ"

"မာမီ မသိပါဘူး၊ ရတနာတို့ဘဝရှေ့ရေးအတွက် အခိုင်အမာ တည်ဆောက်ရမယ့်အကြံ"

"လုပ် လုပ် ... ရတနာ့ကို မာမီအပြည့်အဝ ထောက်ခံတယ်"

ရတနာ အပြေးအလွှားလေး ရေချိုးခန်းထဲဝင်ပြီး ရေစိမ်ခဲ့ သည်။ ဒီနေ့တော့ မဖြစ်မနေ ဦးမောင်မောင်ချစ်နဲ့ ဆုံစည်းအောင် လုပ်ပစ်မယ်။ ဒေါ်မိုးတိမ်ပြာ ရှင်ကြီးကိုတော့ ရတနာ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားမတော်နိုင်မှာမဟုတ်ဘူး။ ချွေးမကို အနိုင်ကျင့်ခဲ့တဲ့ မိန်းမကြီး။ ရတနာ့ကိုတော့ လာပြီးနှိမ်ချဆက်ဆံလို့မရဘူးနော်။ ရတနာ ပြင်ဆင်ပြီး အပြင်ထွက်လာခဲ့သည်။

"မာမီ့သမီးလေးက ဘယ်လိုပဲဝတ်ဝတ် အရမ်းကိုကျက်သရေရှိတာပဲ၊ ဦးမောင်မောင်ချစ် မကြွေဘဲ မနေနိုင်ပါဘူး"

ရတနာကိုယ်တိုင် ကားမောင်းပြီး အပြင်ထွက်လာခဲ့သည်။ ကားကလည်း အငှားပဲ။ ဟန်ပြကောင်းဖို့လေ။ သူမကားလေးက ဦးမောင်မောင်ချစ်လာမည့် လမ်းမပေါ်မှာ အသင့်စောင့်ပြီးပျက်ချင်ယောင်ဆောင်နေသည်။ ဦးမောင်မောင်ချစ်ကားလာရင် တားပြီး အကူအညီတောင်းဖို့ စောင့်နေခဲ့တာပဲဖြစ်သည်။ ဦးမောင်မောင်ချစ်နှင့် နီးစပ်မှုရအောင်တော့ ကြိုးစားရမည်ဖြစ်သည်။

"ရတနာ သမီးကားပျက်နေတာလား၊ ဘာဖြစ်လို့လဲ ... ဘား ဆင်းကြည့်ပေးလိုက်ပါဦးကွယ်၊ ရတနာလေးရဲ့ကား ဘာဖြစ်သဲမသိဘူး"

"ဟို ... ဟို ဘာမှမဖြစ်ပါဘူး အန်ကယ်မိုး"

"စက်ဖုံးဖွင့်ထားတယ်လေ"

"အခုကောင်းသွားပါပြီ၊ ရတနာ စက်ပူလို့ ခဏဖွင့်ထားတာပါ"

အရေးထဲ ဦးမောင်မောင်ချစ်ကားမလာဘဲ ဒေါ်မိုးတိမ်ပြာကြီးအမိ ရောက်လာသည်။ စိတ်ညစ်လိုက်တာနော်။ သွန်းဆစ်ရှင်က အရမ်းကိုစိတ်ဝင်စားစရာကောင်းပြီး ယောကျ်ားပီသသူ ချောမောသူပါ။ ဒါပေမယ့် ရတနာက ငွေပဲမက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးတိမ်ပြာက သွန်းဆစ်နှင့်နီးစပ်မှုရှိအောင် အတင်းအကြပ်ပဲ ပြောဆိုနေသည်။

"ရတနာလေး ဘယ်သွားမလို့လဲ၊ သားသွန်းဆစ် နေခဲ့လေ မေမေပဲ မောင်းသွားလိုက်ပါ့မယ်၊ ရတနာလေး အားနာလို့ထင်တယ်၊ ကားက စိတ်မချရသေးဘူး မဟုတ်လား"

"ဟို ... ရပါတယ်အန်တီ၊ သွန်းဆစ် သွားစရာရှိတာသွားပါနော်၊ ရတနာ့အတွက် အလုပ်တွေပျက်နေပါဦးမယ်"

"ရပါတယ်ကွယ် ... ရတနာလေးကိစ္စမှ ဝင်မကူညီရင် အန်တီမိုးတို့လောက် ရိုင်းပျတဲ့လူတွေ ရှိမှာမဟုတ်တော့ဘူး၊ သွန်းဆစ် နေခဲ့ ..."

သွန်းဆစ်ကလည်း စိတ်ညစ်နေသည်။ မေမေ့ကြောင့် ခက်ပါတယ်။ ရတနာနှင့်အတူ မနေချင်။ ရိပ်လေး ဖြတ်လာမယ့်လမ်းဖြစ်နေ၍ တွေ့သွားရင်မလွယ်ဘူး။ ရတနာ ဘယ်လိုပဲ ဣန္ဒြေသိက္ခာရှိနေပါစေ သွန်းဆစ် အထင်မကြီးမိ။ ခံစားလို့လည်းမရ၊ မေမေက ဖွတ်ကြီးပဲနေမိုင်းနေသည်။

"ကိုယ်မလိုဘူးမဟုတ်လား ရတနာ"

"အင်း"

"သွားပြီ"

"နေပါဦး"

"မင်းကိုကြည့်ရတာ ကိုယ့်ကိုမလိုလားတဲ့ပုံပဲ ရတနာ"

"သွန်းဆစ်က ရတနာနဲ့ လက်ထပ်ဖို့လည်း ဆန္ဒမရှိဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သွန်းဆစ်စကားတွေက ရတနာ့မာနကို နည်းနည်းပါးပါးထိခိုက်စေသည်။ ရတနာ အမှန်အတိုင်းဝန်ခံရရင်တော့ သွန်းဆစ်လို သက်တူရွယ်တူ ခန့်ညားချောမောတဲ့ ယောက်ျားတစ်ယောက်နဲ့ သက်ထပ်ချင်ခဲ့တာပါ။ ဒါပေမယ့်လည်း ရတနာ့အတွက် ငွေကြေးဥစ္စာတွေကလည်း လိုအပ်သေးတယ်လေ။ သွန်းဆစ်ကလည်း ရတနာ့ကို မကြိုက်ပါဘူး။ ရတနာ့ရင်ထဲမှာ အောင့်သက်သက်တော့ ဖြစ်ရသည်။

"သွားပြီ"

"သွန်းဆစ်"

"မင်း ကားမပျက်ဘူး မဟုတ်လား"

ဒီနေရာမှာ ကြာကြာနေလို့မဖြစ်ဘူး။ ရိပ်ရောက်လာရင် ပြဿနာတွေက ရှင်းပြလို့ရမှာမဟုတ်တော့။ ရတနာ့ကို ပေါ်တင်ပဲ သွားခဲ့သည်။

"တိ ... တိ"

"ဟင်"

ကားဖွန်းသံကြောင့် သူလှည့်ကြည့်လိုက်တော့ ဦးမောင်မောင်ချစ်က ကားမောင်းပြီး ဘေးမှာရိပ်ထိုင်နေသည်။ သွားပြီပဲ။ ရတနာနှင့်အတူ ရှိနေတာ ရိပ်တွေ့သွားပြီဖြစ်၏။ ရိပ် မျက်နှာလေး စူပုတ်တင်းမာနေသည်။

"သွားပြီကွာ"

"ဟင် ... ဘာဖြစ်တာလဲ၊ ဘာသွားတာလဲ သွန်းဆစ်၊ ရှင့် မလေးက ရတနာနဲ့အတူရှိနေတာ တွေ့သွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ်ပါဘူး ရတနာ၊ မေမေ့ကိုတော့ ပေါက်ကရတွေသွားမပြောနဲ့နော်၊ ရိပ်နဲ့ကိုယ် ဘာမှမပတ်သက်ဘူး"

"ရိပ်ကို ရှင်ကြိုက်နေတာမဟုတ်လား သွန်းဆစ်"

"ရတနာ"

ရတနာလည်း ရှင်ရောက်လာလို့ အခက်အခဲဖြစ်သွားရတာပဲသွန်းဆစ်။ အရေးထဲ အနှောင့်အယှက်တွေက များလိုက်တာ။ ဟိုဟာမလေးက ပါလာသေးတယ်။ အမြဲတမ်း ဦးမောင်မောင်ချစ်တစ်ယောက်တည်း လာနေကျပါ။ စိတ်ရှုပ်တယ်။ သွန်းဆစ်ကိုပဲ ရစ်ချင်လာသည်။

"သွန်းဆစ် မထူးတော့ပါဘူး ... ရှင်နဲ့ပဲ လျှောက်လည်တော့မယ်"

"ကိုယ် အလုပ်ကိစ္စတွေအတွက် အရေးကြီးနေလို့ပါ၊ သွားတော့မယ်နော် ရတနာ"

"ချစ်ပန်းရိပ်ကြောင့် မဟုတ်လား သွန်းဆစ်"

"မဟုတ်ပါဘူးဆိုမှ ရတနာရာ၊ မေမေ့ကို မဟုတ်တာတွေသွားပြောမနေနဲ့နော်"

"မပြောစေချင်ရင် ရတနာနဲ့ ကားလျှောက်မောင်းရင်း လည်ပတ်ကြမယ်လေ"

သွန်းဆစ် စိတ်ညစ်နေရသည်။ မေမေ့ကို မဟုတ်တာတွေလျှောက်ပြောမှာလည်း စိုးရိမ်ရ၏။ ပြဿနာတွေရှိနေသေး၍ သူ့ကိစ္စမေမေသိသွားလို့ မဖြစ်သေးပါဘူး။ သူမနှင့်အလိုက်အထိုက်နေထိုင်ဖို့ စဉ်းစားရသည်။

"သွန်းဆစ် ... ရှင့်ဖုန်းလာနေတယ်လေ၊ ဘာတွေစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကိုယ့်ဖုန်းသံတောင် မကြားရအောင် ... ”

“ဟင် ... အာ ဟုတ်သားပဲ”

သူ့ကို ရတနာက သတိပေးလိုက်တော့မှ သတိရပြီး ဖုန်းကို ကိုင်ပြီး နားထောင်လိုက်ရသည်။

“ကိုကိုလား”

“ဟင်”

“ဘာလဲဟင်၊ ရှင်နဲ့ရတနာ အတူတူရှိနေတာမဟုတ်လား”

“ဟို ... ဟို မဟုတ်ပါဘူး၊ သူကားပျက်နေလို့ မေမေက အတင်းအကူအညီပေးခိုင်းနေလို့ပါ”

“အခုလာခဲ့ ... ရိပ်တွေ့နေကျနေရာမှာ စောင့်နေမယ် ဒါပဲ”

“ရိပ်”

ရိပ်ဆီက ဖုန်းလာသဖြင့် သွန်းဆစ် ပြာပြာသလဲ ရှင်းပြနေ သည့် ရတနာကို မေ့လျော့သွားသည်။ ရတနာက သူ့လက်မောင်းကို ဆတ်ခနဲပုတ်လိုက်မှ သတိရပြီး ရတနာ့ကို ကြည့်မိ၏။ ရတနာက သူ့ခိုးမိပြီဆိုတဲ့အကြည့်တွေ ဖြစ်နေသည်။

“ဘယ်လိုလဲ သွန်းဆစ်၊ အခုတော့ သူခိုးမိပြီနော်”

“ဟို ရတနာ ... ”

“ရိပ်ဆိုတဲ့ဟာမလေးနဲ့ ရှင် ချစ်သူတွေဖြစ်သွားကြပြီလား”

“မဟုတ်ဘူး ရတနာ၊ ကိုယ်တောင်းပန်ပါတယ်၊ မေမေ့ကို မပြောပါနဲ့ ... ကိုယ်တို့အိမ်မှာ ပြဿနာတွေ ရှုပ်ထွေးနေလို့လေ”

“မပြောပါဘူး၊ ဒါပေမယ့် ရှင့်ဆီက ရတနာ အကူအညီတစ်ခု ခု လိုအပ်လာတဲ့အခါ ပေးရမယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



"ပေးပါ့မယ် ရတနာ၊ မင်းအကြောင်းတွေလည်း ကိုယ်သိထားတာတွေများတယ်၊ မထုတ်ဖော်ကြေးနော်"

"ဘာတွေလဲ"

"လျှို့ဝှက်ချက်တွေ"

"ဘာ"

"ကိုယ်သွားပြီ"

သူ အငှားကားတစ်စီးကိုတားပြီး အမြန်မောင်းနိုင်းမိသည်။ ရိပ်အထင်လွဲလို့ မဖြစ်ပါဘူး။ ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးကိုတော့ ကိုယ့်အပေါ် လုံးဝအထင်ကြီးလေးစားနေစေလို၏။ သူ့စကားတွေကြောင့် ရတနာ မျက်နှာပျက်သွားသည်။ ရိပ်ပြောတာအမှန်တွေပဲ ဖြစ်နိုင်၏။ ကိုယ်က ယောက်ျားပါရတနာ။ မင်းရဲ့အားနည်းချက်ကို ထောက်ပြပြီး အသုံးချချင်တာတော့ မဟုတ်ပါဘူး။ မလွဲမရှောင်သာတော့လည်း အသုံးချရမှာပဲလေ။ မေမေသဘောတူတဲ့ အချိန်ကာလအထိ စောင့်ချင်သည်။ ရိပ်ကို လက်ထပ်ဖို့ သူဆုံးဖြတ်ထားပြီးသားပါ။ သူ့မိသားစုမှာ ပြဿနာတွေရှုပ်ထွေးနေသေး၍ အချိန်အတိုင်းအတာတစ်ခုခုတော့ လိုအပ်နေသည်။ ရိပ်ကပဲ သူ့နှလုံးသားတွေအနှံ့ နေရာယူလွှမ်းမိုးထားတာတော့ သူအသိဆုံးဖြစ်နေ၏။ ရိပ်ကျေနပ်အောင် တောင်းပန်စကားတွေ ရှာဖွေနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

"မရတနာနဲ့ ကိုကို ဘာဖြစ်လို့ရှိနေရတာလဲ၊ ပြောစမ်းပါ။ နှစ်ယောက်တည်း ဘာလုပ်နေကြတာလဲ၊ ဒီမိန်းမအကြောင်းတွေ ကိုကို့ကို ပြောပြတာ မယုံလို့လားဟင်"

"မဟုတ်ပါဘူး ရိပ်လေးရယ် ... ကိုကိုနဲ့မေမေ အပြင်ထွက်တုန်း မေမေက ရတနာကားပျက်နေတာတွေ့ပြီး အကူအညီပေးဖို့ ထားခဲ့တာပါ"

"ကိုကိုကရော နေချင်တာမဟုတ်လား၊ ငြင်းလိုက်လေ ... ကိုကိုဘာဖြစ်လို့ နှစ်ယောက်တည်းနေရတာလဲ၊ ရိပ် လုံးဝမကြိုက်ဘူး"

မရတနာ အကျင့်စရိုက်တွေကို ရိပ် တဖြည်းဖြည်းသိလာရသည်။ ဒက်ဒီ့အနားကပ်ဖို့ အကြံအစည်တွေပါ သိလာရ၏။ အရမ်းမုန်းတာပဲ။ ကိုကိုနှင့်အတူတူရှိနေတာပင် ပိုဍ်ဒေါသတွေဖြစ်ရသည်။ ရိပ်ကတော့ ကိုကိုနှင့်ဘယ်လိုနည်းနှင့်မှ အဝေးမခံနိုင်ပါဘူး။ သူမချစ်မြတ်နိုးရတဲ့ ချစ်သူအတွက် နည်းနည်းလေးမှပင် အထိအခိုက်မခံနိုင်ဘဲ ဖြစ်နေရ၏။ ချစ်သူမျက်နှာကို မော့ကြည့်ရင်း ရှူဆောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်လေး ပြောမိနေသည်။

"ရတနာနဲ့ ကိုကို ဘာမှမပတ်သက်ပါဘူး ရိပ်ရယ် ... တကယ်ပြောတာပါကွာ၊ ယုံပါ ..."

"မယုံဘူး ... ကိုကိုတို့က အရမ်းနီးစပ်နေကြတာလေ"

"ရိပ်လေးက ကိုကို့ကို မယုံတာလား၊ ဒါဆို ကိုကို့နောက်ကို ရိပ်လေး လိုက်ခဲ့မလား"

"လိုက်မယ်"

သွန်းဆစ် လန့်သွားရသည်။ သူက ချစ်သူကို သက်သောင့်သက်သာ ချင်ပေမယ့် သူတို့မိသားစုမှာ ပြဿနာတွေဖြစ်နေ၏။ မေမေ့ကို စိတ်ထိခိုက်အောင် မလုပ်လိုပေ။ ရတနာနှင့်သူက နားလည်မှုယူ ထား၍ စိတ်မပူရ။ ရတနာကိုယ်တိုင်က သူ့ကိုလက်ထပ်လိုတဲ့ဆန္ဒ ရှိမနေပေ။ ရိပ်မျက်နှာလေး ညှိုးနွမ်းနေတော့လည်း သွန်းဆစ် ဘယ်လိုမှ စိတ်အေးအေးနေမရဘဲ ချစ်သူခန္ဓာကိုယ်လေးအား တင်း ကြပ်စွာ ပွေ့ဖက်ချော့မြှူနေရသည်။

"အခု ကိုကိုတို့မိသားစုမှာ ပြဿနာတွေနဲ့ ကြုံတွေ့နေရ တယ်၊ ကိုကိုက ဖေဖေ့လက်ငုပ်လက်ရင်း ကုမ္ပဏီကို အပိုင်စီးထား တယ်လေ ရိပ် ..."

"ဟင်"

"ကိုကို့ကိုတောင် အလုပ်ဖြုတ်လိုက်ပြီ"

"ဟုတ်လား"

"ကိုကို ဒီအကြောင်းတွေကို ရိပ်သိအောင် မပြောပြချင်ပါဘူး ကွာ၊ ဒါပေမယ့် ရိပ်က ကိုကို့ကို အထင်လွဲနေမှာကြောက်တယ်၊ လောလောဆယ်တော့ ရိပ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထပ်မယူနိုင်သေးဘူးလေ နားလည်ပေးပါ ရိပ် ...”

“စောစောက ကိုကိုပဲလိုက်ခဲ့ဆို၊ လိမ်တာမဟုတ်လား”

“ကိုကို တကယ်ပဲ ရိပ်ကိုခေါ်ခဲ့ချင်တာပါ၊ ဒါပေမယ့် ကိုကို့မှာ ပြဿနာတွေက အများကြီးပဲ ... ရှင်းလင်းစရာတွေ ရှိနေသေးတယ်လေ”

“ရိပ် ယုံပါတယ်၊ ဒါပေမယ့် မရတနာနဲ့တွဲပြီး တွေ့လိုက်တော့ ရိပ် အရှမ်းငိုပစ်ချင်တယ် ... ရူးသွပ်ချင်သွားတယ်သိလား”

“ရိပ်ရယ်”

ချစ်သူရင်ခွင်ထဲကို ရိပ် တိုးဝင်ဖက်တွယ်ထားသည်။ ကိုကို့ကို ဘယ်အရာနှင့်မှ မလဲနိုင်အောင် ရိပ် ချစ်မြတ်နိုးနေမိ၏။ ကိုကိုက ကျောက်ပြားပီသပြီး စိတ်သဘောထားပြည့်ဝသူပါ။ ဒက်ဒီနှင့်အန်တီမတို့တော့ ဒေါ်မိုးတိမ်ပြာရဲ့သားကို လုံးဝစိတ်မဝင်စားဖို့ တတွတ်တွတ်ပြောဆိုဆုံးမနေတတ်သည်။ ရိပ်ကတော့ ကိုကို့ကို မခွဲပါဘူး။ ဘယ်လိုဘဝမျိုးနဲ့ပဲဖြစ်ပါစေ နေနိုင်တယ်။ ချစ်သူဘဝက ရိပ်ဘဝပါပဲ။ ကိုကိုတို့မိသားစု အခက်အခဲတွေဖြစ်နေတဲ့အချိန်မှာ ရိပ် ကူညီချင်သည်။

“ကိုကို”

“ပြော ရိပ် ...”

“ကိုကိုတို့မိသားစု ငွေကြေးပြဿနာဖြစ်နေတဲ့အချိန်မှာ ရိပ် ဝင်ကူညီပါရစေ၊ ရိပ်နာမည်နဲ့ ဘဏ်မှာငွေတွေရှိနေပါတယ် ... ကိုကို့ အခက်အခဲတွေကို ပြောပြပါ”

“ကိုကို့အခက်အခဲတွေကို ရိပ် ကူညီစရာမလိုဘူး၊ သိအောင်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ပြောပြထားတာပါ ... လောလောဆယ် ရိပ်လေးကို တာဝန်မယူ
နိုင်သေးတဲ့အကြောင်းပါကွာ၊ မိန်းကလေးတစ်ယောက်ဆီက အကူ
အညီရယူတာမျိုး ကိုကို ဘယ်တော့မှ မလုပ်ဘူး"

"ကိုကိုနဲ့ရိပ်က သူစိမ်းတွေလားဟင် ... တစ်ယောက်
အခက်အခဲကို တစ်ယောက်က အကူအညီပေးကြရမှာပဲလေ"

"အဲဒီလောက်အထိ မလိုအပ်သေးပါဘူး ရိပ် ... ကိုကိုကြိုး
စားကြည့်မယ်၊ ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းမယ်၊ ရိပ် စိတ်မ
ပါနဲ့ကွယ်"

ချစ်သူနှုတ်ခမ်းလေးကို ဖြင်းဖြစွာနမ်းရှိုက်ရင်း သူ့ရင်ထဲက
အချစ်တွေရဲ့ အင်အားထုထည်တွေကို သက်သေအဖြစ် ပြသသည်။
သူ့အပေါ် နားလည်ပေးတတ်သော ချစ်သူရဲ့ ရိုးစင်းတဲ့စိတ်ဓာတ်
လေးကိုလည်း ချစ်မြတ်နိုးသွားရ၏။ ဘယ်တော့မှ ဘယ်လို
အကြောင်းနဲ့မှ ရိပ်လေးကို မခွဲခွာသွားဘူးဟုလည်း တတွတ်တွတ်
သစ္စာစကားပြောမိသည်။

"ရိပ်ကို ချစ်တယ် ... အရမ်းချစ်တယ်ကွာ၊ ကိုကို့အပေါ်
နားလည်မှုတွေရှိနေတာလည်း ကိုကို အရမ်းကျေးဇူးတင်ပြီး ချစ်
တယ်"

"ကိုကိုရယ်"

ကိုကို့လက်တွေက ရိပ်ခန္ဓာကိုယ်လေးအား တင်းကြပ်စွာ
ပွေ့ဖက်ထားသလို ရိပ်လက်လေးတွေကိုလည်း ကိုကို့ခန္ဓာကိုယ်
အား ခပ်တင်းတင်း ပွေ့ဖက်ထားမိသည်။ ဘယ်လိုအကြောင်းနဲ့မှ
ကိုကို့ကို မခွဲဘူး။ ကိုကိုတို့အိမ်မှာ ပြဿနာတွေတက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



အန်တီမနှင့်ညိုက ဝမ်းသာအားရ အတင်းပြောနေကြပေမယ့် ရိပ်က တော့ မပျော်နိုင်ပါဘူး။ ကိုကို့အမေအတွက်လည်း မိန်းကလေးချင်း ကိုယ်ချင်းစာမိသည်။

"ရိပ်တော့လေ ကိုကို့မေမေကိုလည်း မမုန်းပါဘူး၊ မိန်းက လေးချင်း ကိုယ်ချင်းစာမိနေတယ် ... ကိုကို့အမေပဲလေ၊ ကိုယ့် ချစ်သူကို လူ့လောကထဲရောက်လာအောင် မွေးပေးခဲ့တာလေ"

"ရိပ်လေးရယ်"

မေမေ့အပေါ် နားလည်ပေးတတ်လွန်းတဲ့ ချစ်သူရိပ်စကား တွေကြောင့် သွန်းဆစ်ရင်ထဲမှ လေးလံမွန်းကြပ်နေမှုတွေ ပြေ ပျောက်လျော့ပါးသွားရသည်။ ချစ်သူအား မြတ်နိုးလွန်းစွာ ပိုမိုတင်း ကြပ်စွာ ပွေ့ဖက်ထားမိ၏။ ငယ်ရွယ်ပေမယ့် အသိတရားရှိနေတဲ့ ချစ်သူစိတ်ဓာတ်ကလည်း လေးစားစရာပင်။ သူ့ စိတ်တစ်မျိုး ပြေ လျော့အေးချမ်းရသည်။

"ကိုကိုက အရည်အချင်းရှိတဲ့သူပါ၊ ရိပ် လေးစားတယ်၊ အထင်ကြီးတယ်၊ ချစ်တယ်၊ ငွေကြေးစည်းစိမ်ဥစ္စာတွေထက် ကိုကို့ အချစ်တွေကိုပဲ ရိပ် အလိုအပ်ဆုံးအရာပါနော်"

ချစ်သူရိပ်အား သူ အချိန်ကြာမြင့်စွာ ပွေ့ဖက်ထားသည်။ မခွဲချင်ပေမယ့်လည်း မေမေ့ဆီကနေ ဖုန်းလာသဖြင့် ချစ်သူကို ထားရစ်ခဲ့ကာ မေမေ့ဆီ အပြေးပြန်လာခဲ့ရ၏။ ရတနာနှင့်အတူတူ ရှိမနေတာပင် မေမေ ဒေါသတကြီး ဆူပွက်စရာဖြစ်နေသည်။

"ရတနာ့ကို မင်း ဘာဖြစ်လို့ထားရစ်ခဲ့တာလဲ သွန်းဆစ် မေမေနဲ့ရတနာလေး တွေ့ပြီးပြီ၊ အခုချိန်မှာ မေမေ့အတွက် ရတနာ လေးမေမေက မိတ်ဆွေကောင်းလေ"



www.burmeseclassic.com

ww.burmeseclassic.com



"ရတနာ့ကား ပြန်ကောင်းသွားလို့ပါမေမေ၊ သားအလုပ်ကိစ္စတွေက ရှိနေသေးလို့ပါ"

"ရတနာနဲ့မင်းကို အမြန်ဆုံးလက်ထပ်ပေးရမယ်၊ သားအတွက် သင့်တော်ဆုံးပဲလေ၊ ဒါမှ မေမေစိတ်အေးရမှာ၊ မင်းဘက်က ချစ်သူအဖြစ် ကမ်းလှမ်းမှုတွေလုပ်လေ"

"သားတို့မှာ ပြဿနာတွေက အများကြီးရှင်းလင်းရဦးမယ် မဟုတ်လားမေမေ၊ သားမှာ အရည်အချင်းမပြနိုင်ဘဲ မိန်းကလေးတစ်ယောက်နဲ့ လက်မထပ်ချင်ဘူး"

"မင်း ဟိုဖက်ခြံက ဆတ်စလူးမလေးကိုတော့ လုံးဝစိတ်မဝင်စားနဲ့နော် ... မေမေ အရမ်းမုန်းတယ်၊ နန့်လွန်းတယ်"

"မေမေ"

"ဘာလဲ သွန်းဆစ်"

သူက အသံကျယ်ကျယ်မာမာဖြင့် မေမေ့ကို အော်ဟစ်တားဆီးပစ်သည်။ မေမေ့ရဲ့ဒေါသအကြည့်တွေက သူ့ထံ ဆတ်ခနဲဒေါသတကြီး ရောက်လာ၏။ ရိပ်လိုမိန်းကလေးပေါ် မေမေက ရန်သူတစ်ယောက်အဖြစ် သတ်မှတ်နေတာ သွန်းဆစ် စိတ်ညစ်ရသည်။

"ဘာလဲ သွန်းဆစ်၊ မင်းက ဟိုဖက်ခြံကဟာတွေကို ထိလို့နာတာလား၊ မေမေက မင်းအတွက်ပါ ... ဒီကောင်မလေးက အမျိုးမျိုးလုပ်ပြနေတာလေ၊ မေမေ ဘယ်လောက်အထိ မျက်စိနောက်နေရလဲ"

"သူတို့အကြောင်း မပြောကြတာ အကောင်းဆုံးပါပဲ မေမေ"

"မင်း ရတနာ့ကို လက်ထပ်ပါ၊ ငြင်းနေရင် မေမေသေမှာနော်၊ လောလောဆယ် မေမေ့ကို အားပေးကူညီနေတာ မင်း



www.burmeseclassic.com

ww.burmeseclassic.com



ဘာဖြစ်လို့ငြင်းချင်နေရတာလဲ ... မင်း အခု ရတနာ့ကိုထားခဲ့တာ မဟုတ်လား၊ ဒီလို ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးကို မင်းဘာဖြစ်လို့ စိတ်မဝင်စားရတာလဲ"

ရတနာ ကိုယ်ရေးကိုယ်တာတွေကို သွန်းဆစ် ထုတ်ဖော် မပြောပြချင်ပေ။ မေမေက လက်ခံမှာလည်းမဟုတ်။ ရတနာနှင့် တရားဝင်စေ့စပ်တာမျိုး မလုပ်ချင်။ ရတနာကိုယ်တိုင်ကလည်း သူ့ကို အထင်သေးနေတယ်ဆိုတာ သူသိသည်။ မေမေ့ကြောင့် ခက်တာပဲ။ ရတနာ့အမေနှင့် ဒီလောက်ကြီး ရင်းနှီးကျွမ်းဝင်နေတာကို က သူစိတ်ပူမိသည်။

"မေမေ"

"ပြော"

"သားတို့စီးပွားရေးကိစ္စပဲ လုံးပမ်းကြရအောင်၊ သား ကုမ္ပဏီ တစ်ခု ထောင်မယ်၊ လုပ်ငန်းတွေအားလုံး သားသဘောပေါက်နား လည်နေပြီပဲ၊ ဖေဖေ့ကိုလည်း မေမေ တောင်းပန်ပါ"

"မတောင်းပန်ဘူး ... ဒီလိုတာဝန်မဲ့တဲ့ ယောကျာ်းတစ် ယောက်ကို မေမေ့ဘဝကို မေမေထူထောင်ပြမယ်၊ မင်းလည်း ငါ့ စကားကိုပဲ နားထောင်"

မိုးတိမ်ပြာဆိုတဲ့ မိန်းမက ဘယ်သူ့ကိုမှ ဒူးထောက်အညံ့မခံ ဘူး။ ဘာဖြစ်လို့ တောင်းပန်ရမှာလဲ။ ဝေးသေးတယ်။ ရတနာမိခင် ဒေါ်စောသီရိကိုပဲ မိမိအားကိုးယုံကြည်မိသည်။ မသီရိရဲ့ ဦးဆောင် မှုတွေနဲ့ပဲ စီးပွားရေးလောကထဲ ဝင်ရမယ်။ မိမိမှာ မရှိတာတွေ အကြေးတွေရှိနေတာတွေကိုလည်း သားငယ်သိသွားမှာ ကြောက်



www.burmeseclassic.com

ww.burmeseclassic.com



နေသည်။ စိတ်အားမငယ်စေချင်လို့ပါ။ ဘာပဲဖြစ်ဖြစ် အရင်းအနှီးတွေတိုးတက်အောင် မသီရိနှင့်လုပ်ပြီးမှ သားကိုပံ့ပေးဖို့ စဉ်းစားထားသည်။ ပြီးတော့ သားငယ်အား ရတနာလေးနှင့်လက်ထပ်ပေးပြီး အေးချမ်းစွာ နေလို၏။ သားငယ်ဆန္ဒမပါလည်း အတင်းအကြပ်လက်ထပ်ပေးဖို့ပဲ ဆုံးဖြတ်ထားသည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၂၁ )

ကိုကိုနှင့်ရိပ် မတွေ့ကြတာ တစ်ပတ်ကျော်သွားပြီ ဖြစ်သည်။ ကိုကို့မေမေက မျက်ခြေအပြတ်မခံလို့တဲ့။ ကိုကိုတို့အိမ်ဖော်ကောင်မလေးက မညိုကို ပြောပြလိုက်တာပါ။ မညိုတို့ခြံက ဆတ်စလူးမလေးနဲ့ နီးစပ်သွားမှာ အကြောက်ဆုံးပဲတဲ့။ မညိုကို အန်တီမထံ ထိုစကားတွေသွားမပြောရန် ဆွဲကြိုးတစ်ကုံးပေးပြီး ရိပ် ပိတ်ထားရသည်။

"ဟဲ့ ... မညို နင် နှုတ်လုံနော်၊ အန်တီမကို သွားမပြောနဲ့၊ မမလေးကတော့ ကိုကိုနဲ့အဝေးမခံနိုင်ဘူး၊ မမလေး ရင်ကွဲသေလိမ့်မယ်"

"မမလေးကလည်း ဘာဖြစ်လို့ ဒီလောက်အထိ ချစ်နေရတာလဲ၊ စိတ်ညစ်တယ် ... တကယ်လို့ နှစ်ဖက်မိဘတွေက သဘောမတူရင် ဘယ်လိုလုပ်ကြမလဲဟင်"

မညိုလည်း မြှောက်ပေးပြီးမှ မမလေးက အရူးအမူးချစ်နေ၍ စိတ်ပူလာရသည်။ ကိုသွန်းဆစ်အမေက ဒီလောက်မွဲတေသွားတာတောင် မမလေးကို လက်မခံဘဲ ငြင်းနေသေး၏။ ပြစ်မြစ်နှစ်



www.burmeseclassic.com

ww.burmeseclassic.com



နှစ် ပြောဆိုနေတုန်းပင်။ မညိုလည်း ဒေါ်မိုးတိမ်ပြာကို မုန်းတီးပေမယ့် ကိုသွန်းဆစ်နဲ့တော့ မမလေးကို သဘောတူမိသည်။

"မမလေးကို သနားပါတယ်၊ နင့်ကို ဆွဲကြိုးတစ်ကုံးလုပ်ပေးမယ်၊ မမလေးရင်ထဲမှာ ကိုကို့ကို အရမ်းချစ်မိနေတယ်၊ ကိုကို့အမေ သဘောကျမယ့် ချွေးမပုံစံမျိုးနေပြရင် ကောင်းမလားပဲ"

"မမလေးကလည်း ဟိုမရတနာဆိုတဲ့ မိန်းမက ဟန်ဆောင်နေတာပါဆို၊ မမလေးက လွတ်လွတ်လပ်လပ် ကိုယ်နေတတ်သလိုနေတာပဲ၊ ဘာဖြစ်လဲ ... တစ်နေ့ အမှန်တရားဆိုတာ ပေါ်လာမှာပါ"

"အေးပါဟယ်"

ရိပ်ကတော့ ကိုကို့ကို အရမ်းချစ်မိနေ၍ ယောကျ္ာမလောင်းကြီး စိတ်တိုင်းကျ ပုံစံမျိုးနေပြချင်လာသည်။ မရတနာလို အဝတ်အစားမျိုးတွေလည်း မဝတ်တတ်ပါဘူး။ စိတ်အိုက်တယ်။ ကိုကိုနှင့်တွေ့ချင်နေသည်။ ကိုကို့မေမေက ကိုကိုသွားရာနောက်သို့ တကောက်ကောက်လိုက်နေ၏။ စိတ်ညစ်တယ်။ ရိပ် အိပ်လို့တောင် မပျော်တော့ဘူး။ မရတနာနှင့် အတင်းအကြပ်လက်ထပ်ပေးမှာလည်း အစိုးရိမ်ကြီး စိုးရိမ်နေသည်။ ဘယ်လိုလုပ်ရမလဲ။ ကိုကိုတို့ ခြံဘက်ကြည့်လိုက်တော့လည်း ကိုကို့အရိပ်အယောင်မျှပင် မတွေ့။ ကိုကို ဘာတွေလုပ်နေတာလဲလို့။ ရိပ်ကိုတောင် ရှောင်ပုန်းနေပြီလားဟင်။ ငိုပစ်ချင်နေသည်။

"မမလေး ... ဟိုမှာ မရတနာ"

"ဘယ်မှာလဲ"

"မညိုတို့ခြံထဲ ဝင်လာတာပါ၊ လက်ထဲမှာလည်း ခိုင်းကြီးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ... ဘာလာလုပ်တာလဲမသိဘူး၊ သွားစပ်စုရအောင်"

"အင်း"

မရတနာ သူမတို့ခြံထဲဝင်လာသဖြင့် ရိပ်တို့ အောက်ထပ်သို့ ဆင်းလာကြသည်။ မရတနာနှင့် ဒက်ဒီ တွေ့ပြီး ဧည့်ခန်းထဲမှာ စကားတွေပြောနေကြသည်။

"သမီး ... လာ၊ ဒီမှာ ရတနာက အုန်းနို့ခေါက်ဆွဲချက်လို့ လာပို့တာလေ"

"ဟုတ်တယ် ရိပ်လေး ... မမလက်ရာလေး စားစေချင်လို့ လာပို့တာပါ"

ဒီမိန်းမ ဘာဖြစ်လို့များ ဒက်ဒီ့ဆီလာရတာလဲ။ ကိုကိုနှင့် လက်ထပ်ပေးမည့် မိန်းမဖြစ်နေ၍ ရိပ် မကြည်ပေ။ ပြီးတော့ ရတနာ့အကြောင်းတွေလည်းသိထား၍ ရိပ်မျက်နှာထားက တင်းတင်းလေးဖြစ်နေ၏။ ဒက်ဒီက အားနာ၍ ရိပ်ကို မျက်နှာရိပ်မျက်နှာကဲ ပြနေသည်။ အားမနာပါဘူး။ ဒီမိန်းမ အကျင့်မှမကောင်းတာပဲ။ ကိုကိုကပြောတာတော့ မရတနာနှင့်ညှိပြီးပြီတဲ့။ လက်ထပ်ဖို့ဆန္ဒလည်းမရှိဘူးတဲ့။ ဒါဆိုရင် ဒက်ဒီ့ကိုများ ချိန်နေတာလား။ ဒီမိန်းမက လုံးဝယုံရတာမဟုတ်ဘူး။ သူမ ခပ်တည်တည်နှင့် အနားမှာထိုင်နေသည်။

"ရတနာချက်တဲ့ အုန်းနို့ဟင်းလေး စားကြည့်မလား အန်ကယ်ချစ် ... ရတနာသွားပြီး ထည့်ပေးမယ်လေ"

"ရပါတယ် ... ဒီမှာ မညိုရှိတာပဲ၊ မရတနာထားခဲ့လေ"

"မရတနာက ကိုယ်တိုင်ထည့်ပေးချင်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထားခဲ့ပါ"

ဒီဟာမလေးအကြည့်က တစ်မျိုးပဲ။ မယုံသင်္ကာနဲ့ ညည်းအဖေ အနားကနေ မခွာဘူးပေါ့။ နင့်ချစ်သူကို ငါလုပစ်လိုက်ရမလား။ ညည်းဘာကောင်မလေးလဲ။ ရတနာ ဒေါသဖြစ်နေသည်။ ရိပ်တို့တိုက်ကြီးက ခမ်းနားတယ်။ အရမ်းချမ်းသာကြတာပဲ။ ရတနာက အရမ်းပဲ ချမ်းသာချင်ကြတာ။ ဦးမောင်မောင်ချစ်ပဲ အရယူမယ်။ အသက်ချင်းကွာပေမယ့် နုပျိုနေတဲ့လူကြီး။ သွန်းဆုစ်ကို ဘာလုပ်ရမှာလဲ။ နင်လည်း ကောင်းကောင်းသိမယ်နော် ချစ်ပန်းရိပ်။ ရတနာ ဒေါသတွေ ကြိတ်ထွက်နေသည်။

"မရတနာ ပြန်တော့လေ"

"သမီး ညှို့သည်ကိုကွယ် ... ဒက်ဒီတို့နဲ့ မိတ်ဆွေဖြစ်ချင်တဲ့သူလေ"

"မရတနာ စိတ်ကျဉ်းကြပ်နေမှာ စိုးလို့ပါ"

"အင်းကွယ် ... ပြန်တော့မယ်၊ အန်ကယ်ချစ် ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ"

မရတနာ ပြန်ထွက်သွားတဲ့အချိန်တွင် ရိပ်ကတော့ ဒက်ဒီ မျက်နှာကို စေ့စေ့ကြည့်သည်။

"ဘာကြည့်တာလဲ သမီး"

"ဒီမိန်းမနဲ့ လုံးဝမပတ်သက်နဲ့နော်"

"ဘာဖြစ်လို့လဲ သမီး"

"မပတ်သက်စေချင်ဘူး၊ ရွံပ်တယ်"

"ရတနာက ဒီလောက်အထိ ဏှာခြေသိကွာရှိတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကျသရေရှိလဲ"

"ဝေဘ်ပါတော့ ဒက်ဒီ၊ ရိပ်ကတော့ ဒက်ဒီ့ကိုလာပြီး ချိန်နေတာပဲဖြစ်မယ်"

"သမီး"

"ဒက်ဒီနော် မရတနာနဲ့ အရောမဝင်နဲ့"

"ခက်တာပဲ ... သမီးက ကလေးလည်းမဟုတ်ဘဲနဲ့ သဝန်ကြောင်နေပြန်ပြီ"

"ဘာပဲဖြစ်ဖြစ် ဒီသားအမိရဲ့သတင်းတွေက လုံးဝမကောင်းဘူး၊ ဟန်ဆောင်နေကြတာပါ"

"ကဲပါ သမီးရယ် ... ဒက်ဒီလည်း အသက်ကြီးပါပြီ၊ မိန်းကလေးကိစ္စတွေကို လုံးဝစိတ်မဝင်စားပါဘူး"

"ဒက်ဒီ့ကို ရိပ် စောင့်ကြည့်နေမှာနော်၊ ရိပ် လုံးဝလက်မခံဘူး"

မရတနာ ရောက်လာတာကို ရိပ် လုံးဝလက်မခံနိုင်ဘဲဖြစ်နေသည်။ အကြောင်းရှာပြီး ရောက်လာတာပါ။ ကိုကို့ကို မရလို့ ဒက်ဒီ့ဆီကပ်တာပဲ။ မဟုတ်ပါဘူး။ ကိုကို့ကို အထင်မကြီးဘဲ သူ့ဌေးကို ချိုင်တာပဲဖြစ်မယ်။ ဒက်ဒီမျက်နှာကြီးက ပြုံးဖြီးဖြီးကြီးဆိုတော့ ရိပ် မသက်မသာဖြစ်ရ၏။ အန်တီမဆီသွားပြီး ဒက်ဒီ့ကိစ္စ တိုင်သည်။

"ဟို မရတနာက ဒက်ဒီ့ကိုချိုင်ချင်နေတာလားမှ မသိတာပဲ အန်တီမ ... သတိထားပြီး ကြည့်ထားနော်"

"ရိပ်လေးရယ် ရတနာက သွန်းဆစ်ဆိုတဲ့ကောင်လေးနဲ့ လက်ထပ်တော့မှာပါ၊ သူတို့လည်း အခြေအနေနဲ့လေ ... ညည်း ဒက်ဒီကို ကြိုက်မလား"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမကလည်း လူတွေကို အထင်ကြီးနေပြန်ပြီ၊ မရှာနာ့သတင်းတွေက အရမ်းကြီးနေတာ၊ လူလိမ်တွေတဲ့"

"ဘာ"

ဒေါ်ခင်မမကတော့ တူမကို မသင်္ကာသလိုကြည့်မိသည်။ မောင်သွန်းဆစ်ကိုများ တူမလေးကြိုက်နေတာလား။ ဣန္ဒြေသိက္ခာကြီးမားတဲ့ ရတနာကို မဟုတ်တာတွေပြောနေ၏။ ဒီခြံကဟာတွေနှင့်တော့ မပတ်သက်စေချင်ပေ။ တူမချော ရိပ်လေးရဲ့မျက်နှာကို ပြန်ကြည့်သည်။

"ရိပ်လေး ရတနာ့ကို အပြစ်ရှာနေတာ ဟိုဘက်ခြံက မောင်သွန်းဆစ်ကြောင့် မဟုတ်လား"

"အန်တီမကလဲ"

"အန်တီမလည်း ရိပ်လေးကို သတိပေးတာနော်၊ သွန်းဆစ်ဆိုတဲ့ကောင်လေးနဲ့ မပတ်သက်နဲ့ ... သူ့အမေက ချွေးမဆို အရမ်းနှိမ်တာ၊ ဒီလိုယောက္ခမမျိုးကို တစ်သက်လုံးရိပ်လေးက ယောက္ခမတော်သွားချင်လို့လား"

"ဒါကတော့ မိခင်တစ်ယောက်ရဲ့ ဆန္ဒပါ အန်တီမရာ၊ အပြင်ပန်းကကြည့်ပြီး ဆုံးဖြတ်နေတာပါ၊ ကိုကို့အမေမှာလည်း အပြစ်မရှိပါဘူး"

"ဘာ ... ကိုကို ဟုတ်လား"

"ဟာ ... မဟုတ်ပါဘူး၊ ယောင်သွားတာပါ"

"ရိပ်လေးနော် ဟိုဘက်ခြံကဟာတွေနဲ့ မပတ်သက်နဲ့လို့ အန်တီမ သတိပေးထားတယ်နော်၊ ကိုကိုချစ်ကတောင် သူ့အဘွားမတူတာ ရိပ်လေးနဲ့ ချစ်သူတွေဖြစ်နေကြပြီလား၊ အမလေး ...



www.burmeseclassic.com

www.burmeseclassic.com



ရင်ပူလိုက်တာ၊ ဒီဟာမကြီးနဲ့တော့ လုံးဝဆွေမျိုးမတော်နိုင်ဘူးနော် ရိပ်လေး၊ ပြောစမ်း ... ဒီကိစ္စတော့ အပြင်းအထန်တားဆီးရမယ်၊ သွန်းဆစ်ဆိုတဲ့ကောင်က သူ့အမေစကားပဲ နားထောင်မှာ၊ ရိပ်လေးကို ချစ်တယ်ဆိုတာလည်း မဖြစ်နိုင်ဘူး၊ သူတို့မှာ ငွေကြေးပြဿနာတွေ တက်နေတာ ရိပ်လေးကို ငွေကြေးကြောင့်ပဲ ကပ်တာနေမှာ"

"ဟာ ... အန်တီမကလည်း ဘာတွေလာပြောနေတာလဲ၊ ရိပ်ကို ချုပ်ချယ်တားဆီးတာတွေ မလုပ်ပါနဲ့၊ စိတ်ရှုပ်လာရင် ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မှာနော်"

"ဟဲ့ ... သမီးရိပ်လေး"

အန်တီမကို သွားပြောကာမှ ပိုဆိုးနေသည်။ မရတနာကို သူတွေက အထင်ကြီးနေကြတာပါ။ ရိပ် အိပ်ခန်းထဲပြန်ဝင်လာခဲ့၏။ အန်တီမတို့က ကိုကို့ကို အထင်သေးနေတာပဲ။ မုန်းလိုက်တာ။ ကိုကိုက ရိပ်ကူညီချင်တာတောင် လက်ခံတာမဟုတ်။ ကိုကို ဘာတွေလုပ်နေတာလဲ။ ရိပ်ဆီ ဖုန်းလည်းမဆက်ဘူး။ ပြဿနာတွေ အကြီးအကျယ်တက်နေတာတော့ ရိပ် သိသည်။ ကိုကိုရယ် ရိပ် ကူညီချင်လိုက်တာနော်။ ကိုကို့အခက်အခဲတွေ၊ အပူသောကတွေကို ရိပ် မျှဝေခံစားချင်ပါတယ်။ ကိုကိုတို့ခြံဘက်ကို ကြည့်တော့လည်း ကိုကို့ကို မတွေ့ရပေ။ မရတနာအမေကြီးပဲ ဒေါ်မိုးတိမ်ပြာနှင့် တတွဲတွဲ သွားလာနေတာတွေ့နေရသည်။ ကိုကိုနဲ့စေ့စပ်ဖို့ ဖိစဉ်နေကြတာလား။ ရိပ်ကိုတော့ သစ္စာမဖောက်ပါနဲ့ ကိုကိုရယ်။ ရိပ် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ဝဲချင်လာသည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၂၂ )

"ဟိုဟာမလေး ဝင်ပြီးနှောက်ယှက်နေတာ မာမီ၊ အနားက ကို မခွာဘူး၊ ရတနာ့ကို အတင်းပြန်ခိုင်းနေတယ်၊ ဒေါသထွက်လိုက်တာ၊ ဒီဟာမလေးနဲ့ သွန်းဆစ် ကြိုက်နေကြတာမသိဘူးများ မှတ်နေလား"

ရတနာ ဒေါသတွေထွက်နေရသည်။ ဒီကောင်မလေးချစ်နေတဲ့ သွန်းဆစ်ကိုပဲ လုပစ်လိုက်ရင်ကောင်းမလားဘဲ။ တွေးမိတိုင်း ဒေါသထွက်ရသည်။

"ဦးမောင်မောင်ချစ်တို့က အရမ်းချမ်းသာကြတယ်မာမီ၊ ရတနာ ဘယ်လောက်အထိ သွားရည်ကျခဲ့ရလဲ၊ တိုက်ကြီးထဲမှာ အရမ်းကို ခမ်းနားကြီးကျယ်တာပဲ"

"သူတို့က ဘိုးစဉ်ဘောင်ဆက် ချမ်းသာလာကြတာလေ သမီးရဲ့ ... အဘွားကြီးက ဆတ်စလူးမလေးဆိုပြီး အမြင်ကတ်နေတာပါ။ မာမီ့သားဆိုရင် သဘောတူပြီ"

"ရတနာ့ကို လိုက်နှောင့်ယှက်နေရင်တော့ အဲဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေး ရတနာ့အကြောင်း သိစေရမယ်၊ စောင့်ကြည့်နေပါ"

ဦးမောင်မောင်ချစ်နှင့်တွေ့ဆုံဖို့ ရတနာအကြိမ်ကြိမ် ကြိုးစားနေတာ ချစ်ပန်းရိပ်ကြောင့်ပဲ အလွဲလွဲအချော်ချော် ဖြစ်နေရသည်။ စိတ်ပျက်လိုက်တာနော်။ ချစ်ပန်းရိပ်အပေါ် မကျေမနပ်နှင့်ဒေါသတွေဖြစ်နေသည်။ အရေးထဲ ဒေါ်မိုးတိမ်ပြာကတစ်မျိုး။ အိမ်ကိုလာပြီး သူ့သားနှင့်စေ့စပ်ဖို့ပဲ နားချတောင်းဆိုနေ၏။ ပြီးတော့လည်း သူ့ရဲ့အဖိုးမတန်တဲ့ လက်ဝတ်ရတနာတွေနဲ့ တင်တောင်းမည်တဲ့။ ရတနာ သေချင်သည်။

"ရတနာလေးရယ် သားနဲ့လက်ထပ်ပွဲပဲ စီစဉ်လိုက်ကြရအောင်နော် ... အန်တီမိုးဆီမှာရှိနေတဲ့ လက်ဝတ်ရတနာတွေ တင်တောင်းပါ့မယ်"

"အခု အန်တီတို့မှာ ပြဿနာတွေရှိနေသေးတော့ အေးအေးဆေးဆေးမှ စီစဉ်ပါ၊ ဟိုလေ သွန်းဆစ်ဘက်ကလည်း လုပ်ချင်သေးမှာ မဟုတ်ပါဘူး"

သွန်းဆစ် ချစ်နေတာက ချစ်ပန်းရိပ်ပဲ။ ရှင်ကြီး လုံးဝမတော်ချင်တဲ့ ချွေးမလေးလေ။ ဒေါ်မိုးတိမ်ပြာတို့ဆီမှာ စီးပွားရေးအခြေအနေ ယိမ်းယိုင်နေတာကို ရတနာအသိဆုံးပင်။ လက်ရှိကားတောင် ရောင်းပြီး အကြွေးဆပ်ရမှာ။ သွန်းဆစ်မှာတောင် မယ်မယ်ရရ လုပ်ငန်းတွေ မရှိသေးဘူး။ ရတနာ စိတ်ညစ်တယ်။ မာမီက ဒေါ်မိုးတိမ်ပြာကို အလိုက်အထိုက် ဆက်ဆံပါဆိုလို့ ရတနာ ဘယ်လိုပဲပြောပြော အတင်းအကြပ်လက်ထပ်ဖို့ပဲ ပြောနေသည်။ ရတနာကလည်း ငြင်းပစ်နေ၏။ သွန်းဆစ်ထက် ဦးမောင်မောင်ချစ်က ရတနာ့ဘဝကို ချမ်းသာကြွယ်ဝမှုတွေ ပေးစွမ်းနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သွန်းဆစ်ကိုလည်း မေးကြည့်ပါဦး အန်တီမိုး၊ သူ့ဆီမှာ ချစ်သူရှိချင်ရှိနေမှာပါ"

"ဟင် … ဘယ်သူလဲ၊ မရှိနိုင်ပါဘူး ရတနာ၊ အန်တီ့သားတွေ အန်တီ့ကို အသိမပေးဘဲ ချစ်သူထားတတ်ကြတာ မဟုတ်ဘူး"

"သေချာအောင် မေးကြည့်ပါဦး အန်တီရယ်၊ သွန်းဆစ်ပဲ လက်ခံပါစေဦး"

"သမီးရတနာ သိလို့လား၊ ချစ်သူရှိနေတယ်လို့လေ"

"ထင်တာပါ"

"အမလေး … မဖြစ်ဘူး၊ အန်တီမိုးက ရတနာလေးနဲ့ပဲ သဘောတူတာပါ၊ ချစ်သူထားလည်း ဖြတ်ပစ်ရမှာပဲ၊ အန်တီ့ချွေးမ က ရတနာပဲဖြစ်ရမယ်"

ဒေါ်မိုးတိမ်ပြာ အထိတ်တလန့်နှင့် မိမိခြံထဲ ပြန်ရောက်လာသည်။ သားငယ်မှာ ချစ်သူရှိနေနိုင်တယ်တဲ့။ ဘယ်သူလဲ။ ဟိုဘက် ခြံက ဆတ်စလူးမလေးလား။ သူတို့ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ မိမိသားငယ် နွားပဲဖြစ်ရမှာ။ ကိုစိုးအောင် ရှင်ကတော့ ခေါင်းရှောင်နေတယ်ပေါ့လေ။ တာဝန်မဲ့တဲ့ယောကျ်ား။ ဒေါ်မိုးတိမ်ပြာ ဒေါသထွက်ပြီး သားဆီရောက်လာသည်။ လုပ်ငန်းကိစ္စတွေနှင့် အပြင်ပဲထွက်နေတတ်သော သားသွန်းဆစ်ရှေ့မှာ ခြေစုံရပ်ပစ်လိုက်၏။ သားငယ်သွန်းဆစ်က သားကြီးထက်ပင် ချောမောပြီး နူးညံ့ သိမ်မွေ့သူဖြစ်သည်။

"သွန်းဆစ်"

"မေမေ"

"မင်း ရတနာကို လက်ထပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရုတ်တရက်ကြီး ဘာဖြစ်လို့လဲ မေမေရာ၊ ဒီမှာ အလုပ်တွေ အရှမ်းရှုပ်ထွေးနေတာပါ၊ သားလုပ်ငန်းတွေ စရဦးမယ်၊ အခြေမခိုင်သေးဘဲ မိန်းမတစ်ယောက်ကို လက်မထပ်ချင်ဘူး"

"မင်း ဘာဖြစ်လို့ ငြင်းဆန်နေရတာလဲ၊ မင်းမှာ ချစ်သူရှိနေလား၊ မေမေ့ကိုပြောလေ ရတနာထက်သာတဲ့ မိန်းကလေးရှိမှာ မဟုတ်ပါဘူး သားရယ် ... မေမေ့အမိန့်ပဲ မင်းလက်ခံရမယ်"

"ကျွန်တော် လက်မခံချင်သေးပါဘူး မေမေ ... ဒီမှာ ပြဿနာတွေ အများကြီးရှိနေတာပါ၊ လောလောဆယ် ကျွန်တော့် လုပ်ငန်းအတွက် မေမေစုထားတဲ့ငွေတွေပေးပါ၊ သားလုပ်ငန်း စတော့မယ်"

"ဟင်"

"ဘာဖြစ်လို့လဲ မေမေ"

"မေမေလည်း လုပ်ငန်းတစ်ခုလုပ်ထားတယ်လေ၊ မသီရိရဲ့ စိတ်ချရတယ်သား"

"သားလုပ်ငန်းစဖို့လေ မေမေ၊ ဘာဖြစ်လို့ လွယ်လွယ်ကူကူ ပေးလိုက်ရတာလဲ"

"မသီရိက ယုံရတယ်သား၊ လောလောဆယ် မေမေတို့ အတိုးနဲ့စားလို့ရတယ်လေ"

"အတိုးရောရပြီလား မေမေ"

"ဒီလမှလေ"

"ရတနာနဲ့ စေ့စပ်ဖို့ကိစ္စ နောက်ဆုတ်ထားပါ မေမေ၊ သား အလုပ်တွေရှုပ်နေတယ်၊ အချိန်ပေးပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ ချစ်သူရှိနေလို့လား သွန်းဆစ်"

"အဲဒီကိစ္စတွေ ခေါင်းထဲမထားပါနဲ့ဦး မေမေ၊ မိသားစုအခက်အခဲတွေကို အရင်ဆုံးရှင်းပါ"

"မင်း မေမေ့ကို ဆန့်ကျင်တော့မလို့လား၊ ဟိုဘက်ခြံက ကောင်မလေးကိုတော့ လုံးဝပဲနော်၊ ဒီကောင်မလေး အရှက်တကွဲ မဖြစ်စေချင်ရင် မင်းမပတ်သက်နဲ့၊ မေမေ့အကြောင်း မင်းသိတယ် မဟုတ်လား သွန်းဆစ်"

မေမေ့အနားကနေ သွန်းဆစ်ထွက်လာခဲ့သည်။ ကိုကိုက စီးပွားရေးလုပ်ငန်းတွေကို အပိုင်သိမ်းလိုက်၍ သွန်းဆစ်တို့မှာ အခက်အခဲတွေနှင့် ရင်ဆိုင်နေရ၏။ ဒီနေ့ သူတို့စီးနေတဲ့ကား ရောင်းရမယ်။ မေမေကလည်း စုထားတဲ့ငွေတွေကို ဒေါ်စောသီရိအား ပေးလိုက်သည်တဲ့။ ရတနာတို့သားအမိအား သွန်းဆစ် အယုံအကြည် ကင်းမဲ့လာ၏။ မေမေ့ကို တားဆီး၍မရ။ သွန်းဆစ် ကားနှင့်အပြင်ထွက်လာခဲ့သည်။ လမ်းမှာ သူ့ဖုန်းမြည်လာ၍ ဖွင့်ကြည့်လိုက်တော့ ချစ်သူရိပ်လေးဖြစ်နေ၏။ သူ့လုပ်ငန်းတွေ အဆင်မပြေသေး၍ ချစ်သူကိုပင် ခဏမေ့ပစ်ထားရသည်။

"ကိုကို ဘာဖြစ်လို့ မဆက်သွယ်ရတာလဲ၊ ရိပ်ကို မေ့ထားပြီလားဟင်၊ မရတနာနဲ့ စေ့စပ်တော့မှာလား၊ ရိပ်တွေ့ချင်တယ်၊ မရတနာကလေ ဒက်ဒီ့အနားကပ်နေလို့ ရိပ် မျက်ခြည်မပြတ် စောင့်ကြည့်နေရတယ်လေ"

"ဘာပြောတယ် ရိပ်"

"တွေ့ပြီးမှပြောမယ်၊ ရိပ် စိတ်ပူနေပြီ ... ကိုကို့မှာ ဘာ


www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲတွေရှိနေလဲဟင်၊ ရိပ်ကိုပြောပြပါ ဖျှဝေခံစားပါရစေ"

"ကိုကိုတို့ တွေ့နေကျနေရာမှာ တွေ့ကြရအောင် ရိပ် လာခဲ့နော်"

သွန်းဆစ် ချစ်သူအား မေ့ပစ်ထားတာ တစ်ပတ်လောက်ရှိနေပြီ။ မေမေက ရတနာနှင့် အတင်းအကြပ်လက်ထပ်ပေးမှာ စိုးရိမ်ပြီး ချစ်သူနှင့် မတွေ့ချင်ပေ။ မထူးတော့ ချစ်သူနှင့်လက်တွဲပြီး အခက်အခဲတွေကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

"ကိုကို"

"ရိပ်လေး"

"ဘာတွေဖြစ်နေပြီလဲ၊ ရိပ်ကို ဘာဖြစ်လို့ ပစ်ထားရတာလဲဟင်"

ကိုကို့မျက်နှာလေး ချောင်ကျသွားသည်ဟုထင်သည်။ ရိပ်ကူညီချင်ပါတယ်။ ကိုကိုတို့မှာ မိသားစုပြဿနာတွေ ရှိနေတာလည်း ရိပ် သိထား၏။ ကိုကို့လက်မောင်းတွေကို ဖက်တွယ်လိုက်သည်။

"ကိုကို"

"ပြော"

"မရတနာက ဒက်ဒီအနားကို အရမ်းကပ်လွန်းနေတယ်၊ ဒါပေမယ့်လေ ကိုကို့ကို ဗုန်လွှတ်ရမယ်ဆိုရင်တော့ ဒက်ဒီနဲ့မရတနာကို နီးစပ်သွားအောင် ..."

"ရိပ်"

"ရိပ် ကိုကိုနဲ့မှ အဝေးမခံနိုင်တာ၊ ဘာဖြစ်လို့လဲသိလား၊ အရမ်းချစ်လို့ပါ ... မရတနာနဲ့ ဒက်ဒီ နီးစပ်ချင်လည်း နီးစပ်သွားပါ



www.burmeseclassic.com

www.burmeseclassic.com



စေတော့ ကိုကိုနဲ့တော့ ရိပ် အဝေးမခံနိုင်ဘူးလေ"

"ရိပ်လေးရယ်"

ရိပ်ကို သူ့ရင်ခွင်ထဲမှာ ဆွဲယူပွေ့ဖက်ထားသည်။ ကိုကို့ကို ဘာဖြစ်လို့များ ဒီလောက်အထိ ချစ်ရတာလဲ ရိပ်လေးရယ်။ မေမေက ရတနာမှရတနာ။ ရိပ်ကို ချွေးမအဖြစ် လုံးဝလက်မခံခဲ့။ သွန်းဆစ်တို့ စီးပွားရေးကလည်း အဆင်မပြေမှုတွေနဲ့ ရင်ဆိုင်နေရသည်။

"ကိုကိုလေ ရိပ်ကို ဘယ်လိုအကြောင်းနဲ့မှ စွန့်ခွာမသွားပါဘူး။ ရတနာ့ကိုလည်း လက်မထပ်ဘူး ... ကိုကို့ကြောင့် မင်းတို့မိသားစုပြဿနာတွေနဲ့ ရင်မဆိုင်စေချင်ဘူးရိပ်၊ ကိုကို့မိသားစုပြဿနာတွေ ရှင်းပစ်ချင်တယ်၊ ကိုကိုလုပ်ငန်းတွေ လုပ်မယ်၊ ရိပ်ခဏလေးစောင့်ပေးပါ ... ရတနာလည်း သူ့ကိစ္စနဲ့သူ သွားပါလိမ့်မယ် ရိပ်ရယ်"

ရတနာ မင်းတော်တော်အကျင့်ပျက်တာပဲ။ ငါ့အမေကို အယုံသွင်းပြီး ငါ့အမေပစ္စည်းတွေကို အရယူကြမလို့လား။ မေမေ့ငွေ သိန်းနှစ်ရာပါသွားပြီ။ သူသိရတာက မေမေ့တိုက်ဝယ်တာ အကြွေးတစ်ဝက်ရှိနေသေးသည်ဆိုတာပင်။ ဖေဖေကရော ဒီလိုအခြေအနေမျိုးနဲ့ မိသားစုကို ဘာဖြစ်လို့ ပစ်ပယ်ထားရက်ရတာလဲ။ မေမေ့အတွက်တွေက ကြောက်စရာကောင်းအောင် ကြီးမားခဲ့ပေမယ့် ဥပေက္ခာပြုမသွားသင့်ဟုထင်သည်။ ကိုကိုကရော ရက်စက်တယ်။ သူကြားထားရတာက ကိုကို့ဇနီး မာရီမေရဲ့ထောင်ချောက်ထဲ တိုးဝင်ပြီး အရှက်တကွဲ ဖြစ်သွားရပုံပင်။ ဥပဒေနှင့်ပါ ငြိစွန်းသူ၍ မာရီမေအား ကုမ္ပဏီကို လွှဲပြောင်းပေးလိုက်ရသည်။ ပြဿနာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခုချင်း ရှင်းပစ်ဖို့ သွန်းဆစ် ကြိုးစားနေရ၏။ ချစ်သူရိပ်ကို တော့ ဘယ်လိုအကြောင်းနဲ့မှ ဥပေက္ခာမပြုဖို့ ဆုံးဖြတ်ထား၏။ ချစ်သူကိုယ်လေးအား လွတ်ထွက်သွားမှာ စိုးထိတ်စွာ သူ့လက်တွေနှင့် ရစ်သိုင်းပွေ့ဖက်ထားသည်။

"ရိပ် ကိုကိုတို့ အချိန်ခဏလေးပဲ စောင့်ကြည့်ကြရအောင်နော်၊ ကိုကိုနဲ့ရိပ် သစ္စာရှိကြရင် ဘာမှစိုးရိမ်စရာမရှိပါဘူး ချစ်ရယ်၊ ရိပ်ဆီက အကူအညီတွေကို လုံးဝမယူဘူး၊ ကိုကိုယောက်ျားပါ ကြိုးစားတည်ဆောက်မယ့် အစွမ်းအစတွေရှိတဲ့ ယောက်ျားကိုပဲ ရိပ်လက်ထပ်စေရပါ့မယ်"

"ရိပ်တို့မှာ ငွေတွေရှိပါတယ်ကိုကို၊ ဒက်ဒီကလည်း ရိပ်ကို အရမ်းချစ်တာပါ၊ ရိပ်ဆန္ဒရှိနေရင် အကူအညီပေးမှာ သေချာပါတယ်နော်"

"ကိုကိုလက်မခံနိုင်ဘူး ရိပ် ... ယောက်ျားကောင်းတစ်ယောက်အဖြစ် ချစ်သူမိန်းကလေးကို တာဝန်ယူရမယ်၊ မကြာခင် အားလုံးအဆင်ပြေသွားမှာပါ"

"ကိုကို့ကို ချစ်တယ်၊ အထင်လည်းကြီးတယ်၊ ရိပ်တို့ဘယ်လိုအကြောင်းနဲ့မှ မခွဲဘူးနော် ... ကတိပဲ"

"ကိုကိုကတိပေးပါတယ် ရိပ်လေးရယ်၊ ယုံပါ ... အမှန်တရားတွေကို မေမေသိလာမှာပါ၊ အချိန်လေးပဲ စောင့်ပေးပါကွာ"

ချစ်သူအား ဖျောင်းဖျချော့မော့ရင်း သွန်းဆစ်စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လေးလံရှုပ်ထွေးနေရသည်။ သူ့အခက်အခဲတွေကို ရိပ် မသိစေချင်ပေ။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး အရှက်မဲ့စွာ မိန်းကလေးတစ်ယောက်ရဲ့ အကူအညီ အထောက်အပံ့ကို လက်မခံနိုင်။ ရိပ်ကိုပဲ သူ ပြည့်စုံစွာ စောင့်ရှောက်ချင်သည်။

"ကိုကို ကားရောင်းရမယ်၊ ရိပ်ကိုပြောပြတာပါ ... ကားရောင်းပြီး အကြွေးတစ်ချို့တစ်ဝက် ဆပ်မယ်၊ ကိုကို့စီးပွားရေးမှာ ထည့်မယ်"

"ကိုကို ဘယ်ကားစီးမလဲ၊ လုပ်ငန်းတွေလုပ်တဲ့အခါ ကားလိုတယ်လေ၊ ရိပ် ကားစီးပါ ပိုနေတာပဲ ... "

"ကိုကို့ကို အကူအညီပေးဖို့ ထပ်မပြောပါနဲ့တော့ရိပ် ... ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူးနော် အချစ်ရယ် ... ကိုကို့နှလုံးသားတွေကို နောင်တတွေနဲ့ နာကျင်အောင်မလုပ်ပါနဲ့"

"ကိုကိုရယ် ဘာပဲဖြစ်ဖြစ် ရိပ်စိတ်တွေက ကိုကို့ကိုယုံကြည်နေပါတယ်၊ စိတ်ချလက်ချနဲ့ ကိုကိုလုပ်စရာရှိတာတွေကို လုပ်ပါ။ အချိန်ဘယ်လောက်ပဲဖြစ်ဖြစ် အချိန်တွေကို ရိပ်စောင့်နေပါ့မယ်"

ငယ်ရွယ်ပေမယ့် ချစ်သူရဲ့နားလည်သိတတ်မှုတွေအတွက် သွန်းဆစ် စိတ်အေးချမ်းသွားသည်။ အခက်အခဲတွေက ပြေလည်သွားမည်ဟုပဲ သွန်းဆစ် ယုံကြည်ထားသည်။ အမှန်တရားဆိုတာ ရှိနေတတ်တဲ့သဘောပါ။ ရတနာတို့သားအမိ မေမေ့ကို ကောင်းကောင်းဒုက္ခပေးတော့မယ်ဆိုတာ သူသိနေ၏။ ကြွေးကျစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ မိန်းမတွေပဲ။ ဦးမောင်မောင်ချစ်က သွန်းဆစ်ထက် ပိုမိုကြွယ်ဝချမ်းသာနေတော့ ရတနာက ကပ်တာပဲဖြစ်သည်။ မေမေက မသိဘူး။ ရတနာကိုယ်တိုင် သူ့ကို လက်မထပ်လို၍ ငြင်းဆန်နေ၏။ အခြေအနေ အရှုပ်အထွေးတွေကို အမြန်ဆုံးဖြေရှင်းနိုင်ဖို့ပဲ သွန်းဆစ် ကြိုးစားရမည်ဖြစ်သည်။

www.burmeseclassic.com

ww.burmeseclassic.com

အခန်း ( ၂၃ )

ဦးမောင်မောင်ချစ်အနားသို့ ရတနာ ကပ်နေတာတော့ အမှန်ပဲဖြစ်သည်။ တဖြည်းဖြည်း ဦးမောင်မောင်ချစ်ကိုယ်တိုင် ရိပ်မိလာ၏။ ညီမကလည်း အနားမှမခွာပေ၊ သမီးကတော့ ခပ်ရှောင်ရှောင်လေးနေ၏။ ဒီကောင်မလေး ဟိုကောင်လေးနှင့်လွတ်ရင်ပြီးရောဆိုပြီး အဖေကိုပင် ရတနာ့လက်ထဲ ထိုးထည့်ချင်တာလား။ ဦးမောင်မောင်ချစ်ကတော့ ရတနာ့ကို စိတ်မဝင်စားပေ။ ဘယ်လိုမိန်းကလေးလဲ။ မောင်သွန်းဆစ်နဲ့ စေ့စပ်တော့မယ်ဟာ။ တစ်ဖက်ခြံကလူတွေ စီးပွားရေးအခက်အခဲတွေနှင့် ရင်ဆိုင်နေရတာ မိမိသိထားသည်။

"ကိုကိုနော် ရတနာ့အကျင့်က မမှန်ဘူး၊ ရိပ်လေးကလည်း ပြောနေတယ်၊ သားအမိနှစ်ယောက်လုံး ကလိမ်ကကျစ်တွေတဲ့၊ ဟိုမိန်းမကြီးတော့ ခံရတာတောင်နည်းသေးတယ်၊ အရမ်းကိုတွဲနေကြတာလေ"

"သူများအကြောင်းတွေ မပြောစမ်းနဲ့ ညီမလေးရယ်၊ ကိုကို ချစ်က အရေးမကြီးပါဘူး၊ ရိပ်ကိုပဲ သတိထားပါ ... ဟိုဖက်ခြံက



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနဲ့ နီးစပ်နေတယ်ထင်တယ်”

“မပြောရဲဘူး ကိုကိုချစ်ရေ၊ ရိပ်က သူ့ကိုယ်သူ သတ်သေမယ်တဲ့”

“ဟင်”

တစ်ဖက်ခြံက မောင်သွန်းဆစ်က မဆိုးပေမယ့် ဒေါ်မိုးတိမ်ပြာကိုတော့ ကြောက်သည်။ ယောက်ျားက သဘောထားပြည့်ဝ၏။ ဒေါ်မိုးတိမ်ပြာရဲ့အတ္တကြောင့် မိသားစုကို စွန့်ခွာသွားခဲ့၏။ သားကြီးကလည်း ကလေးတစ်ယောက်နှင့်ဇနီးကြီးကို စွန့်ပစ်ထားပြီး နောက်မိန်းမယူပြီး ကုမ္ပဏီစီးပွားရေးတွေကို အပိုင်သိမ်းသွားသည်။ ရှုပ်ထွေးလိုက်တဲ့လူတွေ။ မိမိစိတ်ပူမိတာက သမီးလေးပဲ။ မောင်သွန်းဆစ်ကိုများ ကြိုက်နေလား။ ဒီလိုအသိုင်းအဝိုင်းထဲကိုတော့ သမီးလေးရိပ်ကို မဝင်စေချင်ပေ။ ညီမကို မိန်းကလေးချင်း သတိထားစောင့်ကြည့်ဖို့ ပြောနေရသည်။

“အခြေအနေကို စောင့်ကြည့်နေ ... အတင်းအကြပ် ဘာမှ မတားဆီးနဲ့၊ ရိပ်လေးတစ်ခုခုဖြစ်သွားမယ်၊ ကိုကိုချစ်တို့ ရင်ကျိုးရမှာနော်”

“အင်းပါ ... သိပါတယ်၊ ကိုကိုချစ်သာ ဟိုဟာမ ရတနာ လက်က လွတ်အောင်လုပ်ပါ၊ ခင်မ သတင်းရထားတာက အားလုံးအဝှားတွေပဲတဲ့၊ ဌာနမြေသိက္ခာရှိဟန်ဆောင်နေပြီး ရတနာက အနန့်ဆိုးပဲတဲ့”

“တော်ပြီ ခင်မ၊ သမီးကိုပဲ စောင့်ရှောက်၊ အပြင်ထွက်ရင် နင်လိုက်သွား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

ဦးမောင်မောင်ချစ်ကတော့ သမီးလေးအတွက်ပဲ စိတ်ပူသည်။ သူ့ ကုမ္ပဏီကိုရောက်တော့ ရတနာနှင့်သွားဆုံ၏။ ဌာနခွဲ သိက္ခာနှင့် အပြင်မှာ ကျက်သရေရှိနေပေမယ့် သွန်းဆစ် အခက်အခဲဖြစ်နေတဲ့အချိန်မှာ မိမိလိုသူဌေးတစ်ယောက်ထံ ချဉ်းကပ်ဖို့ ကြိုးစားလာတာတော့ ကိုယ်ကျင့်တရား ပျက်ပြားရာရောက်နေသည်။

"အန်ကယ်ချစ်"

"ရတနာပါလား"

"အန်ကယ့်ကုမ္ပဏီမှာ ရတနာအလုပ်လာလျှောက်တာပါ ဝန်ထမ်းလိုတယ်ဆို"

"ခန့်ပြီးသွားပါပြီ ရတနာ"

"ရှင်"

မခန့်ရသေးဘဲနဲ့ ဦးမောင်မောင်ချစ်မျက်နှာက တည်တည်နှင့် သူမအား မပတ်သက်ချင်တဲ့အနေအထား ဖြစ်နေ၍ ချစ်ပန်းရိပ်ဆိုတဲ့ကောင်မလေးကြောင့်ဆိုတာ သိလိုက်သည်။ ဝန်ထမ်းလိုအပ်ပါလျက်နှင့် မခန့်ချင်၍ ခန့်ပြီးပြီဟုပြောခြင်းပင်။ ချစ်ပန်းရိပ် ညည်းကြောင့်ပဲ။ အရင်က ဦးမောင်မောင်ချစ်က ရတနာ့အား အရေးတယူနှင့် ဖော်ဖော်ရွေရွေဆက်ဆံခဲ့သလောက် ယခုမှ အေးစက်တည်တင်းနေသည်။

"အားတော့နာပါတယ် ရတနာ၊ ဝန်ထမ်းမလိုသေးပါဘူး။ ခွင့်ပြုပါဦး"

ဦးမောင်မောင်ချစ် နှုတ်ဆက်ပြီး ရတနာ့ကို အရေးမစိုက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်သွားသည်။ ရတနာ ရှက်သွား၏။ ရတနာ့ကို အထင်သေး လိုက်တာပဲ။ ချစ်ပန်းရိပ်ကြောင့် ဦးမောင်မောင်ချစ်ရဲ့ ကြီးကျယ်ခမ်း နားစွာ ကြွယ်ဝမှုတွေကို ရတနာ မက်မောအားကျ၍ မဆုံးတော့။ ချစ်ပန်းရိပ်ကိုပဲ အမုန်းကြီးမုန်းတီးမိသည်။

"ညည်းသိမယ်၊ ရတနာ့အကြောင်း သိစေရမယ်၊ ညည်းက ကျုပ်ရဲ့ အခွင့်အရေးတွေကို တားဆီးပိတ်ပင်လိုက်တာပေါ့လေ"

ရတနာကတော့ ချစ်ပန်းရိပ်အား လုံးဝခွင့်မလွှတ်နိုင်ပေ။ ဒေါသတွေ ပေါက်ကွဲနေရ၏။ ချစ်ပန်းရိပ်အား သတ်ပစ်ချင်လောက် အောင် မုန်းသည်။ ရတနာ ရှက်ရှက်နှင့် ထူပူပြီး အိမ်ပြန်ရောက် လာ၏။ ဒေါ်မိုးတိမ်ပြာ ရောက်နေတာနှင့် အဆင်သင့်ဖြစ်သွား သည်။

"အန်တီမိုး ရတနာနဲ့သွန်းဆစ်ကို လက်ထပ်ဖို့စီစဉ်ပေးပါ တော့နော်၊ သွန်းဆစ်ကို စိတ်မချတော့ဘူး ... ဟိုဖက်ခြံက ဟာမ လေးနဲ့ ချစ်သူတွေဖြစ်နေပြီထင်တယ်"

"ဟင် ... ဟုတ်ရဲ့လားသမီး၊ အမလေး အန်တီမိုးရင်တွေ ပူလိုက်တာ၊ သမီးဘယ်က ကြားခဲ့တာလဲ၊ မဖြစ်ဘူး ... လက်ထပ်ဖို့ ကိစ္စ တစ်ခါတည်းစီစဉ်မယ်၊ သူတို့ချမ်းသာတာက ချမ်းသာတာပဲ၊ ရတနာလေးလို ဣန္ဒြေသိက္ခာရှိတဲ့ ချွေးမလေးပဲ လိုချင်တယ်၊ အန်တီမိုးလေ အရင်ချွေးမလို အတွေ့မရှိတော့ပါဘူးကွယ်၊ ရတနာ လေး စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်"

ချွေးမလောင်းကို တောင်းတောင်းပန်ပန်နှင့် ပြောနေရ သည်။ သားသွန်းဆစ်က ယခုအချိန်မှာ အလုပ်လက်မဲ့ဖြစ်ပြီး ချက်နှာငယ်နေရသည်။ ရတနာက လက်ထပ်မည်ဆို၍ ဒေါ်မိုးတိမ်



www.burmeseclassic.com

ww.burmeseclassic.com



ပြာ ဝမ်းသာကျေနပ်သွားရ၏။ သားကို အတင်းအကြပ်တိုက်တွန်းရမယ်။ အတင်းအကြပ် စီစဥ်မယ်။ သားသွန်းဆစ်ကလည်း ငြင်းဆန်နေသည်။

"သွန်းဆစ်ကို ရတနာ အမြန်ဆုံးလက်ထပ်ဖို့ စီစဥ်ပေးပါနော်၊ ချစ်ပန်းရိပ်ကြောင့်ပါ၊ သွန်းဆစ်က ချစ်ပန်းရိပ်လက်ထဲ ပါတော့မယ်"

"အန်တီစီစဥ်မယ်၊ အမြန်ဆုံးလက်ထပ်ပေးမယ်၊ ဝမ်းသာလိုက်တာ သမီးလေးရယ် ... အန်တီ့ရည်မှန်းချက်ပဲလေ"

ချစ်ပန်းရိပ် ညည်းဘာတတ်နိုင်သေးလဲ။ အန်တီမိုးက ငါ့ကို အရမ်းချေးမတော်ချင်နေတာလေ။ ညည်း အသည်းကွဲစေရမယ်။ ဒေါ်မိုးတိမ်ပြာ ထွက်သွား၏။ မာမီကတော့ လက်မထပ်ဖို့ ပြောနေသည်။

"ဟိုဟာမလေး ချစ်ပန်းရိပ်က ရတနာ့တိုးတက်ကြီးပွားမှုကို ရှေ့ကပိတ်ပစ်တယ် မာမီ ... အတိုးကြီးကို ဘာတွေသွားပြောလဲ မသိဘူး သမီးကို ခပ်ပြတ်ပြတ်ဆက်ဆံနေတယ်"

"သွန်းဆစ်က ဘာမှမရှိတော့ဘူး၊ ရုပ်ချောတာပဲရှိတာ သမီး။ မာမီတော့ လစ်ချင်ပြီ ... ငွေသိန်းနှစ်ရာယူထားတာ အခုအတိုးလည်းမပေးနိုင်ဘူး၊ မာမီဘယ်လိုဖြေရှင်းရမှန်း မသိဘူး"

"သူ့သားကို ရတနာလက်ထပ်လိုက်မယ်လေ ပြီးတာပဲ ... ချစ်ပန်းရိပ် ဘယ်လောက်အထိ အသည်းကွဲရမလဲဆိုတာ စောင့်ကြည့်နေ ချစ်ပန်းရိပ်ရေ"

ဒေါ်စောသီရိကတော့ ခေါင်းထဲမှာ မီးတောက်နေသည်။ သမီးကိုလည်း စီးပွားပျက်နေတဲ့ ယောက်ျားတစ်ယောက်လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အဆုံးရှုံးမခံနိုင်ပါဘူး။ လက်မထပ်ဖြစ်အောင် လုပ်ရမယ်။ မိရတနာ ဘာသိလို့လဲ။ တားရမယ်။ မိမိတို့ငှားထားတဲ့ အိမ်က လည်း လစေ့တော့မည်။ ဒေါ်မိုးတိမ်ပြာကရော ဘာအတင်ကြီးစရာ ရှိလို့လဲ။ ကားက ရောင်းလိုက်ရပြီ။ အိမ်ကလည်း ပိုင်သေးတာ မဟုတ်။ သမီးကို ဖျောင်းဖျနေသည်။

"ရတနာ အရူးမထချင်စမ်းပါနဲ့၊ ဘာဖြစ်လို့ အရွဲ့တိုက်ချင် ရတာလဲကွယ် ... မောင်သွန်းဆစ်ထက်သာတာတွေကို သမီးရနိုင် တယ်၊ ဦးမောင်မောင်ချစ်က ဘာသားနဲ့ထုထားလို့လဲ တခြားနည်း လမ်းတွေ ရှာကြတာပေါ့"

"ဟိုဟာမလေး ချစ်ပန်းရိပ်ကို မှတ်လောက်သားလောက် အောင် ပညာပေးချင်လို့ပါ"

ချစ်ပန်းရိပ်ကို အသည်းကွဲအောင်လုပ်ပစ်ချင်သည်။ ရတနာ့ အကြောင်းတွေ မဟုတ်မဟပ်တွေ ပြောထားတာပဲဖြစ်မည်။ သွန်း ဆစ်ကိုပဲ အမိအရဖမ်းရမယ်။ ချစ်ပန်းရိပ်အား စိတ်ထဲကနေ ကြိမ်း ဝါးနေမိသည်။ ဒေါ်မိုးတိမ်ပြာကတော့ သားဖြစ်သူ သွန်းဆစ်အား အမြန်ပြန်လာရန် ဖုန်းဆက်ခေါ်သည်။ ရတနာလေး ဆန္ဒရှိတုန်း ချွေးမတော်နိုင်အောင်လုပ်ရမယ်။ သားအတွက် အထောက်အကူပြု နိုင်တဲ့ချွေးမပဲ။ ဟိုဖက်ခြံက ဆတ်စလူးမလေးကိုတော့ လုံးဝမဲ့။ မိမိက သားငယ်နဲ့ပဲ ကပ်နေရတော့မှာပါ။ ရတနာလေးပဲ ချွေးမ တော်ရမယ်။ သားသွန်းဆစ် ပြန်ရောက်လာသဖြင့် ရတနာက လက်ထပ်ပွဲကို လက်ခံတယ်ဟုပြောတော့ သားမျက်နှာ တင်းသွား သည်။

"ရတနာလက်ခံမယ်ဆိုရင် မင်းလက်ခံမယ်ဆို၊ အခု ရတနာ



www.burmeseclassic.com

ww.burmeseclassic.com



ကိုယ်တိုင်က သွန်းဆစ်နဲ့လက်ထပ်မယ်လို့ ပြောတာမရှာဘူး၊ ဒုက္ခသောကတွေ ပတ်ချာဝိုင်းနေတဲ့ မေမေ့စကားတွေကို နားထောင်ပါသားငယ်၊ မေမေ့ဆန္ဒအတိုင်းလုပ်ပေးပါ၊ မင်းလက်ထပ်ရမယ်၊ မသိရှိနဲ့တိုင်ပင်ပြီး စီစဉ်မယ်၊ မင်္ဂလာပွဲကို ခမ်းခမ်းနားနားလုပ်မယ်၊ မေမေ့လက်ဝတ်ရတနာတွေ ထုခွဲမယ်"

"သား တောင်းပန်ပါတယ်မေမေရယ်၊ စီးပွားရေးလုပ်ငန်းကလည်း အစပဲရှိသေးတာပဲ ဘာဖြစ်လို့လောနေရတာလဲ"

"မင်း ... မင်း ဟိုဖက်ခြံက ကောင်မလေးကြောင့် ငြင်းနေတာမဟုတ်လား၊ ရတနာကပြောတယ် သွန်းဆစ်ကို လက်လွှတ်အဆုံးရှုံးမခံနိုင်လို့တဲ့၊ ရတနာလေး ဆန္ဒရှိနေတုန်း လက်ထပ်ရမယ်၊ မင်း မငြင်းရဘူး ... မေမေ အရင်လို အတ္တမကြီးတော့ပါဘူး၊ သားနဲ့ ချွေးမလေး ရတနာ ပျော်သလိုနေပါ၊ ဣန္ဒြေသိက္ခာရှိတဲ့ ချွေးမလေးဖြစ်နေလို့ မေမေ သားနဲ့လက်ထပ်စေချင်တာပါကွယ်"

ရတနာ့အကြောင်း မေမေ ဘယ်လောက်သိထားလို့လဲ။ သက်သေကမရှိ။ သူနှင့်သဘောတူထားတာက နှစ်ဖက်စလုံးက ငြင်းဆန်ဖို့ပဲ။ ရတနာ ဘာစိတ်ကူးပေါက်ပြီး လက်ထပ်ချင်ရတာလဲ။ မရှိးသားဘူး။ ရိပ်ဒက်ဒီအနား ကပ်၍မရတော့လို့လား။ မေမေကတော့ ရတနာ့ကို ချွေးမတော်ဖို့ပဲ အရူးအမူးဖြစ်နေသည်။

"တစ်လအတွင်း လက်ထပ်စေရမယ်၊ မေမေ့ကို သတ်မလို့လားသားရယ်၊ မေမေရင်ကျိုးအောင် မလုပ်ပါနဲ့ ... အသက်ကြီးပါပြီ ဟိုဆတ်စလူးမလေးနဲ့တော့ လုံးဝမဖြစ်ဘူးနော်၊ မေမေ သေသော်မှမယ်၊ နန့်ပျံနေတဲ့ချွေးမကို မေမေ လုံးဝလက်မခံနိုင်ဘူးသား"

"တော်ပါတော့မေမေ ... သား စဉ်းစားပါ့မယ်၊ ရတနာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်က သားကိုလက်မထပ်နိုင်ဘူးလို့ ပြောထားတာပါ"

"ပြောမှာပေါ့၊ မင်းက အေးစက်နေတာကိုး၊ ဟိုက ဣန္ဒြေရှင် မိန်းကလေးလေ"

သွန်းဆစ် အချိန်နည်းနည်းလေး ဆွဲထားဖို့ ဆုံးဖြတ်ထား သည်။ ရိပ်သိသွားရင် ကြေကွဲရမှာပါ။ ရတနာ မင်းတော်တော်ဒုက္ခ ပေးတဲ့မိန်းမပဲ။ မေမေ့ကို စိတ်မလောဖို့နဲ့ သူလက်ခံမယ်ဆိုတဲ့ အကြောင်း ဖျောင်းဖျပြောဆိုထားရသည်။

"သား လက်ထပ်ပါ့မယ်၊ မေမေ စိတ်အေးအေးထားပါ၊ ရတနာ့ဘက်ကနေ စိတ်ပြောင်းမသွားဖို့ပဲ လိုပါတယ်"

"မပြောင်းစေရဘူး ... မေမေ ဝမ်းသာလိုက်တာကွယ်၊ သား အလိမ္မာလေး မေမေအရမ်းစိတ်ချမ်းသာရတယ်"

သားကိုဖက်ပြီး ဒေါ်မိုးတိမ်ပြာ အားကိုးတကြီးနှင့်ဝမ်းသာ အားရ ပြောသည်။ ရတနာလေးကိုတော့ လက်လွှတ်မခံနိုင်ဘူး။ ဒေါ်မိုးတိမ်ပြာ လက်ဝတ်ရတနာတွေယူပြီး ရတနာလေးလက်ထဲ အပ်လိုက်၏။ သားကို မငြင်းပယ်စေလိုပါ။ သား သွန်းဆစ်က အခု ချိန်မှာ အလုပ်လက်မဲ့တစ်ယောက်လို ဖြစ်နေသည်။

"ရော့ ... သမီးလေး၊ မေမေ လက်ဆောင်ပေးတာပါ၊ မင်္ဂလာလက်ဖွဲ့၊ ရတနာလေးကို ချွေးမတော်ရလို့ မေမေ အရမ်းဝမ်း သာတယ်၊ မသီရိတချို့တစ်ဝက်ကိုရှောင်းပြီး မင်္ဂလာဆောင်စရိတ် လုပ်ရမယ်၊ မသီရိ ဦးဆောင်ပေးပါ ... ဟိုလေ အတိုး အဲဒါလည်း တောင်းပေးဦးနော် ရက်တောင်လွန်နေပြီပဲ"

"ဟုတ်ကဲ့ ရပါစေမယ် ... သီရိ မရောက်သေးလို့ပါ"

ဒေါ်မိုးတိမ်ပြာ ပြန်သွားတော့ ဒေါ်စောသီရိတို့အားအမိ



www.burmeseclassic.com

ww.burmeseclassic.com



နှစ်ယောက် ပြဿနာတက်တော့သည်။ အကြွေးရှင်တွေက တရားစွဲမည်လုပ်နေသည့်အပြင် ဒေါ်မိုးတိမ်ပြာအကြွေးတွေကိုလည်း မပေးနိုင်တော့။ လက်ဝတ်ရတနာတွေလည်း ရပြီမို့ လစ်သွားဖို့ပဲ ကြံစည်သည်။

"လစ်ကြစို့ ရတနာ၊ ဆက်ပြီးရပ်တည်ဖို့ မလွယ်တော့ဘူး၊ ကားကလည်း ပြန်အပ်ရတော့မယ်လေ ... လခထပ်ပေးစရာမှမရှိတော့တာပဲ၊ သွန်းဆစ်ကို သမီးလက်မထပ်ရဘူး၊ သမီးဘဝကို အဆုံးရှုံးမခံနိုင်ဘူး၊ မာမီတို့ လစ်ကြမယ်"

"သွန်းဆစ်ကို သမီးနဲ့စေ့စပ်တာလောက်တော့ လုပ်ပြချင်တယ် မာမီ၊ ဟိုဟာမလေး ချစ်ပန်းရိပ် ပြဿနာရှာပစ်ချင်လို့ပါ"

"ထားလိုက်တော့၊ မာမီတို့ ခြေရာဖျောက်သင့်ပြီ၊ နယ်စပ်မြို့လေးအထိ သွားရှောင်ကြမယ်၊ အခြေအနေကောင်းမှ လှုပ်ရှားကြမယ်လေ ... ကျေးဇူးရှင်ကြီး ဒေါ်မိုးတိမ်ပြာ ကျန်းမာချမ်းသာပါစေ"

ဒီမိန်းမကြီးလည်း အတ္တကြီးတာပဲ။ ရတနာကတော့ ချစ်ပန်းရိပ်အား ပုံစံမပေးရ၍ နည်းနည်းမှမကျေနပ်ဘူး။ မာမီပြောသလိုပဲ သူမတို့သားအမိ လစ်ထွက်သွားမှဖြစ်တော့မည်။ သွန်းဆစ်ကလည်း ဘာအထင်ကြီးစရာမှ မရှိပါဘူးလေ။ ဒေါ်မိုးတိမ်ပြာပေးတဲ့ ရတနာပစ္စည်းတွေကတော့ ရတနာတို့သားအမိ တစ်နှစ် နှစ်နှစ်လောက် ရှောင်တိမ်းနိုင်တဲ့ ငွေကြေးအတိုင်းအတာဖြစ်နေသည်။

www.burmeseclassic.com

ww.burmeseclassic.com

•

အခန်း ( ၂၄ )

"အမလေး သားရယ် ... မေမေတော့ ဒုက္ခရောက်ပြီ၊ မသီရိတို့သားအမိ တိုက်ကငှားထားတာတဲ့၊ ပြန်အပ်သွားပြီ ... ဘယ်လိုလုပ်ရမလဲသားရယ် ... မေမေ ရှိစုမဲ့စုကုန်ပါပြီ"

ဒေါ်မိုးတိမ်ပြာ နှစ်ရက်လောက် ဒေါ်စောသီရိတို့သားအမိနှင့် မတွေ့ရတာ သွားတွေ့တော့ တိုက်ကြီးမှာ ပိုင်ရှင်တွေရောက်နေကြသည်။ တိုက်ကြီးကို ငှားထားတာတဲ့။ ပြန်အပ်သွားတာ နှစ်ရက်ပဲရှိနေပြီတဲ့။ ဘုရားရေ သွားပြီပဲ။ သားသွန်းဆစ် ပြန်လာတော့ မိမိမျက်ရည်တွေ စီးကျကာပြောသည်။

"ရက်စက်လိုက်ကြတာ၊ လူလိမ်သားအမိတဲ့ ... အကြွေးတွေလည်း ပိုင်းနေတာတဲ့၊ မေမေတို့ကုန်ပါပြီ ... ဘယ်လိုလုပ်ကြမလဲဟင်"

"ဘာလုပ်လို့ရတော့မှာလဲ မေမေ ... သူတို့ကို မယုံပါနဲ့လို့ သားပြောတာပဲ၊ လူတွေသိသွားရင်လည်း ရှတ်တရက်ကြီး မေမေကရတာနော့ကို ချွေးမတော်ချင်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကုန်ပါပြီ သေပစ်ချင်တာပဲ ... ဒုက္ခတွေက အစုလိုက်အပြုံလိုက် ရောက်လာကြတာပဲလား၊ မေမေ့အတွက်တွေက မေမေ့ကို အပုမီးတွေ လောင်မြိုက်နေပြီထင်တယ်သားရယ်၊ အီး ... အီး အီး"

"မေမေ့စိတ်ကိုထိန်းပါ၊ ဘယ်တတ်နိုင်တော့မလဲ သူတို့က ဗိဗိရိရိဟာန်ဆောင်ကြတာပဲ"

ပစ္စည်းဥစ္စာတွေ ဆုံးရှုံးသွားပေမယ့် မေမေ အမြင်မှန်ရသွားတဲ့အတွက် သွန်းဆစ် ဝမ်းသာကျေနပ်သွားရသည်။ အခုဆိုရင် သွန်းဆစ်တို့မှာ စည်းစိမ်ဥစ္စာတွေ ပျက်စီးဆုံးရှုံးမှုက ဘာမှမရှိတော့တဲ့ ဘဝ ဖြစ်သွားရ၏။ မေမေ့ကြောင့် ဖြစ်နေ၍ မေမေက စိတ်အထိနိုက်ဆုံးပင်။ မတတ်နိုင်တော့ဘူးလေ။ သွန်းဆစ်ပဲ တာဝန်ယူရတော့မည် ဖြစ်သည်။

"မေမေ အနားယူပါ။ သား အပြင်ထွက်ပြီး ရထာနာတို့သတင်းကို စုံစမ်းကြည့်ပါ့မယ်၊ ဒါပေမယ့်လည်း သားလုပ်ငန်းမှာ ကူညီမယ့်သူတွေ ရှိနေပါတယ်"

"ဘာလဲသား ဟိုဖက်ခြံကလူတွေလား၊ မဖြစ်ဘူး မဖြစ်ဘူး မေမေတို့ အခုလိုအလိမ်အညာခံလိုက်ရတာ ဟိုဖက်ခြံကဟာတွေ သိလို့မဖြစ်ဘူးနော် သွန်းဆစ် ... အရမ်းဝမ်းသာနေကြမှာပါ၊ ပျော်နေကြမှာပါ ... ဟားတိုက်ရယ်မောနေကြမှာ"

"မေမေရယ် သူတို့တွေက လူတစ်ဖက်သားကို ကူညီတတ်တဲ့လူတွေပါ၊ ကိုယ်ချင်းလည်း စာတတ်ကြပါတယ် ... ချစ်ပန်းခိုင်ဆိုရင်လေ"

"တော်ပြီ ဆက်မပြောနဲ့၊ လုံးဝမဆက်ဆံနိုင်ဘူး၊ မတော်သက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘာအကူအညီမှလည်း မယူဘူး ... မေမေ လုံးဝသဘောမတူဘူး သွန်းဆစ်"

သားသွန်းဆစ်က မေမေ့သဘောပါပဲဗျာဟုပြောပြီး ထွက်သွားသည်။ အမလေး ရက်စက်လိုက်ကြတာ။ ဒေါ်စောသီရိတို့သားအမိကို ယုံကြည်မိပြီး ပုံအပ်မိ၏။ အားလုံးပါသွားသည်။ နောက်ဆုံး မိမိတစ်သက်လုံး ခြစ်ကုတ်စုဆောင်းထားတဲ့ ရတနာပစ္စည်း လက်ဝတ်လက်စားတွေပါ အကုန်လုံးမသွားကြပြီဖြစ်၏။ ဘာမှမရှိတော့ဘူး။ အကြွေးတွေပဲ တင်ကျန်ရစ်သည်။

"သားသွန်းဆစ်က ဟိုဖက်ခြံကလူတွေနဲ့များ ပတ်သက်နေလား၊ မဖြစ်ဘူး ငါပဲအနိုင်ခံရမှာ ... သင်းတို့က ကဲ့ရဲ့ဝေဖန်ကြမှာ ပျော်နေကြမှာပဲ၊ ထိတာကောင်းတယ်လို့လေ ... ငါ့ငွေရှာရမယ်၊ အသိတွေဆီမှာ ပိုက်ဆံလိုက်ချေးရမယ်၊ မိန်းမယုတ်မသားအမိကိုလည်း ရှာရမယ်"

ဒေါ်မိုးတိမ်ပြာစိတ်တွေ မွှန်းကြပ်ပူလောင်ကာ သားသွန်းဆစ် စိတ်အားငယ်မှာလည်း စိုးနေသည်။ ပြီးတော့ တစ်ဖက်ခြံကြီးကနေ ကူညီလိုက်မှာလည်း ကြောက်လာ၏။ မိမိနှင့်က အကြီးမားဆုံးရန်သူတွေပါ။ သားသွန်းဆစ်နဲ့ ဟိုဆတ်စလူးမလေး နီးစပ်သွားရင် မိမိကတော့ ချွေးမအနိုင်ခံဘဝရောက်ရတော့မှာပါ။ စိတ်တွေယောက်ယက်ခတ်ပြီး မိမိမအိပ်တာ သုံးညရှိနေပြီ။ ခေါင်းတွေ မူးနောက်ရီဝေနေသည်။

"ဟိုမိန်းမယုတ်မနှစ်ယောက်ကိုလည်း ရှာရမယ်၊ သင်းတို့ ဘယ်ပြေးမလဲ၊ ငါ့ငွေတွေ လက်ဝတ်လက်စားရတနာတွေ ကုန်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ငါရှာမယ် ...တွေ့ရင်ဖမ်းပြီး ထောင်ချပစ်ရမယ်"

ဒေါ်မိုးတိမ်ပြာ အဝတ်အစားလဲဖို့ပင် အသိကင်းမဲ့ကာ အပြင်ထွက်လာသည်။ ကားလည်း မရှိတော့ဘူး။ အိမ်က အလုပ်သမားကလည်း ရှာပြန်သွားတယ်။ ဒေါ်မိုးတိမ်ပြာတစ်ယောက်တည်း လမ်းစရိတ်နည်းနည်းသာရှိနေတဲ့ အိတ်ကိုဆွဲပြီး ထွက်လာသည်။

"အား ... မူးလိုက်တာ၊ ရင်တွေထဲမှာ တလှပ်လှပ်နဲ့ မျက်လုံးတွေပြာလာပြီ၊ လုပ်ကြပါဦး ... ကယ်ကြပါဦး ... သားရေ သွန်းဆစ်"

ခြံဝတွင် ခေါင်းတွေက ချာချာလည်ပြီး မူးလဲမတတ်ဖြစ်လာ၍ သားသွန်းဆစ်ထံ ဖုန်းဆက်မလို့လုပ်တာ မရပေ။ မျက်ဝန်းတွေက ပြာဝေလာသည်။

"အန်တီ ဘာဖြစ်တာလဲ ... မူးလို့လားဟင်"

ကောင်မလေးတစ်ယောက် ရောက်လာသည်။ ဘောင်းဘီတိုလေးနှင့် မိမိသတိထားနေပြီး မျက်လုံးတွေကို အားပယ့်ဖွင့်ကြည့်လိုက်တော့ တစ်ဖက်ခြံက ချစ်ပန်းရိပ် ဖြစ်နေ၏။ အခုချိန်မှာတော့ မိမိအတွက် အားကိုးရာဖြစ်သွားသည်။

"အား ... မူးတယ်၊ အရမ်းပဲ၊ ဆေးခန်းပို့ပေးပါကွယ် ... ဆေးခန်း ..."

"ဟုတ်ကဲ့ စိတ်ချပါ ... အန်တီသတိထားပါနော်၊ အိမ်က ကားနဲ့ အခုပဲ ဆေးရုံကို ပို့ပေးပါ့မယ်"

"ကျေးဇူးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးတိမ်ပြာ အသိကင်းမဲ့သွားသဖြင့် ရိပ် အထိတ်တလန့်နှင့် ပွေ့ထူပြီး အန်တီမလည်း ထွက်လာ၍ ဆေးခန်းသို့ပို့ကြသည်။ ကိုကို့ဆီဖုန်းဆက်တော့ အဆက်အသွယ်က မရပေ။ ဆေးခန်းကို အချိန်မီရောက်သဖြင့် ဆေးဝါးကုသမှုခံယူရပြီး ဒေါ်မိုးတိမ်ပြာ သတိပြန်ရလာ၏။ ဆရာဝန်ကြီးကတော့ အားနည်းသွားတာတဲ့။ မစိုးရိမ်ရတော့ပါဘူးတဲ့။ ရိပ်ကတော့ ကိုကို့အမေကို မမုန်းပါဘူး။ ပြဿနာတွေနှင့် ရင်ဆိုင်နေရတဲ့ မိခင်တစ်ယောက်အဖြစ် နားလည်မိနေသည်။ ရိပ်မှာ မေမေမှ မရှိတာဘဲ။ ဒေါ်မိုးတိမ်ပြာရဲ့လက်တွေကို ဆုပ်ကိုင်ထားမိသည်။

"အင်း ... အင်း ... ဟင်း ... ဟင်း"

"အန်တီ သတိရလာပြီလား၊ သတိထားပါဦး အန်တီမိုး"

"အင်း"

ဒေါ်မိုးတိမ်ပြာ အန်တီဆိုတဲ့အသံကြောင့် မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ တစ်ဖက်ခြမ်းက ချစ်ပန်းရိပ်ဖြစ်နေ၍ အထိတ်တလန့်နှင့် မျက်လုံးတွေကို ဖွင့်ကြည့်လိုက်သည်။

"ဟင် ... ညည်း ... ညည်း ... "

"သမီးက ချစ်ပန်းရိပ်ပါ အန်တီ၊ သက်သာလာပြီလားဟင်၊ ခြံဝမှာလဲနေတာတွေ့လို့ အခုဆေးခန်းကိုရောက်နေတာပါ"

"ဟင်"

ချစ်ပန်းရိပ်ဆိုတဲ့ကောင်မလေးက မိမိလက်ကို ဆုပ်ကိုင်ကာ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့လေးပြောနေ၍ ဒေါ်မိုးတိမ်



www.burmeseclassic.com

www.burmeseclassic.com



ပြာ ရင်အေးသွားရသည်။ ချစ်ပန်းရိပ်ရောက်လာတာကို ဒေါ်မိုးတိမ်ပြာ သိ၏။ ကောင်မလေးရောက်လာလို့ပဲ မိမိကို ပြစ်မသွားဘဲ ဆေးခန်းပို့ပေးတာ ကျေးဇူးတင်မိသည်။ ဒါပေမယ့် မိမိလက်ကိုင်အိတ်ထဲမှာ ပိုက်ဆံကမရှိ။ လမ်းစရိတ်လောက်ပဲရှိတာ ကောင်မလေး သိသွားပြီလား။ သေချာတာပဲ။ မိမိမှာ ပြဿနာပေါင်းစုံနဲ့ ရင်ဆိုင်နေရပြီး မိမိအထင်ကြီးတဲ့သူတွေက လူလိမ်တွေဖြစ်နေတာ သိသွားလောက်ပြီ။ မိမိ မျက်နှာပူနေသည်။

"ဒက်ဒီက ကိုသွန်းဆစ်ကို ဆက်သွယ်နေပါတယ်၊ အန်တီမလည်း ရှိပါတယ်၊ ဆေးသွားဝယ်နေလို့ပါ၊ ရိပ်တို့ကို အားနာစရာမလိုပါဘူး အန်တီ ... အိမ်နီးချင်းတွေပဲလေ"

ဒေါ်မိုးတိမ်ပြာ မျက်နှာတွေပူလိုက်တာ။ ချစ်ပန်းရိပ်တို့ခြံက လူတွေကို ဒေါ်မိုးတိမ်ပြာ အမြဲတမ်း အပြစ်တင်ပြီး ပက်ပက်စက်စက်ပြောဆိုခဲ့သည်။ သူတို့ဘက်က ဖြူစင်ကြပါလား။ ဆေးခန်းစရိတ်တွေ ချစ်ပန်းရိပ်တို့ဘက်က အကုန်ခံထားရပုံပင်။ မိမိမှာ ဆေးကုသစရိတ်ပင် ပေးဖို့ခက်ခဲနေသည်။

"အန်တီတောင်းပန်ပါတယ် သမီးရယ်၊ အန်တီမှားပါတယ်၊ ဒါပေမယ့်လည်း အန်တီနောင်တတွေက အရမ်းကိုနောက်ကျနေပါပြီ၊ သမီးတို့မိသားစုကိုလည်း အန်တီ ရင်မဆိုင်ရဲတော့ပါဘူးလေ"

ကိုကို့အမေစကားကြောင့် ရိပ်ကတော့ ထခုန်မတတ် ဝမ်းသာရသည်။ ရိပ်တို့မိသားစုက ရိပ်ပြီးရင် အားလုံးပြီးတယ်။ အန်တီမလည်း ဝင်လာ၏။ ဒေါ်မိုးတိမ်ပြာကို အားပေးစကားပြောနွေးထွေး



www.burmeseclassic.com

ww.burmeseclassic.com



စွာပြောသည်။

"မတို့ကို အားမနာပါနဲ့ ဒေါ်မိုးတိမ်ပြာ၊ အိမ်နီးနားချင်းတွေပဲ၊ အရင်ကကိစ္စတွေအားလုံး မေ့ပစ်လိုက်ပါနော်"

"ကျေးဇူးပါပဲ အရမ်းကို ကျေးဇူးတင်ပါတယ်၊ မိုးဘက်က စပြီး ရိုင်းပျတာပါ ... တောင်းပန်ပါတယ်နော်"

နှစ်ဖက်မိဘတွေအားလုံး ပြေလည်သွား၍ ရိပ်လည်းပျော်သွားသည်။ ကိုကိုနှင့်အတူတူနေဖို့ လမ်းကြောင်းတွေက ဖြောင့်ဖြူးသွားပြီဖြစ်၏။ ထိုအခြေအနေမျိုးတွင် ကိုကိုသွန်းဆစ်နှင့်အတူ အန်တီမိုးတိမ်ပြာရဲ့ခင်ပွန်း ကိုကို့ဖေဖေပါ လိုက်လာ၍ အပျော်တွေ ထပ်ဆင့်သွားသည်။

"မိုး မင်းအခုနောင်တတွေရပြီလားကွ၊ မင်းအတ္တတွေကို မင်းဆီက ခွာချချင်တာလေ၊ လူဆိုတာ ဆင်းရဲဒုက္ခရောက်မှ မိတ်ဆွေစစ် မိတ်ဆွေကောင်းဆိုတာ တွေ့ရတာလေ၊ မင်းအသိဝင်ပြီလား"

"ကိုအောင်ရယ် ရှင် ကျွန်မကို ဘာဖြစ်လို့ပြစ်ထားခဲ့ရတာလဲ၊ ကျွန်မ ဒုက္ခအခက်အခဲတွေနဲ့ ဘယ်လောက်ထိ ရင်ဆိုင်ခဲ့ရလဲ သိလား"

"ဘာမှအားမငယ်ပါနဲ့တော့ မိုး၊ ကိုယ်က တာဝန်မဲ့တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ပါဘူး၊ မင်းအတ္တတွေကို ဖယ်ရှားပစ်ချင်လို့ပါ၊ အခု မင်းပြဿနာတွေအားလုံး ကိုယ်ဖြေရှင်းပြီးပါပြီ"

"ကိုအောင်"

"စိတ်မပူနဲ့တော့၊ သားကြီးကိုတော့ ကုမ္ပဏီပေးလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



အစု သားငယ်အတွက် ကိုယ်လုပ်ငန်းထူထောင်ပေးမယ် ... လို့ လောက်တဲ့ငွေလည်းရှိတယ်၊ မင်းချွေးမကြီးစက်နဲ့ မင်းမြေးလေး လည်း ကိုယ်တို့စောင့်ရှောက်ဖို့ ခေါ်ထားပြီးပြီ”

“ကိုအောင်ရယ် ဝမ်းသာလိုက်တာ၊ မိုးအတွက်တွေကြောင့် မိသားစုတွေအားလုံး ဒုက္ခရောက်ကြရတာပါ၊ မိုး နောင်တတွေရပါ ပြီ၊ ကိုအောင်ရဲ့ စီမံအုပ်ချုပ်မှုအောက်မှာပဲ မိုး အိမ်ရှင်မကောင်း ပီသစွာ နေထိုင်ပါတော့မယ်”

ဒေါ်မိုးတိမ်ပြာရဲ့စိတ်တွေ အေးချမ်းကြည်လင်ပြီး မိမိအနိုင် ကျင့်နှိမ်ထားတဲ့ ချွေးမကိုလည်း သနားမိသည်။ မြေးလေးကိုလည်း တွေ့ချင်လိုက်တာ။ သားငယ်လည်း သူချစ်မြတ်နိုးတဲ့ မိန်းကလေး နဲ့ လက်ထပ်ပြီး အတူနေထိုင်ပါစေတော့။ ခင်ပွန်းဖြစ်သူကိုအောင် က မိမိလက်တွေကို ဆုပ်ကိုင်ထားသည်။

“ချစ်ပန်းရိပ်လေး ရောက်လာလို့ပေါ့သားရယ်၊ ကျေးဇူးတင် ပါတယ်၊ တကယ့်မိတ်ဆွေကောင်းတွေပါ”

သွန်းဆစ်ကတော့ မထင်မှတ်ဘဲ ဖေဖေဖက သူနှင့်ဆက် သွယ်ပြီး ပြဿနာတွေဖြေရှင်းပေးလိုက်၍ မိသားစုအတွက် စိတ် အေးသွားရသည်။ မေမေလည်း နောင်တတွေရပြီး အားလုံးပျော်ရွှင် ကြည်နူးသွားရ၏။ ချစ်သူလက်လေးကိုဆွဲပြီး မေမေ့အခန်းထဲမှ ထွက်ခဲ့ကာ ချစ်သူအား ကားနှင့် သူ့အိမ်ကိုခေါ်လာသည်။

“ကိုကို ဘာလုပ်တာလဲ၊ ကိုကိုတို့အိမ်မှာ ဘယ်သူမှလည်း မရှိဘဲနဲ့”

“ရိပ်လေးနဲ့ နှစ်ယောက်တည်း အေးအေးချမ်းချမ်းနေချင်



www.burmeseclassic.com

ww.burmeseclassic.com



လို့လေ၊ ကိုကိုတို့ အရမ်းစိတ်မောနေကြရတာလေ"

"ကိုကိုနော် ... ရိပ်တို့က တရားဝင်လက်မထပ်ရသေးဘူးနော်"

"ရိပ်လေးရယ် ကိုကို့ကို မယုံတော့ဘူးလားကွာ၊ ကိုကိုက ချစ်သူကို အရမ်းတန်ဖိုးထားပြီး မြတ်နိုးရတာပါ၊ မင်္ဂလာဦးညက ကိုကိုတို့အတွက် အမြတ်တနိုး တန်ဖိုးထားရမယ့်နေ့လေးပဲ"

"ကိုကို့ကို ရိပ် ယုံပါတယ်၊ ယောကျ်ားပီသပြီး ချောမောခန့်ညားတဲ့ ချစ်သူပါ၊ မိသားစုဝင်တွေအားလုံး ပေါင်းစည်းပြေလည်သွားလို့ အရမ်းပျော်နေတာပါ"

"ရိပ်လေးရယ် မင်းလေးရဲ့ စိတ်သဘောထားဖြူစင်ပြည့်ဝမှုတွေကို ကိုကို့မေမေရှေ့မှာ သက်သေထူပြနိုင်ခဲ့ပါပြီ၊ ကိုကိုတို့စောင့်မျှော်နေရတဲ့အချိန်တွေ ရောက်လာပါပြီကွာ"

ချစ်သူရိပ်လေးရဲ့ ခန္ဓာကိုယ်လေးအား သွန်းဆစ် ဆတ်ခနဲဆွဲယူကာ သူ့ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်သည်။ ဖေဖေက အမြော်အမြင်ကြီးစွာ ငွေကြေးတွေ စီးပွားရေးလုပ်ငန်းတွေကို ထိန်းသိမ်းထား၍ မိသားစုပြဿနာတွေအားလုံး တာဝန်ယူဖြေရှင်းပေးနိုင်ခဲ့၏။ ဖေဖေ့လိုပဲ ရိပ်လေးအပေါ် တာဝန်ယူနိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်စေရန် ကြိုးစားရမည်ဖြစ်သည်။ သူတို့အိမ်ကြီးထဲမှာ သူနှင့်ချစ်သူပဲရှိနေ၏။ ဒါပေမယ့်လည်း ချစ်သူရိပ်က သွန်းဆစ်တန်ဖိုးထား မြတ်နိုးရသူလေးပါ။ မင်္ဂလာဦးညကို ရင်ခုန်သိုက်မောစွာ ဖြတ်သန်းကုန်ဆုံးစေချင်သည်။ ရိပ်အား နဖူးပြင်လေး



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ဖွဖွလေး အမှတ်တရ နမ်းရှိုက်လိုက်၏။ ဖေဖေကတော့ မေမေ့ကို သူ့လုပ်ငန်းရှိရာ နိုင်ငံခြားကို ခေါ်သွားမယ်တဲ့။ သားနဲ့ ချစ်သူတို့ နှစ်ယောက်တည်း လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ကြတဲ့။ သားသွန်းဆစ်ကို ဖေဖေယုံကြည်ပါတယ်တဲ့။ ကိုကိုက ရိပ်လေးအပေါ် တာဝန်ယူနိုင်တဲ့ယောက်ျားကောင်း ခင်ပွန်းကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားမယ်ဟုပဲ ရိပ်လေးအား ပြောနေမိသည်။

ရှင်မြတ်နိုး

www.burmeseclassic.com